ကြာသပတေး၊ ဇူလိုင် (၁)
**တရားဟော ၁း၁-၅**
ယောရှု ၁း၈-၉

*". . . ကျမ်းစာကိုမဖတ်မရွတ်ဘဲမနေ၊ နေ့ညမပြတ် ကြည့်ရှုဖတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည်အကြံ ထမြောက်၍အောင်မြင်လိမ့်မည်"*

# တရားဟောရာကျမ်းကိုမိတ်ဆက်ခြင်း

တရားဟောရာကျမ်းသည် ပညတ္တိကျမ်းဟုအများအားဖြင့် ခေါ်လေ့ရှိသောမောရှေကျမ်း ငါးစောင်၏နောက်ဆုံးဖြစ်သည်။ မောရှေသည် ဤကျမ်းကို သူမသေဆုံးမီလေးတွင်မောဘကန္တာရတော၌ ရေးသားခဲ့သည်။ ဤကျမ်းသည် နောက်ဆုံးစာစောင်ဖြစ်သည့်အတွက် အတွေ့အကြုံသစ်များရရှိခဲ့၍ အခြားစာစောင်တို့ထက် ပို၍အားသာချက်ရှိသည်။ ဤကျမ်းသည် တိုးတက်သောဗျာဒိတ်တော်ဖြစ်သည်။ ကျမ်းရေးသူသည် မောရှေသေဆုံးမှုမှတ်တမ်းကို နောက်ဆုံးအခန်းတွင် ထည့်သွင်းထားသည်။ ၎င်းကို သူ၏အရိုက်အရာဆက်ခံသူယောရှုရေးသားခဲ့သည်မှာ ထင်ရှားသည်။ ဤစာအုပ်ကို ကျွန်ုပ်တို့၏လေ့လာမှုကို ယခုစတင်လိုက်သည်။

တရားဟောရာကျမ်းသည် ပဋိညာဉ်ကိုသက်တမ်းတိုးခြင်းဖြစ်၍ ဘုရားသခင်၏မျိုးဆက်သစ်သားသမီးတို့သည် နာခံရမည့်တာဝန်ရှိကြောင်းကို သတိပေးချက်ဖြစ်သည်။ ဤစာစောင်၏ခေါင်းစဉ် (Deuteronomy)သည် ပညတ်တော်ကို ဒုတိယအကြိမ်ပေးခြင်းဟု အဓိပ္ပာယ်ရှိပါသည်။ ဤအချက်သည် ဘုရားသခင်၏စကားတော်တို့မှာ အာရုံစူးစိုက်မှုပေးရန် ထိုက်တန်ကြောင်းကို အလေးပေးထားသည်။ ဣသရေလလူတို့တောကန္တာရတွင် လှည့်လည်သွားခြင်းသည် မနာခံမှုဂုဏ်အင်္ဂါကို ဖော်ပြသည်။ ၎င်းသည် လူ့စိတ်နှလုံး၏ယုတ်ညံ့မှုကို ထင်ရှားစေ၍ ထိုကဲ့သို့သောအချက်ကို ဘုရားသခင်ထံမှသတိပေးခြင်းကို ခံရဖို့လိုအပ်သည်။ တရားဟောရာကျမ်း ၏ သတင်းစကားကို ထိုရည်ရွယ်ချက်အတွက် ပေးခဲ့သည်။ ထိုစာအုပ်ပါအကြောင်းအရာများသည် မောရှေမသေဆုံးမီ ဟောကြားခဲ့သောတရားများဖြစ်သည်။ သူသည် စကားပြောဆိုပြီး သူပြောသောစကားတို့ကို ရေးသား ခဲ့သည်။ ဤအချက်ကို တရားဟောရာ ၃၁း၂၄-၂၆ တွင် ဖော်ပြသည်မှာ "မောရှေသည် ဤပညတ် တရားစကားတော်အလုံးစုံတို့ကို အကုန်အစင်ရေးထားပြီးမှ၊ ထာဝရဘုရား၏ပဋိညာဉ်သေတ္တာတော်ကို ထမ်းသောလေဝိသားတို့ကို ခေါ်၍၊ ဤပညတ္တိကျမ်းစာ သည် သင်တို့အမျိုးတဘက်၌ သက်သေဖြစ် မည်အကြောင်း၊ ထိုစာကိုယူ၍ သင်တို့ဘုရားသခင် ထာဝရဘုရား၏ပဋိညာဉ်သေတ္တာတော် အနားမှာ တင်ထားကြလော့"။ ဂျူးလူမျိုးတို့သည် ထိုစာအုပ်ကို "Mishneh Hattorah" ဟု ရည်ညွှန်းပြီး၊ ဆိုလိုသည်မှာ ပညတ်တရားကို ထပ်မံပြောဆိုခြင်းကို ဆို၏။ ၎င်းသည် ဒုတိယပညတ်တော်မဟုတ် ပါ။ သို့သော်လည်း ၎င်းသည် သိနာတောင်၌ ဘုရားသခင်ပေးသောမူရင်းပညတ်တော်ကို လိုက်လျော ညီထွေဖြစ် အောင် လုပ်ခြင်းဖြစ်သည်။ ၎င်းသည် ဂတိတော်ပြည်သို့ ဝင်ပြီးနေထိုင်ရန် သတ်မှတ်ထားသော မျိုးဆက်သစ်များအတွက် ဤနေရာ၌ ပေးသော ပညတ်ချက်တို့ကို ထိုပြည်တွင် ကျင့်သုံးဖို့ရန် သတိပေးချက်ဖြစ်သည်။ ဤစာအုပ်သည် တရားဥပဒေဆိုင်ရာ၏ ကျယ်ပြန့်သောပမာဏကို အသေး စိတ်ပေးပြီး၊ သာမန်ပြည်သူတို့ထံကို မိန့်ကြားပေးသည်။ မျိုးဆက်သစ်များသည် မိဘများ၏ အမှားများမှ သင်ခန်းစာ ယူဖို့ရန်ဖြစ်ကြသည့်အတိုင်း နာခံခြင်းသည် အရေးကြီးသည်။ ဤအချက် အားလုံးတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို စဉ်ဆက်မပြတ်လေ့လာဖို့ရန် လိုအပ်ကြောင်းကို ညွှန်ပြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကို အစဉ်အမြဲနားဆင်ရပါမည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော့်နှုတ်ကပတ်တော်၏အတည်ပြုချက်တို့ကို ဘယ်သောအခါမျှ ကျွန်ုပ်မမေ့လျော့ပါရစေနှင့်။

သောကြာ၊ ဇူလိုင် (၂)
**တရားဟော ၁း၁-၅**
မဿဲ ၄း၄

*“. . . လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည် မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်. . . ”*

# တရားဟောရာကျမ်းကိုရေးသူ

မည်သည့်ကျမ်းစောင်ကိုမဆို ရေးသားသောသူသည် ၎င်း၏စစ်မှန်မှုနှင့်ဘုရားသခင်၏ဦးဆောင်မှုကိုလည်း သက်ဆိုင်မှုရှိသည်။ မောရှေ၏စာရေးသူဖြစ်ခြင်းကို လစ်ဘရယ်ဝေဖန်သူတွေက တိုက်ခိုက်နေကြသည်။ ထိုသူတို့က ဤစာစောင်ကိုဘုရင်ယောရှိမင်းလက်ထက် ဘီစီခုနှစ်ရာစုတွင် အမည်မသိစာရေးဆရာတစ်ဦးရေးသားခဲ့ပြီး၊ ယောရှိမင်းက ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ၎င်းကို အသုံးပြုခဲ့သည်ဟု များသောအားဖြင့်ငြင်းခုံကြသည်။

မောရှေရေးသားခြင်းကို ဆန့်ကျင်သည့်အငြင်းပွားမှုများမှာ ခိုင်လုံမှုမရှိပါ။ အကြောင်းမှာ ဤစာအုပ်သည် မောရှေ၏လက်ရာဖြစ်ကြောင်း ပြင်ပနှင့်အတွင်းသက်သေများရှိကြသည်။ ဖွင့်ထားသော သမ္မာကျမ်းစာ (The Open Bible) ဟူသော စာစောင်၏နိဒါန်းရှင်းလင်းချက်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်- “ဓမ္မဟောင်းကျမ်းသည် တရားဟောရာကျမ်းနှင့်ကျန်သည့် အစောပိုင်းကျမ်းလေးကျမ်းတို့ကို မောရှေကျမ်းဟု သတ်မှတ်ထားသည် (ယောရှု ၁း၇၊ တရားသူကြီး ၃း၄၊ ၃ ဓမ္မရာဇဝင် ၂း၃၊ ၄ ဓမ္မရာဇဝင် ၁၄း၆၊ ဧဇ ၃း၂၊ နေဟမိ ၁း၇၊ ဆာလံ ၁၀၃း၇၊ ဒံယေလ ၉း၁၁၊ မာလခိ ၄း၄) တို့မှာကြည့်ပါ)။ ယောရှုနှင့်ဓမ္မရာဇဝင်ပဋ္ဌမစောင်တို့၏ အထောက်အထားများအရ ဤပညတ်တော်တို့သည် ပြဋ္ဌာန်းထားသည့်ရေးသားထားသော ဥပဒေပုံစံဖြင့်တည်ရှိပြီး ခါနာန်ပြည်၌ ရှိသောဣသရေလလူတို့အပေါ် သြဇာလွှမ်းမိုးမှုရှိကြောင်းကို ပြသထားကြသည်။ . . . ခရစ်တော်က စာတန်၏သွေးဆောင်မှုသုံးခုကို (မဿဲ ၄း၄၊ ၇၊ ၁၀) ပြန်ချေပရာတွင် ၎င်းကို ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် ကိုးကားပြီး ၎င်းကိုမောရှေကျမ်းအဖြစ် တိုက်ရိုက်သတ်မှတ်ခဲ့သည် (မဿဲ ၁၉း၇-၉)၊ မာကု ၇း၁၀၊ လုကာ ၂၀း၂၈၊ ယောဟန် ၅း၄၅-၄၇)။ ဓမ္မသစ်ကျမ်းစာအုပ် နှစ်ဆယ့်ခုနှစ်အုပ်အနက်မှ ၁၇ ခုတွင် တရားဟောရာကျမ်းကို အကြိမ် ၈၀ ကျော်ကိုးကားထားသည်။ ဤကိုးကားချက်များသည် မောရှေရေးသားခြင်းကို ထောက်ခံကြသည် (တမန်တော် ၃း၂၂၊ ရောမ ၁၀း၁၉ ကိုကြည့်လော့)။ . . . တရားဟောရာကျမ်း၌ မောရှေရေးသားခဲ့သည်ဟူသော အဆိုလေးဆယ်ခန့်ပါဝင်သည်။ တရားဟောရာကျမ်း ၃၁း၂၄-၂၆ ကိုဖတ်ပါ။ . . . တရားဟောရာကျမ်းသည် ယောရှိမင်းခေတ်နှင့် မကိုက်ညီဘဲ မောရှေ၏အချိန်နှင့်ကိုက်ညီပါသည်. . . ”။

မောရှေသည် ကျမ်းရေးသူဖြစ်ကြောင်းကို အခိုင်အမာပြောဆိုသည့် အခြားကျမ်းပိုဒ်များလည်း ရှိသည်။ ထိုသတင်းစကားသည် မောဘလွင်ပြင်၊ ယေရိခေါမြို့အရှေ့ဘက်၊ ယော်ဒန်မြစ်ကိုဖြတ်လျက် ဟောကြားခဲ့သည်။ ထို့နောက် မောရှေသည် နေဗောတောင်၌ အနိစ္စရောက်လေ၏။ ဤစာအုပ်ကို နှစ်ကာလအစဉ်အလိုက်ရေးသားထားခြင်းမဟုတ်ပါ။ ၎င်းသည် အချိန်တစ်လခန့်ကြာပြီး၊ တောကန္တာရ၌ နေထိုင်စဉ်ကာလအနှစ်လေးဆယ်အဆုံးပိုင်းတွင် ရေးသားခဲ့သည်။ လူတို့သည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို ရရှိခံစားနိုင်ဖို့အတွက် ဘုရားသခင်အား အားပေးတိုက်တွန်းဖို့ရန် ရေးသားခဲ့သည်။ ပြောဆိုပုံအခြေအနေများက ဤစာစောင်သည် သန့်ရှင်းသောဝိညာဉ်တော်လမ်းပြခြင်းအားဖြင့် ရေးထားသောဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း၊ သံသယဖြစ်စရာမရှိကြောင်းကို ဖော်ပြသည်။ ၎င်း၏ယုံကြည်စိတ်ချနိုင်မှုကို ကျွန်ုပ်တို့စောင့်ထိန်းကြကုန်အံ့။

**ဆင်ခြင်ရန်** - ကျမ်းစာ၌ပါသော စကားအားလုံး၊ အသေးဆုံးအစက်လေးအထိ၊ ဘုရားသခင်၏စကားတော်များဖြစ်ကြသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်တို့ကို ယုံကြည်၍စောင့်ထိန်းစေတော်မူပါ။

စနေ၊ ဇူလိုင် (၃)
**တရားဟော ၁း၁-၅**
ဆာလံ ၁၆း၅

*“ထာဝရဘုရားသည် ငါအမွေခံရာအဖို့၊ ငါစားသောက်ရာအဖို့ ဖြစ်တော်မူ၏. . .”*

---

## မောရှေနှင့်တရားဟောရာကျမ်းတို့၏အရည်အချင်းများ

ဣသရေလလူမျိုး၏ခေါင်းဆောင်တစ်ဦးအနေနှင့် မောရှေသည်ပရောဖက်တာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။ တရားဟောရာ ၁၈း၁၅-၁၉တွင် သူသည် မိမိကိုယ်ကိုပရောဖက်ဟုခေါ်ခဲ့သည်။ ခရစ်တော်သည်လည်း ပရောဖက်တစ်ပါးဖြစ်လိမ့်မည်ဟု သွန်သင်ခဲ့သည်။ မောရှေ၏လုပ်ဆောင်ချက်သည် သူ၏ပရောဖက်ဖြစ်ခြင်းကို ပြသခဲ့ပြီး သူသည်ထိုအရာတို့ကို အပြည့်အဝအသုံးချခဲ့သည်။ သူ့နောက်မှလာသော အခြားပရောဖက်တို့ကလည်း ဘုရားသခင်၏စကားတော်ကို လူတို့အားသိရှိစေရန် ရေးသားခဲ့ကြသည်။ ခရစ်တော်သည် အမှုတော်ဆောင်ရွက်ချိန်၌ မောရှေကိုအကြိမ်များစွာ ကိုးကားခဲ့သည်။ သူသည် စာတန်၏သွေးဆောင်မှုကိုခံရသောအခါ တရားဟောရာ ၈း၃ ကို ကိုးကားခဲ့သည်။ သူသည် ပညတ်တော်၌အကြီးမြတ်ဆုံးပညတ်ကို မေးမြန်းခံရသောအခါ ဤစာအုပ်ကို သူကိုးကားခဲ့သည် (တရား ၆း၃-၅)။ မောရှေသည် သူ၏အကြောင်းကိုရေးသားခဲ့သည်ဟု ယုဒလူတို့ကိုလည်း သူပြောဆိုခဲ့သည် (ယော ၅း၄၆)။ ဤအရာတို့မှာ ပညတ္တိကျမ်းစာအုပ်ဖြစ်သော ဤစာအုပ်ကို အခြားသောကိုးကားချက်များကြား၌ အရေးပါစေသောအရာများဖြစ်ကြသည်။

အဲဂုတ္တုပြည်၌ရှိစဉ်က မောရှေ၏စာပေနောက်ခံသည် ဘုရားသခင်၏ပညတ်တော်ကို စာဖြင့်ရေးသားပြီး အတူတကွထားရှိဖို့ သူ့အားကူညီပေးခဲ့သည်။ သတေဖန်က၊ မောရှေသည် အဲဂုတ္တုလူတို့၏ဉာဏ်ပညာအလုံးစုံကို သင်ကြားပြီးနှုတ်သတ္တိနှင့်လက်သတ္တိဖြင့် ပြည့်စုံကြောင်းကို ဖော်ပြခဲ့သည် (တမန် ၇း၂၂)။ ထွက်မြောက်ရာကျမ်း ၃ တွင် ဘုရားသခင်သည်မောရှေအားခေါ်သောအခါ၊ သူသည် မိမိ၏တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်နိုင်စေရန်နှင့် သံသယဖြစ်စရာများကိုဖယ်ရှားပေးဖို့ မောရှေနှင့်အတူရှိလိမ့်မည်ဟု အာမခံခဲ့သည်။

ဒီစာအုပ်၏မာတိကာတို့ကို သူတို့ဖြစ်ပေါ်ခဲ့သည့်အတိုင်း အစဉ်လိုက် ပေးထားခြင်းမဟုတ်ပါ။ သူတို့သည် အများပြည်သူအတွက်မောရှေပြောသောစကားတို့ ဖြစ်ကြသည်။ သူတို့ကို ယော်ဒန်မြစ်အလွန်ယေရိခေါ်မြို့အရှေ့ဘက်၊ မောဘလွင်ပြင်တွင်ဟောပြောခဲ့သည်။ ၎င်းသည် ဣသရေလအမျိုး၏ ခါနာန်ပြည်သို့မကူးမီ နောက်ဆုံးရပ်နားမှုဖြစ်သည်။ ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုပြည်မှထွက်လာပြီးနောက် အနှစ် ၄၀ အတွင်းမှာဖြစ်သည်။ မောရှေသည် ထိုပြည်ကိုသိမ်းပိုက်ယူထားသော ဖောရှဘုန်ရှင်ဘုရင်ရှိဟုန်နှင့် ဗာရှန်ရှင်ဘုရင်တို့ကိုသတ်ခြင်း၌ ဣသရေလအမျိုးသားတို့ကို ဦးဆောင်ခဲ့သည်။ အတွင်းသက်သေအထောက်အထားများအရ ဤသတင်းစကားများသည် ဂတိထားရာပြည်တော်ကို အောင်နိုင်ရန်ပြင်ဆင်ထားချိန်တွင် ဟောကြားခဲ့ခြင်းဖြစ်ကြောင်းပြသသည်။ မျိုးဆက်သစ်များသည် ခါနာန်ပြည်သို့ဝင်ရောက်ရန် အဆင်သင့်ဖြစ်နေစဉ် ထိုစာအုပ်ကို ဘီစီ ၁၄၀၅ တွင်ရေးသားခဲ့ သည်။ လူတို့သည်ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကိုလက်ခံရရှိဖို့ရန်အတွက် ဘုရားသခင်ကိုယုံကြည်၍ နာခံဖို့တိုက်တွန်းဖို့အတွက် မောရှေရေးသားခဲ့သည်။ ထိုအခါ၊ မောရှေသည်လူအိုဖြစ်သော်လည်း၊ သူ၏စွမ်းရည်များခိုင်မာခဲ့သည်။ ဘုရားသခင်၏လက်တော်သည် သူ့အပေါ်၌တည်ရှိခဲ့ပြီး သူသည် မိမိ၏ခေါ်ယူခဲ့ခြင်းအမှုကို အပြည့်အဝဆောင်ရွက်ခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်က တာဝန်တစ်ခုပေးသောအခါ လုပ်နိုင်စွမ်းရည်ကိုပေးတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်ကိုမောရှေကဲ့သို့ ဉာဏ်ပညာနှင့်ခွန်အားကိုပေးတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၄)
**တရားဟော ၁း၆-၁၈**
ဆာ ၁၃၉း၂၁-၂၄

*“. . . သင်တို့ညီအစ်ကို၏အမှုတို့ကို နားထောင်၍. . . တရားသဖြင့် စီရင်ကြလော့။”*

---

# တရားစီရင်ခြင်းအမှု၌မျက်နှာလိုက်ခြင်းမရှိနှင့်

တရားစီရင်ခြင်းမပြုလုပ်ရန်မှာ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့မျက်စိဖွင့်လိုက်တာနှင့်တပြိုင်နက် တရားစီရင်ခြင်းကိုပြုတတ်ကြသည်။ တစ်ခါတစ်ရံ ကြွက်သားမှတ်ဉာဏ်အားဖြင့် စီရင်ခြင်းကိုပြုကြ၏။ အခြားအချိန်များတွင်ကျွန်ုပ်တို့သည် သတိကြီးစွာပြုကြသည်။ အထူးသဖြင့် သူတို့သည် ကျွန်ုပ်တို့ ဘဝကို အကြီးအကျယ်သက်ရောက်စေသည့် အရေးကြီးသောဆုံးဖြတ်ချက်များဖြစ်ကြသောအခါတွင် ပြုကြသည်။ ကျွန်ုပ်တို့ပြုလုပ်သောစီရင်ချက်တိုင်းသည် ကျွန်ုပ်တို့နှင့်အခြားသူများအပေါ် သက်ရောက်မှုရှိသည်။ ကယ်တင်ခြင်းမရရှိမီ လူဟောင်းနှင့်သက်ဆိုင်သည့်အပြစ်ရှာတတ်သော သူတို့မှလွဲ၍ မည်သူမျှတရားစီရင်ခြင်းမပြုရန် ဘုရားသခင်ကဘယ်သောအခါမျှမတောင်းဆိုပါ။ သို့သော်၊ ကယ်တင်ခြင်းရပြီးနောက်၊ လူသစ်သည် မှန်ကန်သောစီရင်ခြင်းတို့ကို လုပ်ဆောင်နိုင်သည်။

ဂတိထားရာပြည်သို့ သွားရာလမ်း၊ ကန္တာရတော၌ မောရှေသည်ဘုရားသခင့်လူတို့ကို ကြည့်ရှုစောင့်ရှောက်သူဖြစ်သကဲ့သို့ သူသည်တရားစီရင်ခြင်းအမှု၌ အကူအညီလိုအပ်ခဲ့သည်။ ဘုရားသခင့်အလိုတော်အရ သူသည်သူ့ကိုကူညီရန်တတ်စွမ်းနိုင်သော (သို့မဟုတ်) ဝိညာဉ်ရေးရင့်ကျက်သောလူယောကျာ်းကိုခန့်အပ်ခဲ့သည်။ တရားဟောရာကျမ်းနောက်ဆုံးစာကို ယောရှုရေးသားခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်မည်မျှပင် ဝိညာဉ်ရေးရာပါရမီရှင်ဖြစ်ပါစေ၊ အကူအညီမပါဘဲ အဘယ်သူမျှ ဘုရားသခင်ကိုအစေခံနိုင်မည်မဟုတ်ပါ။ အမှုတော်၌ အကူအညီပေးဖို့ရန်ဘုရားကြောက်ရွံ့သောခေါင်းဆောင်များရှိခြင်းသည် အရေးကြီးသောအချက်ဖြစ်သည်။ သူတို့၏အရေးများမှာ ဝိညာဉ်ရေးရာနှင့်ဆိုင်သော အရာများဖြစ်သည်။ “ထိုမှတစ်ပါး ဘုရားသခင်ကိုကြောက်ရွံ့လျက်၊ သစ္စာနှင့်ပြည့်စုံလျက်၊ လောဘကို ရွံရှာလျက်၊ တတ်စွမ်းနိုင်သောသူတို့ကို လူအပေါင်းတို့အထဲက ရွေးကောက်၍. . . (ထွက် ၁၈း၂၁၊ ၁၈း၂၃ ကိုလည်းကြည့်ပါ)။ သူတို့၏ အမှုတော်လုပ်ငန်း၌ ဤအရည်အသွေးတို့ကို ဖြစ်မြောက်စေဖို့ရန် ဤတရားရေးခေါင်းဆောင်တို့သည် တရားစီရင်ခြင်း၌ လူမျက်နှာကိုမထောက်ရပါ။ ထိုလူစုလူဝေးတို့၌ ချစ်ရသူ၊ မိသားစုဝင်နှင့်မိတ်ဆွေများရှိကြလိမ့်မည်။ ဤခေါင်းဆောင်တို့သည် သူတို့အား အခြားသူများကိုတရားစီရင်မည့်နည်းတူ တရားမျှတစွာစီရင်ရပါမည်။ သူတို့သည် လာဘ်စားခြင်းမပြုရပါ။ သူတို့၏အလယ်နာမသည် အမှန်တရားဖြစ်သည်။ သူတို့သည် အဘယ်လူမှ မကြောက်ဖို့ရန်အတွက် ဘုရားသခင်ကိုအချိန်တိုင်း ကြောက်ရွံ့ကြသည်။

နီပိုတေးဝါဒ (Nepotism)သည် များစွာသောအသင်းတော်အမှုတော်များ၏ ပြဿနာဖြစ်သည်။ အချို့သင်းအုပ်ဆရာများက သူတို့၏ဒေသန္တရအသင်းတော်ကို သူတို့၏အာဏာတုတ်ကိုသားများ (သို့) သမီးများအား လက်ဆင့်ကမ်းပေးသည့်နေရာ၊ သူတို့၏ပုဂ္ဂိုလ်ရေးနှင့်ဆိုင်သော နိုင်ငံငယ်လေးကဲ့သို့ ထင်မြင်ယူဆကြသည်။ အသင်းသားများသည် ထိုသို့သောအပြစ်များကို ဆက်လက်လုပ်ဆောင်စေဖို့ မိုက်မဲစွာခွင့်ပြုကြသည်။ ဘုရားတရားကြည်ညိုသောခေါင်းဆောင်တို့သည် သူတို့လုပ်ဆောင်သောတရားစီရင်ခြင်းမှာ သခင်ဘုရား၏ဥစ္စာဖြစ်ကြောင်းကို သိရှိကြသည်။ ဖြောင့်မတ်စွာစီရင်ခြင်းသည် ခရစ်တော်ကိုချီးမြှောက်မည်။ သူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့မည်ဖြစ်သောကြောင့် ဘုရားသခင်၏လူတို့ကို ကောင်းကြီးပေးကြပြီး၊ တရားသဖြင့်စီရင်ခြင်းသည် လွှမ်းမိုးလာလိမ့်မည်။ လူများတို့သည် ကောင်းကြီးမင်္ဂလာခံရကြသည်။ ဖြောင့်မတ်စွာ စီရင်ခြင်းအုပ်စိုးသောအခါ ခရစ်တော်သည် ချီးမြှောက်ခြင်းခံရသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်တစ်ဦးသည် အခြားသူများအား ဘုရားသခင်စီရင်သည့်နည်းတူ စီရင်ရန်ဖြစ်နိုင်ပါသလား။

**ဆုတောင်းချက်-** သန့်ရှင်းတော်မူသောအဖဘုရား၊ အပြစ်ရှာတတ်သောတရားစီရှင်ခြင်းအပြစ်မှ ကျွန်ုပ်ကိုကင်းလွတ်စေ၍ သန့်ရှင်းသောနှုတ်ကပတ်တော်အတိုင်း ခရစ်တော်သည် တရားစီရင်သကဲ့သို့ စီရင်ဖို့ရန် ကျွန်ုပ်ကိုကူညီတော်မူပါ။ ယေရှု၏ နာမတော်အားဖြင့် ဆုတောင်းပါ၏။ အာမင်။

တနင်္လာ၊ ဇူလိုင် (၅)
**တရားဟော ၁း၆-၁၈**
ထွက် ၁၈း၂၄-၂၇

*"မောရှေသည်လည်း ယောက္ခမ၏စကားကို နားထောင်၍ စကားရှိသည်အတိုင်းပြု"*

## မောရှေသည် ထိုက်တန်သောခေါင်းဆောင်တစ်ဦးဖြစ်ရန် သက်သေပြသည်

မောရှေသည် ဘုရားသခင်၏လမ်းပြညွှန်ကြားချက်ကို ပြန်လည်ဆင့်ခေါ်သည်။ အကြောင်းမှုကား ဘုရားသခင်သည်သူတို့အား နေ့အချိန်၌မိုးတိမ်တိုင်အားဖြင့်၎င်း၊ ညအချိန်၌ မီးတိုင်အားဖြင့်၎င်း ဦးဆောင်လမ်းပြခဲ့သည်။ ဟောရပ်မှဂတိတော်ပြည်သို့ ၁၁ ရက်ခရီးဖြစ်သည်။ ကာလသရေလအမျိုးသည်ပုန်ကန်သောအခါ ဘုရားသခင်သည်ထိုမျိုးဆက်ကို ခါနာန်ပြည်သို့ဝင်ရောက်ခွင့်မပြုခဲ့ဘဲ အနှစ်လေးဆယ်တောကန္တာရတွင် လှည့်လည်စေခြင်းဖြင့် အပြစ်ဒဏ်ပေးခဲ့သည်။ မောရှေသည် ဆုတောင်းပဌနာပြု၍ ဘုရားသခင်နှင့်အတူ အကျိုးသင့်အကြောင်းသင့်ပြောဆို၏။ သူတို့၏ပုန်ကန်မှုသည် ကြီးလေးသောအပြစ်ဖြစ်သည်။ သို့သော် လူအမျိုးမျိုးတို့က ဘုရားသခင်သည် သူ၏လူတို့အား ဂတိထားရာပြည်သို့ရောက်အောင် မပို့ဆောင်နိုင်သောကြောင့် တော၌သတ်ခဲ့သည်ဟူ၍ ပြောကြမည်ဟု မောရှေဆို၏။ ဘုရားသခင်၏စကားတော်သည် တည်ရပါမည်။ သူဂတိထားတော်မူသောပြည်သို့ သူတို့ကိုပို့ဆောင်ရပါမည်။ ထို့ကြောင့် ဘုရားသခင်သည် ပုန်ကန်သောလူမျိုးဆက်ကို သေစေသော်လည်း သူတို့၏သားမြေးတို့က ထိုပြည်သို့အမွေခံစေပြီး ဘုရားသခင်သည် ထိုပြည်အားပေးရန် အာဗြဟံထံသို့ပေးပြီး ၎င်းကိုဣဇက်နှင့်ယာကုပ်တို့ထံသို့ ထပ်မံအတည်ပြုခဲ့သည်။ ဤသူတို့သည် ပဋိညာဉ်၏အမွေဆက်ခံသူများဖြစ်ကြသည်။ ဤအချက်သည် ခါနာန်သိမ်းပိုက်ခြင်းဆိုသည်ထက် ပိုသောအချက်ဖြစ်သည်။

မောရှေက ဝန်ထုပ်ကိုတစ်ဦးတည်းထမ်းနိုင်စွမ်းမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ဂတိထားတော်မူခဲ့သည့်အတိုင်း လူများကိုများပြားစေခဲ့သည်။ သူသည် ထိုသူတို့ကိုထပ်၍ ပွားများစေရန်ရှိသေးသည်။ ထို့ကြောင့်မောရှေသည် ယောက္ခမယသေရော၏ အကြံပြုသည့်အတိုင်း သူတို့အတွက်ခေါင်းဆောင်များကိုရွေးပေးသည်။ မောရှေသည် မိမိဝန်ထုပ်ကိုပေါ့စေပါမည့်အကြောင်း တရားသူကြီးတို့အား ဖြောင့်မတ်စွာတရားစီရင်ကြရန် ပြောကြားထားသည်။ ဤတွင်ဘုရားသခင်၏ ပြင်ဆင်ပေးခြင်းနှင့် လူတို့၏တာဝန်ဝတ္တရားများကိုလည်း မြင်တွေ့နိုင်သည်။ မောရှေသည်ဘုရားသခင်၏ဂတိတော်အားလုံးကိုသိရှိ၍ ထိုဂတိတော်အားလုံးပြည့်စုံစေမည်ကို ယုံကြည်စိတ်ချသည်။ မည်သို့ပင်ဆိုစေကာမူ ထိုအရာသည် ခေါင်းဆောင်တစ်ဦးဖြစ်သည့်မောရှေအတွက် သူ၏တာဝန်များကိုလျစ်လျူရှုထားရန် အကြောင်းတရားမဟုတ်ပေ။ သူ၏ဦးဆောင်မှုစွမ်းရည်တို့မှာ ဘုရားသခင်က သူ၏ရည်ရွယ်တော်မူချက်များကို ပြည့်စုံစေရန် အသုံးပြုခဲ့သည့်အရာများဖြစ်သည်။ ခရစ်ယာန်တို့အနေဖြင့် ဘုရားသခင်သည် ကျေးဇူးပြုတတ်သောဘုရားဖြစ်သောကြောင့် သန့်ရှင်းသောအသက်တာဖြင့် နေထိုင်ရန်ဖြစ်သောကျွန်ုပ်တို့၏လိုအပ်ချက်ကို လျစ်လျူမရှုရပါ။ ခေါင်းဆောင်မှုတွင်လည်း ကျွန်ုပ်တို့သည် မိမိတို့၏တာဝန်များကိုကျေပွန်ရန် အစွမ်းကုန်ကြိုးစားလုပ်ဆောင်ပြီး သတ်မှတ်ထားသောအမိန့်တို့ကိုလုံ့လဝီရိယရှိစွာ လိုက်လျှောက်သည်။

ဘုရားသခင်၏စကားတော်များသည် အမြဲတမ်းတည်မြဲသောသမ္မာတရားဖြစ်သည်။ ဘုရားသခင်၏စကားတော်များကို ကျွန်ုပ်တို့အမြဲတမ်းနားထောင်ကြပါစို့။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြသည့်အတိုင်း ဘုရားသခင့်ထံကျွန်ုပ်တို့၏နာခံခြင်းအကြွေးတင်လျက်ရှိကြောင်းကို ထိုစကားတော်တို့က အမြဲတမ်းသတိပေးကြပါစေ။

**ဆင်ခြင်ရန်** - ခေါင်းဆောင်မှုတွင် ဘုရားသခင်၏အလိုတော်ကိုသိရှိပြီး သူ့ထံသို့ဆက်ကပ်အပ်နှံခြင်းက အောင်မြင်ခြင်းသို့ပို့ဆောင်၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ကို အစေခံရာ၌ ကျွန်ုပ်၏တာဝန်ကိုကျေပွန်နိုင်ရန် မစတော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၆)
**တရားဟော ၁း၁၉-၂၉**
ယောဘ ၃၄း၃၇

*"ဒုစရိုက်ကိုပြုသည်သာမက၊ ပုန်ကန်သောအပြစ်ရှိသေး၏။ . . ဘုရားသခင်ကို ပြစ်မှားသောစကားနှင့်များစွာပြောတတ်သည်ဟု မြွက်ဆို၏"*

# ခါနာန်ပြည်သိမ်းပိုက်ခြင်းကိုဆိုင်းငံ့ထားခြင်း

ဣသရေလလူမျိုးသည် အဲဂုတ္တုပြည်မှထွက်ခွာစဉ်က သူတို့မျှော်လင့်ခဲ့သကဲ့သို့ ခါနာန်ပြည်သို့ တိုက်ရိုက်မဝင်ရောက်နိုင်ခဲ့ပါ။ သူတို့၏ပုန်ကန်မှုကြောင့် ခါနာန်ပြည်သိမ်းပိုက်ခွင့်ကို ဆိုင်းငံ့ထားခံရသည်။ သူတို့၏ အပြစ်အတွက် ဘုရားသခင်ဆီးတား၍ဒဏ်ခတ်ခဲ့သည်။ ဘုရားသခင်က သူတို့ကိုထောက်ပံ့ခြင်းအား ရပ်သိမ်းပြီး၊ သူတို့သည် ရန်သူတို့အောက်မှာ နှိမ့်ချခြင်းကိုခံရကြ၏။ ဤတရားဒေသနာ၌မောရှေသည် ဂတိထားရာပြည်တော်သို့ ဝင်ရောက်ဖို့ရန် သူတို့ပြင်ဆင်နေကြသည့်အတိုင်း လွန်ခဲ့သောအနှစ်လေးဆယ်ပတ်လုံးက အဖြစ်အပျက်များကို ပြန်အမှတ်ရနေ၏။ ဘုရားသခင်နှင့်မောရှေတို့သည် သူတို့အားကောင်းစွာဖြစ်စေချင်သော်လည်း၊ သူတို့၏ဆန္ဒမှာ ဘုရားသခင်၏အကြံအစည်နှင့်ဆန့်ကျင်ခဲ့သည်။

ခါနာန်ပြည်သို့ ချီတက်ခြင်းကိုဖြတ်တောက်ခံရခြင်းသည် သူတို့အားဘုရားသခင်မသွားစေလိုသောကြောင့်မဟုတ်ဘဲ၊ ဣသရေလလူတို့သည် အပျက်သဘောဆောင်သောသဘောထားကြီးထွားလာသောကြောင့်ဖြစ်သည်။ ဟောရပ်သည် သိနာတောင်၏အခြားနာမည်တစ်ခုဖြစ်ပြီး၊ ထွက်မြောက်ရာကျမ်း၌အဓိကနေရာဒေသဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် မောရှေအား သွားရောက်ရန်ခေါ်ခဲ့သောအရပ်ဒေသဖြစ်ပြီး၊ ပညတ်တော်ဆယ်ပါးအားမောရှေလက်ခံရရှိခဲ့သော အရပ်ဖြစ်သည်။ ဤအရပ်၌လည်း ဣသရေလအမျိုးသည် အာရုန်အားသူတို့အတွက် ရွှေနွားသူငယ်ရုပ်တုကို လုပ်ပေးဖို့တောင်းဆိုခြင်းဖြင့် ဘုရားသခင်ကိုပုန်ကန်ခဲ့ကြသည်။ သူတို့သည် ထိုအပြစ်အတွက် ပြင်းထန်သောပြစ်ဒဏ်ကို ခံခဲ့ကြရသည်။ သို့သော် ၎င်းသည် သူတို့၏ဝင်ရောက်သိမ်းပိုက်မှုကို အနှစ် ၄၀ ကြာနှောင့်နှေးစေခဲ့သည့်ခါနာန်ပြည်ဝင်ရောက်ဖို့ သူတို့ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

မောရှေသည် ကြီးမား၍ကြောက်မက်ဖွယ်ကောင်းသော တောကန္တာရမှတစ်ဆင့် သူတို့၏ခရီးကိုယခုဖော်ပြနေသည်။ သူတို့သည် အာမောရိတောင်ဖြင့် ဖြတ်၍ ကာဒေရှဗာနာအရပ်သို့ သွားရောက်ခဲ့သည်။ ဘုရားသခင်သည် သူပေးခဲ့ပြီးသော တိုင်းပြည်သို့ သူတို့သွားရာက်ပိုင်ဆိုင်ကြဖို့ရန် ညွှန်ကြားခဲ့သည်။ မောရှေကလည်း ဘုရားသခင်သည် ထိုပြည်အား သူတို့ရှေ့၌ချထားခဲ့ပြီဖြစ်ကြောင်းကို သူတို့အားသတိပေး၍ ကြောက်ရွံ့ခြင်း (သို့) စိတ်ဓာတ်ကျခြင်းမရှိကြဖို့ရန် တိုက်တွန်းခဲ့သည်။

ဣသရေလအမျိုးသားတို့ကို သူတို့၏ပုန်ကန်ခြင်းကြောင့် ပြစ်တင်ရှုတ်ချဖို့ရန် လွယ်ကူ၏။ သို့သော်၊ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်ကိုမကြာခဏပုန်ကန်တတ်ကြသည်မဟုတ်လော။ အသင်းတော်သည် အသင်းဝင်များအတွက် ကျင့်ဝတ်စည်းကမ်းရှိ၏။ လိုအပ်လျှင် သင်းအုပ်တို့သည် မည်သည့်ပြစ်မှုကျူးလွန်သူကိုမဆိုဆန့်ကျင်လျက် စည်းကမ်းနှင့်ဆိုင်သောစီမံချက်တို့ကို ပြဋ္ဌာန်းခွင့်ရှိသောသူဖြစ်ကြသည်။ ပွင့်လင်းစွာပြုသောအပြစ်ရှိသမျှကို အပြစ်ပေးရမည့်ကိစ္စဖြစ်သည်။

**ဆင်ခြင်ရန်** - ပုန်ကန်မှုသည် အာဏာကိုဆန့်ကျင်သောလုပ်ရှားမှုဖြစ်သည်။
**ဆုတောင်းချက်-** အဖ၊ နာခံမှုရှိရန်နှင့် ကိုယ်တော်၏အခွင့်အာဏာကို လေးစားရန်ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၇)
**တရားဟော ၁း၁၉-၂၉**
တောလည် ၁၃း၂၃-၃၃

*" . . . ချက်ခြင်းချီသွား၍ ထိုပြည်ကိုသိမ်းယူကြစို့၊ အောင်နိုင်ကောင်းသည်ဟုဆို၍ . . . "*

# ပြည်တော်ကိုသိမ်းပိုက်ဖို့ ကြိုးစားအားထုတ်မှုပြုခြင်း

ဣသရေလလူတို့သည် ခါနာန်ပြည်အားသွား၍ စူးစမ်းရှာဖွေပြီး မောရှေထံသတင်းပြန်ပို့ဖို့ သူလျှိုများစေလွှတ်ရန် မောရှေအားတောင်းဆိုသောအခါ အလှည့်အပြောင်းဖြစ်လာခဲ့သည်။ ယင်းကို တောလည်ရာကျမ်း ၁၃-၁၄ တွင် အသေးစိတ်ဖော်ပြထားသည်။ ထိုတာဝန်ကို လူ ၁၂ ယောက်စေလွှတ်ပြီး၊ သူတို့ပြန်လာကြသောအခါ ထိုပြည်အကြောင်းကို သူတို့သတင်းပို့ခဲ့ကြသည်။

သူလျှိုတို့ထဲမှ သူလျှိုနှစ်ယောက် (ယောရှုနှင့်ကာလက်) တို့သည် ဘုရားသခင်ပေးထားတော်မူသည်အတိုင်း ထိုပြည်ကိုအမြန်သွားရောက်ပြီး၊ ပိုင်ဆိုင်ကျဖို့ရန် လူထုကိုတိုက်တွန်းခဲ့သည်။ သို့သော် ထိုသူလျှိုထဲမှ ဆယ်ယောက်တို့သည် လူထုအားစိတ်ဓာတ်ကျစေခဲ့သည်။ သူတို့က အကယ်စင်စစ် ထိုပြည်သည် နို့နှင့်ပျားရည်စီးသောပြည်ဖြစ်ကြောင်းကို ပြောဆိုပြီး ထိုပြည်၏အသီးကို လူထုအားပြသဖို့ရန် ဧရှကောလချိုင့်နှင့် ကြီးမားသောစပျစ်သီးပွတ်တစ်ခိုင်ကိုပင် ယူဆောင်ခဲ့ကြသည်။ သို့သော် သူတို့ကထိုပြည်၏မြို့များတွင် အလွန်မြင့်သောမြို့ရိုးရှိကြကြောင်းကိုငင်း၊ ထိုအရပ်၌နေသောလူတို့သည် အလွန်ထွားကြိုင်းကြကြောင်းကိုငင်း၊ ဣသရေလလူတို့သည် သူတို့ကိုအနိုင်မရနိုင်ကြောင်းကိုငင်း ဆိုခဲ့ကြသည်။

ဘုရားသခင်သည် သူတို့အတွက် တိုက်ခိုက်ပေးမည်ဖြစ်သောကြောင့် မကြောက်ကြဖို့ရန် မောရှေကသူတို့ကိုဆိုခဲ့သည်။ ဤအချက်ဖြစ်မည်ကို သူသေချာစွာသိ၏။ အကြောင်းမူကား၊ အဲဂုတ္တုပြည်မှသူတို့၏ထွက်ခွာခြင်းကို အစပျိုးခဲ့သောသူသည် ဘုရားသခင်ဖြစ်တော်မူသောကြောင့်ဖြစ်သည်။ ဘုရားသခင်ကလည်း ခါနာန်လူတို့သည်သူတို့၏ပြည်ကို သိမ်းပိုက်ခြင်းမှကာကွယ်ရန် ဣသရေလလူတို့အား ခုခံတော်လှန်ကြမည်ကိုသိရှိသည်။ သို့သော် ထိုပြည်ကိုဣသရေလူတို့အားပေးမည်ဟုဘုရားသခင်ဆုံးဖြတ်ပြီးဖြစ်သည်။ ဘုရားသခင်သည် သူတို့အားလမ်းပြဦးဆောင်ခဲ့သောကြောင့် ထိုပြည်ကိုသူတို့ပိုင်ဆိုင်ရန် လွယ်ကူလိမ့်မည်။ သို့ရာတွင် ဣသရေလအမျိုးသားတို့သည် ဘုရားသခင်၏အမိန့်တော်ကို ဆန့်ကျင်ပုန်ကန်လျက် မိမိတို့၏ကိုယ်ပိုင်ဆင်ခြင်တုံတရားကို သုံးပြီး ထိုပြည်မှခါနာန်လူတို့ကို ဖယ်ရှားဖို့ရန်မှာ သူတို့အတွက်မဖြစ်နိုင်ဟု ကောက်ချက်ချခဲ့ကြသည်။

ဘုရားသခင်၏စစ်ပြိုင်ခြင်းသည် ဘယ်တော့မှရှုံးနိမ့်မည်မဟုတ်ပါ။ ဧဖက်မြို့သားများထံရေးသောစာ၌၊ ရှင်ပေါလုသည် မာရ်နတ်၏ပရိယာယ်များကိုကျော်လွှားနိုင်ရန် ဘုရားသခင်၏လက်နက်စုံကို ယူသည်ဟုတိုက်တွန်းထားသည် (ဧ ၆း၁၁)။ ထိုသူလျှိုများ၏စိတ်နှလုံးထဲတွင် ဣသရေလပြည်သူအားလုံးကို ထိတ်လန့်စေမည့် ကြောက်ရွံ့မှုနှင့်သံသယများကို ဖန်တီးခဲ့သူမှာ စာတန်မာရ်နတ်ဖြစ်သည်။

အပြစ်တရားသည် ယနေ့ကမ္ဘာပေါ်တွင် ရှိသည်။ အကြောင်းမှာ အာဒံသည်တားမြစ်ထားသည့်အသီးကိုစားသောကြောင့်ဖြစ်ပြီး၊ ထိုအချိန်မှစ၍ အပြစ်တရားသည် လူ့စိတ်ဝိညာဉ်၌နေရာရှာတွေ့ခဲ့သည်။ ဘုရားသခင်ကိုယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏အောင်မြင်ခြင်းဖြစ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် သူအစပျိုးခဲ့သောအရာကို အမြဲတမ်းအကောင်အထည်ဖော်လိမ့်မည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ဘက်၌ အမြဲတမ်းရပ်တည်ရန်ကူညီမစပါ။

ကြာသပတေး၊ ဇူလိုင် (၈)
**တရားဟော ၁း၁၉-၂၉**
တမန် ၁၇း၂၆-၂၈

*“ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ဖြစ်လျက် ရှိကြ၏. . . ”*

# ပြည်တော်သိမ်းပိုက်ခြင်းကိုဆိုင်းငံ့ထားသည်

ပြည်တော်သိမ်းပိုက်ခြင်းကို ဆိုင်းငံ့ထား၏။ အဘယ်ကြောင့်ဆိုသော်၊ လူတို့သည် ဘုရားသခင်၏ညွှန်ကြားချက်ကို ငြင်းပယ်ကြခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်သည် သူတို့အားဖျက်ဆီးဖို့ အာမောရိလူတို့လက်သို့ အပ်နှံဖို့ရန် အဲဂုတ္တုပြည်မှနှုတ်ဆောင်ခဲ့သည်ဟု သူတို့ပြောဆိုကြသည်။ သူတို့သည် ပုန်ကန်သောသဘောထားဖွံ့ဖြိုးပြီး ဘုရားသခင်ကိုကိုးစားခြင်းမရှိပါ။ မောရှေ၏စကားကိုလည်း နားမထောင်ဘဲနေကြ၏။ ဤအရာများမှာ ထိုပြည်ကိုသွားစူးစမ်းသည့်လူဆယ်ဦးတို့က ပြည်သူတို့အား စိတ်ဓာတ်ကျစေရန် ပြောလေ့ရှိသောစကားများဖြစ်သည် - “ငါတို့သည် အဘယ်သို့သွားရမည်နည်း။ ညီအစ်ကိုတို့က၊ ထိုပြည်သားတို့သည်ငါတို့ထက်သာ၍ ကြီး၏။ အရပ်လည်းသာ၍မြင့်၏။ မြို့လည်း မိုဃ်းကောင်းကင်သို့ထိသော မြို့ရိုးလည်းရှိ၏။ ထိုပြည်၌လည်း အာနကအမျိုးသားတို့ကို မြင်ရ၏ဟု ငါတို့စိတ်ကိုဖျက်ကြပြီဟု သင်တို့သည်တဲများ၌ဆန့်ကျင်ဘက်ပြုကြ၏” (တရားဟော ၁း၂၈)။ ဣသရေလအမျိုးသည် တောကန္တာရ၌ အနှစ်လေးဆယ်ပတ်လုံးလှည့်လည်ရကြပြီး၊ ပုန်ကန်သော မျိုးဆက်သည် တောကန္တာရတွင်သေဆုံးခဲ့ကြသည်။

သူတို့သည် ထိုနှစ်များတစ်လျှောက်လုံး ထိုကြောက်မက်ဖွယ်ကောင်းသော တောကန္တာရထဲတွင် လှည့်လည်ကြသော်လည်း သူတို့တွင် ဘာမျှမလိုအပ်ပါ။ သူတို့ဘေးပတ်လည်၌ရှိသော လူမျိုးတို့နှင့် သူတို့သွားလာဖြတ်လျှောက်ထားသော နယ်မြေခံတို့ထံမှ သူတို့ကိုဘုရားသခင်ကာကွယ်ခဲ့သည်။ ပုန်ကန်ခြင်း၏နောက်ဆက်တွဲအဖြစ်အပျက်များတွင် မောရှေသည်လည်း ခါနာန်ပြည်ဝင်ရောက်ခွင့်တားဆီးခံရသည်။ စာအုပ်၏အဆုံးပိုင်းတွင် မောရှေသေဆုံးသည့်မှတ်တမ်းရှိသည်။ သူသည် တောင်နေဗော၌ သေမည့်အကြောင်းကိုဒင်း၊ ယောရှုကို သူ၏နေရာဆက်ခံသူအဖြစ် ဘိသိက်ပေး၍၊ ဣသရေလလူတို့အား ခါနာန်ပြည်သို့ခေါ်ဆောင်မည့်အကြောင်းကိုဒင်း ဘုရားသခင်ပြောထားခဲ့သည်။ ဘုရားသခင်သည် နောက်ဆုံးအမှာစာအမြဲရှိသည်။

ဂတိထားရာပြည်ကို သိမ်းပိုက်ခြင်းကိုဆိုင်းငံ့ခြင်းသည် ထိုမျိုးဆက်အတွက် အပြစ်ပေးခြင်းဖြစ်သည်။ တစ်ချိန်က အသက်ကြီးသောသင်းအုပ်ဆရာက ယောရှုနှင့်ကာလက်တို့၏စာအုပ်ကို အတူခိုးဖို့ရန် သင်းအုပ်ဆရာဖြစ်အံ့ဆဲဆဲ လူငယ်တို့ကို စိန်ခေါ်ခဲ့သည်။ သူရဲဘောနည်းသူကို ဘုရားသခင်ဘယ်တော့မှမသုံးဘူးဟု သူထပ်ပြောခဲ့သည်။ ထို့ကြောင့် ကြောက်ရွံ့ခြင်းကို လက်သင့်ခံသောသူတို့သည် နှုတ်ထွက်၍ သူတို့ကိုဘုရားသခင်ခေါ်တော်မူခြင်းမရှိသည်ကို သိရှိထားရမည်။ စစ်မှန်သောစစ်သားများသည် သူတို့၏တိုက်ပွဲများကို အဆုံးတိုင်အောင် တိုက်၍အနိုင်ယူလိမ့်မည်။ ဂတိတော်များကို ပေးတော်မူသောဘုရားသခင်သည် ဘယ်သောအခါမျှ ကျရှုံးလိမ့်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကျွန်ုပ်နေထိုင်ရာဒေသတို့ကို သတ်မှတ်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အလားအလာမကောင်းသော အခြေအနေ၌ပင်၊ အကျွန်ုပ်အား ကိုယ်တော်ကိုကိုးစားစေတော်မူပါ။

သောကြာ၊ ဇူလိုင် (၉)
**တရားဟော ၁း၃၀-၄၆**
တမန် ၁၇း၂၆-၂၈

*“. . . ထိုသူသည် ထာဝရဘုရား၏နာမတော်ကို ခိုလှုံပါစေ. . .”*

## မယုံကြည်ခြင်းအတွက် ဣသရေလလူတို့ကိုအပြစ်ပေးခြင်း

ဣသရေလလူတို့သည် သူတို့အားမိုယ်းတိမ်နှင့် မီးဖြင့် ပို့ဆောင်သောဘုရားသခင်ကို မယုံကြည်ခဲ့ကြပေ။ မိုယ်းတိမ်နှင့် မီးတိုင်တို့သည် သူတို့အလယ်၌ ဘုရားသခင်တည်ရှိကြောင်း မြင်နိုင်သည့်သက်သေတစ်ခုဖြစ်ပြီး သူတို့၏လှုပ်ရှားမှုအားလုံးတို့ကို ထိုတိုင်တို့၏လှုပ်ရှားမှုအားဖြင့် အမိန့်ပေးသည်။ အဲဂုတ္တုပြည်မှ သူတို့ကိုနှုတ်ဆောင်တော်မူသောဘုရားသခင်သည် သူတို့အားဘေးလွတ်စေလိမ့်မည်ဟု သူတို့ကိုမောရှေအကြိမ်ကြိမ် အာမခံခဲ့ရသည်။ ဘုရားသခင်သည် ပုန်ကန်သူတို့၏စကားတို့ကိုကြား၍ ထိုမျိုးဆက်သည် ကောင်းသောပြည်ကိုမတွေ့ရဟု ကျိန်ဆိုခဲ့သည်။ သူတို့အတွက် ကတိတော်ပေး၍ပြင်ဆင်ပေးထားသော ဘုရားသခင်၏စွမ်းရည်ကို သူတို့၏မျက်စိသည် မမြင်နိုင်သည်မှာ ဝမ်းနည်းစရာဖြစ်သည်။

ကာလတ်နှင့် ယောရှုသာ ဂတိထားရာပြည်တော်ကို မြင်တွေ့နိုင်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော်၊ သူတို့သည် ဘုရားသခင်၏ဂတိတော်၌ မွေ့လျော်၍ ထိုပြည်တော်ကိုသွားပြီး ရယူပိုင်ဆိုင်ဖို့ရန် ဣသရေလလူတို့ကို တိုက်တွန်းကြသည်။ တောလည်ရာကျမ်း ၁၄း၆-၉ (ကနဦးမှတ်တမ်း) သည် ကာလတ်နှင့်ယောရှုတို့ပြုခဲ့သည့်အရာများကို ဖော်ပြသည်မှာ “ခါနာန်ပြည်ကို စူးစမ်းသောလူစုထဲက နုန်၏သားယောရှု၊ ယေဖုန္နာ၏သား ကာလတ်တို့သည် မိမိတို့အဝတ်ကိုဆုတ်၍၊ ဣသရေလအမျိုးသားအပေါင်းတို့အား ခေါ်လျက်၊ ငါတို့လျှောက်သွား၍ စူးစမ်းသောပြည်သည် အလွန်တရာကောင်းသောပြည်ဖြစ်ပါ၏။ ထာဝရဘုရားသည် ငါတို့ကိုနှစ်သက်လျှင်၊ နို့နှင့်ပျားရည်စီးသော ထိုပြည်သို့ငါတို့ကိုဆောင်သွင်း၍ အပိုင်ပေးတော်မူလိမ့်မည်။ ထာဝရဘုရားကိုမပုန်ကန်ကြပါနှင့်။ ထိုပြည်သူပြည်သားတို့ကို မကြောက်ကြနှင့်။ သူတို့သည် ငါတို့စားစရာဘို့ဖြစ်ကြ၏။ သူတို့၌ အမှီတကဲမရှိ။ ထာဝရဘုရားသည် ငါတို့ဘက်၌ရှိတော်မူ၏။ သို့ဖြစ်၍ သူတို့ကိုမကြောက်ကြနှင့်ဟု ပြောဆိုကြလေသော်”။ သူတို့၏ရဲစွမ်းသတ္တိသည် ဘုရားသခင်၏အပြစ်ဒဏ်စီရင်ခြင်းမှ သူတို့ကိုလွတ်မြောက်စေပြီး ခါနာန်ပြည်ကို ဝင်ရောက်ခွင့်တည်းဟူသော ဆုတော်ကို ပေးအပ်ခဲ့သည်။

ဘုရားသခင်၌ အတိုင်းအဆမရှိသောအင်အားများရှိသည်။ ဣသရေလလူတို့လုပ်ရမည့်အရာမှာ ယုံကြည်ခြင်းဖြင့် ဘုရားသခင်ကို မျှော်ကိုးရမည်။ သို့မှသာ သူတို့၏ခရီးသည် အောင်မြင်လိမ့်မည်။ ထို့အပြင်၊ သူတို့၏ မယုံကြည်မှုကြောင့်အရာရာဆုံးရှုံးခဲ့ရသည်။ သူတို့၏ပြစ်ဒဏ်သည် အနှစ်လေးဆယ်ထောင်ဒဏ်ချမှတ်ခြင်းနှင့်တူပြီး သေခြင်းနှင့်အဆုံးသတ်ထားသည်။ ဘုရားသခင်သည် သူ၏ဂတိတော်ကို အကောင်အထည်ဖော်ဆောင်လာစဉ်တွင် သူသည် ပုန်ကန်မှုအပြစ်ကို အပြစ်ဒဏ်ပေးရာတွင် သူ၏တရားမျှတမှုကို ပြသခဲ့ရပါမည်။ ဘုရားသခင်သည် ကရုဏာတော်နှင့်ပြည့်စုံ၍ တရားမျှတတော်မူသည်။ လူသည်အပြစ်၌နေ၍၊ သူ၏လက်စားချေမှုမှလွတ်မြောက်ရန် မျှော်လင့်လို့မရပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် သူ၏ဆက်ဆံရေး၌ အလွန်ဂရုဏာထားသောသူဖြစ်သည်။
**ဆုတောင်းချက်-** အဖ၊ ယောရှုနှင့်ကာလတ်တို့၏ ရဲစွမ်းသတ္တိကိုအကျွန်ုပ်အား ပေးသနားပါ။

စနေ၊ ဇူလိုင် (၁၀)

**တရားဟော ၁း၃၀-၄၆**

ရောမ ၆း၁၁-၁၅

*"ထို့ကြောင့်. . . အပြစ်တရားသည် သင်တို့၏ သေတတ်သော ကိုယ်ခန္ဓာ၌ အစိုးမရစေနှင့်"*

## ဘုရားသခင်သည်ပုန်ကန်သူတို့ကိုထောက်ပံ့မှုအားရုတ်သိမ်းသည်

မောရှေ၏တရားဒေသနာသည် သူ့အတွေ့အကြုံအပြည့်ပါသော တရားဖြစ်သည်။ သူ့အသက်တာ၌ဘုရားသခင်၏လုပ်ဆောင်မှုကို ပြန်ခေါ်ခြင်းအားဖြင့် သူ့အမှုတော်ကိုအဆုံးသတ်သည်။ သူအမှုပြီးမြောက်ဖို့ရန် ကြိုးပမ်းခဲ့သည့်အရာကို သူစိတ်မပျက်ခဲ့ပေ။ သူကိုယ်တိုင် လူသား၏အားနည်းချက်များအပါအဝင် ဆုတ်ယုတ်မှုများစွာရှိခဲ့သော်လည်း ဘုရားသခင်သည် သူ့အားခေါ်ခြင်း၏တာဝန်များကို သူ၌ရှိသော အကောင်းဆုံးစွမ်းရည်ဖြင့် ဖြည့်ဆည်းနိုင်ရန် သူ့ကိုကျေးဇူးပြုခဲ့သည်။ သူသည် အသက် တရာ့နှစ်ဆယ်အရွယ် အသက်ကြီးသူတစ်ဦးဖြစ်ခဲ့သော်လည်း၊ သူသည် ထိုခေါင်းဆောင်မှု၏ဝန်ထုပ်ဝန်ပိုးကို ခံနိုင်လောက်အောင် ခိုင်မာနေဆဲဖြစ်သည်။ သူသည်ဘုရားသခင်နှင့်မျက်နှာချင်းဆိုင်ပြောသောသူဖြစ်ပြီး ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သည်။ ဤတရားဒေသနာများတွင် သူ၌ အလွန်ကောင်းသောမှတ်ဥာဏ်ရှိကြောင်းကိုလည်း တွေ့နိုင်သည်။ သူသည် ဘုရားသခင်ကသူ့အားမိန့်တော်မူသမျှအားလုံးကို (သို့) သူတို့ အဲဂုတ္တုပြည်မှထွက်ခွာကတည်းက သူတို့ရရှိခဲ့သောအတွေ့အကြုံများတို့ကို သူမမေ့လျော့ခဲ့ပါ။ သူသည် ဤအဖြစ်အပျက်များကို မနေ့ကဖြစ်ခဲ့သည့်အလားပြောဆိုခဲ့သည်။

သူတို့၏မိဘတို့သည် ပုန်ကန်ကြသော်လည်း သူတို့၏ကလေးများသည် အပြစ်မဲ့သူများအဖြစ် ထည့်တွက်ထားသည်။ ထို့ကြောင့် ထိုကလေးများသည်ထိုပြည်တော်ကို အမွေဆက်ခံခွင့်ရရှိခဲ့ကြသည်။ ဣသရေလအမျိုးသားတို့၏အပြစ်ကို အချိန်နှောင်းသောအသိအမှတ်ပြုချက်ကို ဘုရားသခင်လက်မခံခဲ့ပါ။ သူတို့သည် ဒုစရိုက်အပြစ်ပြုခဲ့ကြောင်းနှင့် ဘုရားသခင်၏အမိန့်အတိုင်း သွားရောက်တိုက်ခိုက်ဖို့ရန် ဆန္ဒရှိကြကြောင်းကို မောရှေထံပြောဆိုကြသည်။ သူတို့လက်နက်များယူကာ သွားရန်အဆင်သင့်ဖြစ်ကြသည်။ သို့သော် ထိုအရာမှာ အလွန်နောက်ကျခဲ့သည်။ ဘုရားသခင်က ပယ်ချပြီး သူတို့မသွားသင့်ကြောင်းကို မောရှေထံသို့မိန့်တော်မူသည်။ သူတို့သဘောအတိုင်း ဆက်သွားကြလျှင် ရန်သူတို့သည် သူတို့ကိုသတ်ဖြတ်ကြလိမ့်မည်ဟု ဘုရားသခင်မိန့်ဆိုသည်။ ဘုရားသခင်ပေးသောအကြံကို သူတို့သည်နားမထောင်ကြပါ။ သူတို့သည် ဘာဖြစ်ဖြစ်ဆက်သွားကြ၏။ အာမောရိလူတို့သည် သူတို့နောက်ကိုပျားကဲ့သို့လိုက်၍ သတ်ဖြတ်ကြသည်။ သူတို့ငိုကြွေးကြသော်လည်း ဘုရားသခင်လျစ်လျူရှုခဲ့သောကြောင့် တောကန္တာရ၌ဆက်နေခဲ့ကြရသည်။ ဤအရာအားလုံးကို မောရှေပြန်လည်ဆင့်ခေါ် ပြောဆိုနေစဉ် နားထောင်သောပရိသတ်တို့အဖို့ ထိုအရာမှာ အသစ်အဆန်းမဟုတ်ပေ။ အကြောင်းမူကား သူတို့သည်ထိုအရာကို တွေ့ကြုံကြဖူး၏ (သို့) မောရှေပြောနေသောအချက်များကို သူတို့သည် ကြားပြီးသားဖြစ်သည်။ ခေါင်းဆောင်ဖြစ်သောမောရှေသည် သူတို့ထံ သူမထွက်သွားခင်၌ ဤအဖြစ်အပျက်အားလုံးကိုအတည်ပြုရပါမည်။

ဘုရားသခင်သည် သူ၏သားသမီးတို့အတွက် ကြီးမားသောဂတိတော်များရှိ၍ ထိုဂတိတော်တို့ကို ဖြည့်ဆည်းပေးဖို့ရန် သစ္စာရှိတော်မူသည်။ သို့သော်လည်း မြင်သာစွာပုန်ကန်ခြင်းကို အပြစ်ဒဏ်မပေးဘဲမနေပါ။ ဘုရားသခင်သည်သူ၏ဂတိတော်တို့ကို ပြည့်စုံစေရန်နည်းလမ်းများစွာရှိသည်။ အကြောင်းမူကား သူ့သားသမီးတို့အဖို့ သူ့မေတ္တာသည် အမြဲတည်တော်မူသည်။ သူ့ကိုလည်း ကျွန်ုပ်တို့ချစ်ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ချစ်မေတ္တာတော်သည် ထာဝရနှင့်ဆိုင်သောဝမ်းမြောက်ခြင်းအတွက် ပံ့သေနည်းဖြစ်သည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏ချစ်မေတ္တာသည် အကျွန်ုပ်ကိုအချိန်တိုင်း မစစေတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၁၁)
**တရားဟော ၂း၁-၂၃**
ရောမ ၁၄း၁၉

*"ထို့ကြောင့် ငြိမ်သက်ခြင်းနှင့်ဌင်း . . .
ယှဉ်သောအရာတို့ကို မှီအောင်လိုက်ကြကုန်အံ့"*

# ကာဒေရှအရပ်မှမောဘပြည်သို့သွားသောခရီး(၁)

ခါနာန်ပြည်သို့ဝင်ရောက်ဖို့ ဣသရေလလူတို့၏ခရီးကို ဆိုင်းငံ့ခံခဲ့ရသောအခါ ဘုရားသခင်သည် သူတို့ကိုအချိန်ကြာမြင့်စွာ တောကန္တာရ၌လှည့်လည်စေတော်မူ၏။ သို့သော် သူတို့သည် ခါနာန်ပြည်သို့ဝင်ရောက်ဖို့ရန် အဆင်သင့်ဖြစ်သည့်တိုင်အောင် လှုပ်ရှားမှုတိုင်း၌ သူတို့ကိုဘုရားသခင်ဦးဆောင်ခဲ့သည်။ ကာဒေရှအရပ်မှ မောဘပြည်သို့သွားသောခရီး၌ သူတို့သည် တိုင်းနိုင်ငံသုံးခု (ဧဒုံ၊ မောဘနှင့်အမ္မုန်) ကိုရင်ဆိုင်ခဲ့ရသည်။ ဘုရားသခင်သည် ဤသုံးနိုင်ငံတို့ဆီတိုင်းအား နယ်မြေကိုပေးခဲ့ပြီးဖြစ်သည်။ ထို့နောက် ဘုရားသခင်သည် သူ၏သားသမီးတို့အား သူတို့၏ခရီးကိုညွှန်ကြားခဲ့ပြီး ဤတိုင်းနိုင်ငံသုံးခုကို မထိတွေ့ရန်သော်လည်းကောင်း၊ သူတို့၏ငြိမ်သက်ခြင်းကို မနှောင့်ယှက်ရန်သော်လည်းကောင်း မိန့်တော်မူ၏။ သူတို့ထံမှ တစုံတရာကိုယူလျှင် ၎င်းအတွက်အဖိုးအခပေးဆပ်ရမည်ဟုမိန့်တော်မူ၏။

ဧဒုံပြည်သားတို့သည် ယာကုပ်၏အမွာအစ်ကိုဧသောမှ ဆင်းသက်လာသူတို့ဖြစ်သည်။ ဧဒုံပြည်သည် ဣသရေလအမျိုးသားတို့၏ခရီး၌ ရင်ဆိုင်ခဲ့ရသည့်အဦးဆုံးတိုင်းပြည်ဖြစ်သည်။ သူတို့သည် ပင်လယ်နီအတိုင်းလိုက်၍ စိရတောင်ကိုဝိုင်းပတ်ထားသည်။ ဘုရားသခင်သည် ဧသော၏ပြည်မြောက်ဘက်သို့ ဦးတည်လှည့်ဖို့ရန် သူတို့ကိုမိန့်တော်မူခဲ့သည်။ ဣသရေလလူတို့သည် ဧဒုံပြည်ကိုဝင်ရောက်စွက်ဖက်ရန်မဟုတ်ပါ။ ဆိုလိုသည်မှာ ၎င်းတို့သည်ထိုသူတို့၏နယ်မြေကို ဖြတ်ကျော်ဖို့ရန်လိုအပ်သော်လည်း မည်သည့်နည်းနှင့်မျှ သူတို့ကိုမထိရပါ။ သူတို့သည် ထိုသူတို့ထံမှ တစ်စုံတစ်ခုကိုယူခဲ့မိလျှင် ဧဒုံပြည်ကိုလျော်ကြေးပေးရမည်။

အဲဂုတ္တုပြည်မှ ထွက်ခွာသွားခြင်းနှင့်ဆက်နွယ်သော အံ့ဖွယ်အမှုများကြောင်း လူမျိုးအားလုံးကို ဣသရေလလူတို့ကိုကြောက်ရွံ့ခဲ့ကြသည်။ ခါနာန်လူတို့အပါအဝင် သူတို့ထဲမှအများစုသည် ဣသရေလလူမျိုးအတွက် ဘုရားသခင်ပြုတော်မူသောအမှုတို့ကို သတိပြုမိကြသည်။ သူတို့အပေါ် ဘုရားသခင်၏မျက်နှာသာပေးမှုကို ဣသရေလလူတို့သည် အလွယ်တကူ အလွဲသုံးစားပြုခဲ့သည်။ ထို့ကြောင့် ဘုရားသခင်သည်မောရှေအား သူမိန့်တော်မမူသောအရာတို့ကို သူတို့လုပ်ဆောင်ကြခြင်းအား ဆန့်ကျင်လျက်သူတို့ကိုသတိပေးရန် ညွှန်ကြားခဲ့သည်။ ဘုရားသခင်သည် တောင်စိရကို ဧသောထံပေးခဲ့ပြီး ထိုပြည်၌သူတို့နေထိုင်ခြင်းသည် သူတို့၏အခွင့်အရေးဖြစ်သည်။ ဣသရေလလူတို့သည် ငြိမ်းချမ်းရေးကိုထိန်းသိမ်းခြင်းအားဖြင့် ဘုရားသခင်ကိုနာခံခဲ့ကြသည်။

**ဆင်ခြင်ရန်** - ငြိမ်းချမ်းခြင်းသည် အောင်မြင်ထမြောက်ခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းဖြစ်သည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် အခြားသူများနှင့်ငြိမ်သက်ခြင်းကို အစဉ်တန်ဖိုးထားသူဖြစ်စေတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၁၂)
**တရားဟော ၂း၁-၂၃**
ရောမ ၁၃း၈

*“. . . သူတပါးကိုချစ်သောသူသည် အကျင့်တရားနှင့် ပြည့်စုံပြီ”*

# ကာဒေရှအရပ်မှမောဘပြည်သို့သွားသောခရီး(၂)

ဣသရေလအမျိုးသားတို့သည် တပါးအမျိုးသားတို့၏နယ်မြေသို့ အဖိုးအခမပေးဘဲ ဖြတ်လျှောက်သွားနေကြစဉ်တွင် ထိုတိုင်းပြည်တို့ထဲမှတစုံတခုကိုယူလျှင် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်လိမ့်မည်။ ပညတ်တော်ကိုပေးကမ်းခြင်းသည် သူတို့၏စိတ်ထဲတွင် လတ်လတ်ဆတ်ဆတ်ရှိသေးသည်။ ၎င်းကိုသူတို့သည် သစ္စာရှိစွာစောင့်ထိန်းထားရမည်။ ဘုရားသခင်သည် သူတို့ကိုအနှစ်လေးဆယ်ပတ်လုံးတောကန္တာရ၌ ပို့ဆောင်တော်မူပြီး သူတို့ကိုလိုလေသေးမရှိထားတော်မူကြောင်းကို မောရှေသည် သူတို့ကိုသတိရစေ၏။ ဘုရားသခင်သည် ထိုသူအပေါင်းတို့အဖို့ လုံလောက်သောအစားအစာနှင့်ရေကို ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် သူတို့ဝတ်ဆင်ခဲ့သောအဝတ်အစားများနှင့် ဖိနပ်များသည်နှစ်ပေါင်းများစွာ မပျက်ဆီးဘဲရှိနေခဲ့သည်။ ထို့ကြောင့် သူတို့သည် မိမိတို့၏ရိက္ခာထောက်ပံ့မှုများအတွက် ဘုရားသခင်ကိုမျှော်ကိုးရမည်ဖြစ်ပြီး အဘယ်သူ၏ဥစ္စာကိုမျှ မခိုးယူရပါ။ သူတို့သည် ဧသော၏ပြည်ကိုငြိမ်ဝပ်စွာဖြတ်လျှောက်သွားကြသည်။ ဘုရားသခင်သည် သူတို့ကိုအချင်းချင်းအသင့်အတင့်ဖြစ်စေဖို့ရန် ပြုခဲ့သည်။ မောရှေသည် ဤစကားတို့ကိုထိုနှစ်များတစ်လျှောက်လုံး ဘုရားသခင်လက်တော်သည် သူတို့နှင့်အတူ မည်သို့မည်ပုံရှိခဲ့ကြောင်း သူတို့အားပြသရန် ဇာတ်တိုက်ထားသည်။ ဘုရားသခင်သည် သူတို့ကိုဂတိထားရာပြည်တော်၏အစွန်းတိုင် ပို့ဆောင်တော်မူခဲ့သည်။

မောဘပြည်သားတို့သည် အာဗြဟံ၏တူလောဘ၏သားမြေးဖြစ်ကြသည်။ အာဗြဟံသည် ထိုနိုင်ငံတွင်နေထိုင်ပြီး နှစ်ပေါင်းခြောက်ရာခန့်ကြာပြီးနောက်တွင် သူတို့ကြားသွေးစပ်မှုမှာ အလွန်နီးကပ်နေဆဲဖြစ်သည်။ ဘုရားသခင်သည် မောဘပြည်အား အာဗြဟံ၏ပေါက်ဖော် အာရထံသို့ပေးခဲ့၏။ ဘိုးဘေးတို့နှင့်နီးကပ်သော ဆက်နွယ်မှုရှိသော်ငြားလည်း ဤလူတို့သည်အာဗြဟံ၏ယုံကြည်ခြင်းကို လက်မခံကြပါ။ သူတို့၏ပြစ်ဒဏ်ကို အခြားအချိန်အဖို့ သိုထားကြသည်။ ဧဒုံလူမျိုးများနည်းတူ မောဘလူမျိုးများကို မထိရန်သာမက သူတို့၏ပြည်ကိုငြိမ်းချမ်းစွာဖြတ်သန်းရန်လည်း ဣသရေလလူတို့ကို မှာထားတော်မူ၏။ သူတို့သည် ခါနာန်ပြည်သို့တိုက်ရိုက်သွားဖို့ရန် ရွေးချယ်ခဲ့လျှင် ဣသရေလတို့သွားမည့်လမ်းကြောင်းသည် ထိုပြည်နှင့်ဝေး၏။ သို့သော် ဘုရားသခင်သည် သူတို့ကို ဤပြည်ကိုဖြတ်ဖို့ညွှန်ကြားထားသည်။ ဘုရားသခင်သည် ဣသရေလလူတို့ကိုအရေးယူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်ဘုရားသခင်အား ခါနာန်ပြည်အားတိုက်ရိုက်ပို့ဆောင်ခြင်း၌ ကိုးစားခြင်းမရှိသောကြောင့်ဖြစ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နောက်သို့ တဆင့်ပြီးတဆင့်နောက်သို့လိုက်ခြင်းသည် ကျွန်ုပ်ကို သူ၏ဦးတည်ရာပန်းတိုင်သို့ ပို့ဆောင်ပေး၏။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်အတွက်ကိုယ်တော်စီစဉ်ထားသော ခရီးဆုံးသို့ ကိုယ်တော်နှင့်အတူ လျှောက်လှမ်းရန် ကျွန်ုပ်သင်ယူပါရစေ။

အင်္ဂါ၊ ဇူလိုင် (၁၃)

**တရားဟော ၂း၁-၂၃**

ရောမ ၁၂း၁၅-၁၈

*“သင်တို့သည်တတ်နိုင်သမျှအတိုင်း လူအပေါင်းတို့နှင့်အသင့်အတင့်နေကြလော့”*

# ကာဒေရှအရပ်မှမောဘပြည်သို့သွားသောခရီး(၃)

အောက်ပါမောဘပြည်၏သွင်ပြင်လက္ခဏာများသည် ထိုပြည်မှဖြတ်သန်းရာ၌ ဣသရေလလူတို့တောင့်တခဲ့ရသောအခက်အခဲများအကြောင်းကို အကျွန်ုပ်တို့အား ဖော်ပြသည်။ “မောဘပြည်သည် ပင်လယ်သေ၏အရှေ့ဘက်ဒေသဖြစ်သည်။ ၎င်း၏မြောက်ဘက်မှ တောင်ပိုင်းအဆုံးထိ အချို့သောအကွာအဝေးကို အမှတ်တစ်ခုမှတိုးချဲ့ထားသည်။ အရှေ့ဘက်ပိုင်းနယ်နိမိတ်သည် အကန့်အသတ်မရှိ ပုံမှန်မဟုတ်သော သဲကန္တာရ၏နယ်နိမိတ်ဖြစ်သည်။ နယ်မြေအကျယ်မှာ မိုင် ၅၀ ခန့်နှင့် ပျမ်းမျှအကျယ် ၃၀ခန့်ဖြစ်သည်။ ၎င်းသည် မြင့်မားသောကုန်းမြင့်မြေညီဖြစ်ပြီး မြေထဲပင်လယ်၏ရေမျက်နှာပြင်အထက် ပျမ်းမျှပေ ၃၀၀၀ နှင့် ပင်လယ်သေ၏အထက်ပေ ၄၃၀၀ ခန့်ဖြစ်ကြသည်။ ပင်လယ်သေ၏အနောက်ဘက်ခြမ်းမှ ကြည့်လျှင် ထိုမြေ၏ လက္ခဏာသွင်ပြင်သည် အလွန်မတ်စောက်သောမျက်နှာပြင်ရှိသောတောင်များ စီတန်းထားသည့်အလားဖြစ်သည်။ သို့သော် အတွင်းပိုင်းအထက်ရှိ ဤတောင်ရိုး၏အမြင့်မှာ အလွန်အနည်းငယ်မျှသာရှိသည်။ နက်ရှိုင်းသောချိုင့်ဝှမ်းများသည် ကုန်းမြင့်မြေမှပင်လယ်သေကမ်းခြေသို့ ဦးတည်သွားပြီး အဓိကအကျဆုံးမှာ အာနုန်မြစ်၏ချိုင့်ဝှမ်းဖြစ်ကာ ပေ ၁၇၀၀ အနက်နှင့် အကျယ် ၂ မိုင်ထက်မကကျယ်သော ကုန်းမြင့်မြေ၏အဆင့်တွင်တည်ရှိသည်။ သို့သော် အောက်ခြေမှာအလွန်ကျဉ်းမြောင်းပြီး အလွန်မတ်စောက်သောကမ်းပါးများဖြစ်သည်” (ISBE)။ ဘုရားသခင်သည် ထိုနေရာကိုလောတ၏သားစဉ်မြေးဆက်တို့ကို ပေးခဲ့သည်။

ဣသရေလလူတို့ကို ဇေရက်ချောင်းဘက်သို့ ညွှန်ကြားပို့ဆောင်၍ ထိုခရီးမှာ ကာဒေရှအရပ်မှ နှစ်ပေါင်း ၃၈ နှစ်ကြာခဲ့သည်။ ထိုနှောင့်နှေးခြင်းမှာ အပြစ်ပြုသောမျိုးဆက်များသေဖို့ရန်အတွက် ဣသရေလလူတို့၏ပုန်ကန်သောအားဖြင့် ပေါ်ပေါက်ရသည်။ မောရှေက ဘုရားသခင်သည် သူတို့၏တစ်ဖက်၌ရှိ၍ သူတို့အားဖျက်ဆီးတော်မူမည်ကို ဣသရေလလူတို့အား ပြောထား၏။ ၎င်းသည် အပြစ်ကိုအမြစ်တွယ်ခွင့်မပြုခြင်းနှင့် ထိုကဲ့သို့သောပုန်ကန်မှုကို ထပ်ခါတလဲလဲ မလုပ်မိစေဖို့ သေချာစေရန်ဖြစ်သည်။ တော၌လှည့်လည်စဉ်တွင် သူတို့ကိုဘုရားသခင်ထောက်ပံ့ပေးခဲ့သည်။ ဇေရက်ချောင်းကို ဖော်ပြခြင်းက သူတို့၏စခန်းသည် ထိုချောင်းမှရေရရှိကြောင်း ဖော်ပြသည်။ ပြည်သူလူထုအားလုံးအတွက် ရေအလုံအလောက်ရှိကြောင်းကို ဒေသခံပြည်သူများနှင့် မည်သည့်အငြင်းပွားမှုကိုမျှ ဖော်ပြခြင်းမရှိခြင်းက ပြသသည်။ ဤနေရာတွင် ဣသရေလလူတို့သည် မောရှေ၏စကားတို့ကို နာခံမှုပြခဲ့ကြသည်။ ဘုရားသခင်သည် သူတို့ကိုမန္နမုန့်ဖြင့် ဆက်လက်ကျွေးမွေးတော်မူ၏။ ဘုရားသခင်သည် သူတို့အား မိမိအပေါ် ထိုရန်လိုသောအခြေအနေများတွင်ပင် နှစ်သိမ့်စရာကိုထောက်ပံ့ပေးသည်။ သူတို့၏စခန်းများ၌ သူတို့၏နေ့စဉ်ဘဝပုံစံကို ကျွန်ုပ်တို့၏စိတ်ကူးထဲ၌သာ မှန်းဆထားနိုင်သည်။ သူတို့သည် မောရှေပြောသောစကားကို နားထောင်ခြင်းဖြစ်စေ (သို့) နေ့စဉ်လိုအပ်သောတာဝန်များသို့ တက်ရောက်ခြင်းဖြစ်စေ လုပ်ဆောင်နိုင်သည်။ ဘုရားသခင်သည် သူတို့ကိုဦးဆောင်ပို့ပေးနေကတည်းက ဘဝသည် ပျင်းစရာမကောင်းမည်မှာ သေချာ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သစ္စာရှိမှုသည် ကြီးမား၍ဘယ်တော့မှမကျရှုံးပါ။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏ယုံကြည်ကိုးစားခြင်းကို ကိုယ်တော်တစ်ပါးတည်း၌သာ အာရုံစိုက်စေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၁၄)
**တရားဟော ၂း၁-၂၃**
သုတ္တံ ၃း၅-၇

*“သွားလေရာရာ၌ ထာဝရကိုမျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်”*

# ကာဒေရှအရပ်မှမောဘပြည်သို့သွားသောခရီး(၄)

အမ္မုန်အမျိုးသားတို့နှင့်ပတ်သတ်၍ ဣသရေလအမျိုးသားတို့ကို မိန့်တော်မူချက်မှာ အတူတူပင်ဖြစ်သည်။ အမ္မုန်အမျိုးသားတို့မှလောတ၏အခြားသော မျိုးနွယ်စုမှဆင်းသက်သူများဖြစ်သည်။ ဣသရေလအမျိုးသားတို့ကို သူတို့အားဝင်ရောက်မစွက်ဖက်ရန်သော်၎င်း၊ မနှောင့်ယှက်ရန်သော်၎င်း အတိအလင်းမိန့်မှာထား၏။ ဘုရားသခင်သည် ဣသရေလလူတို့အား အမ္မုန်ပြည်ကို အပိုင်ပေးမည်မဟုတ်ပါ။ ထိုပြည်ကိုလောတ၏သားမြေးတို့ကိုပေးထားသည်။ ဤပြည်သည်လည်း ဇံဇုမ္မိမ်ဟူ၍ အမ္မုန်အမျိုးသားတို့ခေါ်သော လူထွားကြီးတို့ပိုင်ဆိုင်ထား၏။ သူတို့ကို အာနကလူတို့ကဲ့သို့ ကြီးမားသောသူများ၊ များပြားသောသူများနှင့် အရပ်ရှည်သောသူများအဖြစ် ဖော်ပြကြသော်လည်းဘုရားသခင်သည် သူတို့အားအမ္မုန်အမျိုးသားတို့ရှေ့မှောက်၌ ဖျက်ဆီး၍ ထိုမြေကိုသူတို့ထံပေးခဲ့သည်။ ထိုကဲ့သို့သောလူတို့ကို ကိုင်တွယ်ဆက်ဆံသည့် ဘုရားသခင်၏အခွင့်အာဏာမှာ သူ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ထာဝရအစီအစဉ်အားဖြင့်ဖြစ်သည်။ လူများ၏အခြေချနေထိုင်ခြင်းသည် ဘုရားသခင့်လုပ်ငန်းဖြစ်ကြောင်းကို မောရှေသိ၍ပြောခဲ့သည်။ အကြောင်းမူကား ဘုရားသခင်သည် နယ်နိမိတ်သတ်မှတ်ပေးသောသူဖြစ်သည်။ ရှင်ပေါလုသည် ဂရိလူတို့နှင့်စကားပြောဆိုခဲ့သောအခါ အေသင်မြို့၌ ဤအချက်ကိုအလေးပေးပြောကြားခဲ့သည် - “ဘုရားသခင်သည် မြေတပြင်လုံး၌နေရသောလူအမျိုးမျိုးတို့ကို တသွေးတည်းနှင့်ဖန်ဆင်းတော်မူ၍ သူတို့အားခွဲဝေစီမံသောအချိန်ကာလကို၎င်း၊ သူတို့၏နေရာအပိုင်းအခြားကို၎င်း မှတ်သားတော်မူ၏”(တမန် ၁၇း၂၆)။ ဘုရားသခင်သည် လူသား၏နိုင်ငံ၌ စိုးစံတော်မူ၏။

မောရှေသည် ဧသော၏သားမြေးများ အခြေချရာနယ်မြေစိရတောင်သို့ နောက်တစ်ကြိမ်သွားရောက်လည်ပတ်ခဲ့သည်။ ဘုရားသခင်သည် ဟောရိလူဟူ၍ လူသိများသောထိုပြည်၌ အရင်နေထိုင်သူတို့ကိုဖျက်ဆီး၍ ထိုပြည်အားဧသောကိုပေးခဲ့၏။ ဣသရေလလူတို့သည် ခါနာန်ပြည်ကိုဝင်ရောက်သိမ်းပိုက်ဖို့ရန် အဆင်သင့်ဖြစ်နေသောကြောင့် ဤဖြစ်ပျက်ခဲ့သည်အရာတို့ကို ဣသရေလအမျိုးသားတို့ကိုပြောခဲ့ခြင်းဖြစ်သည်။ ထိုခါနာန်ပြည်၌နေထိုင်ကြသော သူများရှိကြသောကြောင့် ကြိုးစားအားထုတ်မှုမရှိဘဲလျက် ထိုပြည်ကိုရယူနိုင်မည်မဟုတ်ပါ။ ဣသရေလလူတို့သည် စစ်တိုက်ရပြီးမှ ထိုပြည်၌ရှိသောသူတို့ကိုဖယ်ရှားရမည်။ သို့သော် ဤအချက်မှာ သူလျှိုဆယ်ဦး၌ ရှိခဲ့သည့် အကြောက်တရားဖြစ်ခဲ့၍ လက်ရှိမျိုးဆက်သည်ခါနာန်လူတို့ကိုမကြောက်သင့်ပါ။ ထိုအစား ထိုပြည်ကို သူတို့အားဘုရားသခင်ပေးထားပြီးဖြစ်ကြောင်းကို သူတို့အောက်မေ့ရပါမည်။

ဣသရေလအမျိုးသားတို့၏ ခြေလှမ်းတိုင်းကိုဘုရားသခင်ညွှန်ကြားခြင်းအားဖြင့် ဖြစ်သည်။ အဲဂုတ္တုပြည်မှထွက်သွားသောအခါ ခါနာန်ပြည်သို့သူတို့သွားခဲ့ကြသည်။ ခါနာန်လူမျိုးမှအပ အခြားသောလူမျိုးတို့ကို မထိခိုက်ဖို့ရန် ဘုရားသခင်ကတိတိကျကျညွှန်ကြားခဲ့သည်။ ဘုရားသခင်သည် သူတို့၏နေရာထိုင်ခင်းကို အခြားလူမျိုးတို့အားသတ်မှတ်ပေးသကဲ့သို့ သတ်မှတ်ပေးသောသူဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏လမ်းခရီးတို့ကိုလည်း ညွှန်ကြားပေးမည်ဟု သူ့ထံလက်အောက်ခံကြပါစေ။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူတိုင်းအတွက် နေရာထိုင်ခင်းများကို သတ်မှတ်ပေးတော်မူ၏။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်နေထိုင်ရာအရပ်၌ ကိုယ်တော်ထံတွင် ငြိမ်သက်ခြင်းကို ရှာတွေ့ပါရစေ။

ကြာသပတေး၊ ဇူလိုင် (၁၅)
**တရားဟော ၂း၂၄-၃၇**
ယောရှု ၂း၈-၁၄

*"ထာဝရဘုရားသည် သင်တို့အား ဤပြည်ကိုပေးတော်မူကြောင်းကိုငါသိ၏။ သင်တို့ကိုငါတို့ကြောက်လန့်အားကြီး၍. . . "*

# ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်ကို အောင်နိုင်ခြင်း (၁)

ဣသရေလလူတို့ဖြတ်သန်းသွားသည့်နယ်မြေ၌ရှိသောလူမျိုးတို့သည် ငြိမ်းချမ်းကြ၍ ဣသရေလလူတို့ကိုကောင်းမွန်စွာ ဆက်ဆံခဲ့ကြသည်။ ယခုတွင် ဣသရေလလူတို့သည် ယောဒန်မြစ်တစ်ဘက်ကမ်းနယ်မြေ၌ရှိသော ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်ထံသို့ ရောက်လာကြသည်။ ဤရှင်ဘုရင်သည် ဣသရေလလူတို့ကို အလွန်ရန်လိုသူဖြစ်သည်။ ဘုရားသခင်သည်ရှိဟုန်၏နှလုံးကို ခိုင်မာစေခဲ့သည်။ ရှိဟုန်သည် ဣသရေလလူတို့၏ရှေ့သို့ချီတက်မှုကို တားဆီးခုခံခဲ့ပြီး စေတမန်များအားဖြင့် မောရှေကမ်းလှမ်းခဲ့သောငြိမ်းချမ်းရေးစကားကို ငြင်းပယ်ခဲ့သည်။ ရှိဟုန်သည် ဣသရေလလူတို့ကိုစစ်တိုက်ခဲ့၏။ ဘုရားသခင်သည် ရှိဟုန်နှင့်သူ့မြို့တို့ကို မောရှေလက်သို့အပ်တော်မူ၏။ ဤစာပိုဒ်သည် ဖြစ်စဉ်များအစဉ်အလိုက်ကို မောရှေသည် ဣသရေလလူတို့၏နားတွင် ပြန်လည်နားဆင်ခွင့်ပေးသည့်အတိုင်း မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

ဘုရားသခင်သည် ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်ကို ဣသရေလလူတို့လက်ထဲသို့ အပ်တော်မူ၏။ ဤအရာက ရှိဟုန်သည်ဘုရင်တစ်ပါးဖြစ်၍ စနစ်တကျဖွဲ့စည်းထားသည့် စစ်တပ်ရှိသော်လည်း သူ၏တိုက်ခိုက်စွမ်းရည်မှာ သဘာဝလွန်ဖြင့်အားနည်းစေခြင်းခံရသည်။ ဤဣသရေလလူတို့သည် သူ့ကိုတိုက်ခိုက်၍ အနိုင်ယူခြင်း၌ထိုကဲ့သို့ လွယ်ကူသောအချိန်ရှိခဲ့သည်။ ဘုရားသခင်သည် ဣသရေလလူတို့အား သူတို့၏ခရီးကိုဆက်လက်သွား၍ အာနုန်မြစ်ကိုကူးဖြတ်ဖို့ရန် မိန့်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် သူသည်အာမောရိလူရှိဟုန်ကို သူတို့လက်သို့အပ်ခဲ့ပြီးသောကြောင့် ဖြစ်သည်။ ဣသရေလလူတို့သည် ဤရှင်ဘုရင်၏မြေကိုသိမ်းယူလိမ့်မည်အကြောင်းကို ဘုရားသခင်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ဣသရေလလူတို့သည် ရှေ့ဆက်သွား၍ထိုမြေကိုဝင်စားဖို့ရန်ဖြစ်သည်။ သူတို့သည် ရှိဟုန်နှင့်တိုက်ဖို့သွားရန်ဖြစ်ပြီး သူတို့သည် မုချအောင်နိုင်မည်ဖြစ်သည်။

ဘုရားသခင်သည်သူတို့ကို မည်သို့အောင်ပွဲပေးမည်ကိုပြောပြခဲ့သည်။ သူပြောခဲ့သည်မှာ "မိုယ်းကောင်းကင်အောက်၌ရှိသမျှသောလူမျိုးတို့သည် ယနေ့သင်တို့ကိုကြောက်ရွံ့ထိတ်လန့်စရှိမည်အကြောင်း ငါပြုမည်။ သင်တို့၏သတင်းကိုကြား၍တုန်လှုပ်ခြင်း၊ စိုးရိမ်ကြောက်ကြခြင်းသို့ရောက်ကြလိမ့်မည်ဟု မိန့်တော်မူ၏" (တရားဟော ၂း၂၅)။ ယေရိခေါမြို့သို့ သူလျှိုနှစ်ဦးကိုယောရှုစေလွှတ်သောအခါ ထိုစကားများ၏အမှန်တရားကို နောက်ပိုင်းတွင် ရာခပ်အတည်ပြုခဲ့သည်။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှထွက်ခွာချိန်မှစ၍ သူတို့ကိုအလွန်ကြောက်ရွံ့ခြင်းရှိခဲ့သည်ကို ရာခပ်ပြောခဲ့သည်။ ဘုရားသခင်သည်ခါနာန်ပြည်ကို သူတို့အားပေးတော်မူကြောင်းကို ထိုသူအပေါင်းတို့သည် သတိပြုမိကြသည်။ ဘုရားသခင်ပြသခဲ့သည့်အံ့ဖွယ်အမှုအားလုံးကို ထိုသူတို့သည်ကြားခဲ့ကြ၏။ ဣသရေလလူတို့သည် သူတို့၏ရန်သူတို့အပေါ် အထက်စီးမှလွှမ်းမိုးခြင်းရှိ၏။ ရှိဟုန်နှင့်အခြားရှင်ဘုရင်တို့သည် သူတို့၏မာနကိုမျိုချရန်နှင့် ဣသရေလလူတို့ထံ လက်နက်ချရန်အလွန်မာကြောစေခြင်းခံရ၏။ ဆိုလိုသည်မှာ ဣသရေလလူတို့သည် သူတို့အပေါ်စစ်ဆင်နွှဲပြီး နောက်ပိုင်းတွင် သူတို့ကို သုတ်သင်၍သူတို့မြေကိုအပိုင်သိမ်းယူရမည်။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှထွက်ခွာစဉ် ဖာရောဘုရင်အားပြုသကဲ့သို့ ဘုရားသခင်သည်ရှိဟုန်ကိုပြုတော်မူ၏။ မောရှေ၌ အာမခံချက်အတွက် ထိုအတွေ့အကြုံရှိခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် စစ်ပွဲတွင်မမြင်နိုင်သောစွမ်းအားတစ်ခုဖြစ်သည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူ ရှိတော်မူကြောင်းကို ကျွန်ုပ်သိ၍ စစ်ပွဲများကိုသတ္တိရှိရှိ တိုက်လှန်နိုင်ပါစေ။

သောကြာ၊ ဇူလိုင် (၁၆)
**တရားဟော ၂း၂၄-၃၇**
ယေရမိ ၁၆း၁၄-၁၈

*". . . ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှ နှုတ်ဆောင်သောထာဝရဘုရားအသက်ရှင်တော်မူသည် ဟူ၍. . ."*

# ဟေရှဘုန်ရှင်ဘုရင်ရှိဟုန်ကိုအောင်နိုင်ခြင်း(၂)

မောရှေသည် ရှိဟုန်ထံသို့သံတမန်များကို စေလွှတ်သည်။ မောရှေသည် ငြိမ်းချမ်းသောနည်းလမ်းကိုလိုလားသောကြောင့် သူတို့ငြိမ်းချမ်းစွာယဉ်တွဲနေထိုင်ဖို့အတွက် စည်းကမ်းချက်များကိုရှာဖွေရန်ရှိဟုန်ထံသို့ သံတမန်များကိုစေလွှတ်ခဲ့သည်။ သို့သော် ဟေရှဘုန်ရှင်ဘုရင်သည် လက်ခံသဘောတူခြင်းမရှိပေ။ အကယ်၍သူသည် ငြိမ်းချမ်းသောချဉ်းကပ်မှုကိုသဘောတူခဲ့လျှင် ထိပ်တိုက်ရင်ဆိုင်မှုကိုရှောင်ရှားနိုင်ပြီး သူတို့သည် တစ်ဘက်နှင့်တစ်ဘက်ငြိမ်းချမ်းစွာနေထိုင်ကြလိမ့်မည်။ မောရှေက သူတို့သည်အဝေးပြေးလမ်းမကြီးအားဖြင့်သာ ဘုရင့်ပြည်ကိုဖြတ်သွားမည့်အကြောင်းကိုတောင်းဆိုခဲ့သည်။ သို့သော်ရှင်ဘုရင်သည် မောရှေကိုမယုံကြည်ခဲ့ပေ။ မောရှေသည်သူတို့ကိုအခြားသောတိုင်းပြည်များကို ကမ်းလှမ်းခဲ့သည်နှင့်တူညီသောစည်းကမ်းချက်ကို ကမ်းလှမ်းခဲ့သည်။ အိမ်ရှင်တိုင်းပြည်ထံမှ သူတို့၏လမ်းခရီးစဉ်တွင် အသုံးပြုမိသည့်အရာတစ်စုံတစ်ရာအတွက် အဖိုးအခပေးဖို့ရန် ဣသရေလလူတို့ကို အဆင်သင့်ဖြစ်စေ၏။

မောရှေက "စိရပြည်၌နေသောဧသောအမျိုးသား၊ အာရပြည်၌နေသောမောဘအမျိုးသားတို့သည် ကျွန်ုပ်၌ပြုသကဲ့သို့ ကျွန်ုပ်စားဖို့ရာအစာကိုငွေ၊ သောက်ဖို့ရာရေကိုငွေ မင်းကြီးသည်ငွေနှင့်ရောင်းပါလော့။ ကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်သို့ ကျွန်ုပ်သည်ယောဒန်မြစ်ကိုကူး၍ မရောက်မှီတိုင်အောင် မင်းကြီးပြည်အလယ်၌ ခြေဖြင့်သွားရုံမျှသာ ပြုပါမည်ဟု မိဿဟာယစကားနှင့်ပြောဆိုသော်လည်း" (တရားဟော ၂း၂၈-၂၉)။ သို့သော် ရှိဟုန်သည်ထိုကမ်းလှမ်းချက်ကိုငြင်းပယ်ခဲ့ပြီး သူသည် ဣသရေလလူတို့ကိုဆန့်ကျင်ရာ၌ ဆိုးကျိုးခံရမည်ဟုကြိုတင်မျှော်လင့်မထားခဲ့ပေ။ သူသည် အဲဂုတ္တုလူတို့ရှေ့၌ ဘုရားသခင်ပြုသောအံ့ဖွယ်အမှုတို့နှင့်အခြားတိုင်းပြည်တို့ကိုပြုခဲ့သောအမှုကို မသိရှိသောသူမဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ ရှိဟုန်သည်ဘုရင်တစ်ပါးပြုသကဲ့သို့ပြုမူခဲ့၏။ သူသည်မည်သူ့ကိုမျှမယုံကြည်ဘဲ မိမိတိုင်းပြည်ကိုကာကွယ်ခြင်းတွင် အဆုံးထိရပ်တည်ခဲ့သည်။

ဤအချက်သည် အခြေအနေအချို့တွင်လုပ်သင့်လုပ်ထိုက်သောအရာဖြစ်နိုင်သော်ငြားလည်း ဤကိစ္စတွင်စစ်ပွဲကိုအမိန့်ပေးသောသူသည် ဘုရားသခင်ဖြစ်၍ ရှိဟုန်သည်ယာကုပ်အမျိုးကိုအနိုင်ရယူနိုင်သည့်အခွင့်အရေးမရှိပါ။ မောရှေအတွက် ငြိမ်းချမ်းရေးစကားကမ်းလှမ်းချက်သည်သင့်လျော်မှန်ကန်သောအရာဖြစ်သော်လည်း ဟေရှဘုန်ရှင်ဘုရင်သည် ငြင်းဆန်ခဲ့သည်။ ထို့ကြောင့်သူသည် ဖျက်ဆီးခြင်းခံရမည်။ ဘုရားသခင်သည်ရှိဟုန်အား ဣသရေလလူတို့လက်ထဲသို့ အချင်းအလို့ငှါ ရှိဟုန်၏စိတ်နှင့်နှလုံးသားကို ခိုင်မာစေ၏ဟု မောရှေပြောဆို၏။ ခါနာန်လူတို့နှင့် ဤအခြားလူမျိုးတို့ကို ဖျက်ဆီးဖို့ရန်ကြိုတင်လျာထားရခြင်းမှာ ဘုရားသခင်သည် ဣသရေလလူတို့အတွက်နေရာဖန်တီးပေးရုံသက်သက်ကြောင့်မဟုတ်ပါ။ ထိုသူတို့သည် ဘုရားသခင်ကိုငြင်းပယ်ပြီး သူတို့၏ဘုရားတရားမဲ့မှုအတွက် အပြစ်ပေးခံခဲ့ရသည်။ နှစ်ပေါင်းများစွာကြာပြီးနောက် ဣသရေလလူတို့သည်ဘုရားသခင်ကို ငြင်းပယ်သောကြောင့် သို့သာန်ဘဝသို့ကျရောက်ခဲ့ရသည်။ ဘုရားသခင်သည် ရည်ရွယ်ချက်ရှိသောကြောင့် ယုဒပြည်ကိုပြန်လည်ထူထောင်တော်မူသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူတို့နှင့်တိုင်းနိုင်ငံတို့၏ ကံကြမ္မာတို့ကို အမိန့်ပေးတော်မူသည်။

**ဆုတောင်းချက်-** အဖ၊ အခြေအနေအားလုံး၌ကိုယ်တော်၏အလိုတော်ကို နားလည်ခွင့်ပေးတော်မူပါ။

စနေ၊ ဇူလိုင် (၁၇)

**တရားဟော ၂း၂၄-၃၇**

သုတ္တံ ၁၄း၃၂-၃၄

*"ဖြောင့်မတ်ခြင်းတရားသည် ပြည်သားတို့ကို ချီးမြှောက်တတ်၏။ ဒုစရိုက်အပြစ်မူကား၊ ပြည်သားတို့ကိုရှုတ်ချတတ်၏"*

# ယောရှဘုန်ရှင်ဘုရင်ရှိဟုန်ကို အောင်နိုင်ခြင်း(၃)

ရှိဟုန်သည် ဣသရေလလူတို့ကို ရင်ဆိုင်တိုက်ခိုက်ရန်ရွေးချယ်ခဲ့သည်။ ရှိဟုန်သည် ဣသရေလလူတို့အား သူ၏ပြည်ကိုဖြတ်သန်းခွင့်မပြုသောကြောင့် ဣသရေလလူတို့သည်စစ်တိုက်ရန် အသင့်ရှိကြသည်။ စစ်ပွဲ၏ရလဒ်သည် ဆုံးဖြတ်ထားပြီးသားဖြစ်၍ ရှိဟုန်၏တိုင်းပြည်သည် အဆုံးသတ်သွားခဲ့သည်။ ထိုစစ်ပွဲကိုယာဟတ်ဟု ခေါ်သောအရပ်တွင်တိုက်ခိုက်ကြသည်။ ဘုရားသခင်သည် လူမျိုးတို့ကိုနေရာချ၍ သူတို့၏နယ်နိမိတ်များကိုလည်း သတ်မှတ်ပေးသောသူဖြစ်သည်။ မောရှေနှင့်ဣသရေလလူတို့သည် ဤအခြေခံသဘောတရားကိုသိသောကြောင့် စစ်တိုက်ရာတွင် ယုံကြည်မှုရှိကြသည်။

အသင်းတော်သမိုင်းတွင် ပြည်သူလူထုတို့သည် ဘုရားသခင်ကိုကြောက်ရွံ့သောကြောင့် သူတို့၏တိုင်းပြည်မှာကာကွယ်ခြင်းခံရ၍ ကြီးပွားချမ်းသာမှုပင်ခံစားရသည်ကို သာဓကများရှိသည်။ ၁၆ ရာစုတွင် ပရိုတက်စတင့်ပြုပြင်ပြောင်းလဲမှုပေါ်ပေါက်လာခြင်းသည် နိုင်ငံများစွာကိုစိန်ခေါ်ခဲ့သည်။ ထိုစဉ်က အသင်းတော်နှင့်နိုင်ငံတော်အစိုးရတို့ကို ခွဲခြားထားခြင်းမရှိခဲ့ပါ။ ဘုရင်များသည် အသင်းတော်၏အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခဲ့ကြသည်။ အချို့သောသူတို့သည် ပြုပြင်ပြောင်းလဲရေးကိုထောက်ခံခဲ့ကြသော်လည်း အခြားသူတို့ကမူ ၎င်းကိုဆန့်ကျင်လျက် ပရိုတက်စတင့် (Protestants) တို့ကို နှိပ်စက်ညှဉ်းပန်းကြသည်။ ဘုရားသခင်ကိုထောက်ပံ့သော ထိုတိုင်းပြည်တို့သည် ကောင်းကြီးမင်္ဂလာများစွာခံစားရပြီး အောင်မြင်သောကမ္ဘာလုံးဆိုင်ရာ သာသနာပြုလုပ်ရှားမှု၏ရှေ့ဆောင်များဖြစ်ခဲ့ကြသည်။

သို့သော် မကြာသေးမီက သမိုင်းကမှုကွဲပြားခြားနားသောသက်သေကို ယူဆောင်လာသည်။ လစ်ဘရယ်ဝါဒနှင့်ဘုရားသခင်ကိုငြင်းပယ်ခြင်းသည် နိုင်ငံများစွာတွင် အမြစ်တွယ်လာခဲ့သည်။ ယေဘုယျအားဖြင့် လူဦးရေအများစုက ဘုရားသခင်ကိုငြင်းပယ်ကြပြီး မေးခွန်းထုတ်စရာကျင့်ဝတ်များနှင့် ကျမ်းစာနှင့်မညီသောအလေ့အထများကို ထောက်ခံပေးသည့်အုပ်စုများနှင့် လှုပ်ရှားမှုများရှိသည်။ ပညာရေးနှင့်ဆိုင်သော ပြဌာန်းချက်တို့တွင်ဘုရားသခင်၏ဖန်ဆင်းခြင်းအမှုကို ငြင်းပယ်၍ ဆင့်ကဲသီအိုရီကိုအားပေးထောက်ခံကြသည်။ ဤတိုင်းနိုင်ငံတို့၏အဆုံးသည် ဧကန်အမှန်ဖြင့် ရောက်လာ၏။ ဤစာကိုရေးနေစဉ် ကိုရိုနာရောဂါပိုးသည် ကမ္ဘာလုံးဆိုင်ရာရောဂါပိုးကို ခြိမ်းခြောက်နေ၏။ ဘုရားသခင်စကားပြောနေခြင်းဖြစ်ပါ၏။

မောရှေ၏ဘုရားသခင်သည် ယနေ့ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်ပင်ဖြစ်၏။ သူသည် သူ၏ဒဏ်ခတ်သောဆန္ဒကို အမြဲတမ်းအကောင်အထည်ဖော်လိမ့်မည်။ သူသည်သူ့ကိုမနာခံသောသူတို့ကို အပြစ်ဒဏ်ခတ်ရန်စစ်တိုက်ခြင်းကိုပင် အသုံးပြုလိမ့်မည်။ မောရှေကမ်းလှမ်းခဲ့သည့် ငြိမ်းချမ်းစွာချဉ်းကပ်မှုကိုငြင်းပယ်ခြင်းက ဤယောရှဘုန်ဘုရင်အား ဘုရားသခင်အပြစ်ဒဏ်ခတ်ရန် ပို့ဆောင်ခဲ့သည်။ ရှိဟုန်၏ထိပ်တိုက်ရင်ဆိုင်ရန် ချဉ်းကပ်မှုသည်ပိုမိုများပြားသည်ဖြစ်၍ ဘုရားသခင်သည် ရှိဟုန်၏ကျဆုံးခြင်းကို သေချာစေခဲ့သည်။

**ဆင်ခြင်ရန်** - ရှင်ဘုရင်၏စိတ်နှလုံးသည် ရေချောင်းကဲ့သို့ဖြစ်၍ ထာဝရဘုရား၏လက်တော်၌ရှိသဖြင့် အလိုတော်ရှိသည်အတိုင်း လှည့်စေတော်မူ၏" (သုတ္တံ ၂၁း၁)။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏အလိုတော်ကိုသိဖို့ရန် ကောင်းကင်ဘုံနှင့်ဆိုင်သော ဉာဏ်ပညာကိုပေးတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၁၈)
**တရားဟော ၂း၂၄-၃၇**
ရောမ ၁း၁၈-၂၀

*"သမ္မာတရားကိုအဓမ္မဖြင့် ဆီးတားနှိပ်စက်သောသူတို့ ပြုတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကိုလွန်ကျူးခြင်းအမှုအမျိုးမျိုးတို့တဘက်၌ ဘုရားသခင်၏အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက်ရှိ၏"*

# ယောရှုဘုန်ရှင်ဘုရင်ရှိဟုန်ကို အောင်နိုင်ခြင်း (၄)

ဣသရေလလူတို့သည် ရှိဟုန်နှင့်သူ၏မြို့အပေါင်းတို့အားလုံးကို ဖျက်ဆီးခဲ့ကြသည်။ ဘုရားသခင်သည်ရှိဟုန်နှင့်တကွ သူ၏သားများနှင့်သူ၏လူအပေါင်းတို့ကို ဣသရေလလူတို့လက်ထဲသို့ အပ်တော်မူသည်။ သူတို့၏မြို့သားများကို သိမ်းပိုက်၍မြို့သားအပေါင်းတို့ကို တစ်ယောက်မျှမကျန်၊ သုတ်သင်ရှင်းလင်းခံရသည်။ ဣသရေလလူတို့သည် သူတို့၏ကျွဲနွားတိရိစ္ဆာန်တို့ကို လုယက်တိုက်ခိုက်၍ရသောပစ္စည်း (စစ်ပွဲ၏ဆုလက်ဆောင်)အဖြစ် ယူထားကြသည်။ သူတို့သည် အာရော်မြို့မှစ၍ အာနုန်မြစ်တိုင်အောင် မြို့ရှိသမျှတို့ကိုဖျက်ဆီးကြ၏။ ဣသရေလလူတို့အတွက် အဘယ်မြို့မှ အလွန်ခိုင်ခံ့သည်ဟုမရှိပေ။

ထိုအချိန်က မြို့များ၏လုံခြုံမှုသည် မြို့နံရံများ၏ခိုင်ခံ့မှုတွင်သော်၎င်း၊ ထိုမြို့နံရံတို့ကို တာဝန်ယူထားသော ကျွမ်းကျင်သည့်စစ်သားတို့၏ အင်အားအပေါ်တွင် မူတည်သည်။ သို့သော် မည်သည့်စစ်ပွဲတွင်မဆို ရန်သူကို အနိုင်ယူရန်နည်းဗျူဟာတစ်ခုအမြဲတမ်းရှိသည်။ ဣသရေလလူတို့သည် တိုက်ပွဲတွင် အနိုင်ရရှိခြင်းမှာ ယောရှုဘုန်မြို့သားတို့ထက်အားကြီးသောကြောင့်မဟုတ်ဘဲ ဘုရားသခင်သည် သူတို့အား ဥာဏ်ပညာဖြင့်ကူညီပေးသောကြောင့် သူတို့၏ရန်သူကို အောင်နိုင်ခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိလက်ကိုဆန့်သောအခါ၊ မြို့ကြီးများနှင့်ခံတပ်ကိုလည်း ကဒ်ပြားအိမ်ကဲ့သို့ ပြိုကျ၏။ ဤအချက်မှာ ယောရှုဘုန်၌ရှိသောမြို့များ၏ ဖြစ်စဉ်ဖြစ်သည်။ ဘုရားသခင်သည် ဤအချက်၌ရှိဟုန်မြို့များကိုသာ ဖျက်ဆီးရန်သီးခြားသတ်မှတ်ထားခဲ့ပြီး ထိုအကျိုးဆက်အတွက် တိကျပြတ်သားသောအမိန့်ကိုပေးခဲ့သည်။ သူသည်ဣသရေလလူတို့ကို အမ္မုန်လူတို့နေသောပြည်နှင့် ယဗ္ဗုတ်မြစ်နှင့် ဘုရားသခင်တားမြစ်ထားသောနယ်မြေတိုင်းကို မသွားလာကြဖို့ရန် ပြောဆို၏။ မောရှေက ဣသရေလလူတို့အား ဤအောင်ပွဲအကြောင်းကိုသတိပေး၏။ အဘယ့်ကြောင့်ဆိုသော် သူသည် သူတို့ကိုမကြာမီစွန့်ခွာသွားရမည်ဖြစ်၍ ယောရှုသည်ဦးဆောင်မှုကိုရယူရန်ဖြစ်သောကြောင့်တည်း။ သူတို့ရှေ့တွင် ခါနာန်ပြည်ကိုသိမ်းပိုက်ရမည့်လုပ်ငန်းတာဝန်ရှိသေးပြီး၊ ထိုတိုက်ပွဲတို့သည် သူတို့တိုက်ခဲ့ပြီးသည့်စစ်ပွဲတို့နှင့် ဆင်တူလိမ့်မည်။ သူတို့၏နှလုံးသားကို ထိုလုပ်ငန်းအတွက် ပြင်ဆင်ထားရမည်ဖြစ်သည်။

သမ္မာကျမ်းစာသမိုင်းတစ်လျှောက်တွင် ပေါ်ထွက်၍ပျောက်ကွယ်သွားသည့် ကြီးမားသောတိုင်းပြည်တို့ဖြစ်စဉ်များရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုတိုင်းပြည်တို့သည် ဘုရားသခင်ကို မလေးစားကြသောကြောင့်ဖြစ်သည်။ လက်ရှိဇာတ်လမ်းတွဲထဲတွင် ယောရှုဘုန်နယ်မြေ၏သွားမည့်အလှည့်ဖြစ်သည်။ နောက်ပိုင်းတွင် ဣသရေလလူတို့သည် ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်၍ ရုပ်တုများကိုကိုးကွယ်ကြသောအခါတွင် ဤအရာမှာသူတို့အတွက်ဖြစ်သွား၏။ သူတို့ကို အခြားသောလူမျိုးတို့၏လက်သို့အပ်၏။ ဘုရားသခင်သည် လူမျိုးတို့၏ရှင်ဘုရင်ဖြစ်၍ ရှင်ဘုရင်တို့ကို ဖြစ်ပေါ်စေ၍အချို့တို့ကိုဖယ်ရှားပစ်တော်မူ၏။ ဣသရေလလူတို့အတွက် သူ၏ညွှန်ကြားချက်မှာ စိတ်ချရသည်။ ဘုရားသခင်၏နိုင်ငံတော်ကိုတည်ထောင်ရာ၌ ခရစ်တော်သည်သူကိုယ်တိုင်တိုက်ပွဲဝင်သောကြောင့် အောင်ပွဲမှာသေချာ၏။ ခရစ်တော်ထံသို့လာလော့။ သင်သည်အောင်နိုင်သူဖြစ်မည်။ ခရစ်တော်အတွက် သက်သေခံခြင်းလုပ်ငန်းသည် ယုံကြည်သူတိုင်း၏တာဝန်ဖြစ်သည်။ ဘုရားသခင်သည် သင်၏အားနည်းချက်ကိုပင် အသုံးပြု၍ တစုံတဦးကိုကယ်တင်ခြင်းသို့ရောက်စေလိမ့်မည်။ သခင်ဘုရားအတွက် တိုက်ပွဲဝင်ရန်သင်အဆင်သင့်ဖြစ်ပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်ကိုယုံကြည်သူများသည် ဘုရားသခင်၏ထာဝရတည်မြဲသောနိုင်ငံသားများဖြစ်ကြသည်။

**ဆုတောင်းချက်-** အဖ၊ ယေရှုကိုကျွန်ုပ်ပိုင်ကြောင်းကို အစဉ်အမြဲစိတ်ချပါရစေ။

တနင်္လာ၊ ဇူလိုင် (၁၉)
**တရားဟော ၃း၁-၁၇**
၂ကော ၆း၄-၇

*“ သမ္မာတရားကို ဟောခြင်း၊ ဘုရားသခင်၏ တန်ခိုးတော်ကို ပြခြင်း၊ ဖြောင့်မတ်သော အကျင့်တည်းဟူသော လက်နက်များကို လက်ျာဘက်၊ လက်ဝဲဘက်၌ ဝတ်ဆောင်ခြင်း အားဖြင့်ငှင်း”*

# ဣသရေလလူတို့သည် ဗာရှန်ရှင်ဘုရင်ဩဃကို အနိုင်ယူ၏

ဣသရေလလူတို့၏ ဗာရှန်ရှင်ဘုရင်ဩဃကို အောင်နိုင်ခြင်းမှာ ဟေရှဘုန်ရှင်ဘုရင် ရှိဟုန်ကို အောင်နိုင်ခြင်းနှင့် အလွန်ဆင်တူသည်။ မောရှေသည် ဣသရေလလူတို့၏ နားထဲ၌ မည်သို့စစ်ပွဲဖြစ်သွားကြောင်းနှင့် ဣသရေလလူတို့အား ဘုရားသခင်ပေးသည့် နယ်မြေ၏ ပမာဏဖော်ပြချက်တို့ကို တဖန်ဇာတ်တိုက်ပေးသည်။ ဤအရာသည် ဗာရှန်ရှင်ဘုရင်ဩဃ၏ နယ်မြေဖြစ်သည်။ ရှိဟုန်နည်းတူ ဤရှင်ဘုရင်သည်လည်း ဣသရေလလူတို့ကို ခုခံတွန်းလှန်ခဲ့သည်။ ဂတိတော်ရှိထားခဲ့သည့်အတိုင်း ဘုရားသခင်သည် ထိုနယ်မြေနှင့် လူမျိုးတို့ကို ဣသရေလ လူတို့လက်ထဲသို့ အပ်ခဲ့သည်။ ဤအရာသည် ထိုဖြစ်ရပ်တို့၏ အကြောင်းမောရှေပြောသော ဇာတ်ကြောင်းပြန်ဖြစ်သည်။

ဣသရေလလူတို့ကို ပေးသောနယ်မြေသစ်- ဟေရှဘုန်နှင့်၎င်း၏မြို့များကို သိမ်းပိုက်ပြီး နောက် ဣသရေလူတို့အတွက် နောက်ထပ်ပစ်မှတ်မှာ ဗာရှန် ဖြစ်သည်။ ဤပြည်၏ရှင်ဘုရင်သည် မိမိအိမ်နီးချင်းတို့အား ဣသရေလလူတို့ပြုခဲ့သောအရာတို့ကို သတိပြုမိ သော်ငြားလည်း သူတို့သည် အလွယ်တကူ လက်နက်မချခဲ့ပေ။ သူတို့သည် ဣသရေလလူတို့ကို ခုခံတားဆီးခဲ့ကြသည်။ သူတို့ သည် စစ်တပ်ရှိသမျှဖြင့် ဣသရေလလူတို့ကို ဆန့်ကျင်တိုက်ခိုက်သော် လည်း၊ ဘုရားသခင်သည် ထိုနည်းအားဖြင့် သူတို့ကို ဣသရေလလူတို့လက်သို့ အပ်တော်မူခဲ့သည်။ ဘုရားသခင်သည် သူတို့ကို မောရှေလက်သို့အပ်မည်ဖြစ်သောကြောင့် သူတို့ကို ကြောက်ရွံ့ခြင်းမရှိဖို့ ရန် မောရှေကို တိုက်တွန်းခဲ့သည်။ ဩဃသည် ဘုရားသခင်ကို မသိသောကြောင့် မိမိ၏ ခွန်အားအပေါ် တွင် မှီခို၏။ ဣသရေလလူတို့သည် ရှိဟုန်ကို သိမ်းပိုက်ရာတွင် နည်းဗျူဟာကို လေ့ကျင့်ထားပြီးဖြစ်၍ ပို၍မှာ အတူတူပင် ဖြစ်လိမ့်မည်။ တိုက်ပွဲစတင်သောအခါ၊ ဘုရားသခင်သည် ဩဃနှင့်သူ၏ လူအပေါင်း တို့ကို ဣသရေလလူတို့လက်သို့အပ်တော်မူ၏။ သူတို့သည် ဗာရှန်ရှင်ဘုရင်၏ ပိုင်နက် အာဂေါဘ တိုင်း၌ရှိသော တံတိုင်းရှိသော မြို့နှင့် တံတိုင်းမရှိသော မြို့များ၊ ဗာရှန်ပြည်၏ မြို့ခြောက်ဆယ် အားလုံးကို သိမ်းယူထား၏။ သူတို့ကို ရှင်းရှင်းဖျက်ဆီး၍ မြို့သားအပေါင်းတို့ကို သုတ်သင်ပယ် ရှင်းကြောင်း မောရှေပြောဆို၏။

မောရှေသည် အတိတ်က ဤဖြစ်ရပ်များကို ပြောပြနေသောအခါတွင် ဣသရေလူတို့သည် စစ်ဖြစ်စဉ်ပုံကို မြင်တွေ့ပြီးဖြစ်သည်။ သို့ရာတွင်၊ သူတို့သည် ဘုရားသခင်က သူတို့ကို ဂတိထားတော်မူသည့် ပြည်ကိုမရယူနိုင်ခဲ့သေးပါ။ ၎င်းသည် ဣသရေလလူတို့အတွက် လွယ်ကူသောအလုပ် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်က မောရှေသည်မောဘပြည်၌ သေမည့်အကြောင်းကို ပြောသောကြောင့်မောရှေသည် သူတို့ကို ဦးဆောင်တော့မည် မဟုတ်ကြောင်း ကို သူတို့သိ၏။ ယောရှုသည် ခေါင်းဆောင်သစ်အဖြစ်ရွေးချယ်ခံခဲ့ရသည်။ ထိုအချိန်တွင် ဣသရေလအမျိုးမှ မျိုးနွယ်စုနှစ်မျိုးနှင့် မနာရှေအမျိုးတဝက်တို့သာ သူတို့၏အမွေဥစ္စာကို ခံရကြပြီ။ ကြွင်းသောမျိုးနွယ်စုတို့သည် ခါနာန်ပြည်၌ သူတို့၏ နယ်မြေကို ရရှိကြမည်။ ဣသရေလလူတို့သည် ခါနာန်လူမျိုးများကို ရင်ဆိုင်ဖို့ စစ်မြေပြင်သို့ မသွားမီ ကြောက်ရွံ့ခြင်းမရှိဘဲ သူတို့၏နှလုံးကို ခိုင်ခံ့စေရန် မောရှေသည် ဤအတိတ်မှ အောင်မြင်ခြင်းများနှင့် သူတို့အား ဘုရားသခင်မည်သို့ ကူညီပေးခဲ့သည်ကို အသုံးပြုခဲ့သည်။

**ဆင်ခြင်ရန်** - စစ်ပွဲတွင် ဘုရားသခင်သည် အမိန့်ပေးသောတပ်မှူး ဖြစ်သောအခါ အောင်ပွဲ သည်သေချာ၏။

**ဆုတောင်းချက်-** အဖ၊ ဝိညာဉ်ရေးစစ်ပွဲတိုင်း၌ ကိုယ်တော်အတူပါရှိခြင်း ကို အကျွန်ုပ်အား အမြဲတမ်းအမှတ်ရစေပါ။

အင်္ဂါ၊ ဇူလိုင် (၂၀)
**တရားဟော ၃း၁-၁၇**
ဟေရှာ ၁၁း၁၄-၁၆

*“. . . ဧဒုံအမျိုးနှင့် မောဘအမျိုးကိုလည်းလုပ်ကြံကြလိမ့်မည်။ အမ္မုန်အမျိုးသားတို့သည် သူတို့၏အုပ်စိုးခြင်းကို ခံရကြလိမ့်မည်”*

## သိမ်းပိုက်ထားသောမြို့များ၏ ခိုင်ခံ့မှု

ရှေးခေတ်က လုံခြုံရေးသည် မြို့ရိုးများ၏ခိုင်ခံ့မှုအပေါ် မူတည်ခဲ့သည်။ ၎င်းတို့သည် အလွန်မြင့်မားစွာတည်ဆောက်ထားခြင်းကြောင့် ကျူးကျော်ဝင်ရောက်လာသောစစ်တပ်တို့အတွက် ၎င်းတို့ကိုတွယ်တက်ရန်မလွယ်ကူပါ။ အချို့သောကြားတွင် ကင်းမျှော်စင်များကိုလည်းထား၍ စစ်သားတို့သည် အချိန်တိုင်းသူတို့ကို တာဝန်ယူစောင့်ကြသည်။ ဂိတ်တံခါးတို့ကိုလုံခြုံစွာထား၍ ညနေဝင်ချိန်တွင် ဂိတ်တံခါးတို့ကိုသော့ခတ်ထားကြသည်။ အချို့ဂိတ်တံခါးတို့မှာသေးငယ်ပြီး အချို့သည်အလွန်ကြီးသည်။

ဣသရေလလူတို့သည် ဗာရှန်ပြည်၌ရှိသော မြင့်သောမြို့ရိုးတို့အားဖြင့်ခြိမ်းခြောက်မှုခံစားခဲ့ရသော်လည်း မောရှေက ဘုရားသခင်သည်သူတို့၏ ရန်သူတို့ကို သူတို့လက်ထဲသို့အပ်တော်မူခဲ့ပြီဖြစ်ကြောင်းနှင့် သူတို့သည်ကြောက်စရာမလိုကြောင်းကိုသူတို့အားပြောခဲ့သည်။ သူတို့သည်မြို့ပေါင်းခြောက်ဆယ်ကိုသိမ်းယူနိုင်ခဲ့ကြသည်။ ၎င်းမှာလူ၏ရှုထောင့်ဖြင့် စွမ်းဆောင်နိုင်မည့်အရာမဟုတ်ပါ။ သို့သော်၊ ဘုရားသခင်၏လက်တော်မပါဘဲ သူတို့အောင်မြင်နိုင်မည်မဟုတ်သောကြောင်းကို မောရှေနှင့် ဣသရေလလူတို့သည် သိထားကြသည်။

ဣသရေလလူတို့သည် မြို့များနှင့်မြို့သားအပေါင်းတို့ကို ရှင်းရှင်းဖျက်ဆီးခဲ့သည်။ သူတို့သည် တိရစ္ဆာန်များနှင့် အခြားအဖိုးတန်ပစ္စည်းများကိုစစ်ပွဲ၏ဆုလဒ်အဖြစ် ယူခဲ့ကြသည်။ ဤအရာသည် ဘုရားသခင်၏ခွင့်ပြုချက်ဖြင့် ထပ်မံ၍ဖြစ်သည်။ အချို့သောဖြစ်စဉ်များတွင် သူတို့စစ်တိုက်သောအခါ မည်သည့်အရာကိုမျှမယူဖို့ရန် ညွှန်ကြားချက်ပေးထားသည်။ ထိုသို့သောအမိန့်တော်ကိုပေးသောအခါ၊ အဘယ်အရာကိုမျှသူတို့မယူကြပေ။ ဤအချက်သည် ယောရှုလက်အောက် ယေရိခေါမြို့ကိုသိမ်းပိုက်ရာတွင် ဖြစ်ပျက်ခဲ့သောကိစ္စဖြစ်သည်။ နောက်ပိုင်းဣသရေလလူမျိုး၏ သမိုင်းတွင် ရှင်ဘုရင်ရှောလုကို အာမလက်လူမျိုးအပေါင်းတို့နှင့် သက်ရှိသတ္တဝါအပေါင်းတို့ကို ဖျက်စီးရန် ဘုရားသခင်အမိန့်ပေးခဲ့သည်။ သူသည်ထိုအမိန့်ကိုနာခံရန် ပျက်ကွက်ခဲ့ပြီး ဝဖြိုးသောတိရစ္ဆာန်များကို သီးသန့်သိုထားခဲ့သည်။ ၎င်းအချက်က ရှောလုရှင်ဘုရင်အား သူ၏ပလ္လင်တော်ကိုဆုံးရှုံးစေခဲ့သည်။ ဣသရေလလူမျိုးသည် ဘုရားသခင့်လက်အောက်ခံလူမျိုးဖြစ်ပြီး ကောင်းကင်ဘုရင်၏ ညွှန်ကြားမှုအောက်၌ သူတို့၏နေ့စဉ်လုပ်ရှားမှုများကို လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်ပြောဆိုသည့်အရာများကို သူတို့အာရုံစိုက်မယ်ဆိုလျှင် တိုက်ပွဲကိုသူတို့ချဉ်းကပ်ရာတွင် သူတို့အာရုံစိုက်မည်ဆိုလျှင် တိုက်ပွဲကိုသူတို့ချဉ်းကပ် ရာတွင်စည်းလုံးကြလိမ့်မည်။ မောရှေသည် သူတို့ကြား၌ရှိသော ဘုရားသခင်၏လက်တော်ကို သူတို့သတိရရန် ဤအရာများကို ဣသရေလလူတို့၏နားထဲသို့ ဇာတ်တိုက်ပေးခဲ့သည်။

မြို့ရိုးများ၏ခိုင်ခံ့မှုသည် သူတို့အတွက်ပြဿနာမဟုတ်ပါ။ သူတို့လုပ်သင့်သောအရာကို သူတို့ကိုပြောခဲ့သည်မှာ သူတို့သည်ဘုရားသခင်ညွှန်ကြားချက်ကို နာခံယုံမှုသာဖြစ်သည်။ ဤစစ်ပွဲကိုတိုက်ခဲ့သောသူတွေသည်မျိုးဆက်သစ်တွေဖြစ်ကြသည်။ လွန်ခဲ့သော အနှစ်လေးဆယ်အစောပိုင်းတွင် ခါနာန်ပြည်ကိုသိမ်းပိုက်ဖို့ရန် သူတို့၏ဖခင်များငြင်းဆန်ခဲ့ကြစဉ်က သူသည်ကလေးများသာဖြစ်ကြသည်။ဤအချိန်တွင်မောရှေသည် အမိန့်ပေးနေဆဲဖြစ်၍ သူတို့အောင်နိုင်ခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဂတိတော်တို့သည် ဘယ်တော့မှသက်တမ်းကုန်သည်ဟု မရှိပါ။
**ဆုတောင်းချက်** - သခင်ဘုရား၊ ကိုယ်တော့်ကိုမဆုံးရှုံးရပါမည့်အကြောင်း ကိုယ်တော်၏ဂတိတော်တို့ကို အမြဲဆုပ်ကိုင်စေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၀)
**တရားဟော ၁၃း၁-၁၇**
၁ ရာ ၁၇း၃၈-၅၄

*". . . သင်သည်ခါး၊ လုံ၊ ကိဒုန်ပါလျက် ငါ့ထံသို့လာ၏။ ငါသည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏ နာမတော်ပါလျက် သင်ရှိရာသို့လာ၏"*

## နယ်မြေသစ်နှင့်၎င်း၏လူထု

အသစ်ရယူသောနယ်မြေသည် ဟေရှဘုန်နှင့်ဗာရှန်တို့ဖြစ်ပြီး ဤနေရာတွင် ဣသရေလလူတို့ သိမ်းပိုက်ရမည့်နယ်နိမိတ်ကို ဘုရားသခင်ပေးခဲ့သည်။ သူတို့သိမ်းယူခဲ့ပြီးသော နေရာများကို မောရှေဖော်ပြနေ၏။ သူပြောခဲ့သည်မှာ "ထိုအခါ အာနုန်မြစ်မှစ၍ ဟေရမုန်တောင်တိုင်အောင်၊ ယော်ဒန်မြစ်အရှေ့ဘက်၌ ရှိသောမြေကိုငါတို့သည် သိမ်းယူကြ၏။ ဟေရမုန်တောင်ကို ဇိဒုန်လူတို့သည် စိရုန်ဟူ၍၎င်း၊ အာမောရိလူတို့သည် ရှနိရဟူ၍၎င်းခေါ် ဝေါ်ကြ၏။ ချိုင့်၌ရှိသမျှသောမြို့တို့နှင့် ဂိလဒ်ပြည်တရှောက်လုံး၊ ဩဃမင်း၏နိုင်ငံအဝင်၊ သာလကမြို့၊ ဧဒြေမြို့တိုင်အောင် ဗာရှန်ပြည်တရှောက်လုံးကိုသိမ်းယူကြ၏" (တရား ၃း၈-၁၀)။ ဤနယ်မြေမှာ ယော်ဒန်မြစ်အရှေ့ဘက်၌ရှိပြီး မြောက်ဘက်အပိုင်း နယ်နိမိတ်တွင်ဟေရမုန်တောင်ရှိသည်။ ဤနောင်သည် ဂျော်ဒန်ပြစ်၏မြစ်ဖျားခံရာလည်းဖြစ်သည်။ ၎င်းသည် ယနေ့အချိန်ထိ မဟာဗျူဟာကျသောနေရာတစ်ခုဖြစ်သည်။ ခေတ်သစ်ဣသရေလလူတို့သည် ဂျော်ဒန်ရေအသုံးပြုမှုကို ဆက်လက်ထိန်းထားနိုင်ဖို့ရန် ဂိုလန်ကုန်းမြင့်အဖြစ် လူသိများသည့် ဤနယ်မြေကိုသိမ်းပိုက်ခဲ့သည်။ ဤအရှေ့ပိုင်းဒေသအပါအဝင်၊ ခါနာန်ပြည်သည် နို့နှင့်ပျားရည်စီးသောပြည်အဖြစ် ဖော်ပြထားသော်လည်း များသောအားဖြင့်သဲကန္တာရဖြစ်၏။ အခြားပြည်များနှင့်နှိုင်းယှဉ်လျှင်၎င်း မြေကိုအကောင်းမြေအဖြစ် မဖော်ပြနိုင်ပါ။ ၎င်း၏ချမ်းသာကြွယ်ဝမှုနှင့်ထွက်ကုန်တို့မှာ ဘုရားသခင်၏လက်တော်ကြောင့် ဖြစ်သည်။ အဘယ်သူမျှ ဘုရားသခင် လုပ်နိုင်သောအချက်ကို လျှော့မတွက်သင့်ပါ။ သူသည်မည်သည့်အလုပ်အတွက်မဆို လိုအပ်သော အရင်းအမြစ်များကို ပိုင်ဆိုင်ထား၏။ ဘုရားသခင်သည် ဣသရေလလူတို့ကို မျှော်လင့်ခြင်းမရှိသော အရပ်၌ပင် အစားအစာများကိုပေး၏။

အစောပိုင်းက ထိုဒေသ၌နေထိုင်သောလူများသည် ဧရာမအရပ်အမောင်းရှိသော လူထွားကြီးများဖြစ်ကြသည်။ ထိုအချိန်က ရုပ်ပိုင်းဆိုင်ရာခွန်အားသည် ထိုသူတို့အတွက်အသုံးဝင်သော အရည်အသွေးဖြစ်သည်။ ဗာရှန်ရှင်ဘုရင်ဩဃသည် ထိုလူထွားကြီးများအကြွင်းအကျန်ထဲမှ တစ်ဦးဖြစ်ခဲ့သည်။ မောရှေနှင့်ဣသရေလလူတို့သည် သူ့ကိုဆန့်ကျင်တိုက်ခိုက်ကြသောအခါ၊ သူအနိုင်ရလိမ့်မည်ဟု ယုံကြည်မှုရှိခဲ့သည်။ သူ၏ကြီးမားသောကိုယ်ခန္ဓာကို သူ့အိပ်ယာအရွယ်အစားက ဖော်ပြသည်။ ၎င်းကိုသံနှင့်ပြုလုပ်၍ အလျားကိုးတောင်နှင့်အနံလေးတောင်နှင့် တစ်ပေခွဲအမြင့်ရှိသည်။ ထိုအရာက သူသည်ကိုးပေမှဆယ့်နှစ်ပေထိ အရပ်အမောင်းမြင့်မည်ကို ညွှန်ပြသည်။ ထိုကဲ့သို့သော အမြင့်ရှိသောတစ်စုံတစ်ဦးကို သာမန်မဟုတ်သောသူအဖြစ် ယူဆကြသည်။ ဩဃသည် သူ၏အရွယ်အစားအပေါ် ယုံကြည်မှုရှိနေပါစေ၊ ဘုရားသခင်သည် သူ့ကိုဣသရေလလူတို့လက်ထဲသို့ အပ်နှံခဲ့သည်။

**ဆင်ခြင်ရန်** - မကျော်လွှားနိုင်ဟန်ရှိသည့်မည်သည့်အတားအဆီးကိုမဆို သခင်ဘုရားသည် ထိုခရီးအားသွားရန်အမိန့်ပေးသောသူဖြစ်သောအခါ ကျော်လွှားရန်လွယ်ကူသွားသည်။

**ဆုတောင်းချက်-** အဖ၊ အကျွန်ုပ်အတွက် အကူအညီနှင့်အကာအကွယ်အတွက် ကိုယ်တော်ကိုသာ မျှော်ကြည့်ရန် သွန်သင်ပေးတော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၂၂)
**တရားဟော ၃း၁-၁၇**
ယောရှု ၄း၁၁-၁၄

*"ထိုအမျိုးသားတို့သည် အရေးအတွက်အားဖြင့် လေးသောင်းခန့်မျှရှိ၍ စစ်တိုက်ခြင်းငှါ ပြင်ဆင်လျက် ထာဝရဘုရားရှေ့တော်၌ . . . ကူးသွားကြ၏"*

## နယ်မြေသစ်ကိုခွဲဝေပေးခြင်း

ဂိလဒ်ပြည်ကို ရုဗင်နှင့်ဂဒ်တို့အား ပေး၏။ ဤနယ်မြေတို့မှာ မျိုးနွယ်စုအားလုံးက မောရှေထံသို့သူတို့ကို ပေးဖို့ရန်တောင်းဆိုထားသောနယ်မြေများဖြစ်သည်။ သူတို့၏ တောင်းဆိုချက်ကို မောရှေသည် ချက်ချင်းမပေးခဲ့ပါ။ ဘုရားသခင်သည် သူတို့၏တောင်းဆိုချက်ကို ပထမဦးစွာ သဘောတူရန်လိုအပ်ပြီး၊ ဒုတိယမှခါနာန်ပြည်တွင် သူတို့၏အမွေကို မရရှိမချင်း ညီအစ်ကိုများနှင့်စစ်တိုက်သွားမည်ဟု ကျိန်ဆိုခြင်းပြုရန် မောရှေအမိန့်ပေးထားသည်။ ဤမျိုးနွယ်စုနှစ်စုနှင့် မနာရှေမျိုးနွယ်စုတဝက်တို့ကို ထိုယော်ဒန်မြစ်အရှေ့ဘက်ကို ပေးထားသည်။ ဣသရေလအမျိုးအနွယ်အပေါင်းတို့သည် ဂတိထားရာပြည်သို့အခြေမချမချင်း၊ သူတို့သည် မိမိတို့၏ဂတိကို စောင့်ထိန်းလျက် မောရှေသေပြီးနောက်တွင် ယောရှုနှင့်အတူ ပူးပေါင်းလုပ်ဆောင်ကြသည်။ မောရှေသည် မျိုးနွယ်စုတို့ကို ခွဲဝေပေးသည်အမွေအဖြစ် မနာရှေအမျိုးဖြစ်ကြသော ယာဣရနှင့်မခိရမိသားစုတို့ကို ပေးခဲ့သည်။ ရုဗင်အမျိုးသားနှင့်ဂဒ်အမျိုးသားတို့၏ နယ်နိမိတ်တို့ကိုလည်း သတ်မှတ်ပေးခဲ့သည်။

အချက်အလက်အသေးစိတ်အားလုံးသည် အရေးမပါဟု ထင်ရသော်လည်း အမှန်တရားတိုင်း၏မှန်ကန်ကြောင်းအဆိုသည် သက်သေများနှင့်အတူ လာကြ၏။ လူတို့၏နာမည်များ၊ နေရာဒေသများ၏အမည်များနှင့်အဖြစ်အပျက်များအားလုံးသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှန်ကန်ကြောင်း သက်သေများဖြစ်ကြသည်။ ထိုကဲ့သို့သော သက်သေမြောက်များစွာကို ငြင်းပယ်၍မရနိုင်ပါ။ ယခုတွင် ဘုရားသခင်သည် ဣသရေလလူတို့အား ဂတိတော်ပြုခဲ့သည့်တိုင်းပြည်တွင် အခြေချနေထိုင်စေရန် အစပြုတော်မူ၏။ မောရှေသည် ဘုရားသခင်ညွှန်ကြားသည့်အတိုင်း ခွဲဝေပေးရန်သတိထား၏။ ဟေရှဘုန်၌ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များထပ်မံဖော်ပြနေခြင်းက သူ၏ဂတိတော်တို့၏ မှန်ကန်မှုကိုအတည်ပြုပေးသည်။ တိုက်ပွဲ၌အောင်မြင်ခြင်းမှာ ဘုရားသခင်သည်ထိုပြည်အားသူတို့ကိုပေးခဲ့ပြီးဖြစ်ကြောင်း အတည်ပြုခြင်းဖြစ်သည်။

ဘုရားသခင်သည် ယော်ဒန်မြစ်နှစ်ဖက်ကို ဣသရေလလူတို့ကို ပေးမည့်အချက်မှာ သူတို့အတွက် သုံးဖို့ရေအလုံအလောက်ရရှိရန်ဖြစ်သည်ကို သိနိုင်၏။ မောရှေနှင့်ယောရှုလက်ထက်၌ ဣသရေလလူတို့သည် သူတို့၏စိုက်ပျိုးရေးထွက်ကုန်များကို ဆည်မြောင်းဖြင့် ထောက်ပံ့ပေးခဲ့ဖူးကြောင်း အရိပ်အမြွက်ပြခဲ့ခြင်းမရှိပါ။ သို့သော် ယော်ဒန်မြစ်ရေသည် သူတို့၏အခြေချနေထိုင်မှု၌ အရေးပါသောရည်ရွယ်ချက်တစ်ခုကို လုပ်ဆောင်ပေးသည်။ ယနေ့တွင် ဆည်မြောင်းသည်တိုင်းပြည်၏ အသက်သွေးကြောဖြစ်သည်။ သူတို့သည် ယော်ဒန်မြစ်ကိုအပြည့်အဝအသုံးချကြသည်။ ထုတ်လုပ်သည့်အစားအစာသည် တိုင်းပြည်ကိုကျွေးမွေးရန် လုံလောက်ပြီး နိုင်ငံခြားသို့ပင် တင်ပို့နိုင်သည်။ ထိုပြည်သည် နို့နှင့်ပျားရည်စီးသောပြည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်၊ ဘုရားသခင်သည် သူတို့အား ထိုပြည်ကိုအသုံးချရန်ဉာဏ်ပညာကိုပေး၏။ စစ်တပ်လုံခြုံရေးထက် စားနပ်ရိက္ခာလုံခြုံရေးကို ပို၍အလိုရှိ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ပလ္လင်တော်ပေါ်တွင် အမြဲတမ်းရှိတော်မူ၏။ ကယ်တင်ခြင်းအတွက် သူ့ထံသို့ချဉ်းကပ်ကြလော့။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်သည် လိုအပ်ချက်မရှိစေရန်အတွက် ကျွန်ုပ်၏နေထိုင်ရာအရပ်ကို ကောင်းကြီးပေးတော်မူပါ။

သောကြာ၊ ဇူလိုင် (၂၃)
**တရားဟော ၁း၁၈-၂၉**
၁ ပေ ၁း၈-၉

*"အချုပ်အခြာစကားဟူမူကား၊ သင်တို့အပေါင်းသည် စိတ်တညီတညွတ်တည်းရှိကြလော့။ စိတ်ကြင်နာခြင်း၊ ညီအစ်ကိုချင်းကဲ့သို့ ချစ်ခြင်း၊ သနားစုံမက်ခြင်း၊ စိတ်နှိမ့်ချခြင်းရှိကြလော့"*

# မောရှေသည် ဣသရေလလူတို့ကို ခါနာန်ပြည်သို့ဝင်ဖို့ရန်ပြင်ဆင်ပေး၏

ရုဗင်အမျိုး၊ ဂဒ်အမျိုးနှင့်မနာရှေအမျိုးထက်ဝက်တို့သည် ယော်ဒန်မြစ်အရှေ့ဘက်ကို ရယူပိုင်ဆိုင်သောအခါ၊ ဣသရေလလူတို့သည် ယခုတွင်ယောရှု၏ဦးဆောင်မှုအောက်တွင် ခါနာန်ပြည်သို့ ဝင်ရောက်ရန်အသင့်ဖြစ်နေကြသည်။ မောရှေသည် ဝင်ရောက်ချင်သော်လည်း ဘုရားသခင်က မောရှေသည် ခါနာန်ပြည်သို့မဝင်ရဟူ၍ အစောပိုင်း၌ပြောဆိုချက်ကို ထပ်လောင်းအတည်ပြုခဲ့သည်။ မောရှေသည် ဘုရားသခင်၏အချုပ်အခြာအာဏာကို ပြသခြင်းဖြင့် ဘုရားသခင်၏ကြီးမြတ်ခြင်းကို ချီးမွမ်းခဲ့သည်။ ထို့ကြောင့် ယောရှုသည် မောရှေအားဆက်ခံရန် အသင့်ရှိပြီးသူသည် ထိုအလုပ်အတွက် အသင့်တော်ဆုံးဖြစ်သည်။ ယခုသည် ထိုအကူးအပြောင်းအတွက် ပြင်ဆင်ချိန်ဖြစ်သည်။

မောရှေသည် ဣသရေလလူအပေါင်းတို့အား စည်းလုံးဖို့ရန် ဖိတ်ခေါ်၍သူတို့ကို ဘုရားသခင်ဂတိပေးထားသည့်ပြည်ကို ရယူခြင်း၌ပါဝင်ကြရန် ထိုမျိုးနွယ်စုသုံးမျိုးကို အမိန့်ပေးထားသည်။ အာမောရိရှင်ဘုရင်များထံမှ သိမ်းယူခဲ့သောပြည်ကို သူတို့အားပေးရန်တောင်းဆိုကျချိန်တွင် မောရှေသည် သူတို့ကိုတင်းကျပ်စွာမိန့်ဆိုထားပြီး သူတို့သည်ကျန်ကြွင်းသောသူတို့၏ညီအစ်ကိုတို့နှင့်အတူ တစ်လုံးတစ်ဝတည်းဆက်လက်သွားရောက်မည့်အကြောင်းကို သစ္စာပြုစေခဲ့သည်။ သူတို့သည် မိမိတို့၏အမွေကို ရရှိသည့်တိုင်အောင် အတူတကွတိုက်ပွဲဆင်နွှဲရပါမည်။ မောရှေသည် ထိုသဘောတူညီချက်ကို သတိမူခြင်းနှင့်အတူ စကားပြောဆိုခဲ့သည်။ မောရှေသည်အနှစ်လေးဆယ်ပတ်လုံး သူတို့ကိုဦးဆောင်ခဲ့ပြီး၊ သူတို့သည် မိမိတို့၏စည်းလုံးမှုကို ထိန်းသိမ်းခဲ့ကြသည်။ ၎င်းသည် သူတို့ပြီးမြောက်ရန်ကြိုးစားခဲ့သည့်လုပ်ငန်းတိုင်းတွင် အောင်မြင်နိုင်ခဲ့ပုံဖြစ်သည်။ ဂတိထားရာပြည်၌ ဣသရေလလူအပေါင်းတို့အခြေချနေထိုင်ခြင်းသည် အဓိကရည်မှန်းချက်ဖြစ်ပြီး၊ အဲဂုတ္တုပြည်မှထွက်ခွာရခြင်း၏အကြောင်းရင်းဖြစ်သည်။ ဤအချက်ကို မတည်တံ့စေလျှင်၊ သူတို့သည် ရန်သူတို့ထံသို့ သားကောင်ဖြစ်သွားလိမ့်မည်။ မောရှေသည် ဤအချက်ကိုသတိပြုမိပြီး၊ ၎င်းသည် သူတို့၏ရှင်သန်ရပ်တည်ရေးအတွက် သော့ချက်ဖြစ်ကြောင်းကို ဣသရေလလူတို့ကို သတိပေးခဲ့သည်။

ယော်ဒန်မြစ်အရှေ့ဘက်၌ရှိသော သူတို့ပိုင်သောမြေသည် လုံခြုံမှုရှိသည်ဟု ယူဆရသောကြောင့် ထိုနယ်မြေအားပေးထားသောလူမျိုးစုသုံးစုမှာ ငြိမ်းချမ်းစွာနေထိုင်နိုင်မည်။ မောရှေသည် သူတို့၏မိန်းမများနှင့် တိရိစ္ဆာန်များကိုထားခဲ့ပြီး၊ သူတို့၏ညီအစ်ကိုများအားလုံးသည် အခြေချနေထိုင်နိုင်သည့်တိုင်အောင် သူတို့နှင့်အတူတိုက်ပွဲဝင်ဖို့ ယော်ဒန်မြစ်၏တစ်ဖက်ကို ကူးဖြတ်ဖို့ရန် ညွှန်ကြားထားသည်။ ထို့နောက် သူတို့သည်မိမိတို့ကို ပေးထားသည့်နယ်မြေသို့ပြန်သွားနိုင်ကြသည်။ ဘုရားသခင်သည် သူတို့၏ညီအစ်ကိုတို့ကို အနားယူခြင်းအခွင့်ပေးလိမ့်မည်ဟု မောရှေပြော၏။ ထိုပြည်ကိုပိုင်ဆိုင်ဖို့ရန် စစ်ပွဲဆင်နွှဲရာ၌ ဣသရေလလူတို့၏လုပ်ဆောင်မှုသည် ယနေ့ခေတ် "လျင်မြန်စွာပြင်ဆင်သော" တရားဟောဆရာတို့အတွက် အဖြေဖြစ်သည်။ လူတို့ပြုလုပ်နိုင်သည့်မည်သည့်အောင်မြင်မှုကိုမဆို ဘုရားသခင်ထံမှ ရရှိသည်မှာ အမှန်ဖြစ်သော်လည်း လူသည်သူလုပ်ဆောင်ရမည့်အပိုင်းကို လုပ်ပါလေစေ။

**ဆင်ခြင်ရန်** - ယုံကြည်သူများ၏စည်းလုံးမှုသည် ခရစ်ယာန်ချစ်ခြင်းမေတ္တာ၏ သက်သေသာဓကဖြစ်သည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏အမှုတော်ထမ်းရွက်ခြင်း၌ ကျွန်ုပ်၏ညီအစ်ကိုတို့နှင့်အတူ အစဉ်အမြဲပူးပေါင်းနိုင်စေတော်မူပါ။

စနေ၊ ဇူလိုင် (၂၄)
**တရားဟော ၃း၁၈-၂၉**
ဇဖက် ၄း၇-၁၁

*"သို့သော်လည်း ခရစ်တော်သည်ဆုပေးတော်မူသည် အတိုင်း ငါတို့သည်ကျေးဇူးတော်ကို အသီးသီး ကိုယ်စီ ခံရကြပြီ"*

# မောရှေသည် ယောရှုကိုပြင်ဆင်ပေး၏

ဣသရေလလူတို့သည် ဘုရားသခင်၏ညွှန်ကြားချက်များကို ဖြည့်ဆည်းကြောင်းသေချာစေရန်သူတို့၏ အစွမ်းထဲမှအရာအားလုံးကို လုပ်ဆောင်ရန်သူတို့ကိုတောင်းဆို၏။ သူတို့သည် ဘုရားသခင်မိန့်တော်မူသောအရာတို့ကို လိုက်နာသည်ကိုမြင်တွေ့ရန်မှာ မောရှေ၏ဆန္ဒဖြစ်သည်။

မည်သည့်ခေါင်းဆောင်မဆို ခေါင်းဆောင်သစ်အမှားများ၏ အကျိုးဆက်များကိုအလွန်အမင်း စိုးရိမ်ကြသည်။ ထို့ကြောင့် မောရှေသည်ထိုအခွင့်အရေးကိုအသုံးပြု၍ ခါနာန်ပြည်တွင် ယောရှုဘာလုပ်သင့်သည်ကိုမိန့်မှာခဲ့သည်။ အခြားသူများ၏ကြောက်ရွံ့ခြင်းသည် တစ်ယောက်ယောက်၏စိတ်နှလုံးကိုဖမ်းချုပ်နိုင်သည်။ အထူးသဖြင့် ခေါင်းဆောင်များ၏စိတ်နှလုံးထဲ၌ ဤအရာဖြစ်တတ်၏။ အဘယ်ကြောင့်ဆိုသော် သူတို့၌စိန်ခေါ်မှုများစွာ ရှိသောကြောင့်ဖြစ်သည်။ မောရှေသည် ခေါင်းဆောင်မှုကို ယောရှုလက်သို့လွှဲပြောင်းပေးရန် သူပြင်ဆင်နေသောကြောင့် ၎င်းမှာ မောရှေ၌ရှိသည့်အကြပ်အတည်းဖြစ်သည်။ မောရှေပြောဆိုသောစကားတို့မှာ "ထိုအခါ ယောရှုကိုလည်း သင်၏ဘုရားသခင်ထာဝရဘုရားသည် ဤရှင်ဘုရင်နှစ်ပါး၌ ပြုတော်မူသောအမှုအလုံးစုံကို သင်သည် ကိုယ်တိုင်မြင်ရပြီ။ ထို့အတူ ထာဝရဘုရားသည် သင်ရောက်သမျှသောတိုင်းနိုင်ငံတို့၌ ပြုတော်မူလိမ့်မည်။ ထိုသူတို့ကိုမကြောက်နှင့်။ သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ဘက်၌စစ်ကူတော်မူမည်ဟု ငါမှာထားလေ၏" (တရားဟော ၃း၂၁-၂၂)။

လူတိုင်းသည် စစ်တိုက်ရာတွင်ကြောက်နေကြရသော်လည်း ဘုရားသခင်နှင့်အတူရဲရင့်ခြင်းက သူတို့အလိုရှိသောအောင်မြင်မှုကို အိမ်သို့ဆောင်ယူပေးလိမ့်မည်။ ဘုရားသခင်သည် သူ့ကိုခန့်ထားသောသူဖြစ်သည့်အတိုင်း ယောရှုသည်ထိုတာဝန်ကိုထမ်းဆောင်နိုင်သည်။ ဘုရားသခင်သည် သူတို့အတွက်တိုက်ခိုက်ပေးမည့်အကြောင်းကို မောရှေအားအတိအလင်းမိန့်တော်မူခဲ့သော်လည်း သူတို့၏တာဝန်သည် မလွယ်ကူကြောင်းကိုလည်း သူတို့သိသည်။ သူတို့ရန်သူတို့မှာ လက်နက်အသင့်ပြင်ဆင်၍ ဣသရေလလူတို့အား အထက်စီးဖြင့်ထိန်းချုပ်ထား၏။ သူတို့သည် ခံစစ်အခိုင်အမာပြင်ဆင်ထားသောမြို့ကြီးများရှိ၍ မြေပြင်အနေအထားနှင့် အကျွမ်းတဝင်ရှိကြသည်။ သူတို့၏စစ်တပ်သည်လည်း ပိုမိုကောင်းမွန်စွာ လေ့ကျင့်သင်ကြားခြင်းခံရနိုင်သည်။ ဤအရာသည် မောရှေနှင့်ယောရှုတို့ စိုးရိမ်သည့်အရာဖြစ်သော်လည်း ဘုရားသခင်ထံမှဂတိပြုတော်မူသောအာမခံချက်သည် သူတို့ကိုရှေ့ဆက်သွားစေခဲ့သည်။ မောရှေသည်သူ၏ခေါင်းဆောင်မှုမှ ယောရှု၏အုပ်ချုပ်မှုသို့ ချောချောမွေ့မွေ့ကူးပြောင်းမှုရှိဖို့ သေချာစေရန်ဤအရာအားလုံးကို ပြန်တင်ပြရန်လိုအပ်သည်။

ခေါင်းဆောင်နှစ်ဦးအပြင် ပြည်သူအပေါင်းတို့သည်လည်း သူတို့၏အနာဂတ်အတွက် စိုးရိမ်ခဲ့ကြသည်။ မောရှေသည် သူတို့၏စိတ်ဓာတ်ကိုမြင့်မားစွာထိန်းသိမ်းထားရန် လိုအပ်ကြောင်းကို သိရှိပြီး ခေါင်းဆောင်တစ်ဦးအနေဖြင့် သူ၏တာဝန်အပိုင်းကို ကျေပွန်နိုင်ဖို့ရန် အရာအားလုံးကို သူလုပ်ဆောင်ခဲ့သည်။

**ဆင်ခြင်ရန်** - ခေါင်းဆောင်မှုသည် ဘုရားသခင်ပေးသောလက်ဆောင်ဖြစ်သည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်ပေးသော ကျွန်ုပ်၏တာဝန်တို့ကို သစ္စာရှိစွာကျေပွန်နိုင်စေတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၂၅)
**တရားဟော ၃း၁၈-၂၉**
ထွက် ၁၇း၈-၁၆

*"မောရှေမှာလိုက်သည့်အတိုင်း ယောရှုပြု၍ အာမလက်လူတို့ကို စစ်တိုက်လေ၏. . . "*

## မောရှေသည် မိမိ၏ထွက်ပေါက်ကိုလုပ်ဆောင်သည့်အတိုင်း ယောရှုသည်အဆင်သင့်ဖြစ်၏

ယောရှု၏နောက်ခံသမိုင်းကိုယ်တိုင်က သူသည်ခေါင်းဆောင်အဖြစ် နေ့ချင်းညချင်းခန့်အပ်ခြင်းခံရသူမဟုတ်ကြောင်းကို ဖော်ပြသည်။ မောရှေ၏အစေခံအဖြစ် သူ့အမှုထမ်းချိန်တွင်သူသည် ဘုရားသခင်နှင့်မောရှေကို သစ္စာစောင့်သိခဲ့သည်။ ပညတ်တော်ဆယ်ပါးကိုခံယူရန် မောရှေသိနာတောင်သို့ သွားသောအခါ၊ ယောရှုသည် တောင်ခြေရင်း၌စောင့်ဆိုင်းခဲ့ပြီး၊ သူသည် ရွှေနွားသူငယ်ရုပ်ကို ပြုလုပ်ပြီးကိုးကွယ်သူများတွင် မပါဝင်ခဲ့ပါ။ သူနှင့်အခြားဆယ့်တစ်ဦးကို ခါနာန်ပြည်ကို စူးစမ်းရန်စေလွှတ်လိုက်သည့်အခါ၊ သူသည်ထိုပြည်အကြောင်းကို လူတို့ထံသတင်းကောင်းကို ယူဆောင်ခဲ့သောသူနှစ်ဦးထဲက တစ်ဦးဖြစ်သည်။ သူသည်ထိုပြည်ချက်ချင်းသွား၍ သိမ်းယူလိုသော်လည်း အခြားသူလျှိုဆယ်ဦးကမူ လူတို့အားစိတ်ဓာတ်ကျစေခဲ့ကြသည်။ ယောရှုတွင်ကောင်းမွန်သောစမ်းသပ်မှုများခံခဲ့ရပြီး၊ သူသည် လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်သည့်ခေါင်းဆောင်မှုပိုင်း အရည်အသွေးများရှိသည်။ ၎င်းသည်ခေါင်းဆောင်တစ်ဦးဦးကို ပြင်ဆင်ခြင်းနှင့်ခန့်အပ်ခြင်းအတွက် စံနမူနာဖြစ်သည်။

ခေါင်းဆောင်သစ်သို့ အကူးအပြောင်းချောမွေ့စေရန် မောရှေကြိုးပမ်းခဲ့သည်။ သူသည် ဘုရားသခင်နှင့်မျက်နှာချင်းဆိုင်စကားပြောသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု ဆိုကြသောကြောင့် ဆုတောင်းခြင်းသည် သူ့အတွက်ဒုတိယအမျိုးအစားဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော်၊ သူသည် ဘုရားသခင်ကိုအမြဲတမ်းတိုင်ပင်နေခဲ့သည်။ တရားဟောရာကျမ်း ၃း၂၄သည် သူ၏နောက်ဆုံးမှတ်တမ်းတင်ထားသည့်ဆုတောင်းချက်ဖြစ်သည် "အို အရှင်ထာဝရဘုရား၊ ကိုယ်တော်သည် ကိုယ်တော်ကျွန်အား တန်ခိုးအာနုဘော်တော်ကိုင်း၊ အားကြီးသောလက်တော်ကိုင်း ပြစပြတော်မူပြီ။ ကိုယ်တော်စီရင်၍ တန်ခိုးတော်ကိုပြသည်အတိုင်း၊ ကောင်းကင်မြေကြီးပေါ်မှာ အဘယ်မည်သောဘုရားပြုနိုင်ပါသနည်း"။ ဤတွင် သူသည်ဘုရားသခင်၏အချုပ်အခြာအာဏာနှင့် ကြီးမြတ်မှုကိုအသိအမှတ်ပြုပြီး၊ ဖန်ဆင်းထားသောသတ္တဝါအားလုံးသည် အရာရာ၌ လက်အောက်ခံရန်ဖြစ်သည်။ ဘုရားသခင်သည် စကြဝဠာတစ်ခုလုံး၌ သူဖန်ဆင်းသောအရာခပ်သိမ်းကိုအုပ်စိုးသောသူဖြစ်သည်။ ယောဒန်မြစ်တဘက်၌ရှိသည့်ဂတိထားရာပြည်ကို သွားရောက်ကြည့်ရှုဖို့ရန် မောရှေသည်ဘုရားသခင်အား တောင်းလျှောက်သည့်ဤဆုတောင်းချက်၌ မိမိ၏လူ့အားနည်းချက်ကိုလည်း ဖော်ပြခဲ့သည်။ သူသည် ခါနာန်ပြည်၌ခြေချခွင့်ရမည်မဟုတ်ကြောင်း ဘုရားသခင်သည် သူ့အားပြောဆိုခဲ့ပြီးသည်ကို သိခဲ့သော်လည်း တောင်းလျှောက်နေသေးသည်။

ဖန်ဆင်းခံသတ္တဝါအပေါ်တွင် ဘုရားသခင်ပေးသနားတော်မူသော မည်သည့်မျက်နှာသာပေးမှုကိုမဆို၊ ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့်သာ ဖြစ်သည်ကိုနားလည်ထားရမည်။ သခင်ယေရှုသည် မိမိ၏တပည့်တော်တို့ကို ဆုတောင်းရန်သွန်သင်ပေးသောအခါ ထိုဆုတောင်းခြင်း၏ အစိတ်အပိုင်းတစ်ခုမှာ ဘုရားသခင်၏အလိုတော်ပြည့်စုံစေရန်ဟူသောအချက်ဖြစ်သည်။ ဤတောင်းဆိုချက်ကို ဘာမှထပ်ထည့်လို့မရတော့ပါ။

**ဆင်ခြင်ရန်** - ခေါင်းဆောင်တိုင်းသည် ရဲစွမ်းသတ္တိရှိပြီး ဖြောင့်မတ်ခြင်းရှိရပါမည်။
**ဆုတောင်းချက်-** အဖ၊ အသင်းတော်၌ထိုက်တန်သောခေါင်းဆောင်များကို ထားပေးတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၂၆)
**တရားဟော ၃း၁၈-၂၉**
ယောဟန် ၁၇း၂၄-၂၆

*". . . အကျွန်ုပ်အားပေးတော်မူသောသူတို့သည်*
*. . . အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူ*
*ရှိနေစေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏"*

## မောရှေကို ခါနာန်ပြည်သို့ဝင်ရောက်ခွင့်မပြုပါ

ကျမ်းစာထဲတွင် ဘုရားသခင်၏ထုတ်ဖော်ပြသောအလိုတော်နှင့်လျှို့ဝှက်ထားသော အလိုတော်လည်းရှိသည်။ ဤတွင် ဘုရားသခင်ကသူ၏အလိုတော်ကို မောရှေအားဖွင့်ပြခဲ့ပြီးဖြစ်သော်လည်း ဘုရားသခင်သည်သူ၏စိတ်ကို ပြောင်းလဲကောင်းပြောင်းလဲလိမ့်မည်ဟု မောရှေယူဆခဲ့သည်။ မောရှေသည် ရေထွက်လာရန်ကျောက်ကို ရိုက်ခဲ့ပြီးနောက် အစောပိုင်းတွင် ခါနာန်ပြည်သို့ဝင်ရန်တားမြစ်ချက်ကို သူ့ထံဖော်ပြခဲ့သည်။ ဣသရေလလူတို့သည် မောရှေကိုဆန့်ကျင်လျက် အစဉ်အမြဲပြစ်တင်မြည်တမ်းနေကြကတည်းက သူသည်ဒေါသထွက်သောကြောင့် ထိုကျောက်ကိုရိုက်ခဲ့ခြင်းဖြစ်သည်။ သို့သော်၊ မောရှေကိုဘုရားသခင်မိန့်တော်မူသောအရာမှာ ကျောက်ကိုစကားပြောဖို့ရန်ဖြစ်သည်။ ဤအချက်တွင် မောရှေသည်ဘုရားသခင်ကိုမနာခံသောကြောင့် ဣသရေလလူတို့ကို ခါနာန်ပြည်သို့ ဦးဆောင်ရသောအခွင့်အရေးကို ငြင်းပယ်ခံခဲ့ရသည်။

ဘုရားသခင်သည် ဣသရေလလူတို့အတွက်ကြောင့် မောရှေကိုအမျက်တော်ထွက်ခဲ့သည်။ ဘုရားသခင်သည် ဤအရေးကိစ္စတွင် မောရှေကိုအဖြေမပေးခဲ့ပေ။ အခန်းငယ် ၂၆ တွင် မောရှေကို သူပြောခဲ့သည်မှာ - ". . . တန်တော့၊ ဤအမှုနှင့်ဆိုင်သောစကားကို နောက်တစ်ဖန်မလျှောက်နှင့်"။ ဤအရာသည် ပြင်းပြင်းထန်ထန်ဆုံးမခြင်းဖြစ်သည်။ ထိုသတင်းစကားကို မောရှေသည် ရှင်းလင်းစွာ သဘောပေါက်နားလည်သဖြင့် ဘုရားသခင်မှာထားတော်မူသည်အတိုင်း ပြုလေ၏။ သူ့ကိုနေဗောတောင်ထိပ်ပိသဂါသို့ သွား၍ထိုပြည်ကိုအဝေးမှသာကြည့်ရှုရန် မိန့်တော်မူခဲ့သည်။ နောက်ပိုင်း မောရှေကွယ်လွန်သောအရပ်မှာ ဤနေရာတွင်ပင်ဖြစ်သည်။ သူ့ကိုအဘယ်အရပ်၌မြှုပ်နှံခဲ့သည်ကို မည်သူမျှမသိရသော်လည်း ထိုနေရာသည် သူ၏နောက်ဆုံးမြေကြီးပေါ်အိမ်ဖြစ်ခဲ့သည်။ ထိုထွက်ခွာခြင်းအတွက် မောရှေကိုဘုရားသခင်ပြင်ဆင်ပေးထား၏။ ဘုရားသခင်သည် မောရှေအားပြည်သူတို့သည် ထိုပြည်အားအမွေခံစေဖို့ရန် ယောရှုကိုတာဝန်ပေးဖို့ မိန့်ဆိုခဲ့သည်။ ဘုရားသခင်သည် မောရှေသိပြီးသားအရာများကို အကောင်အထည်ဖော်ဆောင်ဖို့သွား၏။ ဣသရေလလူတို့သည် ထိုပြည်ကို ဝင်ရောက်ဖို့ရန်စောင့်စားကြည့်အတိုင်း၊ သူတို့သည် ဗက်ပေရုရမြို့တဘက်၌ရှိသောချိုင့်တွင် နေထိုင်ကြသည်။ ဤအသေးစိတ်အချက်အလက်များသည် အရေးမကြီးဟုထင်ရသော်လည်း ဘုရားသခင်စကားတော်၏မှန်ကန်မှုကို အတည်ပြုရန်ထိုကဲ့သို့သော အခိုင်အမာပြောဆိုမှုများသည် အရေးကြီးသည်။ ၎င်းသည် စိတ်ကူးယဉ်ဖြစ်ရပ်မဟုတ်ပါ။ ၎င်းသည် တကယ့်အရပ်ဒေသ၌ အမှန်တကယ်ဖြစ်ပျက်သောအရာဖြစ်သည်။

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တို့အပေါ် အမြဲသစ္စာတရားနှင့်ပြည့်စုံ၏။ သူသည် ခါနာန်ပြည်သို့မဝင်ရောက်မီ နောက်ဆုံးရပ်နားရာအရပ်သို့ ဣသရေလလူတို့ကို ယခုဦးဆောင်နေ၏။ သူသည် မောရှေကိုစကားပြောဆိုပြီး သူ၏အစောပိုင်းဂတိတော်တို့၌ သစ္စာစောင့်သို၏။ သူသည် "ဘုရားသခင်ကိုနာခံ၍ သူ၏သစ္စာရှိမှုကိုကြည့်ရှုလော့" ဟူသော ညွှန်ကြားချက်များနှင့်အတူ ခါနာန်ပြည်ကိုသိမ်းပိုက်ရန်အတွက် ယောရှုကိုပြင်ဆင်ခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် တစ်ကြိမ်စကားပြောသောအခါ၊ လူသည် သူ့ကိုနှစ်ကြိမ်နားထောင်ရပါမည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏အလိုတော်ကို သိနိုင်ဖို့ရန် ပိုင်းခြားတတ်သောစိတ်ကို ပေးတော်မူပါ။

အင်္ဂါ၊ ဇူလိုင် (၂၇)
**တရားဟော ၄း၁-၂၄**
၂ ပေ ၁း၁၉-၂၁

*"ထိုမှတပါး၊ သာ၍မြဲမြံသောအနာဂတ္တိ စကားတော်သည် ငါတို့၌ရှိသေး၏။ . . . သင်တို့သည်အမှီပြုသင့်ကြ၏"*

# ဣသရေလအမျိုးသည် ဘုရားသခင်ထံမှသာလွန်ကောင်းမြတ်သောဥပဒေများရှိသည်

ဣသရေလလူတို့အား ဘုရားသခင်ပေးသောဥပဒေများသည် သူတို့ဆက်ဆံရေး၏ အဓိကအချက်ဖြစ်သည်။ သူသည်မောရှေအား သူတို့ထံသို့ရေးစေခဲ့သည်။ သူတို့တွင် အခြားတိုင်းပြည်တို့၌မရှိသည့် သာလွန်ကောင်းမြတ်သောဥပဒေများဖြစ်ကြသည်။ ၎င်းကို ဣသရေလလူတို့သည် ကြားသိရ၏။ သူတို့သည် ၎င်းကိုသင်ယူနေကြပြီး၊ မိမိတို့သားသမီးတို့ကို ပြန်သင်ကြားပေးရကြသည်။ ယင်းတို့အနက် ပထမဦးဆုံးဥပဒေမှာ စစ်မှန်သောဘုရားသခင်ကိုသာ အသိအမှတ်ပြုခြင်းနှင့် ကိုးကွယ်ခြင်းဖြစ်သည်။ ဤဥပဒေတို့ကို ပေးထားပြီး၊ သူတို့သည် ဘုရားသခင်နှင့်ဣသရေလလူတို့ ကြား၌ရှိသော ပဋိညာဉ်ဖွဲ့ခြင်းကို ရှင်းလင်းဖော်ပြထားသည်။ ဤနေရာတွင် မောရှေသည် ဤဥပဒေ များကို နာခံရန်လိုအပ်ကြောင်း အလေးပေးပြောကြားသည်။

ဣသရေလလူတို့သည် ဘုရားသခင်၏ဥပဒေကိုနားထောင်၍ လိုက်နာကြပြီး၊ ငြိမ်းချမ်းစွာနေထိုင်ရန်တိုက်တွန်းထားသည်။ ဥပဒေတိုင်း၏ ရည်မှန်းချက်မှာ လူတို့၏နေ့စဉ်အပြုအမူများကို လမ်းညွှန်ကြားရန်နှင့် ဘုရားသခင်နှင့်လူတို့ကို ပတ်သက်စေရန်ဖြစ်သည်။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌ နေခဲ့ကျစဉ်တွင် သူတို့သည်ထိုနိုင်ငံ၏အုပ်ချုပ်မှုအောက်တွင် ရှိပြီး အခြားမည်သည့် ဥပဒေကိုမျှ ကျင့်သုံးရန်လွတ်လပ်မှုမရှိခဲ့ပါ။ သမ္မာကျမ်းစာသည် သူတို့၏ဝတ်ပြုကိုးကွယ်ခြင်းနှင့် ပတ်သက်၍တိတ်ဆိတ်နေ၏။ သို့သော်၊ အနည်းဆုံးအနေဖြင့် သူတို့အဘယာကုပ်နှင့်ယောသပ်တို့၏ သက်သေခံချက်အားဖြင့် စစ်မှန်သောဘုရားသခင်ကို သူတို့သိခဲ့သည်။ အချို့တို့သည် အဲဂုတ္တုပြည်၏ ရုပ်တုကိုးကွယ်မှု၏လွှမ်းမိုးမှုကို ခံရနိုင်သော်လည်း၊ သူတို့သည် အဲဂုတ္တုပြည်မှ ထွက်လာကြသည့် အတိုင်း၊ သူတို့၏ ဘုရားသခင်နှင့်ဆိုင်သောအသိပညာက သူတို့ကိုစည်းလုံးစေခဲ့သည်။ သိနာတောင်တွင် ဥပဒေ(ပညတ်တရား)ကို ပေးအပ်ခြင်းမှာ သူတို့ထံသို့ ရှင်းလင်းသော ထုတ်ဖော်ပြသချက်ဖြစ်သည်။ မောရှေသည် သူတို့ကိုလုံ့လဝီရိယရှိစွာ သင်ကြားပေး၍သူတို့ကို ဘုရားသခင်တောင်းဆိုသော အရာတို့ကို သူတို့သိကြသည်။

ဥပဒေကိုစာဖြင့်ရေးသားထားသည့်အတွက် လိုအပ်သည့်အခါတိုင်း ၎င်းကိုမှီငြမ်း (ကြည့်)ရန်လွယ်ကူပြီး၊ ၎င်းကိုမည်သည့်ပြင်ဆင်ချက်မှပြု၍ ရသောဘာသာရပ်မဟုတ်ပါ။ ၎င်းသည် မပြောင်းလဲဘဲတည်ရှိစေရမည်အကြောင်း၊ သူတို့ကို ရှင်းလင်းစွာအမိန့်ပေးထားသည်။ ဤစကားလုံးတို့မှာ မောရှေသည် ဣသရေလလူတို့ထံပြောဆိုသည့်စကား အတိအကျဖြစ်သည်။ "ငါမှာထားသောစကား၌ သင်တို့သည်အသစ်မသွင်းရ။ အလျှင်းမနုတ်မပယ်ရ။ ငါမှာထားသည်အတိုင်း၊ သင်တို့ဘုရားသခင်ထာဝရဘုရား၏ ပညတ်တော်တို့ကိုစောင့်ရှောက်ရကြမည်" (တရားဟော ၄း၂)။ မောရှေကိုပေးထားသော ကျောက်ပြားနှစ်ပြားကို ဘုရားသခင်၏လက်ချောင်းတော်ဖြင့် ရေးထားခြင်းဖြစ်သည်။ ဤအသုံးအနှုန်းများသည် ထိုရေးသားချက်များသည် လုံးဝမှန်ကန်ကြောင်း ဖော်ပြရန်ကူညီပေးသည်။ မောရှေ၏လက်ဖြင့်ရေးထားသော ဥပဒေများ များစွာရှိ၏။ သို့သော်၎င်းက တစ်စုံတစ်ရာထူးခြားမှုမရှိစေပါ။ အကြောင်းမှာ ကျမ်းစာကိုရေးခဲ့ကြသည့် သန့်ရှင်းသောလူအပေါင်းတို့ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လမ်းပြညွှန်ကြားခြင်းခံရကြသည်။ သူတို့သည် ကြီးမြတ်သောရိုသေလေးမြတ်ခြင်းကို ခံရမည်။

**ဆင်ခြင်ရန်** - ကျမ်းစာရှိသမျှသည် အမြင့်ဆုံးသောဘုရားသခင်ထံမှဆင်းသက်လာကြသည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဖတ်ခြင်းအားဖြင့် ကျွန်ုပ်ကိုကိုယ်တော်နှင့် နီးကပ်စွာထားတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၂၈)
**တရားဟော ၄း၁-၂၄**
ဆာလံ ၁၂း၆-၇

*"အိုးထာဝရဘုရား၊ ကိုယ်တော်သည် ထိုသူတို့ကို ဤလူမျိုးမှအစဉ်ကာကွယ်စောင့်မတော်မူမည်"*

# ဥပဒေကိုပြောင်းလဲ(သို့)ဖြည့်စွက်လို့မရပါ

ပညတ္တိကျမ်းနှင့် အခြားသောကျမ်းစာစောင်အားလုံးကို လူသားလက်ဖြင့်ရေးသားခဲ့သည်။ ထိုကျမ်းစာတို့ကို ဘုရားသခင်ဖွင့်ပြပြီး သူတို့အားလုံးမှာတူညီသည့်အခွင့်အာဏာရှိကြသည်။ ဘုရားသခင်သည်သူ၏စကားတော်အလုံးစုံကို လူမျိုးအဆက်ဆက်ကာကွယ်စောင့်ထိန်းဖို့ရန် ဂတိပေးခဲ့သည်။ ဖြည့်စွက်ခြင်း(သို့) နုတ်ခြင်းမပြုရန်ဟူသော အမိန့်တော်သည်မည်သူမျှ ဘုရားသခင်၏စကားတော်တို့ကိုပြောင်းလဲရန်(သို့) ဖြည့်စွက်ရန်ရည်ရွယ်ချက်ဖြင့် ထိကိုင်ခြင်းကိုတားမြစ်ထားသည်။ ဤအမိန့်တော်ကိုလေ့လာခြင်းသည် သူ၏နှုတ်ကပတ်တော်တို့ကို ကာကွယ်စောင့်ထိန်းရန်ဘုရားသခင်၏နည်းလမ်းဖြစ်သည်။ သမ္မာကျမ်းစာ၏ နောက်ဆုံးအခန်းတွင်ထပ်တူစကားလုံးများကို ထပ်၍ဖော်ပြထားသည် (ဗျာ ၂၂း၁၈)။ ကျမ်းစာကိုဦးဆုံးရေးသားသူ မောရှေသည် ဘုရားသခင်၏စကားတော်များ မပျောက်ဆုံးစေရန် ဤအမိန့်တော်ကို အလွန်ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

ပြီးခဲ့သောအသင်းတော်သမိုင်းတွင် ရရှိနိုင်သည့်ကျမ်းစာလက်ရေးစာမူများ၏ တိကျမှန်ကန်မှုနှင့်ပတ်သက်၍ငြင်းခုံမှုများစွာရှိခဲ့သည်။ ဤအချက်က များစွာသောလူတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်များသည် လူသားလုပ်သောသိပ္ပံပညာကို စစ်ဆေးရန်အကြောင်းကိစ္စဖြစ်ပေါ်စေသည်။ သို့သော်၊ လူ့စိတ်သည်ဤကိစ္စတွင် ဘုရားသခင်၏လုပ်ဆောင်မှုများကို နားမလည်နိုင်ပါ။ ဘုရားသခင်တစ်ပါးတည်းသာ ၎င်းကိုထိန်းသိမ်းနိုင်သည့်အစွမ်းရှိပြီး ကျွန်ုပ်တို့သည် ၎င်းကိုယုံကြည်ခြင်းအားဖြင့်လက်ခံရမည်။

ဣသရေလလူမျိုးသည် ၎င်းကိုမေ့လျော့ဖို့ရန်မဟုတ်ဘဲ သားစဉ်မြေးဆက်တို့ကို သင်ကြားပို့ချရန်ဖြစ်သည်။ ဟောရပ်အရပ် (၎င်းမှာ သိနာတောင်၏အခြားသောနာမဖြစ်သည်)၌ ဘုရားသခင်၏အသံကို သူတို့ကြားခဲ့ရ၍၊ ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကို သင်ယူကြရပြီး၊ ထိုနှုတ်ကပတ်တော်တို့ကိုသင်ကြားပို့ချရန် အမိန့်ပေးခြင်းခံရကြသည်။ ဘုရားသခင်သည် မီးလောင်သောတောင်သို့ရောက်လာ၍ ဣသရေလလူတို့ထံသို့ သူ၏ပဋိညာဉ်တရားကို ဖော်ပြခဲ့သည်။ ပညတ်တော်ဆယ်ပါးသည် ကျောက်ပြားနှစ်ပြားပေါ် ရေးထားခြင်းဖြစ်သည်။ မောရှေသည် ဘုရားသခင်၏အမိန့်တော်အတိုင်း ရေးနိုင်ဖို့ရန်အတွက် ၎င်းတို့သည် မောရှေအတွက် သင်ထောက်ကူပစ္စည်းများနှင့်တူ၏။

ထိုကျောက်ပြားနှစ်ပြားသည် ပဋိညာဉ်သေတ္တာထဲတွင် ကြာရှည်စွာရှိနေခဲ့သည်။ ထိုကျောက်ပြားတို့သည် ထိုနေရာတွင် ရှိနေသမျှကာလပတ်လုံး၊ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုနာခံသောလူမျိုးတို့၏ သက်သေခံချက်ဖြစ်ကြသည်။ ဗာဗုလုန်လူမျိုးတို့က အဦးဆုံးဗိမာန်တော်ကို မီးရှို့လိုက်သောအခါ ဤအရာများပျောက်ဆုံး (သို့) ဖျက်ဆီးခဲ့သည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကျောက်ပြားများကိုဆုံးရှုံးခဲ့ရသော်လည်း မိတ္တူများ (ကူးယူထားသော)ရှိသဖြင့် စကားတော်များပျောက်ဆုံးခြင်းမရှိခဲ့ပါ။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တို့ကို သင့်တော်သောနည်းလမ်းဖြင့် စောင့်ထိန်းထားသည်။ လူတို့ဥပဒေများနှင့်မတူဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်တို့သည် အသစ်ပြုပြင်ခြင်းမလိုအပ်ပေ။ ၎င်းသည် စုံလင်၏။

**ဆင်ခြင်ရန်** - ကျမ်းစာ၌ပါသောဘုရားသခင်၏ဖွင့်ပြသောအလိုတော်သည် အနာဂတ်တရားစီရင်ခြင်းအတွက် အခြေခံကျသောအရာဖြစ်သည်။

**ဆုတောင်းချက်-** အဖ၊ ရေးထားသောကိုယ်တော်၏နှုတ်ကပတ်တော်ကို ကာကွယ်ဖို့ရန် အကျွန်ုပ်ကို အစဉ်ရပ်တည်စေတော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၂၉)
**တရားဟော ၄း၁-၂၄**
ဆာလံ ၂၅း၄-၅

*"ကိုယ်တော်၏သမ္မာတရားကိုပြ၍ အကျွန်ုပ်ကို သွန်သင်တော်မူပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်ကိုကယ်တင်သောဘုရားသခင်ဖြစ်တော်မူ၏. . . "*

# ဣသရေလလူတို့သည် ဥပဒေကိုသင်ယူပြီးပြန်၍သင်ကြားပို့ချသည်

ဘုရားသခင်တောင်းဆိုထားသောအရာတို့ကို သူတို့တွင်အဘယ်သူမျှမသိဘဲ မကျန်ရစ်စေဖို့ရန်အလိုငှါ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ကြားဖို့အရေးကြီးကြောင်းကို မောရှေအလေးပေးပြောကြားသည်။ သင်ယူခြင်းနှင့်သင်ကြားခြင်းတို့က ထိုရည်ရွယ်ချက်အတွက် တမင်သက်သက်ဖယ်ထားသည့်အချိန်ကို တောင်းဆိုထားသည်။

ဣသရေလလူတို့သည် ဗာလပေဂုရဖျက်ဆီးခံခြင်းကို မြင်တွေ့ခဲ့ကြရသည်။ သို့သော်၊ သူတို့သည် ဘုရားသခင်ကိုနာခံကြသောကြောင့် အသက်ရှင်ရကြသည်။ ဘုရားသခင်သည် သူ့အားမိန့်မှာထားသည်အတိုင်း ဥပဒေကိုသွန်သင်ပေး၍ ဣသရေလလူတို့သည် ဘုရားသခင်၏စကားတော်ကို စောင့်ထိန်း၍ပညာရှိရပါမည်။ ဘုရားသခင်ပေးသောဥပဒေတို့သည် အခြားလူမျိုးများ၏ ဥပဒေထက်သာလွန်သည်။ ယနေ့ဥပဒေပညာရှင်များသည် မောရှေ၏ဥပဒေကိုအခြားရှေးခေတ်လူမျိုးများနှင့် တန်းတူဖြစ်သောကြီးမားသည့် ဥပဒေ၏အစိတ်အပိုင်းအဖြစ် ရှုမြင်ထားသည်။ သို့သော်၊ ဘုရားသခင်၏ဥပဒေများသည် အခြားဥပဒေများကဲ့သို့ မည်သည့်ပြင်ဆင်ချက်ကိုမျှ မပြုလုပ်ခဲ့ကြောင်းကို သူတို့သဘောမပေါက်ကြပေ။ သူတို့သည် အမှန်တကယ်သာလွန်ကောင်းမွန်သော ဥပဒေများဖြစ်သည်။ ဤဥပဒေများကိုပေးအပ်ခြင်းသည် ဤဥပဒေများကိုသင်ကြားပို့ချပေးရသည့်ယဇ်ပုရောဟိတ်တို့အတွက် အထူးပညာရေးနှင့်တရားဇရပ်တွင် ကျောင်းများတည်ထောင်ခြင်းသို့ ပင်ကိုယ်အားဖြင့် ဦးတည်စေသည်။ ယနေ့တနင်္ဂနွေနေ့ကျမ်းစာသင်တန်းနှင့်အခြားကျမ်းစာသင်တန်းများသည် ယုံကြည်သူများအား ဘုရားသခင်၏စကားတော်များကို သင်ကြားပို့ချရန်ရည်ရွယ်ထားကြခြင်းဖြစ်သည်။

ဣသရေလလူတို့သည် ဘုရားသခင်တစ်ပါးတည်းကိုသာ ကိုးကွယ်ရမည်။ ဘာသာရေးဆိုင်ရာ ဘာသာရပ်၏နိဒါန်းသင်ခန်းစာတွင် တိုင်းနိုင်ငံအပေါင်းတို့မှ လူများသည် ကိုးကွယ်မှုပုံစံတစ်မျိုးမျိုးရှိကြသည်ဟု မှတ်သားထားပါသည်။ မှန်ပါ၏။ သူတို့အများစုသည် ရုပ်တုများကိုကိုးကွယ်ပြီး အယူသည်းမှုအချို့ကိုစွဲကိုင်ထားကြသည်။ ရုပ်တုကိုးကွယ်ခြင်း၏စက်ဆုပ်ရွံရှာဖွယ်သဘောသဘာဝဖြစ်သော်ငြားလဲ၊ ၎င်းသည် ဘုရားသခင်တည်ရှိကြောင်းကို သိသောသက်သေအထောက်အထားအဖြစ် လုပ်ဆောင်ပေးသည်။ ဤတပါးအမျိုးသားတို့၏ အချို့သောကိုယ်ကျင့်တရားစံနှုန်းများသည် ဘုရားသခင်၏တရားတော်နှင့်ညီညွတ်သည်။ ဘုရားသခင်၏စကားတော်တို့သည် ဥပဒေကိုမသိခြင်းကြောင့် ဖြစ်ပေါ်လာသောအမှားများကိုပြင်ပေးဖို့ အသုံးပြုဖို့ရန်ဖြစ်သည်။ ဘုရားသခင်သည် မောရှေအား လူတို့သည်ပညတ်တော်တို့ကိုနာခံဖို့ရန် သင်ကြားပေးဖို့မိန့်မှာထားသည်။ ဘုရားသခင်သည် မည်သည့်ရုပ်ပိုင်းဆိုင်ရာပုံသဏ္ဍာန်နှင့်မျှ သူတို့ထံမပေါ်ခဲ့ပါ။ ထို့ကြောင့် လူတို့သိတော်မူသော အနန္တတန်ခိုးရှင်သည် ပုံသဏ္ဍာန်မရှိပါ။ ထို့ကြောင့် သူတို့သည်ဘုရားသခင်ကိုယ်စားပြုရန် မည်သည့်ရုပ်တုမျှမပြုရပါ။ သူတို့သည် နေ၊ လ၊ ကြယ်များကိုမကိုးကွယ်ရပါ။ ဤအမိန့်ကိုချိုးဖောက်ခြင်းသည် ဘုရားသခင်တည်ရှိခြင်းကိုငြင်းပယ်ခြင်းနှင့်တူပါသည်။ သူတို့သည် ဤသမ္မာတရားကိုဘုရားသခင်၏ပညတ်တော်သင်ယူကြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ဖန်ဆင်းထားသော အဘယ်သတ္တဝါကိုမှ ကိုးကွယ်ခံသောအရာမဖြစ်နိုင်ပါ။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကိုသွန်သင်သောဆရာကောင်းတစ်ပါးဖြစ်ဖို့ရန် အကျွန်ုပ်ကိုကူညီတော်မူပါ။

သောကြာ၊ ဇူလိုင် (၃၀)
**တရားဟော ၄း၁-၂၄**
ကမ္ဘာ ၁၂း၁-၃

*"သင့်ကိုကောင်းကြီးပေးသောသူကိုငါကောင်းကြီးပေးမည်၊ . . . သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကိုခံရကြလိမ့်မည်. . ."*

## ဣသရေလအမျိုးသည် ဘုရားသခင်နှင့်ပဋိညာဉ်တရားနှင့်ဆိုင်သောဆက်ဆံရေးရှိသည်

ဣသရေလအမျိုးနှင့်ပြုသောပဋိညာဉ်ကို အာဗြဟံနှင့်အဦးဆုံးပြုလုပ်ခဲ့သည်။ ဘုရားသခင်သည်သူ့ကို ခါလဒဲပြည်ဥရမြို့မှခေါ်ထုတ်၍ သူပြလတံ့သောပြည်သို့သွားဖို့ရန် မိန့်တော်မူခဲ့သည်။ နောက်ဆုံးသူသည် ခါနာန်ပြည်သို့ရောက်သောအခါ၊ သူနှင့်သူ၏သားစဉ်မြေးဆက်တို့သည်ထိုပြည်ကို အမွေခံရလိမ့်မည်ဟု သူ့ထံဘုရားသခင်ပြောဆို၏။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌နေထိုင်ကြချိန်မှမောရှေဦးဆောင်မှုအောက်၌ ထိုပြည်မှထွက်ခွာသည့်အချိန်သည်နှစ်ပေါင်းလေးရာဖြစ် ကြာမြင့်သည်။ သူတို့ထံဘုရားသခင်သွားလည်ပြီးအဲဂုတ္တုပြည်၏ ကျွန်ဘဝမှသူတို့ကိုလွတ်မြောက်စေသောအခါ သူတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာက ဂတိထားခဲ့သည့်ပြည်သို့ရောက်ရန်ဖြစ်သည်။ ဘုရားသခင်သည် အဲဂုတ္တုပြည်မှနှုတ်ဆောင်တော်မူပြီး သူတို့ကိုအမွေခံသော လူမျိုးဖြစ်စေတော်မူသည်။ ဘုရား သခင်သည် သူ၏စည်းမျဉ်းတို့၌ အမြဲထူးခြား၏။

သူမိန့်တော်မူချက်တို့ကို လူတိုင်းနာခံရပါမည်။ ဣသရေလလူတို့အရေးကြောင့် ဘုရားသခင်သည်မောရှေကိုအမျက်တော်ထွက်၏။ သူပြုလုပ်မိခဲ့သောထိုအမှားကြောင့် သူ့ကိုခါနာန်ပြည်ဝင်ရောက်ခြင်းမှပိတ်ပင်တားဆီးခံခဲ့ရကြောင်းကို မောရှေသည်သူတို့ကို ပြန်၍အမှတ်ရစေ၏။ မောဘပြည်တွင်သူသေရမည်။ မောရှေသည်သူတို့အား ပဋိညာဉ်တရားကိုမမေ့လျော့ဘဲသတိပြုကြရန်သတိပေးခဲ့သည်။ သူတို့သည်အခြားတပါးသောဘုရားတို့ထံ လှည့်၍မကိုးကွယ်ဘဲ၊ ဘုရားသခင်တပါးတည်းသာကိုးကွယ်ရမည်။ ဘုရားသခင်သည် လောင်သောမီးဖြစ်သည်ဟုပြောခြင်းအားဖြင့် အခြေအနေကို အကျဉ်းချုပ်ဖော်ပြထားသည်။ ဘုရားသခင်ကိုကြောက်ရွံ့ကြရမည်။

ဣသရေလအမျိုး၏နောက်ပိုင်းနှစ်များတွင်၊ သူတို့သည်ရုပ်တုကိုးကွယ်ခြင်းသို့ပြောင်းသွားကြပြီးဘုရားသခင်၏ပညတ်တော်တို့ကို လျစ်လျူရှုခဲ့ကြသည်။ သူတို့သည် သူတို့၏ဘုရင်တို့နောက်ကိုလိုက်၍ ထိုရွံ့ရှာဖွယ်သောအမှုကိုပြုခဲ့ကြသည်။ ဘုရားသခင်သည်သူတို့ကို အမျက်တော်ထွက်၍ သူတို့ကိုသူတို့တိုင်းပြည်မှ ဆွဲနှုတ်ပစ်ပြီးတိုင်းတပါးပြည်သို့ သုံ့ပန်းအဖြစ်ပို့ဆောင်ခဲ့သည်။ ထိုအရပ်တွင်သူတို့သည် သေခြင်းနှင့်ကျွန်ပြုခြင်းခံကြရသည်။ ဘုရားသခင်ကိုငြင်းပယ်မှုသည် ကြီးမားသောနာကျင်မှုကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် ယနေ့တွင်ရှိသောဘုရားသခင်၏ လူတို့သည်ရုပ်တုကိုးကွယ်ခြင်းကို ရှောင်ရှားရန်အလွန်အရေးကြီးသည်။

ဤမိန့်ခွန်းတွင်မောရှေအလေးပေးဖော်ပြခဲ့သည့် အဓိကအချက်မှာ ဘုရားသခင်၏ဥပဒေ၌ ပြဋ္ဌာန်းထားသည့်အတိုင်းဥပဒေများနှင့် တရားစီရင်ချက်များကိုနာခံခြင်း၏အရေးကြီးမှုဖြစ်သည်။ ၎င်းသည်စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းသို့ ပို့ဆောင်ပေး၍တိုင်းပြည်သည် သာယာဝပြောပြီးငြိမ်းချမ်းစွာနေထိုင်ရလိမ့်မည်။ ခါနာန်ပြည်၏အမွေအနှစ်သည် ကောင်းကင်အမွေအနှစ်၏ပုံသဏ္ဌာန်ဖြစ်သည်။ ယခုခရစ်တော်ကိုနာခံလော့။ သို့ပြုလျှင်ထာဝရအမွေအနှစ်ကို သင်ပိုင်ဆိုင်ရလိမ့်မည်။

**ဆင်ခြင်ရန်** - ပဋိညာဉ်တိုင်းကို ကျိန်ဆိုခြင်းအားဖြင့်အတည်ပြုခဲ့သည်။
**ဆုတောင်းချက်-** အဖ၊ အဆုံးတိုင်အောင်ကိုယ်တော်ကို အစေခံဖို့ရန်ကျွန်ုပ်၏ဂတိတော်ကို စောင့်ထိန်းနိုင်ရန်ကူညီတော်မူပါ။

စနေ၊ ဇူလိုင် (၃၁)
**တရားဟော ၄း၂၅-၄၉**
ယေရမိ ၁၆း၁၁-၁၃

*"သင်သည် ထာဝရဘုရား၏အမိန့်တော်ကို ဆင့်ဆိုရမည်မှာ သင်တို့၏ဘိုးဘေးတို့သည် ငါ့ကိုစွန့်၍. . . "*

# ဘုရားသခင်၏ပဋိညာဉ်သည် ရုပ်တုကိုးကွယ်ခြင်းကိုတားမြစ်၏

ဘုရားသခင်၏ဥပဒေနှင့် ဣသရေလလူတို့နှင့်ပြုခဲ့သော ပဋိညာဉ်တရားတို့သည် မောရှေ၏စိတ်ထဲတွင် အဓိကထားရှိသည်။ ရုပ်တုများနှင့်ဝေးဝေးရှောင်ရန်လိုအပ်ကြောင်းကို သူထပ်ခါတလဲလဲပြောခဲ့သည်။ ဘုရားသခင်သည်ကမ္ဘာကိုဖန်ဆင်းချိန်ကတည်းက အခြားသောလူမျိုးတို့ကဲ့သို့မဟုတ်ဘဲ ဣသရေလလူမျိုးကို စကားပြောဆိုခဲ့သည်။ ဣသရေလလူတို့ကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာက သူတို့ကိုသူ့လူမျိုးဖြစ်စေပြီး သူတို့သည်သူ့ကိုနာခံသောအခါ အသက်တာရှည်ခြင်းဆိုသော ကောင်းကြီးမင်္ဂလာကိုသူတို့ပိုင်ဆိုင်ရသည်။ မောရှေသည်အခြေချရာသစ်တွင် တရားဥပဒေစိုးမိုးရေးအုတ်မြစ်ချခဲ့သည်။

ဣသရေလလူတို့သည် ရုပ်တုများကိုရှောင်ကြဉ်ရန်အထူးမိန့်မှာထားချက်ကို မောရှေအလေးပေးဖော်ပြသည်။ ရုပ်တုကိုးကွယ်ခြင်းသို့ပြောင်းလဲသွားမည့်သူတို့၏သားသမီးများသည် ဘုရားသခင်၏အမျက်တော်ကို ဖြစ်ပေါ်စေကြမည်။ ရုပ်တုကိုကိုးကွယ်ခြင်းသည် စစ်မှန်သောဘုရားသခင်တည်ရှိမှုကိုငြင်းပယ်သောကြောင့် ရွံရှာဖွယ်အကောင်းဆုံးအပြစ်ဟု ရှုမြင်ကြသည်။ ဤအပြစ်၏ကြီးမားသောသဘောသဘာဝ မည်သို့ပင်ရှိစေကာမူ ၎င်းကိုယနေ့တွင်ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနေကြသည်။ ဣသရေလလူတို့အတွက် ပြောင်းလဲ၍အခြားတပါးသော တိုင်းပြည်တို့ကိုအတုယူလျက်ဘုရားသခင်ကိုဆန့်ကျင်ဘက်ပြုရန်မှာ အလွန်လွယ်ကူကြောင်းကို ဘုရားသခင်သိထား၏။ သူသည်ထိုပြစ်မှားခြင်း၏အန္တရာယ်ကို သူတို့အားသတိပေးခြင်းကို မရပ်တန့်ခဲ့ပါ။

ထိုအပြစ်ကျူးလွန်ခြင်းအတွက် အဆုံးစွန်သောပြစ်ဒဏ်မှာ လူတို့ကိုအခြားသောလူမျိုးများကြားထဲ အရပ်ရပ်သို့ကွဲပြားစေခြင်းဖြစ်သည်။ သူတို့သည် အဲဂုတ္တုပြည်၌ရှိခဲ့ကြသကဲ့သို့ တခြားသောလူတို့ကြား သူစိမ်းဖြစ်ကြလိမ့်မည်။ ထို့အပြင် သူတို့သည်မမြင်နိုင်၊ မကြားနိုင်၊ မစားနိုင်၊ အနံ့မရှူနိုင်သော ကျောက်နှင့်သစ်သားများဖြင့်လုပ်ထားသောဘုရားများကို အတင်းအကြပ်အစေခံစေခြင်းခံရသည်ကို သူတို့ကိုယ်တိုင်မြင်တွေ့ရမည်။ ဤတွင် မောရှေအလေးအနက်ပြောနေသည့်အချက်မှာ ဤရုပ်တုများသည် အသက်မရှိခြင်းဖြစ်သည်။ သူတို့သည် ကျောက်နှင့်သစ်သားဖြစ်နေမြဲဖြစ်သည်။ ဆိုလိုသည်မှာ သူတို့သည်သက်ရှိသောရုပ်ဝတ္ထုမဟုတ်ပါ။ ဤရုပ်တုနောက်ကို လိုက်သောသူတို့သည် သူတို့မိုက်မဲမှု၏နက်ရှိုင်းမှုကိုဖော်ပြသည်။ သို့သော် လူတို့သည်အမှန်တရားကိုဆုံးရှုံးသောအခါ စက်ဆုပ်ရွံရှာဖွယ်သောအလေ့အကျင့် ယိုယွင်းပျက်စီးခြင်းဖြစ်မည်ကို ကြိုတင်ခန့်မှန်းနိုင်သည်။

မောရှေ၏မိန့်ခွန်းသည် ပရောဖက်ပြုခြင်းဖြစ်သည်။ ဣသရေလလူတို့နှင့်ပြုခဲ့သော ပဋိညာဉ်တရားသည် မည်သို့ပင်ခိုင်မာမှုရှိစေကာမူ သူတို့သည်ရုပ်တုကိုးကွယ်ခြင်းသို့ ပြန်ဆွဲဆောင်ရန် စုံစမ်းသွေးဆောင်ခြင်းမှမလွတ်မြောက်ခဲ့ပါ။ တောကန္တာရမှတွေ့ကြုံမှုများသည် လူများကဘုရားသခင်ကို ငြင်းပယ်၍ရုပ်တုများနောက် လိုက်သွားစေသည့် ယေဘုယျအပြုအမူကိုဖော်ပြသည်။

**ဆင်ခြင်ရန်** - ရုပ်တုကိုးကွယ်ခြင်းသည် လူ၏စိတ်တွင်ရှိနိုင်သည်။
**ဆုတောင်းချက်-** အဖ၊ အကျွန်ုပ်ကိုရုပ်တုကိုးကွယ်ခြင်းသို့ ဘယ်တော့မှမပါသွားပါရစေနှင့်။

တနင်္ဂနွေ ၊ ဩဂုတ် (၁)
**တရားဟော ၄း၂၅-၄၉**
ဆာလံ ၈

*"လူသည် အဘယ်သို့သောသူဖြစ်၍ကိုယ်တော်သည် အောက်မေ့တော်မူရသနည်း။ လူသားသည်အဘယ်သို့သောသူ ဖြစ်၍ အကြည့်အရှုကြွလာတော်မူရသနည်း"*

# ဘုရားသခင်သည်မိမိကိုယ်ကိုစကားအားဖြင့်ဣသရေလလူတို့ထံဖော်ပြသည်

ဣသရေလလူတို့အတွက် ခပ်သိမ်းသောအရာတို့သည် ဆုံးရှုံးခဲ့ရသည်မဟုတ်ပါ။ သူတို့သည်ဘုရားသခင်ကိုစိတ်နှလုံးအားဖြင့် ရှာလျှင်တွေ့ကြလိမ့်မည်။ ၎င်းသည် ဘုရားသခင်၏ကျေးဇူးတော်ကို ပြသခြင်းဖြစ်သည်။ အကြောင်းမူကား သူတို့သည်သူတို့၏အပြစ်များ၌ သေကြရမည်ကိုအလိုမရှိဘဲ သူတို့သည်ကယ်တင်ခြင်းခံရဖို့အလိုတော်ရှိသည်။ ဘုရားသခင်ပေးသောကမ်းလှမ်းချက်သည် သူတို့မျှော်လင့်ခြင်းမပျောက်ဖို့ရန်လိုအပ်ကြောင်းကို သူတို့အားနှစ်သိမ့်ပေးသင့်သည်။ သူတို့သည် မိမိကိုယ်ကိုတိုင်းတပါးပြည်သို့ နှင်ထုတ်ခံရကြောင်းကိုမြင်တွေ့သောအခါ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်နိုင်ကြသေးသည်။

ဣသရေလလူတို့ထံသို့ မောရှေကြားသိစေသော ကြေညာချက်တို့သည်ကြိုတင်ဟောကိန်းထုတ်ချက်များဖြစ်သည်။ ၎င်းကို ဣသရေလလူတို့၏နောက်ဆက်တွဲသမိုင်းကြောင်းက အတည်ပြုပေးသည်။ ရှောလမုန်သည် ဝတ်ပြုရာအိမ်တော်ကိုတည်ဆောက်သောအခါ ထိုအိမ်တော်ကိုအပ်နှံချိန်၌ ကြာမြင့်စွာဆုတောင်းခဲ့သည် (၆ ရာ ၆)။ သူသည် မောရှေပြောခဲ့သည့်စကားလုံးများကိုကိုးကားခြင်းလုပ်၍ ထိုသို့သောဘေးအန္တရာယ်များ၌ လူတို့သည်လွတ်မြောက်ရန်ဆုတောင်းခဲ့သည်။ မောရှေသည် ဤစကားတို့ကိုပြောဆိုသောအခါ ဘုရားသခင်၏ကျေးဇူးတော်ကို ခိုင်မာစေသည်။ "သင်တို့သည်နောင်ကာလ၌ ဒုက္ခဆင်းရဲကိုခံရ၍ ဤအမှုအလုံးစုံတို့နှင့်တွေ့ကြုံသောအခါ သင်တို့၏ဘုရားသခင်ထာဝရဘုရားထံတော်သို့ ပြန်လာ၍စကားတော်ကိုနားထောင်လျှင် သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် သနားတတ်သောဘုရား ဖြစ်တော်မူသောကြောင့် သင်တို့ကိုစွန့်ပစ်ဖျက်ဆီးတော်မမူ၊ သင်တို့ဘိုးဘေးတို့အားကျိန်ဆိုတော်မူသော ပဋိညာဉ်တရားကိုမေ့လျော့တော်မမူ" (တရား ၄း၃၀-၃၁)။ ဣသရေလလူတို့သည် ဘုရားသခင်ကိုသစ္စာရှိစွာ လိုက်ပို့ရန်သွေးဆောင်ခံရမည်အကြောင်း ဘုရားသခင်သည် သူ၏ကျေးဇူးတော်သတင်းစကားကို ဣသရေလလူတို့အားကြားသိစေသောမောရှေထံသို့ ဖော်ပြခဲ့သည်။ သူသည်သူတို့ကို မျှော်လင့်ချက်ပေး၍နှစ်သိမ့်စေခဲ့သည်။

ဘုရားသခင်သည် ယခင်ကတဦးချင်းစီအားပြောဆိုခဲ့သော်လည်း ယခုတွင် သူသည် လူမျိုးစုတစ်စုကို စကားပြောဆို၏။ ၎င်းသည် အာဗြဟံအား ပထမဦးဆုံးဖော်ပြခဲ့သောပဋိညာဉ်နှင့်အညီဖြစ်သည်။ မောရှေသည်သူတို့အား သိနာတောင်ပေါ်မှာဘုရားသခင်မိန့်တော်မူချက်ကိုပြန်ပြော၏။ ၎င်းသည် သူ၏ပဋိညာဉ်၏အစိတ်အပိုင်းဖြစ်၍ ဘုရားသခင်သည်ဤတိုက်ရိုက်နည်းဟန်ဖြင့် သူတို့နှင့်အတူ ရင်းနှီးစွာဆက်ဆံသည့်အခွင့်အရေးဖြစ်သည်။ ထိုအရာများသည် ဣသရေလလူတို့အားနောက်ဆုံးပြောဆိုသောစကားဖြစ်မည်ကို သူသိသောကြောင့်မောရှေသည် အလွန်ယုံကြည်စိတ်ချစွာပြောဆိုခဲ့သည်။ သူတို့သည်ဘုရားသခင်ရှေ့တော်၌ ထူးကဲသောလူမျိုးများဖြစ်ကြကြောင်းနှင့် သူတို့သည် ဘုရားသခင်၏အသံတော်ကိုနားထောင်၍ လိုက်နာရမည်အကြောင်းကို သူတို့အား သိစေချင်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို စောင့်ထိန်းခြင်းသည် လူသားတို့၏တာဝန်ဖြစ်သည်။

**ဆုတောင်းချက်-** အဖ၊ နှုတ်ကပတ်တော်၌ဖော်ပြထားသည့်အတိုင်း ကိုယ်တော်၏အလိုတော်ကို ကျွန်ုပ်လက်ခံပါရစေ။

တနင်္လာ၊ ဩဂုတ် (၂)

**တရားဟော ၄း၂၅-၄၉**

ထွက် ၃း၁-၁၀

*"ထာဝရဘုရားကလည်း အဲဂုတ္တုပြည်၌ရှိသော ငါ၏လူတို့ခံရသော ညှဉ်းဆဲခြင်းကို ငါစေ့စေ့မြင်ခဲ့ပြီ. . . "*

# ဘုရားသခင်သည်ဣသရေလအမျိုးကိုများပြားစေတော်မူ၏

ဘုရားသခင်သည် သူတို့ကိုတပါးအမျိုးသားလူတို့လက်ထဲမှ သူ၏မဟာတန်ခိုးတော်အားဖြင့် နှုတ်ယူတော်မူကြောင်းကို မောရှေအားဣသရေလလူတို့အား ကြားပြော၏။ ယာကုပ်နှင့်သူ့မိသားစုတို့သည် အဲဂုတ္တုပြည်သို့ရောက်သောအခါ သူတို့သည် ၇၅ ဦးသာဖြစ်ခဲ့ကြသည်။ နှစ်ပေါင်း ၄၀၀ ကြာပြီးနောက်တွင် သူတို့သည် နှစ်သန်းနီးပါးရှိသောလူမျိုးသို့ ကြီးထွားလာခဲ့သည်။ ဤလူဦးရေကိန်းဂဏန်းတိုးပွားလာခြင်းမှာ သူတို့၏ကြီးမားစေခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုလူမျိုးအတွက် အဲဂုတ္တုလူ့အဖွဲ့အစည်းအတွင်းသို့ လက်ခံဝင်ရောက်ဖို့ရန် အလွန်လွယ်ကူသော်လည်း ဘုရားသခင်သည် ၎င်းကိုတားဆီးခဲ့သည်။ ဘုရားသခင်သည် သူတို့ကိုအဲဂုတ္တုပြည်မှ နှုတ်ဆောင်ချင်သောအခါ သူတို့သည်ကွဲပြားခြားနားသောလူမျိုးဖြစ်နေခဲ့သည်။

မောရှေကိုယ်တိုင်သည် အဲဂုတ္တုရှင်ဘုရင်၏နန်းတော်၌ ကြီးပြင်းလာခဲ့သည်။ ဣသရေလလူမျိုးတို့၏သားသမီးများစွာသည် မွေးဖွားလာပြီးသူတို့ကို အဲဂုတ္တုလူတို့သည် ကျွန်ဖြစ်စေကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့သည်အဲဂုတ္တုပြည်၌ သူစိမ်းများဖြစ်ကြသောကြောင့်ဖြစ်သည်။ ဣသရေလလူတို့သည် လွတ်လပ်ခွင့်ကိုလိုလားကြသော်လည်း မည်သည့်အရာကိုလုပ်ဆောင်၍ မည်သည့်နေရာသို့သွားရမည်ကို မသိရှိခဲ့ကြပေ။ မောရှေမွေးဖွားချိန်တွင် အဲဂုတ္တုလူတို့သည်သူတို့၏လူဦးရေအရေအတွက်ကို စတင်စိုးရိမ်လာခဲ့ကြပြီး ဘုရင်ကဟေဗြဲမွေးကင်းစ သားယောကျာ်းလေးအားလုံးကိုသတ်ရန် အမိန့်တော်ထုတ်ပြန်ခဲ့သည်။ ၎င်းသည် သူတို့ကိုပို၍ဆင်းရဲခြင်းရောက်စေခဲ့သည်။ အရွယ်ရောက်လာသောမောရှေသည် မိဒျန်ပြည်သို့ထွက်ပြေးခဲ့သည်။ ထိုအရပ်၌အနှစ်လေးဆယ်ပတ်လုံး သူနေစဉ်တွင် ဘုရားသခင်ကသူ့ကို ဣသရေလလူတို့အား အဲဂုတ္တုလူတို့၏ ချုပ်နှောင်ခြင်းမှ ကယ်လွှတ်ဖို့ရန် အဲဂုတ္တုပြည်သို့ပြန်သွားရန်ခေါ်တော်မူ၏။ ထွက်မြောက်ရာကျမ်း၏ဖြစ်ရပ်အားလုံးသည် ဘုရားသခင်၏လုပ်ဆောင်ချက်ဖြစ်သည်။

အဲဂုတ္တုပြည်၌ သူတို့၏ကျွန်ခံရာမှဣသရေလလူတို့ကို ဘုရားသခင်လွှတ်ပေးခြင်းသည် သူတို့၏တိုးချဲ့ခံရခြင်းဖြစ်သည်။ သူတို့ရှေ့၌မောရှေသည် ဤစကားကိုပြောဆိုသည့်အတိုင်း ဘုရားသခင်သည် အာမောရိရှင်ဘုရင်နှစ်ပါးကို ကွပ်မျက်၍ထိုပြည်ကို ဣသရေလလူတို့အားပေးတော်မူသည်။ ဘုရားသခင်သည် သူတို့ထက်များပြား၍အားကြီးသောလူမျိုးတို့ကို မောင်းထုတ်ခဲ့ကြောင်း သူတို့ထံမောရှေပြောဆို၏။ အခန်းငယ် ၃၉ တွင်မောရှေက သူတို့အတွက်ဘုရားသခင်ပြုလုပ်ပေးခဲ့သောအရာများမှ သူတို့ဘာသင်ယူရမည်ကိုပြောခဲ့သည် "သို့ဖြစ်၍ထာဝရဘုရားသည် အထက်ကောင်းကင်ပေါ် အောက်အရပ်မြေကြီးပေါ်မှာ ဘုရားသခင်ဖြစ်တော်မူကြောင်းကို၎င်း၊ အခြားတပါးသောဘုရားမရှိကြောင်းကို၎င်း ယနေ့သိမှတ်၍နှလုံး၌သွင်းမိကြလော့"။ နောက်ပိုင်းတွင် ပရောဖက်များက ဘုရားသခင်မှလွဲ၍ ဘုရားမရှိကြောင်းဟူသော ထိုသို့သောအသုံးအနှုန်းကို အသုံးပြုခဲ့ကြသည်။ ဣသရေလလူတို့သည် ရုပ်တုကိုးကွယ်ခြင်းသို့ပြန်သွား၍ သွေးဆောင်ခံရသည့်အတွက် ထိုသို့မကြာခဏထပ်၍ မိန့်ဆိုခဲ့ကြသည်။

**ဆင်ခြင်ရန်** - ဣသရေလလူမျိုးကို ထူးကဲသောလူမျိုးဖြစ်စေကြောင်းကို ဘုရားသခင်သည် ကောင်းကင်ဘုံမှမိန့်တော်မူခဲ့သည်။

**ဆုတောင်းချက်-** အဖ၊ နှုတ်ကပတ်တော်အားဖြင့် အကျွန်ုပ်ကိုယနေ့စကားပြောတော်မူပါ။

အင်္ဂါ ၊ ဩဂုတ် (၃)

**တရားဟော ၄း၂၅-၄၉**

ဆာလံ ၁၁၉း၉၇-၁၀၄

*"ကိုယ်တော်၏တရားကိုအကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏။ တစ်နေ့လုံးဆင်ခြင်အောက်မေ့လျက်နေပါ၏"*

# ဘုရားသခင်၏ပညတ်တော်သည်စည်းမျဉ်းစည်းကမ်းနှင့်ငြိမ်းချမ်းရေး၏ရင်းမြစ်တစ်ခုဖြစ်သည်

ဣသရေလအမျိုးသားတို့သည် ဘုရားသခင်ထံသစ္စာရှိစွာရှိနေကြသောအခါ၊ သူတို့သည် အသက်တာရှည်ခြင်းဟူသောကောင်းကြီးမင်္ဂလာကို ခံစားရကြသည်။ ဖခင်နှင့်မိခင်တို့ကိုနာခံရန် အမိန့်မှာ ကောင်းကင်ဘုံ၌ရှိသော ဖခင်ကိုယ်တော်တိုင်ကို နာခံခြင်းဖြင့်အစပြုခဲ့သည်။ ၎င်းကို ထိန်းသိမ်းခြင်းအတွက် ဣသရေလလူတို့ကိုဂတိတော်ပေးထားသည်မှာ ရှည်သောအသက်တာဖြစ်သည်။ ထိုအမိန့်သည် မျိုးဆက်တိုင်းတွင် ဆက်လက်တည်ရှိနေသည့်ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းတစ်ခုဖြစ်သည်။

မောရှေသည် သူ့နေရာကိုဆက်ခံလာသောယောရှုကဲ့သို့ တိုင်းပြည်ခေါင်းဆောင်တစ်ဦးဖြစ်သည်။ တိုင်းပြည်အတွင်းရှိ ပြည်သူလူထု၏စည်းမျဉ်းစည်းကမ်းနှင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန် ဥပဒေများပြဋ္ဌာန်းရန်လိုအပ်သည်။ ယော်ဒန်မြစ်နှစ်ဘက်ခြမ်းစီတင် ခိုလှုံရာမြို့သုံးမြို့ကို ခွဲထားဖို့ရန် ဘုရားသခင်မိန့်တော်မူ၏။ မြို့သုံးမြို့အတွက် တောင်းဆိုထားသောမြေကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤမြို့များ၏ရည်ရွယ်ချက်မှာ အိမ်နီးချင်းကိုမရည်ရွယ်ဘဲသတ်ဖြတ်ခဲ့သောလူများအတွက် ဖြစ်သည်။ သူတို့အမှုကိစ္စကိုတရားသူကြီးတို့က ဖြေရှင်းမပေးခင်အထိ သူတို့၏အကာအကွယ် ထိုမြို့များထဲသို့ ပြေးခိုနိုင်၏။

မောရှေသည် ဘုရားသခင်၏ပညတ်တော်ကိုလူတို့ရှေ့မှောက်တွင်ထား၏။ ၎င်းလိုလူတိုင်းနားလည်ရန်နှင့်၎င်း၏စည်းမျဉ်းများကို လိုက်နာရန်ဖြစ်သည်။ အစောပိုင်းတွင် မောရှေကသူတို့ကို ဘုရားသခင်ပေးထားသောဥပဒေများသည် အခြားသောလူမျိုးအားလုံး၏ဥပဒေများထက် သာလွန်ကြောင်းကိုဖော်ပြခဲ့သည်။ ဣသရေလအမျိုးသားတို့သည် အချင်းချင်းလိုက်လျောညီထွေစွာ နေကြရမည်။ ဘုရားသခင်ပေးထားသောထိုဥပဒေသည် သူတို့ကိုထိုဦးတည်ချက်ဘက်သို့ လမ်းပြလိမ့်မည်။ ဣသရေလလူတို့၏တရားစီရင်ပိုင်ခွင့်နယ်မြေကိုလည်း အခန်းငယ် ၄၆ မှ ၄၉ တွင် ရှင်းလင်းဖော်ပြပေးသည်။ ဤပြည်ကိုသူတို့အား ဘုရားသခင်ပေးခဲ့ပြီးဖြစ်၍ ထိုဥပဒေသည်သူတို့၏နယ်နိမိတ်အတွင်း အကျုံးဝင်၏။ ဘုရားသခင်သည် သူ၏ထုတ်ပြန်ချက်တိုင်း၌ တိကျမှုရှိ၏။

ဘုရားသခင်၏ပညတ်တရားကိုပေးခဲ့ပြီး၊ ထိုပညတ်တရား၏တောင်းဆိုချက်များသည် အမြဲတမ်းတည်၏။ လူသည် ဘုရားသခင်၏ဥပဒေကိုလိုက်နာရန်ဖြစ်ပြီး အစဉ်မပြတ်နာခံမှုဆက်ရှိရန်ဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် သူသည်ဘုရားသခင်အတွက် အသုံးဝင်သောအသက်တာဖြင့် ရှင်သန်လိမ့်မည်။ ပညတ်တရား (ဥပဒေ)ကို ပြဋ္ဌာန်းခြင်းသည် ကယ်တင်ခြင်းလမ်းကို ညွှန်ပြသည့်နည်းလမ်းဖြစ်သည်။ လူသည် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်သော်လည်း ခွင့်လွှတ်မှုပေးခြင်းက ဘုရားသခင်၏ကျေးဇူးတော်ကို ထင်ရှားစေသည်။ ဘုရားသခင်သည် ခပ်သိမ်းသောလူတို့ကိုချစ်၍ သူတို့၏အပြစ်များမှကယ်တင်ရန် ယေရှုကိုပေးခဲ့သည်။ ယေရှုကိုသင်ယုံကြည်လက်ခံပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ ဥပဒေသည်စုံလင်ခြင်းရှိ၍ ကောင်းမွန်သောဥပဒေအားလုံး၏ အခြေခံဖြစ်သည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏ပညတ်တရားအားဖြင့် ကယ်တင်ခြင်းကောင်းကြီးမင်္ဂလာကို ကျွန်ုပ်ရှာတွေ့ပါရစေ။

ဗုဒ္ဓဟူး၊ ဩဂုတ် (၄)
**တရားဟော ၅း၁-၂၁**
မာကု ၁၀း၁၇-၂၂

*“. . . ကိုယ်ဥစ္စာရှိသမျှကိုရောင်း၍ ဆင်းရဲသော သူတို့အား ပေးလော့။ ထိုသို့ပြုလျှင် ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ရလိမ့်မည်. . . ”*

# ပညတ်တော်ဆယ်ပါးကို ထပ်ဖော်ပြခြင်း

သခင်ယေရှုခရစ်တော်သည် ပညတ်တော်ဆယ်ပါးကိုနှစ်ပါးအဖြစ် အကျဉ်းချုံးဖော်ပြခဲ့သည်။ ၎င်းတို့မှာ ဘုရားသခင်ကိုချစ်ခြင်းနှင့်အိမ်နီးချင်းကိုချစ်ခြင်းဟူ၍ ဖြစ်သည်။ ဤနေရာတွင် ဣသရေလလူအပေါင်းတို့သည် ဘုရားသခင်၏အသံတော်ကိုကြားခဲ့ရာအရပ် သိနာတောင်ပေါ်တွင် သူ့ထံသို့ပေးထားခဲ့သည့်ပညတ်တော်တို့ကို မောရှေသည်ပြန်၍ပြောဆိုထားသည်။ ဤစာအုပ်တွင် မှတ်တမ်းတင်ထားခြင်းမှာ ပညတ်တရားကိုဒုတိယအကြိမ်ပေးထားသည့်အရာဖြစ်ပြီး၊ ဣသရေလလူတို့သည် အချိန်တိုင်းနာခံရမည်ကို သတိပေးရန်ပညတ်တော်တို့ကို ထပ်၍ပြောဆိုခြင်းဖြစ်သည်။ ဤအရာတို့မှာ မောရှေသည်ဣသရေလလူတို့အား ထပ်မံတင်ပြသည့်အတိုင်း ပညတ်တော်၏မာတိကာများဖြစ်ကြသည်။

မောရှေက ဥပဒေပြဋ္ဌာန်းချက်နှင့်တရားစီရင်ရေးတို့ကို ဣသရေလလူတို့သည်ကြား၍ အာရုံစိုက်ဖို့ရန်ဖိတ်ခေါ်ထားသည်။ ဘုရားသခင်၏ပညတ်တော်၌ရှိသောအရာတိုင်းသည် အမိန့်တော်တစ်ခုစီ၏ တောင်းဆိုချက်များနှင့်တားမြစ်ချက်များအတွင်း ကျရောက်နေသည်။ ဤအရာတို့သည်ယုံကြည်သူတို့အား ဘုရားသခင်၏ဖွင့်ပြထားသောအလိုတော်တို့ကို လိုက်လျှောက်ဖို့ရှာဖွေရာ၌ လမ်းပြပေးလိမ့်မည်။ ဣသရေလလူတို့သည် ထိုဥပဒေပြဋ္ဌာန်းချက်တို့ကို စောင့်ထိန်းကြဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။

ဘုရားသခင်၏ပညတ်တော်သည် အပြစ်ကျူးလွန်မှုများနှင့်ပတ်သတ်၍ ကိုင်တွယ်ရာတွင် ခုံသမာဓိများအားလမ်းညွှန်ပေးသည်။ ဘုရားသခင်သည် ဤပညတ်တော်ပေးခြင်းကို ပဋိညာဉ်တစ်ရားတစ်ခုအဖြစ်ဖော်ပြခဲ့သည်။ ဆိုလိုသည်မှာ ၎င်းသည်ပြောင်းလဲ၍မရနိုင်သောထာဝရတည်မြဲသော သဘောတူညီချက်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤပဋိညာဉ်သည် သက်ရှိအားလုံးနှင့်သက်ဆိုင်၏။ ဘုရားသခင်သည် သူ၏ပညတ်တော်ကိုမိန့်ခွန်းစကားဖြင့်သော်၎င်း၊ ကျောက်ပြားပေါ်၌ ရေးထားသည့်ပုံစံဖြင့်သော်၎င်း ပေးပို့ခဲ့သည်။ အရေးအသားသည် ပြောင်းလဲ၍မရနိုင်သော အမြဲတမ်းမှတ်တမ်းတစ်ခုကိုဖြစ်စေသည်။ ၎င်းမှာ မိမိ၏နှုတ်ကပတ်တော်တို့ကို ဘုရားသခင်ထိန်းသိမ်းစောင့်ရှောက်သည့်နည်းလမ်းဖြစ်ပြီး သူတို့သည်သူ၏အလိုတော်ကို သိရှိ၍ပြုနိုင်ရန်အလို့ငှါ မူရင်းလက်ခံသူများ၏သားစဉ်မြေးဆက်များထံ သိရှိစေသောနည်းလမ်းဖြစ်သည်။

ဘုရားသခင်သည် မီးထဲ၌ဣသရေလလူတို့ကို မျက်နှာချင်းဆိုင်စကားပြောဆိုခဲ့သည်။ သူတို့သည် ဘုရားသခင်၏အသံတော်ကိုကြားနိုင်၍ မီးကိုမြင်နိုင်ကြသော်လည်း သူ၏မျက်နှာတော်ကိုမမြင်နိုင်ကြပေ။ သို့သော် အသံမှာအမှန်ဖြစ်ပြီး၊ သူ၏တည်ရှိနေခြင်းမှာ အငြင်းပွားစရာမရှိပေ။ ဂတိထားရာပြည်ထဲသို့ဝင်ရန် အသင့်ရှိသူများအား ဖွင့်ပြချက်ကိုမောရှေအတည်ပြုပေးသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ဘုရားသခင်နှင့်လူတို့ထံ၌ရှိသော တာဝန်ဝတ္တရားအောက်မေ့ရန် လိုအပ်သည်။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏နှလုံးသားထဲ၌ ကိုယ်တော်၏နှုတ်ကပတ်တော်တို့ကို အမြဲရေးထားခြင်းရှိပါစေ။

*“အကြောင်းမူကား၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ပညတ်တပါးကိုကျင့်လျှင်၊ ပညတ်တရားရှိသမျှကို အကြွင်းမဲ့ကျင့်ရာရောက်၏”*

# ပညတ်တော်ဆယ်ပါး၏ကျောက်ပြားနှစ်ခု (၁)

ပညတ်တော်ဆယ်ပါးကို ကျောက်ပြားနှစ်ပြားဖြင့်ပေးပြီး၊ ကျိုးကြောင်းဆီလျော်သော အပိုင်းနှစ်ပိုင်းသို့ခွဲလိုက်သည်။ ပထမကျောက်ပြား၌ရှိသောပထမပညတ်မှ စတုတ္ထပညတ်ထိ လိုက်နာစောင့်ထိန်းခြင်းသည် ဘုရားသခင်ကိုချစ်ကြောင်း ပြသသည်။ ဒုတိယကျောက်ပြား၌ရှိသော ပညတ်တော်တို့ကို လိုက်နာစောင့်ထိန်းခြင်းသည် မိမိ၏အိမ်နီးချင်းကိုချစ်ကြောင်း ပြသသည်။

တရားဟောရာကျမ်း၌ မှတ်တမ်းတင်ထားသောပထမကျောက်ပြားပေါ်ရှိ ပညတ်တော်များ-

(၁) ငါသည် သင့်ကိုကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသောဘုရားကိုမကိုးကွယ်နှင့်။

(၂) အထက်မိုယ်းကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသောအရာနှင့် ပုံသဏ္ဍာန်တူအောင်၊ ရုပ်တုဆင်းတုကိုကိုယ်အဘို့မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သောဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏အမျိုး အစဉ် အဆက် အထောင်အသောင်း တိုင်အောင်၊ ကရုဏာကိုပြသောဘုရားဖြစ်၏။

(၃) သင်၏ဘုရားသခင် ထာဝရဘုရား၏နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကိုမုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကိုအပြစ်မရှိဟု ထာဝရဘုရား မှတ်တော်မမူ။

(၄) ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ၊ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံး အလုပ်မျိုးကို ကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောကျ်ားမိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌ နေသော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုယ်းကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကိုခြောက်ရက်တွင် ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကို ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏နှလုံးသားထဲမှာ ပညတ်တော်ဆယ်ပါးကိုဝှက်ထားထိုက်သည်။
**ဆုတောင်းချက်-** အဖ၊ လျှို့ဝှက်ခြင်းမရှိဘဲ ကိုယ်တော်ကိုကျွန်ုပ်ချစ်ပါရစေ။

သောကြာ၊ သြဂုတ် (၆)
**တရားဟော ၅း၁-၂၁**
ဆာလံ ၁၁၉း၁၃၇-၁၄၄

*"နှုတ်ကပတ်တော်သည် အလွန်စင်ကြယ်သည်ဖြစ်၍၊ ကိုယ်တော်၏ကျွန်သည်နှစ်သက်ပါ၏"*

## ပညတ်တော်ဆယ်ပါး၏ကျောက်ပြားနှစ်ခု (၂)

ဓမ္မပုစ္ဆာဝိသဇ္ဇနာ (catechism) က ဤပညတ်ချက်တို့ကိုရှင်းလင်းသောဖော်ပြချက်ကို ပေးထား၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုချစ်သောအခါ၊ အခြားသောဘုရားများကို ကိုးကွယ်ကြလိမ့်မည်မဟုတ်ပါ (သို့မဟုတ်) သူ့ကိုရုပ်ပုံများဖြင့် သရုပ်ဖော်ကြမည်မဟုတ်ပါ။ သူ၏နာမတော်ကိုလည်း အချည်းနှီးမြွက်ဆိုကြမည်မဟုတ်ပါ။ သူ၏နေ့ကိုလည်း သန့်ရှင်းစွာစောင့်ထိန်းကြလိမ့်မည် (သခင်ဘုရား၏နေ့သည် ခရစ်ယာန်တို့၏အနားယူရာနေ့ဖြစ်သည့်ဥပုသ်နေ့ဖြစ်သည်။ သခင်ယေရှု ထမြောက်တော်မူသည်နှင့်အမျှ ခရစ်ယာန်ဥပုသ်သည် သီတင်းတပတ်၏ ပထမနေ့ဖြစ်သည်)။ သခင်ဘုရား၏နေ့တွင် ဘုရားဝတ်၌မွေ့လျော်ခြင်းအလုပ်၊ မရှိမဖြစ်လိုအပ်ချက်နှင့် ကရုဏာပြုသောအလုပ်များကိုသာ ပြုလုပ်နိုင်သည်။ ပညတ်တော်များ၏ဒုတိယကျောက်ပြား - ဤပညတ်တော်တို့မှာ အောက်တွင်ဖော်ပြချက်အတိုင်းဖြစ်ကြသည် -

(၅) သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည်အကြောင်း၊ သင်၏မိဘကိုရိုသေစွာပြုလော့။
(၆) လူ့အသက်ကိုမသတ်နှင့်။
(၇) သူ့မယားကိုမပြစ်မှားနှင့်။
(၈) သူ့ဥစ္စာကိုမခိုးနှင့်။
(၉) ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌ မမှန်သောသက်သေကိုမခံနှင့်။
(၁၀) ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အိမ်ကိုတပ်မက်လိုချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယား၊ သူ၏ကျွန်ယောကျ်ား မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာတစုံတခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်ဟု မိန့်တော်မူ၏။

ဤအမိန့်များ၏တားမြစ်ချက်မှာ သွယ်ဝိုက်၍ ညွှန်ပြသောအရာကိုလုပ်ဆောင်ဖို့ရန် ပြဌာန်းချက်များလည်းဖြစ်သည်။ မိဘတို့ကိုရိုသေခြင်းသည် သူတို့ကိုချစ်ကြောင်း ပြသခြင်းဖြစ်သည်။ မသတ်ဖြတ်ခြင်းသည် ကျွန်ုပ်တို့အိမ်နီးချင်း၏ဘဝကို ကာကွယ်စောင့်ရှောက်ထားခြင်းဟူသောပြဌာန်းချက်နှင့်ကျွန်ုပ်တို့ အိမ်နီးချင်း၏ရိုသေလေးမြတ်ထိုက်ခြင်းကို ထိန်းသိမ်းထားခြင်းကို ဆိုလိုသည်။ သူ၏ပိုင်ဆိုင်မှုများကို ကျွန်ုပ်တို့လေးစားပြီး အမှန်တရားကိုအချိန်တိုင်းပြောရပါမည်။ နောက်ဆုံးသောပညတ်တော်ကို ချိုးဖောက်ခြင်းမှာ နှလုံးသား၏အပြစ်ဖြစ်၍ လူသည်နိုးနိုးကြားကြားရှိဖို့လိုအပ်သည်။

**ဆင်ခြင်ရန်** - လောဘလွန်ကျူးခြင်းသည် အပြစ်အားလုံး၏မိခင်ဖြစ်သည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏ပညတ်တော်တို့ကို နာခံခြင်းအားဖြင့် ကျွန်ုပ်၏စိတ်နှလုံးကို သန့်ရှင်းစေတော်မူပါ။

စနေ၊ ဩဂုတ် (၇)
**တရားဟော ၅း၁-၂၁**
ဆာလံ ၁၁၉း၁၀၅-၁၁၂

*"အကျွန်ုပ်အသက်သည် ကိုယ်တော်လက်၌အစဉ် ရှိပါ၏။ သို့သော်လည်း၊ တရားတော်ကို မမေ့မလျော့ပါ"*

# ပညတ်တော်ဆယ်ပါးကို ထပ်၍ပြောဆိုခြင်း

ကျမ်းစာ၌ပါသောအရာတစ်ခုခုကို ထပ်ခါတလဲလဲပြောဆိုခြင်းသည် ၎င်း၏အရေးပါမှုကို အတည်ပြုရန်ဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်တစ်ခုလုံးသည် ပညတ်တော်ဆယ်ပါးအပေါ်တွင် ပူးတွဲထားသည်။

ဣသရေလလူတို့သည် မိမိတို့၏နေ့စဉ်အသက်တာကို အုပ်ချုပ်ရန်လုပ်လေ့ရှိသောကြောင့် မောရှေသည် သူတို့အောက်မေ့ဖို့ရန် ဤပညတ်တော်တို့ကိုကြေညာခဲ့သည်။ တစ်ဦးစီတိုင်းသည် ထိုတောင်းဆိုချက်ကို အချိန်တိုင်းသတိထားရပါမည်။ သူတို့သည် ပညတ်တော်အကြောင်းကို ဤအကြိမ်သည် နောက်ဆုံးအကြိမ်ကြားရခြင်းဖြစ်လိမ့်မည်မဟုတ်ပါ။

ဘုရားသခင်၏ပညတ်တော်သည် ဣသရေလူတို့၏အဓိကကျောရိုးဖြစ်ပြီး ဤအကူးအပြောင်းကာလတွင် ၎င်းကိုအတည်ပြုသည်။ ဤကျမ်းချက်တွင်မောရှေသည် နှုတ်ဆက်မိန့်ခွန်းပြောကြားခဲ့ပြီးယောရှုအားဦးဆောင်သော ရာဇလုံတကိုလွှဲပြောင်းပေးခဲ့သည်။ ယောရှုသည်ဤဣသရေလလူမျိုးကိုအုပ်စိုးသောခေါင်းဆောင်အဖြစ်အလုပ်စတင်သော အချိန်တွင်ဘုရားသခင်သည် ယောရှုအားမိန့်တော်မူသောစကားမှာ- "ထိုပညတ်တိကျမ်းစာ၌ ရေးထားသမျှအတိုင်းကျင့်မည်ဟု စောင့်ရှောက်ခြင်းအလိုငှါကျမ်းစာကိုမဘတ်မရွတ်ဘဲမနေ၊ နေ့ညမပြတ်ကြည့်ရှုဘတ်ရွတ်ရမည်။ သို့ပြုလျှင်သင်သည်အကြံထမြောက်၍ အောင်မြင်လိမ့်မည်။ သင့်ကိုငါမှာထားသည် မဟုတ်လော။ အားယူ၍ရဲရင့်ခြင်းရှိလော့။ မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ဘုရားသခင်ထာဝရဘုရားရှိသည်ဟုမိန့်တော်မူ၏။" (ယောရှု ၁း၈-၉)။ ယောရှုသည် ဤညွှန်ကြားချက်များကို လိုက်နာခြင်းဖြင့်အောင်မြင်ခဲ့သည်။

ဒါဝိတ်သည်ရှင်ဘုရင်လာသောအခါ၊ သူ့ဆာလံကျမ်းမှာဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏ပညတ်တော်ကိုချီးမြောက်ခဲ့သည်။ ရှောလမုန်သည်ဗိမာန်တော်ကို ဘုရားသခင်၏ပညတ်တော်နှင့်အညီ တည်ဆောက်ခဲ့ပြီး၊ အပ်နှံထားသည်။ ရှင်ဘုရင်တိုင်းသည်ပညတ်တော်စာအုပ်မိတ္တူ တစ်စုံကိုလက်ဝယ်ပိုင်ဆိုင်ထားရသည့်အတိုင်း၊ ကောင်းသောရှင်ဘုရင်တို့အားလုံးသည် ဤအမိန့်တော်ကိုလိုက်နာစောင့်ထိန်းကြသည်။ ယောရှဖတ်မင်းသည်လေဝိသားတို့ကို ပညတ်တော်အားသင်ကြားပို့ချပေးရန်ယုဒပြည်သို့စေလွှတ်ခဲ့သည်။ ဟေဇကိမင်းနှင့် ယောရှိမင်းတို့သည်အခြားမင်းကြီးများလျစ်လျူရှုခဲ့သည့်ဘုရားသခင်၏ပညတ်တော်ကို ပြန်လည်ကျင့်သုံးသောကြောင့်တိုင်းပြည်သို့ပြန်လည်နိုးထမှုယူဆောင်ပေးခဲ့ကြသည်။နေဟမိသည် ယေရုရှလင်မြို့ရိုးကိုဆောက်လုပ်ပြီးသောအခါ၊ သူသည်လူထုကိုစုရုံးစေပြီး၊ ဧဇရာသည်ပညတ်တော်ကျမ်းကိုယူဆောင်ခဲ့သည်။ ၎င်းကိုဖတ်ပြီးလူတို့ကိုရှင်းပြခဲ့သည်။ ဓမ္မသစ်ကျမ်းတွင်သခင်ယေရှုကိုယ်တော်တိုင်သည် ပညတ်တော်အပေါ် မှတ်ချက်ပေးပြီး၊ ၎င်း၏လက်တွေ့ကျင့်သုံးခြင်းကိုအဓိပ္ပာယ်ပေးခဲ့သည်။ ပညတ်တော်ဆယ်ပါးတွင်ကျင့်ဝတ်ဆိုင်ရာဥပဒေပါဝင်ပြီး၊ ခရစ်ယာန်များအတွက်၎င်းတို့ကို လိုက်နာရန်ယနေ့ထိခိုင်မာနေဆဲဖြစ်သည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဘုရားသခင်လမ်းပြသကဲ့သို့အသက်ရှင်လျက်၊ သူ့ကိုကိုးကွယ်ပါသည်။

**ဆုတောင်းချက်-** အဖ၊ ပညတ်တော်များသည် ကျွန်ုပ်၏လမ်းခရီးအတွက် အလင်းဖြစ်ပါစေ။

တနင်္ဂနွေ၊ ဩဂုတ် (၈)
**တရားဟော ၅း၂၂-၂၃**
မဿဲ ၂၂း၃၄-၄၀

*"ဤပညတ်နှစ်ပါးတို့ကား၊ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ်သတည်း"*

# ပညတ်တော်ဆယ်ပါးကိုပေးခြင်း

ဘုရားသခင်သည်ပညတ်တော်တို့ကိုရေးထားသော ကျောက်ပြားတို့ကိုပေးပို့သောအခါ၊ မောရှေသည်ထိုကာလ၏အဖြစ်အပျက်ကိုလူတို့အားပြန်ပြောပြသည်။ ၎င်းသည်ဘုရားသခင်၏လက်ရာတော်ထင်ရှားခြင်းဖြစ်ကြောင်းကို သူအတည်ပြုခဲ့သည်။ လူတို့သည်လည်း ဘုရားသခင်၏အသံကိုကြားခဲ့သောကြောင့် ဤပညတ်တော်များကိုလက်ခံခဲ့ကြသည်။ မောရှေအားဘုရားသခင်နှင့်သူတို့ကြား ဖျန်ဖြေပေးဖို့သူတို့တောင်းဆိုခဲ့ကြပြီး၊ ဘုရားသခင်သည်သူတို့၏ အဆိုကိုလက်ခံခဲ့သည်။ ထို့ပြင်သူသည် မောရှေအားပညတ်တော်၏အသေးစိတ်ရှင်းလင်းချက်ကို ထပ်ပေး၏။ ဘုရားသခင်၏ပညတ်တော်တို့သည်အစဉ်အမြဲရပ်တည်၏။

ပညတ်တော်ကိုပေးသည့်ပုံစံ- ဘုရားသခင်သည် တောင်ပေါ်တွင်စုဝေးသောဣသရေလလူအပေါင်းတို့ကိုမိန့်ဆိုခဲ့သည်။ ဘုရားသခင်တည်ရှိခြင်းကိုမီး၊ မိုယ်းတိမ်နှင့်မှောင်မိုက်တို့အားဖြင့် ဖော်ပြခဲ့သည်။ ဘုရားသခင်သည်ကြီးသောအသံဖြင့် သူတို့စကားပြောသည့်အတိုင်းလူတို့သည် ဘုရားသခင်၏အသံကိုကြားခဲ့ကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကို တစ်ကြိမ်သာပေးတတ်၏။ အကြောင်းမှာမိမိကိုယ်ကို ငြင်းပယ်လို့မရသောကြောင့်ဖြစ်သည်။ ဣသရေလလူတို့ထံ သူပေးထားသောဥပဒေများ၊ အထုံးအဖွဲ့တို့နှင့်တရားစီရင်ခြင်းတို့သည် ဘယ်တော့မှပြင်ဆင်ခြင်းလုပ်လို့မရနိုင်ပါ။ သူတိုကိုတစ်ကြိမ်ပေးပို့ခဲ့ပြီး၊ အမြဲတမ်းတည်ကြ၏။

ကျမ်းစာကိုဘုရားသခင်၏ နှုတ်ကပတ်တော်အဖြစ်များသောအားဖြင့် ရည်ညွှန်းထားသည်။ သူ့လက်ချောင်းတော်တို့ဖြင့် ရေးထားသောကျောက်ပြားနှစ်ပြားကိုသူပေးပို့သောကြောင့် ဘုရားသခင်ကိုယ်တော်တိုင်သည် ကျမ်းစာကိုအဦးဆုံးရေးသားသူဖြစ်သည်။ ပညတ်တရားပြည့်စုံရန်လိုအပ်သောအခြားအကြောင်းအရာတို့ကို ရေးသာရန်မောရှေကိုမိန့်တော်မူခဲ့၏။

သူသည်ကျောက်ပြားနှစ်ပြားကို မောရှေအားပေးခဲ့သည်ဟု ထွက်မြောက်ရာကျမ်း၂၄း၁၂ တွင်ဖော်ပြထားသည်။ ဤကျောက်ပြားတို့မှာဘုရားသခင်၏ ဦးဆောင်မှုအောက်မှာ ဣသရေလလူတို့၏ကြွယ်ဝချိန်ကာလအတွင်းနှစ်ပေါင်းများစွာ သန့်ရှင်းသောပဋိညာဉ်သေတ္တာထဲမှာ ဆက်လက်ရှိခဲ့ကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စာဖြင့်၎င်း၊ နှုတ်အားဖြင့်၎င်းပေးခဲ့ပြီး၊ ၎င်းသည်ယနေ့တိုင်အမှန်တည်ရှိနေဆဲဖြစ်သည်။ ၎င်းကိုသင်ယုံကြည်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်တို့မှာ ပြည့်ဝစုံလင်၍ ထာဝရဖြစ်သည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏နှုတ်ကပတ်တော်တို့ကို နာခံခြင်းသည်ကျွန်ုပ်၏ကောင်းကြီးမင်္ဂလာဖြစ်စေတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၉)

**တရားဟော ၅း၂၂-၃၃**

ယော ၁၂း၂၇-၃၁

*“. . . ထိုအခါ ကောင်းကင်မှစကားသံကား၊ ငါချီးမြှောက်ခဲ့ပြီ၊ တဖန်ချီးမြှောက်ဦးမည်ဟု လာ၏”*

# ပညတ်တော်အပေါ် လူထု၏တုံ့ပြန်မှု

မိမိကိုနားဖြင့် ဘုရားသခင်၏စကားသံကိုကြားသိသောကြောင့် မျိုးနွယ်စုခေါင်းဆောင်များနှင့်အသက်ကြီးသူတို့သည် မောရှေထံသို့လာရောက်ကြသည်။ ထိုအသံ၏ရင်းမြစ်နှင့် ပတ်သက်၍သူတို့သံသယမရှိပါ။ သူတို့သည်ဘုရားသခင်၏စကားတော်ကို ယုံကြည်၍နာခံချင်ကြသည်။ ဘုရားသခင်သည်သူ၏ဘုန်းတန်ခိုးနှင့်ကြီးမြတ်မှုကိုသူတို့အား ပြသကြောင်းကိုဎင်း၊ သူတို့သည်မီးထဲက ဘုရားသခင်၏စကားတော်ကိုကြားခဲ့ကြောင်းမောရှေထံ ပြောဆိုခဲ့ကြသည်။ ဘုရားသခင်သည် လူနှင့်စကားပြောနိုင်ပြီး၊ အသက်ရှင်နေကြောင်းကို သူတို့သိမြင်ခဲ့သည်။ သို့သော်၊ သူတို့သည်နောက်တဖန်ဘုရားသခင်၏စကားတော်ကိုကြားကြလျှင် သေဆုံးကျမည်ကိုကြောက်လန့်ကြသည်။

ဘုရားသခင်သည် တစ်ကြိမ်စကားပြောဆိုခဲ့ပြီး၊ မောရှေသည်နှစ်ကြိမ်တိုင်ကြားခဲ့သည်။ ကလေးအသုံးအနှုန်းတွင်၊ လူသည်နားနှစ်ဘက်ရှိသောကြောင့်နှစ်ကြိမ်ကြားနိုင်သည်ဟု ပြောလို့ရသည်။ သို့သော်၊ အဓိကဆိုလိုသည့်အချက်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုမမှတ်မသုန်အာရုံစူးစိုက်မှုပေးရပါမည်။ ဣသရေလလူအကြီးအကဲတို့သည် သူတို့ထံမှဘုရားသခင်တောင်းဆိုခဲ့သောအရာကိုသိခဲ့ကြသည်။ တစ်စုံတစ်ရာသည် သူတို့ကောင်းစွာမသိကြလျှင် မောရှေအားမေးမြန်းကြလိမ့်မည်။ ဤဖော်ပြချက်သည် သူတို့အတွက်အထူးသတင်းစကားဖြစ်ကြောင်းနှင့် သူတို့အပြည့်အဝအာရုံစိုက်ကြမည်ဟု သူတို့ဝန်ခံ၏။ သူတို့ထဲတွင်ဘုရားသခင်ရောက်ရှိနေခြင်းနှင့် ထိုထင်ရှားမှုသည်ကြောက်စရာကောင်းသောအတွေ့အကြုံဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် သခင်ယေရှုခရစ်တော်သည်မြေကြီးပေါ်ရှိနေစဉ်တွင် ခရစ်တော်သည်ဘုရားသခင်၏သားတော် အမှန်ဖြစ်ကြောင်းကို အတည်ပြုကြောင်းနှစ်ကြိမ်တိုင်ကောင်းကင်မှအသံ ရောက်လာခဲ့သည်။ သူနှင့်အတူရှိခဲ့သောတပည့်တော်များသည်ထိုအသံကိုကြားခဲ့ကြပြီး သူတို့လည်းထိုဆက်သွယ်မှု၏ ရင်းမြစ်နှင့်ပတ်သတ်၍ သံသယမရှိကြပေ။ ဘုရားသခင်စကားပြောသောအခါ လူသည်ကြား၍သူ့ကိုကောင်းစွာနားလည်ကြသည်။

မောရှေကို လူထုတို့၏တောင်းဆိုချက်- မောရှေအားဘုရားသခင်နှင့်သူတို့ကြားတွင် ဖျန်ဖြေသူဖြစ်ရန်တောင်းဆိုခဲ့ပြီး သူတို့သည်လည်းဘုရားသခင်အားနာခံရန်ဂတိပြုခဲ့ကြသည်။ အခန်းငယ် ၂၇တွင် သူတို့၏အသနားခံချက်မှာ- “ကိုယ်တော်သည် အနီးအပါးသို့ချဉ်းသွား၍ အကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသမျှကို နားထောင်တော်မူပါ။ အကျွန်ုပ်တို့ဘုရားသခင်ထာဝရဘုရားသည်ကိုယ်တော်အားမိန့်တော်မူသမျှကို ဆင့်ဆိုတော်မူပါ။ အကျွန်ုပ်တို့သည် နားထောင်၍ ပြုပါမည်ဟုလျှောက်ဆိုကြ၏။” ထို့နောက်သူတို့ပြောသောစကားတို့ကို ဘုရားသခင်ကြားကြောင်းကိုဎင်း၊ မောရှေသည်ဘုရားသခင်နှင့် သူတို့ကြားတွင်ဖျန်ဖြေရမည်ဟူသော သူတို့၏အဆိုပြုချက်ကိုလက်ခံကြောင်းကိုဎင်း မောရှေသည် သူတို့ကိုပြန်အသိပေးသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် သူ၏စကားတော်များကို အတည်ပြုရန်ကောင်းကင်မှမိန့်တော်မူ၏။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏အသံကို အချိန်တိုင်း ကျွန်ုပ်ကြားပါရစေ။

အငါ်၊ ဩဂုတ် (၁၀)
**တရားဟော ၅း၂၂-၃၃**
ထွက် ၂၀း၁၈-၂၃

*“ကိုယ်တော်သည် အနီးအပါးသို့ ချဉ်းသွား၍၊ အကျွန်ုပ်တို့ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသမျှကို နားထောင်တော်မူပါ။ အကျွန်ုပ်တို့ ဘုရားသခင် ထာဝရဘုရားသည် ကိုယ်တော်အား မိန့်တော်မူသမျှကို ဆင့်ဆိုတော်မူပါ. . . ။”*

# ဘုရားသခင်သည် လူနှင့်အမှန်စကားပြော၏

Deism က ဘုရားသခင်တည်ရှိသော်လည်း ဘုရားသခင်ကြားဝင်မှုနှင့် ဆက်သွယ်မှုမရှိဘဲ လူသားများကိုမိမိကိုယ်ကိုကာကွယ်ရန် ချန်ရစ်ထားခဲ့သည်ဟု သွန်သင်၏။ လူဘဝကနေ မေတ္တာရှင် ဘုရားသခင်ကိုဖြတ်ပစ်ရန်မှာ အလွန်မှားယွင်း၍ဆိုးယုတ်သောအယူဝါဒဖြစ်ပါ၏။ အမှန်တရားမှာ ဘုရားသခင်သည်လူနှင့်ဆက်သွယ်ခြင်းကို ဘယ်သောအခါမျှ မရပ်တန့်စေပါ။ ဘုရားသခင်သည် လူနှင့်စကားပြောဆိုခြင်းကိုရပ်တန့်ခဲ့လျှင် လူသည်အပြစ်၌သေကြေပျက်စီး၍ ထာဝရညှင်းဆဲခြင်း၏ အနက်ဆုံးသောတွင်းထဲသို့ တရားမျှတစွာပစ်ချခြင်းခံရလိမ့်မည်။

ဘုရားသခင်သည် လူနှင့်ဆက်လက်စကားပြောနေသောကြောင့် ကျေးဇူးတင်ပါ၏။ သူသည် “ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် . . . အထပ်ထပ်အနည်းနည်း. . .” (ဟေဗြဲ ၁း၁) ဖြင့်စကားပြောတော်မူသည်။ ဓမ္မဟောင်းကျမ်းတွင်ဘုရားသခင်သည် သူလူတို့နှင့်အတူ ဆက်သွယ်မှုကိုဤနည်းဖြင့်ဖော်ပြသည်။ သို့သော် တရားဟောရာကျမ်း ၅ (နှိုင်း ထွက် ၂၀) တွင် ဘုရားသခင်သည် သိနာတောင်မှလူနှင့်စကားပြောဆိုခဲ့ပြီး လူသားအားပညတ်တော်ဆယ်ပါးကို ပေးခဲ့သည်။ လူသည်သူ၏ကြောက်မက်ဖွယ်ကောင်းသောအသံကို ပထမဆုံးနှင့်နောက်ဆုံးအကြိမ် ကြားခဲ့ရသည်။ သူသည် ဘုရားသခင်၏စကားကိုကြားသောအခါ ကြောက်ရွံ့ခဲ့သည်။ သူကြောက်ခဲ့သည်မှာ မှန်သောအရာဖြစ်၏။ သို့သော် ၎င်းမှာသူ့အားဘုရားသခင်ထံမှမောင်းထုတ်ရန်မဟုတ်ဘဲ ဘုရားသခင်ထံဖိတ်ခေါ်ခြင်းဖြစ်သည်။ အကြောင်းမူကား ဘုရားသခင်ကိုကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏။ ဤအရာမှာ ဘုရားသခင်သည်လူနှင့်စကားပြောရခြင်း၏ ပထမအကြောင်းအရင်းဖြစ်သည်။ လူသည်ဘုရားသခင်ထံ ပြန်လာဖို့ရန် ခရစ်တော်ကိုကယ်တင်ရှင်နှင့် သခင်အဖြစ်သိဖို့ရန်လိုအပ်သည်။ သူသည် ဘုရားသခင်အားပြစ်မှားခဲ့ပြီး ခရစ်တော်တပါးတည်းသာ ဘုရားသခင်၏အမြတ်တော်မှသူကို ကယ်တင်နိုင်ကြောင်းကို သူနားလည်သဘောပေါက်စေဖို့ ကူညီပေးရန် ဘုရားသခင်သည်သူလူအား ပညတ်တော်ဆယ်ပါးကို ပေးတော်မူ၏။ ဘုရားသခင်သည် ယနေ့တွင်လည်း သူ၏သန့်ရှင်းသောနှုတ်ကပတ်တော်အားဖြင့် ဆက်လက်စကားပြောဆိုနေ၏။

ဒုတိယအကြောင်းအရင်းမှာ ဘုရားသခင်သည်အသက်ရှင်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည်သေသောဘုရားမဟုတ်ပါ။ သူ့ကိုနားရှိသော်လည်းမကြားနိုင်၊ ပါးစပ်ရှိသော်လည်း စကားမပြောနိုင်၊ မြင်လည်းမမြင်နိုင်သည့် သေသောရုပ်တုများအဖြစ် မပြုလုပ်ကြပါနှင့်။ ဘုရားသခင်သည် အသက်ရှင်တော်မူသောကြောင့် မြင်နိုင်ကြားနိုင်၍စကားပြောနိုင်၏။ ဂတိထားရာပြည်သို့ အဲဂုတ္တုပြည်မှထွက်ခွာစဉ် ကသရေလလူတို့ကို နှစ်သိမ့်ခဲ့သကဲ့သို့ လူသည်လည်းနှစ်သိမ့်မှုခံစားရမည်။ ၎င်းသည် ဒုက္ခပြဿနာ၊ အခက်အခဲများနှင့်ပြည့်သောခရီးဖြစ်သော်လည်း အသက်ရှင်တော်မူသော ဘုရားသခင်သည် လမ်းခရီးတစ်လျှောက်လုံး သူတို့နှင့်အတူရှိတော်မူ၏။ ဤသည်မှာ ယနေ့ခေတ်လူတို့အတွက်လည်း မှန်ကန်၏။ ကျွန်ုပ်တို့စိတ်ထိခိုက်နာကျင်နေချိန်တွင် ဘုရားသခင်သည် နှစ်သိမ့်ပေး၏၊ စိတ်ချစေ၏၊ ခွန်အားပေး၍ကာကွယ်ပေး၏။ ကျွန်ုပ်တို့သည်လမ်းလွဲသောအခါ ဘုရားသခင်သည်သတိပေးဆုံးမသည်။ ကျွန်ုပ်တို့ဆုတောင်းသောအခါ ဘုရားသခင်သည်ကျွန်ုပ်တို့၏တောင်းဆိုချက်ကိုကြားသိတော်မူ၏။ ကျွန်ုပ်တို့သည် ဝိုင်းပယ်ခံရသောအခါ ဘုရားသခင်သည်ကျွန်ုပ်တို့၏ လိုအပ်ချက်မှန်သမျှကိုပေး၏။ ကျွန်ုပ်တို့သည် သစ္စာမရှိသောအခါတွင် ဘုရားသခင်သည် သစ္စာစောင့်တော်မူ၏။ ဘုရားသခင်သည် လူနှင့်စကားပြောသည်ဟု ယုံကြည်သောသူများအတွက်သာ ဤအရာသည်မှန်ကန်၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်သောအခါ (သို့) နှုတ်ကပတ်တော်ကိုဟောကြားခံရသောအခါ ဘုရားသခင်၏အသံကို ကျွန်ုပ်ကြားရသလား။

**ဆုတောင်းချက်-** ကောင်းကင်ဘုံအဖ၊ ကျွန်ုပ်သည်ကြားနိုင်ပါမည်အကြောင်း ကျွန်ုပ်၏နားကို ဖွင့်ပေးတော်မူပါ။

*" . . . သင်တို့ကိုအပြစ်တင်သောသူတပါးရှိသေး၏။ ထိုသူကား သင်တို့ကိုကိုးစားသောမောရှေပေတည်း"*

## မောရှေထံပေးသည့်ထပ်မံညွှန်ကြားချက်များ

ပြည်သူအမှုကိစ္စများတွင် ဘုရားသခင်၏ဥပဒေကိုလက်တွေ့ကျင့်သုံးခြင်းသည် ရန်မူသော သူတို့အဖို့တရားသဖြင့်စီရင်ခြင်းကိုပေး၏။ ဘုရားသခင်၏ဥပဒေများသည် သာလွန်မြင့်မြတ်ကြောင်း နှင့် အခြားမည်သည့်လူမျိုးကမျှ ထိုကဲ့သို့သောဥပဒေများမရှိကြောင်း အစောပိုင်းကတွေ့ရှိခဲ့သည်။

မောရှေသည် တောင်ပေါ်တွင်ကျန်ရစ်၍ ဘုရားသခင်သည်သူ့ကိုပညတ်တော်များ၊ အထုံး အဖွဲ့များနှင့်တရားစီရင်ခြင်းများကို ထပ်၍ပေးခဲ့သည်။ လူများတို့ကိုလွှတ်လိုက်သောအခါ သူ့ကို ဘုရားသခင်မိန့်တော်မူသည် "သင်မှာမူကား ဤအရပ်၌ငါ့အနားမှာရပ်နေလော့။ သူတို့အား ငါအပိုင် ပေးသောပြည်၌ သူတို့ကျင့်ဖို့ရာ သင်သည်သူတို့အားသွန်သင်ရသော စီရင်ထုံးဖွဲ့ချက် ပညတ်တရား အလုံးစုံတို့ကို ငါမြွက်ဆိုမည်ဟု ငါ့အားမိန့်တော်မူ၏" (တရား ၅း၃၁)။ ဘုရားသခင်မိန့်တော်မူသမျှ အတိုင်း မိမိတို့၏တာဝန်ကိုလိုက်နာဆောင်ရွက်ခြင်းငှါ သူတို့ကိုသတိပေး၏။ သူတို့သည် လက်ျာ ဘက် (သို့) လက်ဝဲဘက်သို့မကွေ့သင့်ပါ။ ဤဖော်ပြချက်သည် ဘုရားသခင်၏ပညတ်တော်လိုက်နာ နည်းကိုရှင်းလင်းစွာ ဖော်ပြသည်။ ၎င်းသည် နာခံမှုအပြည့်ကိုတောင်းဆိုထားသည်။

တဖန် မောရှေအနိစ္စရောက်ပြီးနောက်၊ ဘုရားသခင်သည် ဣသရေလအမျိုးကို ဦးဆောင် ဖို့ရန် ယောရှုကိုတာဝန်ပေးသောအခါ သူသည်ဤအသုံးအနှုန်းမျိုးကို အသုံးပြုခဲ့သည်။ ယောရှုသည် ဘုရားသခင်သည် ပညတ်တော်ရှိသမျှကို လိုက်နာစောင့်ထိန်းရန်ဖြစ်ပြီး လက်ျာဘက် (သို့) လက်ဝဲ ဘက်သို့မကွေ့ရပါ။ ပညတ်တော်ကိုလက်ခံရရှိပြီးနောက် အရေးအကြီးဆုံးအရာမှာ ၎င်းကိုနာခံရန် ဖြစ်သည်။ ၎င်းကိုအလွန်အသားပေးဖော်ပြရန်မရနိုင်ပါ။ ဣသရေလလူတို့သည် ဘုရားသခင်၏ လမ်းခရီးရှိသမျှ၌ လိုက်လျှောက်ရန်လိုအပ်သည်။ ပညတ်တော်တို့ကို စောင့်ရှောက်ခြင်းနှင့်ဆိုင်သော ဂတိတော်သည် အသက်ရှည်ခြင်းဖြစ်၏။ ဤအချက်မှာမိဘကိုရိုသေခြင်းဟူသော ပဥ္စမပညတ်ချက် နှင့်ဆင်တူသည်။ ပထမမိဘသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ ဆန့်ကျင်ပုံကန်သူအားလုံး ၏ အသက်ကိုတိုစေလိမ့်မည်။

အချိန်မည်သို့ပင်ဖြစ်ပါစေ၊ ဘုရားသခင်၏ပညတ်တော်သည် ထာဝရတည်၏။ ကျွန်ုပ်တို့ သည် ၎င်းကိုကောင်းစွာလေ့လာပြီးနားလည်ကြပါစို့။ သခင်ယေရှုခရစ်တော်သည် ပညတ်တရား အလုံးစုံကိုပြည့်စုံစေခြင်းငှါ လာသတည်း။ မောရှေသည်သူ့အကြောင်းကို ရေးသားခဲ့ကြောင်းကို သူ အတည်ပြုပေး၏။ ယုဒလူတို့သည်မောရှေကိုယုံကြည်လျှင် ယေရှုကိုလည်း ယုံကြည်သင့်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်နောက်ကိုလိုက်သောအခါ ထာဝရအသက်ကိုရရှိသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တော်သည် အချိန်အကန့်အသတ်မရှိဘဲ အမြဲတမ်းမှန်၏။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်သည် ကိုယ်တော်၏ပညတ်တရားကို လွန်ကျူးမိသောကြောင့် ကြောက်ရွံ့တုန်လှုပ်ပါစေ။

*“သူတို့သည် အထုံးအဖွဲ့တော်တို့အတိုင်းကျင့်၍ ပညတ်တရားတော်ကို စောင့်ရှောက်မည်အကြောင်း . . . ဟာလေလုယ”*

# ဘုရားသခင်ကိုနာခံခြင်းနှင့်အမှုတော်ကိုဆောင်ရွက်ခြင်း

ဘုရားသခင်၏ပညတ်တော်တစ်ခုလုံးသည် သူ့လက်ချောင်းဖြင့် ရေးသားထားသော ကျောက်ပြားနှစ်ပြား၏ပတ်လမ်းအတွင်းကျရောက်သည်။ ၎င်းတို့သည် အပိုင်းနှစ်ပိုင်းသို့ခွဲလိုက်သည့် ပညတ်တော်ဆယ်ပါးဖြစ်သည်။ ဤကျမ်းပိုဒ်တွင် မောရှေသည် ဤပညတ်တော်တို့ကိုရှင်းပြပြီး သူတို့ ပစ်မှတ်ထားသောပရိသတ်ကို မည်သို့ဆက်သွယ်သင့်သည်ကို တိုက်တွန်းခဲ့သည်။ ၎င်းတို့သည် ချက်ချင်း လက်ခံရရှိသူများနှင့်သော်၎င်း၊ လူမျိုးအားလုံးနှင့်သော်၎င်း၊ လူမျိုးဆက်အားလုံးတို့နှင့်သော်၎င်း သက်ဆိုင်မှုရှိ၏။

<u>ဘုရားသခင်၏ဗျာဒိတ်တော်အတွက် မောရှေ၏အလေးထားမှု</u> - ဘုရားသခင်သည် သူ၏ ပညတ်တော်များ၊ အထုံးအဖွဲ့တော်များနှင့် တရားစီရင်ခြင်းတို့ကို ဖော်ပြခဲ့သည်။ ဤအသုံးအနှုန်းများသည် အဓိပ္ပာယ်နီးကပ်နေကြပြီး တစ်ခုစီတိုင်းသည် ဘုရားသခင်၏ပညတ်တော်ကို လိုက်နာခြင်း လက္ခဏာသွင်ပြင်ကိုဖော်ပြသည်။ ဤပညတ်တော်တို့သည် သူတို့ဘဝ၏ကဏ္ဍအမျိုးမျိုးရှိသမျှတွင် ဘုရားသခင်၏လူတို့ကိုလမ်းပြဖို့ လုံလောက်ကြောင်းကိုမောရှေပြောဆို၏။ ဘုရားသခင်သည် သူတို့ ပိုင်ရမည့်ပြည်တော်၌ သူတို့သည်ဤပညတ်တော်များကို လိုက်နာရန်မှာကြားခဲ့သည်။ ဘုရားသခင်၏ ပညတ်တော်ကိုနာခံခြင်းက သူတို့ကိုတစ်ဦးနှင့်တစ်ဦး ကောင်းကောင်းပေါင်းသင်းပြီး သူတို့နေထိုင်ရာ နေရာတိုင်းတွင် သဟဇာတဖြစ်စေလိမ့်မည်။ ထိုသူတို့သည် ငြိမ်ဝပ်စွာနေ၍ ဘုရားသခင်၏နောက်တော်သို့လိုက်သောကြောင့် ကျေနပ်အားရကြလိမ့်မည်။ သူတို့သည်ဘုရားသခင်ကိုကြောက်ရွံ့ပြီး သူ၏အထုံးအဖွဲ့တို့ကို စောင့်ရှောက်ရန်သူမှာထားတော်မူသည်။

လူမျိုးနွယ်စု၌အပြစ်တရားရှိနေခြင်းနှင့် ၎င်းကိုယူဆောင်လာသောဖောက်ပြန်ပျက်စီးခြင်းမှာ ဘုရားသခင့်လူတို့ရင်ဆိုင်နေရမည့်အတားအဆီးတစ်ခုဖြစ်သည်။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း မရှိလျှင် နာခံမှုရှိသောလူမျိုးကိုဖန်တီးရန် မျှော်လင့်ချက်မရှိပါ။ မောရှေနှင့်ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှခရီးစဉ်အတွင်း လက်တွေ့ကြုံတွေ့ခဲ့ကြသည်။ ဘုရားသခင်၏လူသည် ပုံမှန်မှုကို အကြိမ်များစွာရင်ဆိုင်ခဲ့ရသည်။ အံ့ဩစရာအကောင်းဆုံးသောအရာမှာ ရွှေဖြင့်လုပ်သော နွားသူငယ်ရုပ်ကို ကိုးကွယ်စရာအဖြစ်ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ထိုထိပ်တိုက်ရင်ဆိုင်ခြင်းနှင့်ပုန်ကန်ခြင်း၏ အကျိုးဆက်များမှာ ဣသရေလလူမျိုးအား နှစ်ပေါင်းများစွာနောင်တရစေမည့်အရာဖြစ်သည်။ ထို အတွေ့အကြုံရှိထားပြီးဖြစ်သောကြောင့် မောရှေသည် ဣသရေလလူတို့အား ဘုရားသခင်၏စကားတော်ကိုနားထောင်ပြီး စောင့်ထိန်းရန်စိတ်အားထက်သန်စွာ အသနားခံတောင်းဆိုခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်တို့ကို ကြေငြာပေးဖို့ရန်သူ၏အစေခံတို့ကို ဘိသိက်ပေးသည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏နှုတ်ကပတ်တော်၌ချမှတ်ထားသောစည်းကမ်းများကို ကျွန်ုပ်အမြဲတမ်းထိန်းသိမ်းပါရစေ။

သောကြာ၊ ဩဂုတ် (၁၃)
**တရားဟော ၆း၁-၁၅**
ဟောပြ ၉း၁၉-၂၂

*"ဤအသွေးကား သင်၏ဘုရားသခင်ဝန်ခံတော်မူသော ပဋိညာဉ်၏အသွေးဖြစ်သည်ဟု ပြောဆို၏"*

# ဘုရားသခင်တပါးတည်းသာ ကြီးမြတ်တော်မူသောသူဖြစ်၏

ဤအရာတို့သည် ဣသရေလလူတို့ထံ ဆင့်ဆိုသောစကားများဖြစ်ကြသည်။ "အို ဣသရေလအမျိုး၊ ဘိုးဘေးတို့၏ဘုရားသခင်ထာဝရဘုရားဂတိတော်ရှိသည်အတိုင်း၊ သင်သည် နို့နှင့်ပျားရည်စီးသောပြည်၌ ချမ်းသာရ၍ အလွန်ပွားများမည်အကြောင်း နားထောင်လော့။ သတိနှင့်ကျင့်စောင့်လော့"(တရားဟော ၆း၃)။

နောက်ပိုင်းမျိုးဆက်များသည် ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်ထိန်းပြီးဘုရားသခင်၏ ဂတိတော်အတိုင်း အသက်ရှင်မည်။ ဘုရားသခင်သည် သူတို့ကိုမြေကြီးပေါ်မှာ အသက်တာရှည်စေဖို့ရန် ဂတိပေးသော်လည်း အကြီးမြတ်ဆုံးသောကောင်းကြီးမင်္ဂလာမှ မြေကြီးပေါ်မှာ ဆင်းရဲဒုက္ခများနှင့် သေခြင်းတရားအလွန်ရောက်ရှိမည့်ထာဝရအသက်ပေတည်း။ အပြစ်တရားကြောင့် သေခြင်းသည် ရောက်ရှိခြင်းဖြစ်သော်လည်း ထာဝရအသက်သည် ယေရှုခရစ်အားဖြင့် ရောက်ရှိ၏။ သူသည် များစွာသောလူသည် အပြစ်တရားမှကယ်တင်ခြင်းသို့ရောက်၍ ထာဝရအသက်ကို ရနိုင်ရန်အတွက် မိမိ၏အသက်ကို ရွေးနှုတ်ဖို့အခအဖြစ်ပေးခဲ့သော ဘုရားသခင်၏သားတော်ဖြစ်သည်။ ဤအရာမှာ ယနေ့ဟောပြောလျက်ရှိသော ဧဝံဂေလိသတင်းကောင်းဖြစ်သည်။ ယေရှုသည် ထိုကယ်တင်ခြင်းအတွက် အဖိုးအခကိုပေးခဲ့၏။ ထိုဧဝံဂေလိတရားသည်ပင် အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိသော်လည်း မောရှေဟောပြောခဲ့ခြင်းဖြစ်သည်။ ဣသရေလလူတို့သည် မြေကြီးပေါ်တွင် ထိုစဉ်ကအိမ်မရှိသောကြောင့် သူတို့မျှော်လင့်နိုင်သောအကောင်းဆုံးမှာ သူတို့ကိုဂတိထားရာပြည်ဖြစ်သည့်ခါနာန်ပြည်ဖြစ်၏။ ထို့ကြောင့် နို့နှင့်ပျားရည်စီးသော ဂတိတော်ပြည်မှာ သူတို့ရရှိရန် မျှော်လင့်သည့်အကောင်းဆုံးသောအရာဖြစ်သည်။ ၎င်းသည် သခင်ယေရှုခရစ်ကို ယုံကြည်သည်နှင့်အမျှ ဘုရားသခင်၏သားသမီးအားလုံးအမွေဆက်ခံရန် မျှော်လင့်သည့်ကောင်းကင်ဘုံ၏ အမျိုးအစားတစ်ခုဖြစ်သည်။

ပထမဆုံးသော ပညတ်တော်၏ဖော်ပြချက်မှာ ဘုရားသခင်တပါးတည်းသာရှိကြောင်းဖြစ်၏။ ၎င်းတွင် သူမှလွဲ၍အခြားတပါးသောဘုရားများဝတ်ပြုကိုးကွယ်ခြင်းကို ဘုရားသခင်တားမြစ်ထားသည်။ ဣသရေလလူတို့သည် စစ်မှန်၍တစ်ဆူတည်းသောဘုရားသခင်ကိုသာ ဆက်လက်ကိုးကွယ်ရမည်။ မောရှေကငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသောဘုရားသခင်ဖြစ်ကြောင်းပြောဆိုသောအခါတွင် သူသည်ပညတ်တော်ကိုပြန်လည်ပြောဆိုခြင်းဖြစ်သည်။ လူတိုင်းသည်၎င်းကို ထာဝရအမှန်တရားအဖြစ်အသိအမှတ်ပြုရမည်။ ပညတ်တရား၏အကြီးမြတ်ဆုံး ပညတ်နှင့်ပတ်သက်၍ ရှေ့နေတစ်ဦးကယေရှုအား မေးမြန်းသောအခါဤအချက်ကို ယေရှုကိုးကားဖော်ပြခဲ့သည်။ သူသည်တစ်ဆူတည်းသော ဘုရားသခင်ကိုယုံကြည်မှု၏နောက်ဆက်တွဲအဖြစ် အခန်းငယ် ၅ ကိုကိုးကားခဲ့သည်။" ဤအရပ်သို့မရောက်မီ၊ တော၌လှည့်လည်စဉ်တွင် သင်တို့အားပြုတော်မူသော အမှုကိုငင်း၊" ဟုဖော်ပြသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နောက်ကို လိုက်ရာတွင် ထာဝရအသက်ကိုတောင့်တခြင်းရှိ၏။
**ဆုတောင်းချက်-** ဘုရားသခင်၊ ထာဝရအသက်ကို မျှော်လင့်ခြင်း၌ ကျွန်ုပ်၏ဝမ်းမြောက်ခြင်း ရပ်တည်ပါစေသော်။

စနေ၊ ဩဂုတ် (၁၄)
**တရားဟော ၁၂း၁-၁၈**
၄ ရာ ၂၁း၁၀-၁၅

*"ကျန်ကြွင်းသော ငါ့အမွေလူတို့ကို ငါစွန့်၍ ရန်သူလက်သို့အပ်သဖြင့်. . . "*

# ဘုရားသခင်၏သတင်းစကားသည် ပညာအရှိဆုံးဆက်သွယ်မှုလိုအပ်သည်

အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်းဘုရားသခင်ကို ချစ်ခြင်းသည်ပညတ်တော်ဆယ်ပါး၏ပထမကျောက်ပြား၏ အတိုချုပ်ဖြစ်သည်။ ထို့ကြောင့်အခန်းငယ် ၅ ပါဖော်ပြချက်သည်လူတို့၏ဘုရားသခင်ထံတာဝန်ဝတ္တရား အတိုင်းအတာကိုဖော်ပြရာတွင် အလွန်ကြွယ်ဝ၏။ ထို့အပြင်ဘုရားသခင်၏နှုတ်ကပတ်တော်သည်လည်း သူ၏သားသမီးများ၏နှလုံးသား၌ တည်ရှိနေရန်ဖြစ်သည်။ ဘုရားသခင်သည် ဣသရေလလူတို့ခေါင်းဆောင်နေရာကို ယောရှု၏အပ်ပေးတော်မူသောအခါ၊ ပညတ်စကားတို့သည် သူ့နှုတ်မှပယ်ရှားခံရလိမ့်မည် မဟုတ်ဘဲ သူသည်ထိုတရားတော်တို့ကို နေ့ညမပြတ်ဆင်ခြင်လိမ့်မည်ဖြစ်ကြောင်း သူပြောခဲ့သည်။ ဆာလံကျမ်းများ၊ အထူးသခင့်ဒါဝိဒ်၏ဆာလံသီချင်းများသည်ဘုရားသခင်၏စကားတော်တို့ကို ကျွန်ုပ်တို့၏နှလုံးသားထဲထားရှိရန် အရေးကြီးကြောင်းအလေးပေးဖော်ပြကြသည်။ဘုရားသခင်ကိုကြောက်ရွံ့သောသူ အပေါင်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်တို့ကို မိမိတို့၏နှလုံးသားထဲ၌ သွင်းထားဖို့ရန်ကြိုးစားကြသည်။ ကျမ်းစာကိုအလွတ်ကျက်မှတ်ခြင်းသည် ယနေ့ကျမ်းစာသင်တန်းများတွင်၊ အထူးသဖြင့်တနင်္ဂနွေနေ့ ကျမ်းစာသင်ကြားခြင်း၌ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နှလုံးသားထဲ၌ သိုထားခြင်းသည် တစ်စုံတစ်ဦးအား ထိုနှုတ်ကပတ်တော်တို့ကို ကျူးလွန်ခြင်းမှ ထိန်းသိမ်းပေးလိမ့်မည်။

ပညာရေးသည် ယနေ့ဘဝ၏လမ်းစဉ်တစ်ခုဖြစ်သည်။ ၎င်းသည်နေရာတိုင်းတွင် အလုပ်အကိုင်၏အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ဆရာများသည် သူတို့၏သင်ခန်းစာများကို ကျောင်းသားများအားကောင်းစွာ သင်ကြားပေးနိုင်ဖို့ကောင်းစွာ လေ့ကျင့်ပေးထားရသည်။ ကျောင်းသားသည် နှစ်စဉ်နောက်တဆင့်သို့တတ်နိုင်ဖို့ သေချာစေရန်အသက်အရွယ် အုပ်စုတစ်ခုစီတွင် သူတို့၏စွမ်းရည်အလိုက်သင်ကြားရသည်။

မောရှေခေတ်တွင် ထိုကဲ့သို့သောပညာရေးမျိုးမရှိခဲ့သော်လည်း အတင်းအချက်အလက်များကိုဆက်သွယ်ခြင်းပညာရှိခဲ့သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သားသမီးတို့အားကြိုးစားသင်ကြားပေးရန် ဣသရေလတို့ကို မောရှေမိန့်တော်မူ၏။ ထိုအရာမှာအလွတ်သဘောပညာရေးဖြစ်သည်။ အိမ်၌ထိုင်လျက်၊ လမ်း၌သွားလျက်၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ သူတို့သည်သားသမီးတို့ကိုသင်ကြားပေးရမည်။ ဤအရာမှာအဓိကအားဖြင့် မိဘများကိုညွှန်ကြားထားသော တာဝန်ဖြစ်သည်။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၌ ကြီးထွားသောကလေးတစ်ဦးသည် မိဘတို့၏လုံ့လဝီရိယရှိသောကြောင့်ဖြစ်သည်။ နှုတ်ဖြင့်တွင်သော်၎င်း၊ သူတို့၏နှဖူးပေါ်တွင်သော်၎င်း ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအမှတ်အသားအဖြစ် ချည်နှောင်ရန်လည်းအကြံပြုခဲ့သည်။ ကလေးများအားသင်ကြားရေးအထောက်အကူပြုအနေဖြင့် သူတို့၏အိမ်တိုင်များနှင့် တံခါးများ၌လည်း သူတို့ကိုရေးမှတ်ရမည်။ ဤအကြံပြုချက်များသည် ဘုရားသခင်၏စကားတော်တို့ကို ကလေးများအား ထိရောက်စွာဆက်လက်ပြောဆိုနိုင်သည့်နည်းလမ်းများဖြစ်သည်။ ဤအချက်တွင်၊ မောရှေသည်ယနေ့ထိတိုင်အသုံးပြုဖြစ်သောအဆင့်မြင့် ပညာရေးဆိုင်ရာ ကျွမ်းကျင်မှုကိုပြသခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တော်သည် စိတ်နှလုံးသားကို စကားပြောဆို၏။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်သည် အစဉ်အမြဲသင်ယူပြီး အခြားသူများကိုလည်း သွန်သင်ပါရစေ။

တနင်္ဂနွေ၊ ဩဂုတ် (၁၅)
**တရားဟော ၆း၁-၁၅**
ဟောဗြဲ ၁၀း၂၂-၂၄

*"မြော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍၊ မတိမ်းယိမ်း မရွှေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့။ အကြောင်းမူကား၊ ဂတိထားတော်မူသောသူသည် သစ္စာနှင့်ပြည့်စုံတော်မူ၏"*

## နာခံခြင်းနှင့်အတူရောက်လာသော ကောင်းကြီးမင်္ဂလာများ

သူ့သခင်ယေရှုခရစ်တော်ကဲ့သို့ မောရှေသည် သတင်းပေးပို့ခြင်းတွင်ကောင်းစွာ ကျွမ်းကျင်ခဲ့သည်။ ဒီအရည်အချင်းတွေကို ဒီနေ့လက်ခံကျင့်သုံးဖြင့်နှလုံးဝီရိယရှိရှိ အသုံးပြုခြင်းသည် ရလဒ်ကောင်းတွေရရှိစေမှာ သေချာ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပညာရှိစွာသတင်းပေးပို့ခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်ဖြစ်သည်။ နာခံမှုရှိခြင်းနှင့်အတူ ကောင်းကြီးမင်္ဂလာရောက်ရှိလာ၏။

ဘုရားသခင်သည် ဣသရေလလူတို့ကို ကြီးကျယ်ခမ်းနားသော မြို့ကြီးများရှိသော ဂတိထားရာပြည်သို့ပို့ဆောင်လိမ့်မည်။ အိမ်တစ်အိမ်နှင့်လျောက်ပတ်သောလူနေမှုရှိခြင်းသည် လူတိုင်း၏အလိုဆန္ဒဖြစ်ပါသည်။ မောရှေပြောဆိုသော လူအများစုသည်တဲ၌ ကြီးပြင်းကြပြီးအမြဲတမ်းနေစရာအိမ်မရှိကြပါ။ ဘုရားသခင်ဂတိထားသည့်အရာကိုဆက်ခံရန် စဉ်းစားခြင်းသည် သူတို့၏စိတ်ကူးစိတ်သန်းများထက်သာလွန်သည်။ ထို့ပြင်၊ သူတို့တွင်အိမ်များ၊ ရေတွင်းများ၊ စပျစ်ဥယျာဉ်များနှင့် အခြားသစ်သီးပင်များရှိကြသည်။ ဤအရာများမှာအချည်းနှီးသော ဂတိတော်များမဟုတ်၊ သေချာမှုရှိသော ဂတိတော်များဖြစ်သည်။

ခါနာန်ပြည်နှင့် ၎င်းပတ်ဝန်းကျင်ရှိဒေသများသည် အခြေခံအားဖြင့်သဲကန္တာရဖြစ်သော်လည်း ယနေ့ကာလတွင်ပင် ဣသရေလလူတို့သည် ၎င်းပြည်ကိုနို့နှင့်ပျားရည် စီးသောပြည်ဖြစ်စေခဲ့သည်။ ဣသရေလလူမျိုးသည် အလွန်သေးငယ်သောလူမျိုးဖြစ်သော်လည်း သူတို့ကိုယ်တိုင် စားသောက်ရန် အစားအစာအလုံအလောက်ထုတ်လုပ်ပြီး ပြည်ပသို့ပင်တင်ပို့နိုင်၏။

၎င်းသည်ထိုရှေးခေတ်၌ ဘုရားသခင်ဂတိထားတော်မူသော ကောင်းကြီးများထဲမှ တစ်ခုဖြစ်သည်။ မောရှေသည် လူတို့အားမိမိတို့ကို ရွေးနှုတ်ကယ်တင်ခဲ့သော ဘုရားသခင်ကို မမေ့လျော့ဖို့ရန်မိန့်ဆိုရာ၌ အဲဂုတ္တုပြည်မှရွေးနှုတ်ခြင်းကို ရည်ညွှန်းခဲ့သည်။ ၎င်းသည်သန့်ရှင်းသူတို့အတွက် ထာဝရနေရာကိုအမွေခံစေမည်ဟု ဂတိပြုထားသောထာဝရရွေးနှုတ်ခြင်း၏ ပုံရိပ်လည်းဖြစ်သည်။ ၎င်းသည်ခရစ်တော်၏တပည့်တော်များနှင့် သူ့ကိုယုံကြည်သူအားလုံးအတွက် ဂတိတော်ဖြစ်သည်။ ထို့ကြောင့်မောရှေသည်သူတို့ကို ဘုရားသခင်အားကြောက်ရွံ့ရန်နှင့်သူ့ကိုသာ ဝတ်ပြုရန်သတိပေးခဲ့သည်။

မောရှေ၏ဤစကားတို့မှာ ဣသရေလလူတို့အတွက် အလွန်အရေးကြီးသည်။ သူတို့၏ကြိုးစားအားထုတ်မှုများသည် ကောင်းကြီးခံစားစေရန်နှင့် တိုင်းပြည်တွင်သူတို့၏နေခြင်းသည် အဓိပ္ပာယ်ရှိရန်အလို့ငှါ သူတို့အတွက်စဉ်ဆက်မပြက် သတိပေးသူများနှင့် အမြော်အမြင်ရှိသူလိုအပ်သည်။

အသက်ရှည်ခြင်းဂတိတော်သည် ကိုယ်ခန္ဓာအသွေးအသား၌မျှသာမဟုတ်ဘဲ ယေရှုခရစ်အားဖြင့်ထာဝရအသက်ကိုဆိုလို၏။ ခရစ်တော်ထံသို့ချဉ်းကပ်လျှင် သင်အသက်ရှင်လိမ့်မည် (ရော ၅း၁၈)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဂတိတော်များသည် စုံလင်ခြင်းရှိသလောက်ကောင်း၏။
**ဆုတောင်းချက်-** ကိုယ်တော်၏ဂတိတော်များကို သေချာစွာ အစဉ်အမြဲမြင်တွေ့ပါရစေ အဖ။

တနင်္လာ၊ ဩဂုတ် (၁၆)
**တရားဟော ၆း၁၆-၂၅**
ဆာလံ ၂၄း၁-၆

*"ထိုသူသည် ထာဝရဘုရားကိုရှာသောအမျိုး၊ မျက်နှာတော်ကိုရှာသော. . . "*

# သစ္စာစောင့်သိရန်ဣသရေလကိုခေါ်ခြင်း

ဘုရားသခင်သည် သစ္စာရှိကြောင်း၊ ဂတိထားရာများကို ပြည့်စုံစေမည်ဟု ဣသရေလလူတို့အား မောရှေအာမခံခဲ့သည်။ ဤအာမခံချက်သည် ဘုရားသခင်နောက်သို့လိုက်ရန် သူတို့၏စိတ်နှလုံးကို လှုံ့ဆော်သင့်သည်။ သူတို့သည် မိမိတို့သားသမီးတို့အား အဲဂုတ္တုပြည်မှဘုရားသခင်ကယ်လွှတ်ခြင်းအကြောင်း သင်ကြားဖို့အတွက် မောရှေသတိပေးသည်။

ဣသရေလလူတို့သည် မိမိတို့၏ဘုရားသခင်ထာဝရဘုရားကို မစုံစမ်းမည်အကြောင်း မိန့်မှာထားသည်။ ဘုရားသခင်သည် အစွမ်းတန်ခိုးရှိပြီး ခပ်သိမ်းသောအရာကို တတ်စွမ်းနိုင်ကြောင်းကို သူတို့အသိအမှတ်ပြုရန်ဖြစ်သည်။ ထွက်မြောက်ရာကျမ်း ၁၇း၂-၇ တွင် မှတ်တမ်းတင်ထားသည့်အတိုင်း မဿာတောကန္တာရ၌ဖြစ်သောဖြစ်ရပ်ကို မောရှေပြန်အမှတ်ရခဲ့သည်။ သူတို့သည် မောရှေကို အပြစ်တင်လျက် သူတို့ကိုရေပေးရန်တောင်းဆိုကြသည်။ ထိုအခါ မောရှေသည်ပြန်ချေပပြီး ဘုရားသခင်ကို စုံစမ်းခြင်းမပြုရန်သူတို့ကိုပြောဆို၏။ တစ်နည်းအားဖြင့်ဆိုသော် ဣသရေလလူတို့သည် မောရှေအားဆန့်ကျင်လျက် အပြစ်တင်ခြင်းသည် ဘုရားသခင်ကိုအပြစ်တင်ခြင်းအမှန်ဖြစ်၏။ သူတို့သည် မောရှေကိုကျောက်ခဲနှင့်ပစ်သတ်ခါနီးနီးဖြစ်၏။ သူသည်ဘုရားသခင်ထံအော်ဟစ်ပြီး သူတို့၌ အဘယ်သို့ပြုသင့်သည်ကိုမေးခဲ့၏။ ဘုရားသခင်သည်ဖန်ဆင်းရှင်ဖြစ်ပြီး သူမတတ်နိုင်သောအရာမရှိပါ။ ဘုရားသခင်သည် မောရှေအား ဣသရေလအသက်ကြီးသူတို့ကိုခေါ်၍ လူထုထံသို့သွားဖို့ မိန့်တော်မူ၏။ ပင်လယ်ကိုရိုက်ဖို့ အဲဂုတ္တုပြည်၌အသုံးပြုခဲ့သောလှံတံကို သူနှင့်အတူယူသွားဖို့ မေ့ခဲ့သည်။ ဘုရားသခင်ကမောရှေအား ကျောက်တုံးကိုရိုက်ရန်နှင့် ဂင်းမှရေထွက်လာပြီး လူများနှင့်သူတို့၏တိရိစ္ဆာန်များသည် သောက်စရာရေရှိလိမ့်မည်ဟုမိန့်ဆိုခဲ့သည်။

မောရှေသည်သူ့အား ဘုရားသခင်မှာထားတော်မူသည့်အတိုင်း ဣသရေလအသက်ကြီးသူတို့ရှေ့၌ လုပ်ခဲ့သည်။ မောရှေသည်ထိုအရပ်ဒေသကို စုံစမ်းခြင်းနှင့်အပြစ်တင်ခြင်းဟု အဓိပ္ပာယ်ရှိသော မဿာနှင့်မေရိဘဟု ခေါ်ဝေါ်သမုတ်ခဲ့သည်။ ဘုရားသခင်သည် ထိုအမှုအလုံးစုံတို့ကို တတ်နိုင်တော်မူကြောင်းကို ဣသရေလလူတို့သည် သိခဲ့ကြသော်လည်း သူတို့သည်စိတ်မရှည်ဘဲ သူတို့၏တောင်းဆိုချက်ကို တောင်းဆိုခဲ့ကြသည်။ ထိုအမှားဟောင်းကို ထပ်မပြုရန်မောရှေက ထိုအစောပိုင်းက အတွေ့အကြုံကိုအသုံးပြုခဲ့သည်။ လူသည် သူ့ကိုစုံစမ်းခြင်းအား ဘုရားသခင်တားမြစ်၏။ မာရ်နတ်သည် ယေရှုအားစုံစမ်းသွေးဆောင်သောအခါ ယေရှုသည် ဘုရားသခင်အား စုံစမ်းခြင်းကို တားမြစ်ထားသည့်ဤပညတ်တော်ကို ကိုးကားခဲ့သည် (မဿဲ ၄း၇)။

မောရှေသည် ဣသရေလလူတို့အား ဘုရားသခင်၏ပညတ်တော်တို့ကို လုံ့လဝီရိယရှိစွာစောင့်ထိန်းရန် မိန့်ဆို၏။

**ဆင်ခြင်ရန်** - သစ္စာရှိမှုသည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီသော အဓိကအချက်ဖြစ်သည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်အပေါ် အမြဲတမ်းသစ္စာရှိရန် ကြိုးစားစေတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၁၇)
**တရားဟော ၆း၁၆-၂၅**
ဟေဗြဲ ၁၁း၆

*"。。。ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်。。。"*

# ဣသရေလလူတို့အား လုံ့လဝီရိယရှိရှိနာခံခြင်းကို တောင်းဆို၏

မောရှေအသုံးပြုခဲ့သော "သက်သေခံချက်"နှင့်"အထုံးအဖွဲ့" (တရားဟော ၆း၁၇) ဟူသော အသုံးအနှုန်းများသည် ပညတ်တော်တို့ကိုသာ ရည်ညွှန်းထားသော်လည်း သူတို့ကိုလက်တွေ့ကျင့်သုံးခြင်း၌ ကွဲပြားခြားနားသော လက္ခဏာသွင်ပြင်တို့ကို မီးမောင်းထိုးပြသည်။ လုံ့လဝီရိယရှိရှိနာခံခြင်းဆိုသည်မှာ ဘုရားသခင်မိန့်မှာထားသည့်အတိုင်း လိုက်နာရန်အားထုတ်မှုများ ရှိခြင်းကိုဆို၏။ စစ်သားတဦး၏အလုပ်က လုံ့လဝီရိယရှိရန်လိုအပ်ကြောင်း ဖော်ပြ၏။ Winston Churchill မှ "Boersများမှ ငါလွတ်မြောက်ခဲ့သည်" ဟူသော သူ၏ဇာတ်လမ်းတွင် အကျဉ်းထောင်မှသူလွတ်မြောက်ခြင်းမှာ ကင်းစောင့်များသတိမဲ့မှုကြောင့် ဖြစ်ကြောင်းကိုရှင်းပြထားသည်။ သူတို့သည် သူနှင့်ဆန့်ကျင်ဘက်မျက်နှာမူပြီး ဆေးလိပ်မီးညှိနေကြသည်ကို သူမြင်တွေ့ခဲ့သည်။ ထိုအချိန်တွင် သူသည် နံရံပေါ်မှခုန်ချပြီး ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ၎င်းမှာ စစ်သားတို့သည် မိမိတို့၏တာဝန်ကို မကျေပွန်ချင်သောကြောင့် မဟုတ်ပါ။ သို့သော် သူတို့သည်လုံ့လဝီရိယမရှိကြခြင်းဖြစ်သည်။

ဘုရားသခင်၏ ပညတ်တော်တို့ကိုစောင့်ထိန်းခြင်း၌ ရန်သူကိုဘုရားသခင်လူတို့၏ မည်သည့်ပေါ်ဆမှုကိုမဆို အခွင့်အရေးယူခွင့်မပြုသင့်ပါ။ မောရှေသည် ဣသရေလလူတို့နှင့် အတွေ့အကြုံများစွာရှိပြီး သူတို့၏အားနည်းချက်များကို သူသိ၏။ သူတို့သည်ပေါ့ဆမှုနှင့် ဘုရားသခင်ကို သွားဆန့်ကျင်ရန်အလွန်လွယ်ကူသည်။ ထိုသူအပေါင်းတို့သည် ပုန်ကန်ခြင်းမှကင်းလွတ်နိုင်ခြင်းမရှိကြပါ။ အာရုန်သည် ဣသရေလလူတို့၏တောင်းဆိုချက်များကို လိုက်လျော၍ ရွှေနွားရုပ်ထုကို ပြုလုပ်ခဲ့သည်။ သူနှင့်မိရိအံတို့သည် မောရှေကိုဆန့်ကျင်ရန် ကြောက်ရွံ့ခြင်းမရှိကြပါ။ သူလျှို ၁၂ ယောက်ထဲမှ ၁၀ ယောက်သည် လူတွေကိုခါနာန်ပြည်ဝင်ရောက်ဖို့ စိတ်ဓာတ်ကျစေခဲ့ကြသည်။ ဤအရာတို့နှင့်အခြားပုန်ကန်မှုဖြစ်ရပ်များမှာ မောရှေ၏စိတ်ထဲတွင် လတ်ဆတ်နေဆဲဖြစ်သောကြောင့် သူကဣသရေလလူတို့အား မိမိတို့၏အကြွင်းမဲ့သော လုံ့လဝီရိယပညတ်တော်တို့ကို စောင့်ထိန်းရန် သတိပေးခဲ့သည်။ ဤအရာက ဘုရားသခင်၏နောက်တော်သို့လိုက်ဖို့ဆန္ဒရှိသော သူတစ်ယောက်စီတိုင်းတွင် နာခံမှုမရှိအောင် ဖြစ်စေသောတစ်စုံတစ်ခုသော ပြင်းထန်သောသွေးဆောင်မှု အမြဲရှိကြောင်းကို ပြောဆို၏။ ထို့ကြောင့် မောရှေ၏သတိပေးချက်သည် အမြဲလိုအပ်သည်။

သူတို့သည် ဟုတ်မှန်၍ကောင်းသောအကျင့်ကို ကျင့်လျှင် သူသည်သူတို့နှင့်အတူ ရှိမည်ဖြစ်ကြောင်းကို ဘုရားသခင်မိန့်ဆို၏။ မောရှေသည် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်လျောက်ပတ်သောအကျင့်ကို ကျင့်ရမည်အကြောင်း ဣသရေလလူတို့အား ထပ်၍မှာထားတော်မူ၏။ ဖြောင့်မတ်လျောက်ပတ်သောအကျင့်ကို ကျင့်လိုသောစိတ်ကို ဘုရားသခင်၏ပညတ်တော်က လမ်းညွှန်ပေး၏။

**ဆင်ခြင်ရန်** - လုံ့လဝီရိယရှိခြင်းသည် ဘုရားသခင့်အပေါ်ထားရှိသော ကျွန်ုပ်၏မေတ္တာကို တိုင်းတာပေးသည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်ကို ဝီရိယရှိရှိ အစေခံရန်ကျေးဇူးတော်ကို ပေးတော်မူပါ။

ဗုဒ္ဓဟူး၊ ဩဂုတ် (၁၈)
**တရားဟော ၆း၁၆-၂၅**
တိတု ၁း၁၀-၁၆

*" . . . သူတို့သည် ယုဒဒဏ္ဍာရီစကားကိုငင်း၊ သမ္မာတရားကို စွန့်သောလူတို့၏ပညတ်တို့ကိုငင်း. . . "*

# ဣသရေလလူတို့သည် ပြောင်းလဲရန်လိုအပ်၏

အဲဂုတ္တုပြည်၏ လွှမ်းမိုးမှုကို ဣသရေလလူတို့၏စိတ်ထဲမှလုံးလုံးဖယ်ရှားပစ်ခြင်းမရှိပေ။ ဣသရေလလူတို့၏ ကိုယ်ကျင့်တရားစံနှုန်းများသည် ဘုရားသခင်၏ပညတ်တော်နှင့်မကိုက်ညီကြောင်း ထင်ရှားသည်။ အဲဂုတ္တုပြည်၏လမ်းစဉ်များသည် လူကိုဗဟိုပြုပြီး အပြစ်နှင့်ပြည့်သောကြောင့် ဘုရားသခင်နောက်သို့လိုက်ခြင်းထက် လိုက်လျောက်ရန်ပိုမိုလွယ်ကူ၏။ ဓမ္မသစ်ကျမ်းတွင် ပေါလုက ကရေတီးယန်းလူမျိုးတို့သည် လိမ်လည်ပြောဆိုခြင်းဖြင့် ကျော်ကြားကြောင်းကို ပြောဆို၏။ ပေါလုသည် တိတုအားထိုသူတို့၏လွှမ်းမိုးခြင်းကိုမခံဖို့ရန်နှင့် ခရစ်တော်၏ဧဝံဂေလိသတင်းကောင်းကို ဟောပြောခြင်း၌သူ့တာဝန်ကျေပွန်ရန် သတိပေးသည်။ ဣသရေလလူတို့သည် ဘုရားသခင်ကို နာခံဖို့ရန် ဆုံးဖြတ်ချက်ချမှသာ မှန်ကန်သောအကျင့်ကို ယုံကြည်လုပ်ဆောင်နိုင်လိမ့်မည်။ ထို့နောက် သူတို့သည် သစ္စာရှိခဲ့ကြလျှင် ဘုရားသခင်ကမိမိ၏ဂတိတော်များကို ပြည့်စုံစေလိမ့်မည်။ ဘုရားသခင်က သူတို့၏ရန်သူတို့ကို အောင်မြင်ခြင်းအခွင့်ပေးဖို့ရန် ဂတိပေး၏။ မောရှေပြောသည့်အတိုင်း သူတို့သည် အာမောရိရှင်ဘုရင်နှစ်ပါးကို အောင်နိုင်၍ သူတို့၏ပြည်ကိုသိမ်းယူခဲ့ကြသည်။ ထိုနယ်မြေကို ရှုဗင်၊ ဂဒ် နှင့် မနာရှေအမျိုးတစ်ဝက်တို့ကို ပေးခဲ့သည်။ သူတို့သည် ခါနာန်ပြည်သို့မဝင်ရသေးသော်လည်း ယောရှုသည် သူတို့ကိုခါနာန်ပြည်သို့ပို့ဆောင်ရန် ခေါင်းဆောင်ရာထူးပေးအပ်ခဲ့သည်။ ယောရှုမှတ်စာက ထိုဂတိတော်ပြည့်စုံခြင်းအကြောင်းကို ဖော်ပြထားသည်။

ဣသရေလလူတို့အပေါ် ဘုရားသခင်၏လက်တော်မှာ နောင်လာနောက်သားစဉ်မြေးဆက်အတွက် သက်သေခံချက်ဖြစ်သည်။ သူတို့၏သားတို့သည် ဘုရားသခင်နှင့်သူ၏အထုံးအဖွဲ့များအကြောင်းကိုငင်း ဘုရားသခင်မိန့်မှာထားသော သက်သေခံချက်တို့နှင့် တရားစီရင်ခြင်းများအကြောင်းကိုငင်း မေးမြန်းကြလိမ့်မည်။ ၎င်းတို့သည် အခြားနိုင်ငံများ၏ဥပဒေများနှင့် ခြားနားပြီး အခြားတပါးပါးသောဥပဒေထက် သာလွန်ကြောင်းကို ဘုရားသခင်ကြွေငြာခဲ့သည်။ ဣသရေလလူအပေါင်းသည် နာခံဖို့တာဝန်ရှိ၏။ မသိနားမလည်သောကလေးများသည် ဤပညတ်များကို လိုက်နာခြင်း၏ ယုတ္တိကိုမတွေ့မြင်ရသောကြောင့် သူတို့ကို သင်ကြားပေးရန်လိုအပ်သည်။ မောရှေက အဲဂုတ္တုပြည်၌ကျွန်ခံခဲ့ရသည်အတိုင်း သူတို့၏နောက်ခံသမိုင်းကို သားသမီးတို့ထံပြောပြရန် မိန့်ဆို၏။ ဘုရားသခင်သည် အားကြီးသောလက်နှင့်သူတို့ကိုထိုပြည်မှနှုတ်ဆောင်ခဲ့သည်။ သူတို့ကို ကွဲပြားခြားနားသော လူမျိုးဖြစ်စေပြီး တိုင်းပြည်ကိုပေးခဲ့၏။ ဘုရားသခင်သည် သူတို့၏ အချုပ်အခြာအာဏာ၏ နယ်နိမိတ်ကိုကြွေငြာပေးခဲ့သည်။ ဣသရေလလူတို့၏ ထိုခွဲထွက်ခြင်းမှာလွယ်ကူသည့်အလုပ်မဟုတ်ပေ။ ဘုရားသခင်၏လက်တော်မှအပ ဣသရေလလူတို့ကို ဖါရောကထွက်ခွာခွင့်ပြုရန် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။ သူသည် နိမိတ်လက္ခဏာများနှင့် အံ့ဖွယ်သောအမှုတို့ကိုပြသပြီး ဖါရောနှင့်သူ၏အိမ်သူအိမ်သားအပေါင်းတို့အပေါ် ကြီးမားသောနာကျင်မှုကိုခံစားစေခဲ့သည်။ အဲဂုတ္တုပြည်ကို ကပ်ဘေးဆယ်ပါးဖြင့် ဒဏ်ခတ်ခဲ့သည်။ နန်းထိုင်မည့်ရှင်ဘုရင်၏သားတော်အပါအဝင် အိမ်တိုင်းတွင် သားဦးအပေါင်းတို့သည် သေဆုံးခဲ့သောကြောင့် ဆယ်ခုမြောက်သောကပ်ပါးတွင် ဘုရင်သည် အလျှော့ပေးလိုက်လျောခဲ့သည်။

**ဆင်ခြင်ရန်** - ဝိညာဉ်ရေးရာမျက်စိများသည် ပြောင်းလဲခြင်းဖြင့်ရောက်ရှိလာသည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်နောက်သို့ အစဉ်အမြဲလိုက်လိုသောဆန္ဒကို ကျွန်ုပ်ရင်ဝယ် ပိုက်ထားပါရစေ။

ကြာသပတေး၊ ဩဂုတ် (၁၉)
**တရားဟော ၆း၁၆-၂၅**
ကမ္ဘာ ၁၂း၁-၇

*". . . သင်၏ပြည်ထဲက ထွက်ပြီးလျှင် ငါပြလတ့်သောပြည်သို့သွားလော့"*

# ဣသရေလလူတို့ကိုကယ်တင်ခြင်း

အဲဂုတ္တုပြည်၌ နောက်ဆုံးကပ်ဘေး၏ညတွင် ကြီးစွာသောငိုကြွေးမြည်တမ်းခြင်းရှိခဲ့သည်။ ထို့ကြောင့် ဣသရေလလူတို့ကိုအမြန်ထွက်ခွာခွင့်ပြုခဲ့ကြသည်။ ဘုရားသခင်၏ ဤကယ်တင်ခြင်းသမိုင်းကိုအနာဂတ်သားစဉ်မြေးဆက်အား ပြောပြရပါမည်။ ထွက်မြောက်ရာကျမ်း၌ မှတ်တမ်းတင်ထားသည့်အတိုင်း အသေးစိတ်ကိုပြောပြရပါမည်။ ဘုရားသခင်သည် အဲဂုတ္တုပြည်ကိုဒဏ်ခတ်ခြင်း ငါ့ အလွန်ကြီးသောအမှုများကိုပြုခဲ့သည်။ ဘုရားသခင်၏တန်ခိုးတော်နှင့်ကြီးမားသောဘုန်းတော်ကိုထင်ရှားစေဖို့ရန် ဤအရာကိုပြောရပါမည်။ သူသည် အတိုင်းအဆမဲ့တန်ခိုးရှင်ဘုရားသခင်ဖြစ်တော်မူသည်။

ဘုရားသခင်သည် သူတို့ကိုထုတ်ဆောင်၍ ဂတိထားရာပြည်သို့ပို့ဆောင်ခဲ့သည်။ သူတို့သည်အဲဂုတ္တုပြည်မှထွက်ခွာသောအချိန်တွင် ဂတိတော်မပြည့်စုံသေးပါ။ ဘုရားသခင်သည် ထိုအမှုအရာမတိုင်မီ နှစ်ပေါင်းများစွာက အာဗြဟံထံအဦးဆုံးဂတိပြုခဲ့သည်။ ခါလဒဲပြည်သားတို့နေသော ဥရမြို့မှထွက်၍ ဘုရားသခင်ပြတော်မူမည့်ပြည်သို့သွားဖို့ သူ့ကိုမိန့်ဆိုခဲ့သည်။ ခါနာန်ပြည်ကို သူ၏အမျိုးအနွယ်အား ပေးမည်ဟုကမ္ဘာဦးကျမ်း ၁၂း၇တွင် အာဗြဟံအားမိန့်တော်မူခဲ့သည်။ ဤအရာမပြည့်စုံမီ ၎င်းသည် နှစ်ပေါင်းရာစုနှစ်ကြာခဲ့သည်။ ဣသရေလသည် လူမျိုးစုအဖြစ် အဲဂုတ္တုပြည်၌ နှစ်ပေါင်း ၄၀၀ ကြာကြီးထွားပြီးနောက် ဂတိတော်ပြည့်စုံဖို့အချိန်ရောက်လာခဲ့သည်။ မောရှေပြောသည့်အတိုင်း ထိုလူမျိုးသည် ထိုပြည်ကိုသိမ်းပိုက်ဖို့ သတ်မှတ်ထားခဲ့သည်။ သူတို့သည် ဘုရားသခင့်ကို နာခံလျှင်ငြိမ်သက်ခြင်းနှင့်တည်ငြိမ်မှုရှိဖို့ အာမခံထားသည်။ ဣသရေလလူတို့၏ ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ပညတ်တော်ကိုလိုက်နာခြင်းအပေါ် မူတည်သည်။ သူတို့၏အသက်ရှင်မည့်ပုံစံကို ဘုရားသခင်၏ပညတ်တော်ကညွှန်ကြားထားသည်။ သူတို့မှာဝတ်ပြုကိုးကွယ်ခြင်းကို ညွှန်ပြသော ပညတ်တော်များရှိသော်လည်း အများစုမှာ ဝတ်ပြုအခမ်းအနားနှင့်ဆိုင်သော ပညတ်တော်များဖြစ်ကြပြီး ၎င်းတို့သည် မေရှိယအားဖြင့် သူတို့၏ရွေးနှုတ်ကယ်တင်ခြင်းပုံရိပ်ကို သရုပ်ဖော်နေသေးသည်။ မေရှိယသည် ရောက်လာပြီး ပညတ်တော်အားလုံးကိုပြည့်စုံစေခဲ့ပြီဖြစ်သည်။ အကောင်းနှင့်အဆိုးကိုပြသည့် ကိုယ်ကျင့်တရားနှင့်ဆိုင်သောပညတ်တော်များရှိကြသည်။ သူတို့၏နေ့စဉ်အသက်တာများကိုထိန်းသိမ်း၍ တစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် တရားမျှတစွာကိုင်တွယ်မည့်ပညတ်တော်များလည်းရှိသည်။ ဘုရားသခင်၏ပညတ်တော်သည် ဂတိထားရာပြည်၌သူတို့၏ ဘဝဖြစ်သည်။ ဣသရေလလူတို့အတွက် လမ်းညွှန်ချက်များကိုဘုရားသခင်ချပေးထား၏။ မောရှေသည် သူတို့နှင့်အတူရှိသည့် နှစ်ပေါင်းလေးဆယ်အကြာတွင် သူ၏စကားတို့ကို ထပ်၍ဖော်ပြခဲ့သည်။ နာခံခြင်းသည် သူတို့၏ဆက်ဆံရေးတွင် လိုအပ်ချက်တစ်ခုဖြစ်သည်။ သခင်ယေရှုက ကျွန်ုပ်တို့သည် သူ့ကိုချစ်လျှင် သူ၏ပညတ်တော်များကိုစောင့်ရှောက်လိမ့်မည်ဟု သွန်သင်ခဲ့သည် (ယော ၁၄း၁၅)။ ဤအရာသည် ကယ်တင်ခြင်းဖြစ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဂတိတော်များသည် ကာလအစဉ်အဆက်ရှိနေလိမ့်မည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်သည် သစ္စာရှိသကဲ့သို့ ကျွန်ုပ်သည်သစ္စာရှိရန် သင်ယူပါရစေ။

သောကြာ၊ ဩဂုတ် (၂၀)
**တရားဟော ၇း၁-၁၄**
ရောမ ၆း၁၁-၁၄

*"ထို့ကြောင့်၊ သင်တို့၏သေတတ်သောကိုယ်ခန္ဓာ၏*
*တပ်မက်ခြင်းအလိုသို့ လိုက်ရသည်တိုင်အောင်၊*
*အပြစ်တရားသည်ထိုကိုယ်ခန္ဓာ၌ အစိုးမရစေနှင့်"*

## ခါနာန်ပြည်ကိုအောင်ခြင်း၌ပညတ်တော်များ

ဣသရေလလူတို့သည် ယခုတွင် ခါနာန်ပြည်သို့ဝင်ရောက်နေထိုင်ရန်ဖြစ်သည်။ သူတို့သည် အမွေခံဖို့အသင့်ဖြစ်ရန် မောရှေမိန့်ဆို၏။ မောရှေကဘုရားသခင်သည် သူတို့အတွက် လုပ်ဆောင်ပေးမည့်အရာကိုပြောပြပြီး၊ ဣသရေလလူတို့အနေဖြင့် တုန့်ပြန်ရမည့်အရာနှင့် ရှောင်ကြဉ်ရမည့်အရာတို့ကို ညွှန်ကြားပေးသည်။ ဘုရားသခင်သည် သူတို့ကိုလမ်းပြရန် စီစဉ်ပြီး၊ မောရှေက သူတို့သည် ဘုရားသခင်ကိုနာခံကြသောကြောင့် အောင်မြင်ခြင်းအာမခံချက်ကို သူတို့အားပေးခဲ့သည်။

ခါနာန်ပြည်ကိုရည်ညွှန်းရာတွင်၊ တိုင်းပြည်ခုနစ်ခုကို သိမ်းပိုက်၍ သူတို့ထံအပ်နှံမည်ဟု ဘုရားသခင်မိန့်ဆိုခဲ့သည်။ ဤတိုင်းပြည်များ၏အမည်များကို ဤကျမ်းပိုဒ်တွင် ဖော်ပြထားသည်။ ဘုရားသခင်ဂတိထားရာပြည်ကို သူတို့သိမ်းယူရန်ပြင်ဆင်ကြသည့်အတိုင်း ဤတွင် မောရှေသည် ဣသရေလလူတို့အား အရာခပ်သိမ်းတို့မှာ အဆင်ပြေချောမွေ့မည်အကြောင်း အာမခံပေးခဲ့သည်။ ဘုရားသခင်သည် ထိုသူတို့ကိုဣသရေလလူတို့၏လက်ထဲသို့ အပ်နှံ၍ သူတို့ကိုဖျက်ဆီးစေမည့်အကြောင်းကို မိန့်ဆိုခဲ့သည်။ ဣသရေလလူတို့သည် ထိုသူတို့နှင့်မည်သည့်ပဋိညာဉ်စာချုပ်ကိုမျှ မပြုလုပ်ရန် (သို့) သူတို့အပေါ် သနားခြင်းဂရုဏာမထားရန်ဖြစ်သည်။ ဘုရားသခင်၏ညွှန်ကြားချက်သည် သူတို့အားရန်သူများနှင့် ဆက်ဆံရာတွင် မှားယွင်းသောအပြုအမူပြုခြင်း၏ အန္တရာယ်မှကယ်တင်လိမ့်မည်။ ခါနာန်ပြည်ကို အပြီးသတ်သိမ်းပိုက်သောအခါ၊ ဣသရေလလူတို့သည် ထိုပညတ်တို့ကို ဘုရားသခင်ပေးခဲ့ရခြင်း၏ အကြောင်းရင်းကို နားလည်လာခဲ့ကြသည်။

ယောရှုသည် ဂိဗောင်မြို့သားတို့နှင့် ပဋိညာဉ်ဖွဲ့ရန် လှည့်စားခံခဲ့ရပြီး၊ မှားယွင်းစွာပြုမူခြင်းသည် ဣသရေလလူတို့အတွက် ရေရှည်အကျိုးဆက်များဖြစ်ပေါ်စေသည်။ ထို့ပြင်၊ ဣသရေလလူတို့ကို ခါနာန်လူတို့နှင့်လက်ထပ်ခြင်းကို တားမြစ်ထားသည်။ ထိုတားမြစ်ရသည့်အကြောင်းရင်းကို အခန်းငယ် ၄ တွင် ဤသို့ဖော်ပြထားသည် - "အကြောင်းမူကား၊ သူတို့သည် သင်၏သားကိုငါ၌မဆည်းမကပ်စေဘဲ၊ အခြားတပါးသောဘုရားအား ဝတ်ပြုစေခြင်းငှါ သွေးဆောင်ကြလိမ့်မည်။ ထိုအခါ အမျက်ထွက်၍ သင်တို့ကိုချက်ခြင်းဖျက်ဆီးတော်မူလိမ့်မည်"။ အခြားတိုင်းပြည်မှလူတို့သည် စစ်မှန်သောဘုရားသခင်ကို မသိသောကြောင့် သူတို့၏ရုပ်တုများကိုအလွန်ဆည်းကပ်ဝတ်ပြုခဲ့ကြသည်။

ဘုရားသခင်၏လူတို့သည် ဤအဓိပ္ပာယ်မဲ့သော အယူသီးမှုများထံ လှည့်သွားသောအခါ၊ သူတို့သည်စစ်မှန်သောဘုရားသခင်ကို ငြင်းပယ်ခြင်းဖြစ်သည်။ လက်ထပ်ထိမ်းမြားခြင်းက ယုံကြည်သူ၏စိတ်နှလုံးကို မယုံကြည်သူအိမ်ထောင်ဖက်နှင့် သာမာန်အရာများဖြစ်လာစေဖို့ လွယ်ကူ၏။ ဤအချက်က ဘုရားသခင်နှင့်ယုံကြည်သူတွေကြား မိဿဟာယဖွဲ့ခြင်းကို ပျက်ဆီးစေသည်။ သူတို့၏သားသမီးများက သူတို့ကိုကယ်တင်ခဲ့သောဘုရားသခင်ကို ငြင်းပယ်ခြင်းသည် ဣသရေလလူမျိုးအတွက် အလွန်ဝမ်းနည်းစရာပါတကား။

**ဆင်ခြင်ရန်** - သန့်ရှင်းသူဖြစ်ဖို့ အချိန်ယူလော့။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏ပညတ်တော်တို့ကို ဆင်ခြေမပေးဘဲ နာခံစေတော်မူပါ။

စနေ၊ ဩဂုတ် (၂၁)
**တရားဟော ၇း၁-၁၄**
ဖိလိ ၄း၁၃-၁၉

*"ငါ၏ ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်"*

# ဘုရားသခင်၏ သစ္စာရှိမှုသည် စိတ်ချရသောဂုဏ်အင်္ဂါရပ်ဖြစ်၏

မောရှေသည် သူ၏မိန့်ခွန်းတွင် ဘုရားသခင်နှင့် ပတ်သက်သော အမှန်တရားများစွာကို ပြောဆိုခဲ့သည်။ အခန်းငယ် ၉တွင် သူမိန့်ဆိုချက်ကို သတိပြုလော့။ " သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရားသည် မှန်သောဘုရား၊ သစ္စာစောင့်သောဘုရား၊ ကိုယ်တော်ကို ချစ်၍ ပညတ်တော်တို့ကို စောင့်ရှောက်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင် ပဋိညာဉ်စကားတည်၍ ကရုဏာကို ပြသောဘုရား " ။ ဘုရားသခင်ကို သိခြင်းသည် ဘုရားသခင်အကြောင်း လေ့လာခြင်းတွင် ပထမဆုံးသော သင်ခန်းစာဖြစ်သည်။

မောရှေသည် သစ္စာရှိခြင်းကို ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်များထဲမှ တစ်ခုအဖြစ် ဖော်ပြခဲ့သည်။ ၎င်းကို ဘုရားသခင်၏စစ်မှန်ခြင်းဟူ၍လည်း ခေါ်နိုင်၏။ ခရစ်ယာန်အယူဝါဒ၏ အနှစ်ချုပ်တွင် Berkhof က၎င်းကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ- " ဘုရားသခင်သည် သူ၏အတွင်းပိုင်းအဖြစ်တော်၌စစ်မှန်ခြင်းဖြင့် အရင်းစစ်၍သော်၎င်း၊ သူ၏ဗျာဒိတ်တော်၌၎င်း၊ နှင့် သူ၏လူတို့ဆက်ဆံခြင်း၌သော်၎င်း စုံလင်ခြင်းရှိသည်။ သူသည်ရုပ်တုများကိုဆန့်ကျင်သော စစ်မှန်သောဘုရားသခင်ဖြစ်၍ ခပ်သိမ်းသောအရာတို့ကိုသူတို့ဖြစ်သည်အတိုင်း အမှန်သိသောဘုရားသခင်ဖြစ်၏။ သူသည်မိမိ၏ဂတိတော်တို့ကို ပြည့်စုံစေရာ၌သစ္စာရှိသောသူဖြစ်သည်။" ဤအရာသည်ဘုရားသခင်၏စစ်မှန်ခြင်းဖြစ်သည်။

ဤအမှန်တရားကို မောရှေသည်ကောင်းစွာသိရှိခဲ့သည်။ ဘုရားသခင်သည်သူနှင့်အတူရှိတော်မူသောနှစ်ပေါင်းကာလပတ်လုံးတွင် ၎င်းကိုမောရှေတွေ့ကြုံခဲ့သည်။ သူသည်အရှမ်းကိုသေချာ၍ ဣသရေလလူတို့ကို ခိုင်မာစွာတုံ့ပြန်ဖို့ရန်မျှော်လင့်ခဲ့သောကြောင့် သူသည်ဤအရာကိုကြေညာခြင်း၌ ရဲရင့်ခဲ့သည်။ သူသည်အခန်းငယ် ၁၁ တွင်ဤအမှန်တရားကိုသူတို့ထံလက်တွေ့အသုံးပြုခဲ့သည်။

အထူးအလေးအနက်ထားသည့် ကိစ္စများတွင် လူတို့သည်မိမိတို့လုပ်ဆောင်ရန်ဂတိပေးထားသည့်အပေါ် အမှန်သစ္စာစောင့်သိရန်အတွက် လူတို့ကိုကျမ်းသစ္စာပြုရန်လိုအပ်၏။ ဤအရာကို အများပြည်သူဆိုင်ရာ ရုံးကိုကိုင်ထားသောသူတို့အား အဓိကကျင့်သုံးစေ၏။ သို့သော်၊ များစွာသောသူတို့သည်သူတို့၏သစ္စာဂတိပြုခြင်းကို ချိုးဖောက်ကြကြောင်းကိုမြင်တွေ့ရသည်။ လူသည်အပြစ်သားဖြစ်သော်လည်း ဘုရားသခင်သည်သန့်ရှင်းတော်မူ၏။ လူသားများသည် ဘုရားသခင်၏နာမဖြင့်သစ္စာကျိန်ဆိုခြင်းကိုပြုသော်လည်း သူသည်သူကိုယ်တိုင်ဖြင့် သစ္စာဂတိပြုတော်မူ၏။ သူ၏သစ္စာတော်သည်အစဉ်အမြဲတည်၏။

လူဦးရေတိုးပွားစေရန်သော်၎င်း၊ နေ့စဉ်လိုအပ်သောအစာကို ထောက်ပံ့ပေးရန်သော်၎င်း၊ အကာအကွယ်ပေးရန်သော်၎င်း၊ နှင့်မွေးမြူရေးလုပ်ငန်းတို့အတွက် ဣသရေလတိုင်းပြည်ကိုကြွယ်ဝချမ်းသာစေရန်ဂတိပြုခဲ့သည်။ ဤအရာများကို လောကသားတို့ပိုင်ဆိုင်ရန်အလိုရှိနေသောအရာများဖြစ်ကြသည်။ များစွာသောကိစ္စတွင်သူတို့လိုအပ်သောအရာတို့သည် လုံလောက်စွာမရှိကြပါ။ ဣသရေလလူတို့ထံပေးသော ဘုရားသခင်၏ဂတိတော်မှာ သူတို့သည်လုံလောက်စွာရှိကြလိမ့်မည်ဟူ၍ဖြစ်သည်။ လူအပေါင်းတို့ထက်ကောင်းကြီးမင်္ဂလာကိုခံရမည်ဟု မောရှေသည်သူတို့ကိုပြော၏။ ဘုရားသခင်သည်သူ၏ဂတိတော်အားလုံးကို သစ္စာစောင့်သိတော်မူသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အရင်းအမြစ်များသည် ဘယ်တော့မှ မကုန်ဆုံးနိုင်ပါ။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူကြောင်းကို အစဉ်မပြတ်အောက်မေ့ပါရစေ။

တနင်္ဂနွေ၊ ဩဂုတ် (၂၂)
**တရားဟော ၇း၁၅-၂၆**
ဖိလိ ၁း၂၇-၂၈

*“. . . ခရစ်တော်၏ဧဝံဂေလိတရားနှင့် အထိုက်အလျောက် ဝတ်ကြီးဝတ်ငယ်များကိုပြု၍သာ နေကြလော့”*

---

# ဣသရေလလူတို့သည် မိမိအပိုင်းကိုတာဝန်ကျေပွန်ရန်လိုအပ်သည်

ဣသရေလလူတို့သည် မိမိကိုယ်ကို အပြစ်တရား၏လွှမ်းမိုးမှုကိုခွင့်ပြု၍ ဘုရားသခင်ထံမှ ထွက်ခွာသွားကြလျှင် သူတို့၏ထာဝရနှင့်ဆိုင်သော ကံကြမ္မာသည် ဒုက္ခဝေဒနာဖြစ်လိမ့်မည်။ သူတို့သမိုင်း၏နောက်ဆက်တွဲနှစ်များတွင် ရှောလမုန်မင်းကြီးသည် တိုင်းတပါးအမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားရန် သွေးဆောင်ခြင်းအားဖြင့် လွှမ်းမိုးခြင်းခံရလိမ့်မည်။ သူသည် သွေးဆောင်မှုကိုအညံ့ခံပြီး သူကိုယ်တိုင် မိန်းမတထောင်ကို သိမ်းယူလေ၏။ ကျမ်းစာက ဤအမျိုးသမီးများသည် သူ၏စိတ်နှလုံးကို ဘုရားသခင်ထံမှသွေဖယ်သွားစေသည်ဟု ဆိုသည်။ ထိုအပြစ်ကျူးလွန်မှုအတွက် တိုင်းပြည်သည် အလွန်ပေးဆပ်ခဲ့သည်။ မောရှေသည် ဤသတိပေးချက်သောအခါ၊ ဘုရားသခင်သည် ဣသရေလလူတို့၌ ပြင်းစွာအမျက်ထွက်၍ဖျက်ဆီးတော်မူမည်ဟု ပြောဆိုခဲ့သည်။ သူတို့သည် ဘုရားသခင်ကိုနာခံ၍ အသက်ရှင်ရပါမည်။

သူတို့၏ရုပ်တုများနှင့်ယဇ်ပလ္လင်များအားလုံးကို မီးဖြင့်ဖျက်ဆီးရန် သူတို့ကိုအမိန့်ပေးထားသည်။ လူတို့သည် မှားယွင်းသောဘာသာတရားများကို ဟန့်တားခြင်းမရှိဘဲ ကျင့်သုံးကြသောအခါ၊ သူတို့သည် ကိုယ့်ကိုကိုယ်ဖျက်ဆီးခြင်းသို့ ပို့ဆောင်ကြလိမ့်မည်။ စာတန်နှင့်ဆိုင်သော ဘာသာရေးကျင့်စဉ်အများစုတွင် လူသားယဇ်ပူဇော်ခြင်း၊ လှည့်စားခြင်း၊ လူသတ်ခြင်းနှင့်ရိုင်းစိုင်းသော အပြုအမူအမျိုးမျိုးတို့ပါဝင်သည်။ မကြာသေးမီက ကင်ညာနိုင်ငံရှိ အမျိုးသားတစ်ဦးသည် သူ၏မိသားစုတစ်ခုလုံး (ဇနီးနှင့်ကလေးသုံးယောက်) ကိုသတ်ပြီး မိမိကိုယ်ကိုသတ်သေခဲ့သည်။ ထိုကဲ့သို့သော အခြားဖြစ်စဉ်များများစွာရှိကြသည်။ ခါနာန်ပြည်တွင် ရုပ်တုကိုးကွယ်ခြင်းကို ရှောင်ကြဉ်ရန်နှင့်ရုပ်ဆင်းသဏ္ဌာန်အမျိုးမျိုးကို ဖျက်ဆီးရန် ဣသရေလလူတို့ကို အမိန့်တော်မှာရင်းနှင့်ဆက်နွယ်သောဆိုးယုတ်မှုအားလုံးကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ဣသရေလလူတို့ကို သူ၏ဘုန်းတော်ထင်ရှားစေခြင်းငှါ ရွေးကောက်ခဲ့၏။ မောရှေသည် ဤစကားများကိုအခန်းငယ် ၆ ၌ ဤသို့ပြောခဲ့သည် - “အကြောင်းမူကား၊ သင်သည်သင်၏ဘုရားသခင်ထာဝရဘုရားအဘို့ သန့်ရှင်းသောအမျိုးဖြစ်၏။ မြေကြီးပေါ်မှာရှိသမျှသောလူမျိုးထက် သင်၏ဘုရားသခင်ထာဝရဘုရားပိုင်ထိုက်သောအမျိုးဖြစ်စေခြင်းငှါ သင့်ကိုရွေးချယ်တော်မူပြီ”။ ခရစ်တော်ကြွလာခြင်းသည် ယုံကြည်သောလူမျိုးအပေါင်းတို့အားလည်း အလားတူအခွင့်အရေးကိုပေးသည်။ ဤအချက်သည် သူအားဖြင့်လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာခံစားရမည့်အကြောင်း အာဗြဟံအား ဘုရားသခင်၏ဂတိတော်ကို ပြည့်စုံစေသည်။ ပေတရုသည် ယုံကြည်သူအားလုံးကို ရည်ညွှန်းရာတွင် ဣသရေလလူတို့ကို ရည်ညွှန်းသည့်မောရှေအသုံးပြုခဲ့သောစကားလုံးတို့ကို ပြောဆိုခဲ့သည်။ ဤအရာသည် ယနေ့ခရစ်တော်ထံသို့ လာရောက်ခြင်း၏ကောင်းကြီးများဖြစ်သည်။ တမန်တော်ပြောခဲ့သည်မှာ “သင်တို့မူကား၊ မှောင်မိုက်ထဲမှအံ့ဘွယ်သောအလင်းတော်သို့ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကိုပြစေခြင်းငှါ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏”။ ဘုရားသခင်သည် ဣသရေလလူတို့ကိုချစ်၍ ကျေးဇူးတော်အားဖြင့် သူရွေးကောက်တော်မူသည်နှင့်အညီ၊ ထိုမေတ္တာကိုဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့ထံသို့ တိုးချဲ့တော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိအပိုင်းကိုဆောင်ရွက်ခဲ့ပြီ။ လူသည် မိမိအပိုင်းကိုလုပ်ဆောင်ရန်သာဖြစ်သည်။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏တာဝန်ဝတ္တရားကို ကျေပွန်ရန်အမြဲကြိုးစားစေတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၂၃)
**တရားဟော ၇း၁၅-၂၆**
ဇေဖက် ၂း၄-၁၀

*"သို့သော်လည်း ကရုဏာတော်နှင့်ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်"*

# ဣသရေလလူတို့ကိုဘုရားသခင်ကောင်းကြီးမင်္ဂလာပေးမည့်နည်း

ကယ်တင်ခြင်းသည် တိုင်းနိုင်ငံအပေါင်းမှ လူတို့အား ဘုရားသခင်၏ပေးကမ်းခြင်းဖြစ်ပြီး ၎င်းမှာလူမျိုးတကာတို့အားဟောပြောရန် တပည့်တော်များကိုခရစ်တော် မိန့်တော်မူသောဧဝံဂေလိတရားဖြစ်သည်။ ဘုရားသခင်သည်သူ၏ဂတိသစ္စာပြုခြင်းကို ပြည့်စုံစေရန်သစ္စာနှင့်ပြည့်စုံတော်မူပါ။

ဣသရေလလူတို့၏အခြေအနေတွင် သူတို့သည်ခါနန်ပြည်သို့ ဝင်ရောက်ကြသည့်အတိုင်း သူတို့၏ရန်သူများကို ဘုရားသခင်အပြစ်ပေးလိမ့်မည်။ တချိန်တည်းတွင်သူ့ပညတ်တော်တို့ကို စောင့်ရှောက်ရန်သူတို့အား ဘုရားသခင်တောင်းဆို၏။ ဤအရာအားဖြင့်ဘုရားသခင်သည် သူတို့၏ဘိုးဘေးတို့ထံ ကျိန်ဆိုတော်မူသည့် သူ၏ပဋိညာဉ်နှင့်ကရုဏာတော်ကို စောင့်ထိန်းရန်ဂတိတော်ပေးခဲ့သည်။ သူသည်သူတို့ကိုကြွယ်ဝစေ၍ ဖျားနာမှုများမှကာကွယ်ပေးလိမ့်မည်။ ရန်သူများဖြစ်သောမသေချာမရေရာသောအနာဂတ်နှင့်ဖျားနာခြင်းသည် ဘဝအတွက်နေ့စဉ်စိုးရိမ်ပူပန်စရာများ ဖြစ်ကြသည်။ ဘုရားသခင်သည် ဣသရေလလူတို့အတွက် သူလုပ်ဆောင်ပေးခဲ့သည့်အားလုံးကို သူတို့ဂရုမစိုက်သည်ကိုဘုရားသခင်သိရှိခဲ့သည်။ ထို့ကြောင့်ဘုရားသခင်သည် သူတို့အားမရပ်မနားအာမခံချက်ပေး၏။

သူသည်တပါးအမျိုးသားတို့ကို ဣသရေလလူတို့လက်သို့အပ်နှံပေးမည်ဖြစ်သောကြောင့် သူတို့သည်ယုံကြည်မှုရှိဖို့ပြောခဲ့သည်။ ဘုရားသခင်သည် သူတို့အားအသက်တာ၏ကဏ္ဍတိုင်း၌ သီးခြားနေထိုင်ရန်အမြဲသတိပေးသည်။ ဘုရားသခင်သည် တန်ခိုးကြီးသောလက်တော်ဖြင့် သူတို့ကိုအဲဂုတ္တုပြည်မှနုတ်ဆောင်တော်မူသောအခါ၊ ဘုရားသခင်တတ်စွမ်းနိုင်သောအရာတို့ကို သူတို့သည်မြင်ခဲ့သောကြောင့် သူတို့သည်စိုးရိမ်ကြောက်ရွံ့ခြင်းမရှိဖို့ရန် ပြောခဲ့သည်။ ဘုရားသခင်သည် ဣသရေလအမျိုး၏ရန်သူတို့ကို ဖျက်ဆီးရန်အမျိုးမျိုးသောနည်းလမ်းကို အသုံးပြုခဲ့သည်။ ဥပမာအနေဖြင့် ရန်သူတို့ကိုဖျက်ဆီးဖို့ကူညီပေးဖို့ ပျားတုပ်များကို သူစေလွှတ်မည်ဟု မိန့်တော်မူ၏။ ဤအဆိပ်ဆုးပါသောအင်းဆက်များက ရန်သူများသည်ဣသရေလအမျိုးကို တိုက်ခိုက်ရာတွင် ထိရောက်မှုမရှိအောင် ဟန့်တားပေးကြလိမ့်မည်။ သူတို့၏ရှင်ဘုရင်များကိုလည်း လွှဲအပ်ပြီး သူတို့၏နာမည်များကို ဖယ်ရှားလိမ့်မည်။ သူတို့၏ရုပ်တုများကိုလည်း ဖယ်ရှားလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို ဘုရားသခင်စပ်ဆုပ်ရွံရှာတော်မူ၏။

ဤနေရာတွင် အဓိကသတင်းစကားမှာ ဣသရေလလူတို့အတွက် အောင်ပွဲအာမခံချက်ဖြစ်သည်။ ဘုရားသခင်သည် သူတို့အပေါ် သူ၏ချစ်ခြင်းမေတ္တာကို ပြသခဲ့၏။ သူတို့၏ရန်သူ ခါနာန်လူမျိုးတို့ကိုဖယ်ရှားဖျက်ဆီးပစ်လိမ့်မည်။ ဣသရေလလူတို့သည် သူ၏ပညတ်တော်အလုံးစုံကို စောင့်ရှောက်ရမည်။ ဘုရားသခင်သည် အမြဲတမ်းကျေးဇူးပြုတတ်ပြီး သူ့ထံသို့လာသူရှိသမျှကို ပယ်ကြဉ်လိမ့်မည်။ ဘုရားသခင်သည် ဣသရေလအမျိုးကိုအထူးကျေးဇူးပြုခဲ့သော်လည်း သူတို့သည် လူသားများဖြစ်နေကြသေးပြီး သွေးဆောင်မှုနှင့်အပြစ်တရားကို ခံကြရသည်။ မောရှေသည် သူတို့ကိုအနှစ်လေးဆယ်ပတ်လုံးဦးဆောင်ခဲ့ပြီးသည့်အတိုင်း ဤအရာကိုသိ၏။ ထိုအချက်ကြောင့် သူတို့ကြုံတွေ့ရင်ဆိုင်ရမည့်အန္တရာယ်များကို သူတို့အားသတိပေးဖို့ သူတို့ကိုစကားပြောဆိုသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် လူသားတို့၏အားနည်းချက်ကိုနားလည်ပြီး ကျေးဇူးပြုတော်မူ၏။ သူသည် အချိန်ကိုက်သတိပေးလေ့ရှိသည်။

**ဆုတောင်းချက်-** အဖ၊ မကောင်းသောအရာကို အဝေးမှမြင်၍ထွက်ပြေးနိုင်ရန် ကူညီမစတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၂၄)
**တရားဟော ၈း၁-၁၀**
ဆာလံ ၁၁၁

*"ကြောက်ရွံ့ရိုသေသောသူတို့ကို ကျွေးမွေးတော်မူ၏။ ပဋိညာဉ်တရားတော်ကို အစဉ် အောက်မေ့တော်မူ၏"*

# ဣသရေလလူတို့ကိုကောင်းကြီးမင်္ဂလာဖြစ်စေသောအကြောင်းရင်း

မောရှေသည် ဣသရေလလူတို့အား ဘုရားသခင်ကိုနာခံရန် လိုအပ်ကြောင်းနှင့် သူ့ပညတ်တော်တို့ကိုစောင့်ထိန်းရန်လိုကြောင်း သတိပေးခြင်းကိုမရပ်နားခဲ့ပေ။ တော၌ သူတို့မြင်တွေ့ခံစားခဲ့သော ကောင်းကြီးမင်္ဂလာကိုသူတို့အား ပြန်သတိရစေ၏။ ပဋိညာဉ်တရားကို စောင့်ထိန်းသောဘုရားသခင်အနေဖြင့် သူတို့၌လိုအပ်သောအရင်းအမြစ်များစွာ ရှိသောပြည်သို့ သူတို့ကိုပို့ဆောင်နေ၏။ ဘုရားသခင်ကို အစဉ်မပြတ်သတိရဖို့ရန် ရန်သူတို့ကိုတိုက်တွန်းထားသည်။

ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်ထိန်းခြင်းသည် ကောင်းကြီးမင်္ဂလာများ၏ အရင်းခံဖြစ်သည်။ ဤအချက်တွင် ပြည်တော်၌သူတို့လူဦးရေတိုးပွားခြင်းလည်း ပါဝင်သည်။ ၎င်းသည် ဤလူမျိုးကို ဘုရားသခင်ထပ်ခါတလဲလဲဆိုခဲ့သော ဂတိတော်ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်သည် ထိုလိုအပ်ဆန္ဒကိုသူတို့အား ပေးလိမ့်ဟုသူတို့မျှော်လင့်ရခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်ထိန်းခြင်းသည် တိုင်းပြည်ဆက်လက်တည်တံ့ရေးနှင့် ကြွယ်ဝရေးတို့ကို အာမခံပေးသည်။ တော၌သူတို့ကိုပို့ဆောင်လမ်းပြသောဘုရားသခင်ကို သူတို့ယုံကြည်ကြသည်။ ဘုရားသခင်သည် သူတို့ကိုအနှစ်လေးဆယ်ပတ်လုံး မည်သို့ဦးဆောင်ခဲ့ကြောင်းနှင့် သူတို့ကိုခေါ်ခြင်း၏ရည်ရွယ်ချက်တို့ကို သတိရရန် မောရှေပြောဆိုသည်။ သူတို့သည် ရုပ်တုများနှင့်အယူသီးမှုများနှင့်ပြည့်သောတိုင်းပြည်ကို စွန့်ခွာပြီး၊ အချုပ်အခြာအာဏာပိုင်ဆိုင်၍ စစ်မှန်သောဘုရားသခင်ကို ကိုးကွယ်ရမည့်တိုင်းပြည်သို့သွားရာကြသည်။

တောကန္တာရခရီးသည် သူတို့ကိုနိမ့်ကျစေခဲ့သည်။ အကြောင်းမူကား၊ ဘုရားသခင်သည် သူတို့ကို ကောင်းကင်မှမန္နမုန့်ဖြင့် ကျွေးမွေးနေရသည်။ ဘုရားသခင်သည် သူတို့ကိုအကူအညီမဲ့သောနေရာသို့ ပို့ဆောင်ခဲ့သည်။ သူတို့သည် သောက်စရာရေ (သို့) စားစရာမုန့်မရှိကြပါ။ သူတို့သည် မောရှေတဘက်၌ ညည်းတွားခြင်းပြု၍ သူတို့ကိုသေစေဖို့ရန် တောကန္တရသို့ ပို့ဆောင်ကြသောကြောင့် မောရှေကိုအပြစ်တင်ကြ၏။ ထိုအခြေအနေတွင် မောရှေသည်ဘုရားသခင်ထံ အော်ဟစ်၍ ရေနှင့်အစားအသောက်တို့ကို အံ့ဖွယ်ရာနည်းဖြင့်ဘုရားသခင်ပေးတော်မူခဲ့သည်။ ထိုလှည့်လည်ခဲ့သောနှစ်များတစ်လျှောက် ဘုရားသခင်သည် သူတို့၏ကိုယ်ကာလလိုအပ်ချက်များကို ထောက်ပံ့ပေးခဲ့သည်။ သူတို့သည် ကျေနပ်ရောင့်ရဲပြီး ဘုရားသခင်ကိုယုံကြည်သင့်သည်။ သို့သော်၊ သူတို့ကအပျက်သဘောဖြင့် တုံ့ပြန်ခဲ့သောကြောင့် မောရှေသည်သူတို့အား ဘုရားသခင်၏သူတို့အပေါ် ကောင်းမြတ်ခြင်းကို သတိရစေခဲ့သည်။ သူတို့သည် အလွန်အခွင့်ထူးခံကြရသော်လည်း သူတို့ကြားတွင်အံ့ဘွယ်အမှုများပြုခြင်းဖြင့် သူတို့အားဘုရားသခင်မျက်နှာသာပေးခြင်းကို အသိအမှတ်မပြုကြပေ။

**ဆင်ခြင်ရန်** - သူ့လူတို့သည် သူ့ကိုလိုအပ်သည့်အချိန်တိုင်း သူတို့အတွက် ယုံကြည်စိတ်ချရသော ခိုလှုံရာမှာ ဘုရားသခင်ဖြစ်တော်မူ၏။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်သည် ကျွန်ုပ်အတွက် အရာရာဖြစ်ကြောင်းကို အစဉ်နားလည်ပါရစေ။

**တရားဟော ၈း၁-၁၀**
သုတ္တံ ၃၀း၈-၉

*"ဆင်းရဲခြင်းနှင့်ငွေရတတ်ခြင်းကို ပေးတော်မမူပါနှင့်။ အသက်မွေးလောက်သောအစာကိုသာ ပေးတော်မူပါ"*

## ဘုရားသခင်သည် ဣသရေလ၏သိုးထိန်းဖြစ်တော်မူ၏

ဣသရေလသည် ခါနာန်ပြည်သို့ဝင်ရောက်၍ မိမိတို့အဖို့ စားစရာစိုက်ပျိုးထုတ်လုပ်ကြမည်ဖြစ်သော်လည်း၊ ဘုရားသခင်က ဤသို့သွန်သင်လမ်းပြတော်မူ၏။ မောရှေက ဣသရေလလူတို့အား ဘုရားသခင်နှိမ့်ချစုံစမ်းခြင်းမှာ လူသည်မုန့်အားဖြင့် အသက်မရှင်ဘဲ၊ ဘုရားသခင်၏နှုတ်ကထွက်သောစကားတော်တိုင်းအားဖြင့် အသက်ရှင်ကြောင်း သူတို့အားသိစေလိုသောကြောင့် ဖြစ်ကြောင်း ဆိုခဲ့ပါသည်။ စာတန်၏သွေးဆောင်ခြင်းခံရစဉ် ယေရှုက ထိုစကားကို မသဲ ၄း၄ ထဲတွင် ကိုးကားခဲ့ပါသည်။ ဘုရားသခင်၏သမ္မာတရားသည် ထာဝရတည်တော်မူသည်ဖြစ်၍ ထိုသမ္မာတရားဖြင့် ယေရှုကစာတန်ကို ပြန်လည်ချေပတော်မူခဲ့၏။

သူတို့၏အဝတ်အစားနှင့်ဖိနပ်တို့သည် နှစ်ပေါင်းလေးဆယ်လုံးလုံး မဟောင်းနွမ်းခဲ့ကြောင်း မောရှေကဖော်ပြပါသည်။ ဤသည်ကား သူတို့၏ခန္ဓာကိုယ်လိုအပ်ချက်များကို ဘုရားသခင်ထောက်ပံ့တော်မူကြောင်း သက်သေဖြစ်ပါသည်။ သခင်ယေရှုက တပည့်တော်တို့အား စားဝတ်နေရေးအတွက် စိုးရိမ်ခြင်းမရှိခြင်းငှါ မိန့်တော်မူစဉ်၊ ငှက်ကလေးများနှင့် တောနှင်းပန်းတို့ကို ပုံဥပမာအဖြစ် အသုံးပြု၍ ဘုရားသခင်၏ပြုစုကျွေးမွေးမှုကို ဖော်ပြခဲ့ပါသည်။ ယေရှုကထိုသို့ ဂတိတော်အနေဖြင့် မိန့်တော်မူခဲ့သော်လည်း၊ ဣသရေလလူတို့မူကား ကောင်းကင်မှတိုက်ရိုက်ပြုစုကျွေးမွေးခြင်းခံရခြင်းအမှု၌ သူတို့ကိုယ်တိုင်သည် သက်သေဖြစ်ကြ၏။ ဘုရားသခင်ယုံကြည်ကိုးစားခြင်းနှင့် သမ္မာတရားသိကျွမ်းခြင်းသည် ကံကိုကိုးစားခြင်းထက်သာ၍ ကောင်း၏။ ဤတရားတို့ကိုမောရှေကောင်းကောင်းသိသောကြောင့် ဣသရေလလူတို့အား ဘုရားသခင်၏နောက်တော်သို့လိုက်၍၊ သစ္စာတရားနှင့်ဘုရားသခင်ကို ကိုးကွယ်ကြခြင်းငှါ တိုက်တွန်းခဲ့ပါသည်။

အစာရေစာခေါင်းပါးခြင်းသည် နိုင်ငံအများ၌ ဖြစ်လေ့ရှိသောအရာဖြစ်ပါသည်။ ဣသရေလမူကား ဘုရားသခင်ကလုံလောက်စွာပြုစုကျွေးမွေးတော်မူနိုင်ကြောင်း ပြသတော်မူ၏။ တမန်တော်ပေါလုဖော်ပြသည်အတိုင်း ကျွန်ုပ်တို့၏လိုအပ်သောအရာများကို ဘုရားသခင်ကမိမိ၏ကြွယ်ဝမှုအတိုင်း ထောက်ပံ့ပေးတော်မူနိုင်ပါသည် (ဖိလိ ၄း၁၉)။

အဘသည်သားကို ဆုံးမသကဲ့သို့ ဘုရားသခင်ကသူတို့ကိုဆုံးမတော်မူ၏။ ဆုံးမခြင်းခံရစဉ် နာကျင်သည်ဟုထင်ရသော်လည်း၊ အသက်တာ၌ ကောင်းသောအမှုကိုဖြစ်စေပါ၏။ သိုးထိန်းကျောင်းခြင်းသည် အလွန်ခက်ခဲလှပါသည်။ လမ်းခရီးတိုင်းသည် လွယ်ကူမည်မဟုတ်ပါ။ သို့သော်လည်း သိုးတို့အတွက် ကောင်းကျိုးကိုရည်ရွယ်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကြွယ်ဝမှုသည် စစ်၍မကုန်နိုင်၊ လိုအပ်သောသူထံသို့မိမိအလိုတော်အတိုင်း ပေးကမ်းတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ စိုးရိမ်ခြင်းမရှိဘဲ အကျွန်ုပ်လိုအပ်သောအရာကို ကိုယ်တော်ထံ ရှာပါမည်။

*“ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။
ငါသည် ဆင်းရဲမခံရ”*

## ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို က္ကသရေလလူတို့၏တုန့်ပြန်မှု

ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၍ ငါသည်ဆင်းရဲမခံရဟု ဒါဝိဒ်ဆိုရာ၌ မိမိလူမျိုးကို ဘုရားသခင်ကပြုစုခဲ့ကြောင်း၊ တောထဲ၌ လမ်းတလျှောက်ကွယ်ကာကျွေးမွေးတော်မူကြောင်းကို သိမှတ်လျက်မိန့်ဆိုခြင်းဖြစ်ပါသည်။ ယေရှုကငါ့သိုးတို့သည် ငါ့စကားကိုကြားသိ၍ ငါ့နောက်သို့လိုက်ကြပြီး စားကျက်မြေ၌ကျက်စားကြ၏ဟု မိန့်တော်မူခဲ့ပါသည် (ယောဟန် ၁၀း၂၇)။ ဘုရားသခင်၏ပညတ်တရားလိုက်လျှောက်ခြင်းသည် ဘုရားသခင်၏စကားတော်ကို ကြားသိလိုက်နာခြင်းဖြစ်ပါသည်။ က္ကသရေလအား ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့သည် ဘုရားသခင်၏လမ်းတော်၌လျှောက်လှမ်းနေထိုင်ဖို့ရန်ဖြစ်ပါသည်။

ဂတိတော်ပြည်၌ က္ကသရေလနှစ်သက်သော၊ ကောင်းသောအရာများစွာရှိပါသည်။ သူတို့နှစ်သက်သော၊ လိုအပ်သောပစ္စည်းဥစ္စာအရင်းအမြစ်ဖြင့် ကြွယ်ဝသောပြည်သို့ သူတို့အား ဘုရားသခင်ပို့ဆောင်ခြင်းငှါ မိန့်တော်မူခဲ့ပါသည်။ သစ်သီးခုနစ်မျိုးဖြင့်ပြည့်စုံသောပြည်ဖြစ်ပါသည်။ ထိုအသီးတို့ကို မောရှေကဖော်ပြခဲ့ပါသည် “အကြောင်းမူကား၊ သင်၏ဘုရားသခင်ထာဝရဘုရားသည် ကောင်းသောပြည်၊ ချိုင့်ထဲ၊ တောင်ထဲကပေါက်သောမြစ်၊ ချောင်း၊ စမ်းရေတွင်း၊ ရေကန်များနှင့် ပြည့်စုံသောပြည်၊ ဂျုံ၊ မုယော၊ စပျစ်ပင်၊ သင်္ဘောသဖန်းပင်၊ သလဲပင်နှင့်ပြည့်စုံသောပြည်၊ သံလွင်ဆီပျားရေနှင့်ပြည့်စုံသောပြည်. . . သင့်ကိုဆောင်သွားတော်မူ၏” (တရား ၈း၇-၈)။ ဤပြည်မှအပ က္ကသရေလနှစ်သက်မည့်ပြည်မရှိတော့ပါ။ ဤပြည်သည် အစာရေစာခေါင်းပါးခြင်းမရှိ၊ စုံလင်သောပြည်ဖြစ်ပါသည်။ ထို့ပြင် သံ၊ ကြေးနီတို့လည်းရှိ၏။ သံယံဇာတကြွယ်ဝသော၊ စိုက်ပျိုးရေးဖြစ်ထွန်းသောပြည်ဖြစ်ပါသည်။ ဤသည်ကား က္ကသရေလကိုထိန်းကျောင်းတော်မူသော ဘုရားသခင်၏ကောင်းကြီးများပင်ဖြစ်ပါသည်။ ဘုရားသခင်သည် အမှန်ကောင်းသောသိုးထိန်းဖြစ်တော်မူ၏။

မောရှေက က္ကသရေလလူတို့အား ဘုရားသခင်၏ပြုစုကျွေးမွေးခြင်းကြောင့် ကျေးဇူးတော်ကိုချီးမွမ်း၍ အရာရာတိုင်း၌ ဘုရားသခင်ကိုနာခံခြင်းရှိကြရန် တိုက်တွန်းခဲ့ပါသည်။ ဤသည်ကား သူတို့ပြုသင့်သောအမှုဖြစ်ပါသည်။ မောရှေက သူတို့တို့သည်ဘုရားသခင်၏ ကောင်းကြီးခံစားရ၍ ကြွယ်ဝလာသောကြသောအခါ ဘုရားသခင်ကိုမေ့လျော့၍ မိမိခွန်အားဖြင့်ကြွယ်ဝခြင်းရသည်ဟု ထင်မှတ်ကြမည်အကြောင်း သိခဲ့ပါသည်။ ထို့ကြောင့် ဤသို့သတိပေးခဲ့ပါသည် - “သင်သည် ဝစွာစား၍ကောင်းသောအိမ်ကို ဆောက်လျက်နေရစဉ်၊ သင်၏ သိုးနွား၊ ရွှေငွေအစရှိသော ဥစ္စာမျိုးများပြားစဉ်အခါ၊ သင်သည် မာနထောင်လွှားခြင်းသို့ရောက်၍၊ အထက်ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့တော်မူထသော. . . သင်၏ဘုရားသခင်ထာဝရဘုရားကို မေ့လျော့၍ . . .” (တရား ၈း၁၂-၁၄)။

**ဆင်ခြင်ရန်** - “အကယ်စင်စစ် အကျွန်ုပ်သည်ကျေးဇူးနှင့်ကရုဏာကို တသက်လုံးခံစား၍. . .” (ဆာလံ ၂၃း၆)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ရှေ့၌ အကျွန်ုပ်၏ဖြစ်တည်မှုကို တန်ဖိုးထားမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဩဂုတ် (၂၇)
**တရားဟော ၈း၁၁-၂၀**
၆ ရာ ၂၉း၁-၁၁

*"ထိုမင်းသည် . . . ထာဝရဘုရားရှေ့တော်၌ တရားသောအမှုကိုပြု၏"*

# ဘုရားသခင်ပို့ဆောင်လမ်းပြခြင်းခံရသော ဣသရေလ၏အနာဂတ်

မောရှေသည် အပြစ်နှင့်ဇာတိပကတိအလိုသို့ လွယ်ကူစွာကျရောက်တတ်ကြောင်းကို သိသဖြင့် "အောက်မေ့လော့" ဟူသောစကားလုံးကို အကြိမ်ကြိမ်အသုံးပြုခဲ့ပါသည်။ ဘုရားသခင်က ဒုက္ခဆင်းရဲများစွာထဲမှ သူတို့ကိုကယ်နှုတ်တော်မူခဲ့၏။ ပြုစုကျွေးမွေးတော်မူပြီး အဆုံးထိတိုင်အောင် ကောင်းသောအမှုကိုပြုတော်မူခဲ့ပါသည်။ မောရှေကလည်း ဣသရေလလူတို့အားဝိညာဉ်ရေးရာအမှု၌ ကောင်းမွန်စွာကျင့်ကြံလျက် ဘုရားသခင်နှင့်ကောင်းသောမိဿဟာယဖွဲ့ခြင်းရှိခြင်းငှါ အလိုရှိခဲ့ပါသည်။ ထိုသို့ဖြင့် ဘုရားသခင်သည် သူတို့ကိုကောင်းကြီးပေး၍ လူမျိုးတကာတို့ထံ မိမိကိုယ်ကို ဖော်ပြတော်မူမည်ဖြစ်ပါသည်။

ဘုရားသခင်ကကောင်းသောပြည်ကို ပေးတော်မူသည်ဖြစ်သောကြောင့် ဣသရေလလူတို့သည် ဝါကြွားခြင်းမရှိကြခြင်းငှါ မောရှေသတိပေးခဲ့ပါသည်။ သူတို့သည် ကြွယ်ဝချမ်းသာခြင်းရှိကြပါလိမ့်မည်။ ထိုအခါ ကြွယ်ဝခြင်းကိုပေးသောပဋိညာဉ်တရားကို ထိန်းသိမ်းတော်မူသောဘုရားသခင်ကို သူတို့သတိရအောက်မေ့ကြရပါမည်။ မေ့လျော့ခဲ့ပါလျှင် သူတို့သည်ပျက်စီးခြင်းသို့ ရောက်ကြပါလိမ့်မည်။ ဣသရေလသမိုင်းကိုကြည့်လျှင် ဘုရားသခင်က သူတို့အားရှင်ဘုရင်ကိုပေးခဲ့ပါသည်။ သူတို့ဆောင်ရွက်သောအမှုသည် လူမှုရေးလုပ်ငန်းများဖြစ်ပါသည်။ ဝါကြွားသောသူတို့သည် ဝိညာဉ်ရေးရာ၌ကျဆုံးသောသူဖြစ်၍ မိမိပြည်သူတို့ကိုလမ်းလွဲခြင်းသို့ပို့ဆောင်ခဲ့၏။ ဒါဝိဒ်၊ ယောဇကိမင်းနှင့် ယောရှိမင်းတို့သည် တိုင်းပြည်ကိုဝိညာဉ်ရေးရာအမှု၌ တိုးတက်စေသောဘုရင်များဖြစ်ခဲ့ကြပါသည်။ အခြားသောဘုရင်များဖြစ်သော မာနရှေနှင့်နိုင်ငံနှစ်ခြမ်းကွဲပြီးမှ ရှင်ဘုရင်များတို့သည် တိုင်းပြည်ကို ရုပ်တုဆင်းတုကိုးကွယ်ခြင်းသို့ ပို့ဆောင်ခဲ့ကြ၏။ မောရှေသည် သူတို့သည်ဘုရားသခင်ကို ငြင်းပယ်ခဲ့ပါလျှင် ဘုရားသခင်ဖျက်ဆီးခဲ့သောအခြားလူမျိုးများကဲ့သို့ ဖြစ်ရကြမည်ဖြစ်ကြောင်းသတိပေးခဲ့ပါသည်။ ဆိုလိုသည်မှာ သူတို့သည်ဘုရားသခင်အား လုံးဝနာခံခြင်းရှိရမည်ကို ဘုရားသခင်အလိုရှိတော်မူ၏။ မောရှေက ဤသို့သတိပေးခဲ့ပါသည် - "သင်၏ဘုရားသခင် ထာဝရဘုရား၏စကားတော်ကိုနားမထောင်သောကြောင့် ထာဝရဘုရားသည် သင့်ရှေ့မှာဖျက်ဆီးတော်မူသောလူမျိုးများကဲ့သို့ ထိုနည်းတူ သင်သည်ပျက်စီးခြင်းသို့ရောက်ရလိမ့်မည်" (တရား ၈း၂၀)။

မောရှေက ဣသရေလခံရသော ဘုရားသခင်၏ကောင်းကြီးများကိုဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တရားလိုက်လျှောက်ခြင်းနှင့် ခံစားခဲ့ရသောကောင်းကြီးမင်္ဂလာအောက်မေ့ခြင်းက သူတို့၏လုပသောအနာဂတ်အတွက် စိတ်ချမှုပေးခဲ့ပါသည်။ ဘုရားသခင်လူတို့၏မျှော်လင့်ခြင်းသည် ထာဝရကောင်းကင်နိုင်ငံတော်ပင်ဖြစ်ပါသည်။ ထိုအရပ်၌ သင်နေရာရှိပြီးပြီလား။

**ဆင်ခြင်ရန်** - "ကောင်းကင်နိုင်ငံတော်သို့ရောက်ရှိသောအချိန်သည် ကျွန်ုပ်တို့အားလုံးအတွက် ဝမ်းမြောက်ပျော်ရွှင်ရသောနေ့ဖြစ်ပါလိမ့်မည်"။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏ထာဝရအိမ်တော်ကို မျှော်ကြည့်တတ်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဩဂုတ် (၂၈)
**တရားဟော ၉း၁-၈**
ဆာလံ ၃၆း၁-၅

*"အို ထာဝရဘုရား၊ ကရုဏာတော်သည် ကောင်းကင်သို့ငှင်း၊ သစ္စာတော်သည် မိုးတိမ်သို့ငှင်း မှီပါ၏"*

# ခါနာန်ပြည်သို့ဝင်ရောက်ခြင်း၌ ပြင်ဆင်ခြင်း

ထွက်မြောက်ရာလမ်းတလျှောက်၌ ဣသရေလသည်နာခံခြင်းထက် ဘုရားသခင်အားဆန့်ကျင်ခြင်းအမှုကိုပို၍ပြုခဲ့ပါသည်။ ထိုအမှုအလုံးစုံကို မောရှေမြင်တွေ့ခဲ့သောကြောင့် ခါနာန်ပြည်ဝင်ရောက်မည့်ဣသရေလလူတို့ကိုပြင်ဆင်မှုပြုစဉ် သူတို့၏အရင်ကျူးလွန်သောအမှုတို့ကို ပြန်လည်ဖော်ပြလျက် သတိပေးခဲ့ပါသည်။ ထိုအပြစ်တို့ကိုနောက်ထပ်မကျူးလွန်စေခြင်း၌ ထိုအရင်အမှားများမှ သင်ခန်းစာယူခြင်း၌ ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုယ်တိုင်က ရေးသားတော်မူသောပညတ်တရားကျောက်ပြား မိမိလက်ခံခြင်းအမှုကိုပြန်၍ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် ဣသရေလကိုနှစ်သက်ချစ်ခင်တော်မူ၏။ သူတို့လမ်းမှားသောအခါ ဆုံးမတော်မူ၏။ ဣသရေလသည် ထိုသို့လမ်းလွဲတတ်သောကြောင့် မောရှေကအကြိမ်ကြိမ်သတိပေးခြင်းဖြစ်ပါသည်။ သူတို့၏ယိုယွင်းပျက်စီးခြင်းသဘောကို အကြိမ်ကြိမ်ဣသရေလ၌တွေ့ရပါသည်။

ခါနာန်ပြည်သို့ဝင်ရောက်ခြင်း၌ ပြင်ဆင်မှု၌အခက်အခဲများစွာရှိခဲ့ပါသည်။ ဣသရေလသည် ထိုပြည်ကိုပိုင်ဆိုင်ခြင်း၌ ယော်ဒန်မြစ်ကိုဖြတ်ဖို့လိုပါသည်။ ထိုပြည်၌နေထိုင်သောသူတို့သည် ဣသရေလလူတို့ထက်ခွန်အားကြီး၍ သူတို့၏မြို့တို့သည် မြင့်သောမြို့ရိုးတို့ဖြင့် ဝန်းရံထားကြ၏။ သူတို့သည် လူကောင်ကြီးပြီး အရပ်အလွန်မြင့်သောကြောင့်ဖြစ်ကြ၏။ စစ်တိုက်ခြင်း၌သူတို့သည် အကောင်ကြီးသောသူဖြစ်သောကြောင့် ပို၍အားသာချက်ရှိကြ၏။

လူ့အမြင်အားဖြင့်ကြည့်လျှင်၊ ဣသရေလလူတို့သည် ခါနာန်လူတို့ကိုအနိုင်ယူရမည်မှာ မဖြစ်နိုင်သောအမှုပင်ဖြစ်ပါသည်။ ထို့ကြောင့် မောရှေက ဣသရေလလူတို့အား ဘုရားသခင်သည် သူတို့နှင့်အတူ ရှိတော်မူမည်ဖြစ်ကြောင်း တိုက်တွန်းအားပေးခဲ့ပါသည်။ ဘုရားသခင်သည် လောင်သောမီးကဲ့သို့ သူတို့ရှေ့၌သွား၍ သူတို့၏ရန်သူတို့ကိုဖျက်ဆီးတော်မူလိမ့်မည်။ ထိုသို့ဘုရားသခင်က ရန်သူတို့ကိုတိုက်ခိုက်၍ ပယ်ရှင်းခြင်းပြုသောအမှုကို ဣသရေလလူတို့သည် ကြည့်ရှုမြင်တွေ့ကြရပါမည်။ ခါနာန်လူတို့ကိုအောင်နိုင်ခြင်း၌ ဘုရားသခင်၌နည်းလမ်းများစွာရှိတော်မူ၏။ ဘုရားသခင်က ပျားတို့ကိုစေလွှတ်၍ရန်သူတို့ကို မောင်းထုတ်မည်ဟုမိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ အဲဂုတ္တုပြည်မှထွက်ခွာစပြုစဉ်၌ အဲဂုတ္တုလူတို့ဘက်၌ မှောင်မိုက်သောတိမ်ထုကြီးကျရောက်စေလျက်၊ အောင်မြင်မှုပေးခဲ့ဖူးပါသည်။ ယခု၌လည်း ဘုရားသခင်၏ဂတိတော်သည် ပြည့်စုံမည်ဖြစ်၍၊ ဣသရေလလူတို့သည် သစ္စာရှိဖို့သာလိုအပ်ပါ၏။ အောင်မြင်မှုရမည်မှာ သေချာလှပါ၏။ သင်၏ဝိညာဉ်စစ်ပွဲ၌ အောင်မြင်ခြင်းရခြင်း၌ သေချာမှုရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ဘယ်သူမှမနိုင်နိုင်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၌ အစဉ်အောင်မြင်မှုရှိကြောင်း အကျွန်ုပ်ကိုအစဉ်သတိရအောက်မေ့စေတော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၂၉)
**တရားဟော ၉း၁-၈**
ဆာလံ ၉၂း၁-၆

*"အိုထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကို ဝမ်းမြောက်စေတော်မူသည်ဖြစ်၍၊ လက်တော်နှင့်ပြုပြင်တော်မူ သမျှကြောင့် ရွှင်လန်းစွာသီချင်းဆိုပါမည်"*

## ခါနာန်လူတို့အား နှင်ထုတ်ခြင်းအမှု၌ ဘုရားသခင်၏ရည်ရွယ်ချက်

ဘုရားသခင်က ဣသရေလလူတို့အား ခါနာန်လူတို့ထက်မျက်နှာသာပေးရခြင်းမှာ သူတို့သည် ဖြောင့်မတ်မှန်ကန်ခြင်းရှိသောကြောင့် မဟုတ်ကြောင်း သေချာအသိပေးခဲ့ပါသည်။ ခါနာန်လူတို့ကို ဖျက်ဆီးရခြင်းအကြောင်းမှာ သူတို့ကိုယ်တိုင်၏ဆိုးသွမ်းမှုကြောင့် ဖြစ်ပါသည်။ သူတို့သည် ရုပ်တုဆင်းတုကိုးကွယ်သောသူဖြစ်၍ စစ်မှန်သောဘုရားသခင်ကိုငြင်းပယ်ခဲ့ကြ၏။ ထို့ကြောင့် သူတို့၏ အကျင့်တရားသည်လည်း ဆိုးသွမ်းသည်ဖြစ်၍ အချို့အရာတို့သည် ဖော်ပြခြင်းငှါ ရွံရှာစရာကောင်းလှပါသည်။ ရုပ်တုဆင်းတုများထုလုပ်ခဲ့ကြပြီး ထိုရုပ်တုဆင်းတုတို့က သူတို့၏အကျင့်တို့ကိုလည်း ဖော်ပြလျက်ရှိ၏။ သူတို့နှင့်သူတို့ထုလုပ်သောရုပ်တုများကိုလည်း ဖျက်ဆီးကြခြင်းငှါ ဣသရေလလူတို့အား ဘုရားသခင်မိန့်တော်မူခဲ့၏။

ဣသရေလသည် လည်ပင်းခိုင်မာသောလူမျိုးဟုလည်းဖော်ပြထားပါသည်။ တောထဲ၌ ဣသရေလလူတို့၏ဆန့်ကျင်ခြင်းအမှုတို့သည် မောရှေအတွက် မေ့၍မရသောအဖြစ်အပျက်ဖြစ်ပါသည်။ သူတို့သည်ကောင်းမြတ်ကြသောကြောင့် ကောင်းသောအမှုကိုပြုကြသောကြောင့် ဘုရားသခင်က ဤပြည်ကိုပေးတော်မူသည်မဟုတ်ကြောင်း မောရှေသတိပေးခဲ့ပါသည်။ ဤပြည်ကိုပေးမည်ဟု အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်တို့ထံ ဘုရားသခင် ပဋိညာဉ်ပြုတော်မူသောကြောင့် ထိုဂတိတော်ကို ဘုရားသခင်စုံလင်စေခြင်းငှါဖြစ်ပါသည်။ ထို့ပြင် တောထဲ၌မည်သို့ဘုရားသခင်အမျက်တော်ကို နှိုးဆွခဲ့ကြကြောင်းကိုလည်း ပြန်၍သတိရစေခဲ့ပါသည်။ ဘုရားသခင်၏ဂရုဏာကိုတော်ကို တောင်းလျှောက်ရသောအခွင့်သူတို့၌မရှိပါ။ မောရှေက ဤသို့ဆိုခဲ့ပါသည် "သင်သည် သင်၏ဘုရားသခင်ထာဝရဘုရားကို အမျက်ထွက်စေခြင်းငှါ တော၌ပြုမိသည်ကိုမမေ့နှင့်။ အောက်မေ့လော့။ သင်သည် အဲဂုတ္တုပြည်ထဲကထွက်သောနေ့မှစ၍ ဤအရပ်သို့ရောက်သည်တိုင်အောင် ထာဝရဘုရားကိုပုန်ကန်ပြီ" (တရား ၉း၇)။

ထို့ပြင် သိနာတောင်ပေါ်၌ဘုရားသခင်လက်တော်မှပညတ်တော် မောရှေသွားယူစဉ် ဣသရေလပြုသောဆန့်ကျင်မှုကိုလည်း သူတို့အားပြန်ပြောပြခဲ့ပါသည်။ ထိုအဖြစ်အပျက်တို့ကို ထွက်မြောက်ရာကျမ်း ၃၂ ထဲတွင်ဖော်ပြခဲ့ပါသည်။ မောရှေသည် ရက်ပေါင်းလေးဆယ်တောင်ပေါ်၌ နေခဲ့စဉ်၊ လူတို့သည် ဘုရားသခင်ကိုမေ့လျော့၍ မိမိတို့စိတ်ကူးဖြင့် ဘုရားရုပ်တုကိုထုလုပ်ခဲ့ကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကျေးဇူးတော်မပါလျှင်၊ လူသည် အဘယ်အမှုကိုပြုနိုင်သနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ကျေးဇူးကရုဏာတော်ကို မေ့လျော့ခြင်းမရှိခြင်းငှါ အကျွန်ုပ်ကိုကိုယ်တော်အနီး၌ အစဉ်နေစေတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၃၀)
**တရားဟော ၉း၉-၁၅**
ဇဖက် ၆း၁၀-၁၈

*"မာရ်နတ်၏ပရိယာယ်တို့ကို ဆီးတားနိုင်မည် အကြောင်း၊ ဘုရားသခင်ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့"*

## အယုတ်ညံ့ဆုံးသောအမှု

ဣသရေလလူတို့သည် အဲဂုတ္တုလူတို့နည်းလမ်းကိုလိုက်၍ သူတို့အတွက် ရွှေနွားသူငယ်ရုပ်တုကို အာရုန်အားပြုလုပ်ရန်တောင်းဆိုခဲ့ပါသည်။ အာရုန်ကလည်း မငြင်းပယ်ဘဲလူတို့၏တောင်းဆိုမှုကိုသဘောတူခဲ့ပါသည်။ သူတို့၏နားကပ်များကို ယူလာကြရန်အာရုန်ဆိုခဲ့၏။ ထိုအခါ ယူလာခဲ့ကြပြီး အာရုန်ကရွှေနွားသူငယ်ရုပ်ထုကို ထုပေးခဲ့ပါသည်။

ထိုနွားသူငယ်သည် အဲဂုတ္တုပြည်မှသူတို့ကိုခေါ်ထုတ်သော ဘုရားများကိုကိုယ်စားပြုသည်ဟုဆိုကြ၏။ ဤသည်ကား အယုတ်ညံ့ဆုံးသောအမှုဖြစ်ပါသည်။ ထို့ကြောင့် မောရှေကသူတို့သည် ဘုရားသခင်၏အမျက်တော်ကို နှိုးဆွခဲ့ကြသည်ဟု ဆိုခဲ့ပါသည်။ ရုပ်တုထံပူဇော်ခြင်းပြုလျက် ဝတ်ပြုခြင်းသစ်ကို သူတို့တီထွင်ခဲ့ကြပါသည်။ ထိုအချိန်သည် ဘုရားသခင်က ဣသရေလထံပေးတော်မူသော ပညတ်တရားကိုတောင်ပေါ်၌ မောရှေသွားယူနေစဉ်ဖြစ်ပါသည်။ ပျော်ရွှင်ရမည့်အချိန်သည် ဒဏ်ခတ်သောအချိန်ဖြစ်ခဲ့ပါသည်။ မောရှေသည်အလွန်ဒေါသထွက်လျက် ပညတ်တရားရေးသားထားသောကျောက်ပြားနှစ်ပြားကို ပစ်ခွဲခဲ့ပါသည်။ ဘုရားသခင်သည် ရုပ်တုဆင်းတုကိုးကွယ်သောသူအပေါင်းကို ဖျက်ဆီးခြင်းငှါဆိုခဲ့ပါသည်။ ဤရွှေနွားသူငယ်ရုပ်တုဖြစ်စဉ်သည် ကျွန်ုပ်တို့အားလုံးအတွက် သတိပေးချက်ဖြစ်ပါသည်။ မောရှေသည် ကြားဝင်တောင်းလျှောက်ခြင်းပြုသောကြောင့် သူတို့သည်ပျက်စီးခြင်းမခံဘဲ လွတ်ခြင်းခံခဲ့ကြရ၏။ ကျွန်တော်တို့သည် သွေးဆောင်ခြင်းမရောက်မိမည်သို့ရင်ဆိုင်ရမည်ကို သင်ယူကြရပါမည်။ သမ္မာကျမ်းစာက ဘုရားသခင်၏လူတို့သည် ဘုရားသခင်ပြင်ဆင်ပေးသောလက်နက်စုံကို ဝတ်ဆင်ကြရပါမည် (ဇဖက် ၆း၁၀-၁၈)။

ထိုပညတ်တရားများကို ပြုခြင်းငှါ မောရှေသည်တောင်ပေါ်၌ ရက်ပေါင်းလေးဆယ်နေခဲ့ရ၏။ ထိုအချိန်၌မစားမသောက်ဘဲနေခဲ့၏။ ထိုသို့အစာရှောင်ခြင်းသည် ထိုအဖြစ်အပျက်၏ သန့်ရှင်းအရေးပါမှုကိုဖော်ပြ၍ ဘုရားသခင်ကအသက်ရှင်စေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တော်ထက် ပို၍အရေးကြီးသောအရာမရှိပါ။ "သင်တို့သည် စည်းဝေးကြသောနေ့၌ ထာဝရဘုရားသည် တောင်ပေါ်မှာမီးထဲကမြွက်ဆိုတော်မူသော စကားတော်အလုံးစုံတို့ကို လက်ညိုးတော်ဖြင့်ရေးထားသော ကျောက်ပြားနှစ်ပြားတို့ကို ထာဝရဘုရားသည် ငါ့အားအပ်ပေးတော်မူ၏။ အရက်လေးဆယ်စေ့သောအခါ ထိုပဋိညာဉ်ကျောက်ပြားနှစ်ပြားကို ထာဝရဘုရားသည်ငါ့အားပေးတော်မူ" ၏ (တရား ၉း၁၀-၁၁)။

**ဆင်ခြင်ရန်** - စာတန်သည် အကျွန်ုပ်၏ယုံကြည်ခြင်းကို လမ်းလွဲစေခြင်းငှါ အစဉ်သွေးဆောင်ခြင်းကိုပြုပါ၏။

**ဆုတောင်းချက်** - အဖဘုရား၊ အချိန်တိုင်းဘုရားသခင်၏တန်ဆာကို ဝတ်ဆင်သောသူဖြစ်မည်အကြောင်း အကျွန်ုပ်ကိုမစကွယ်ကာတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၃၁)
**တရားဟော ၉း၉-၁၅**
ယောဟန် ၁၇း၁၅-၁၉

*"ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏"*

## ဘုရားသခင်သည် ဣသရေလ၌အစေ့အမှုကိုမြင်တွေ့တော်မူ၏

ထိုကျောက်ပြားတို့သည်အလွန်အရေးကြီးသည်ဖြစ်၍ ဣသရေလလူတို့သည်အလွန်တန်ဖိုးထားရှိသေခြင်းရှိကြ၏။ ရွှေနွားသူငယ်ရုပ်ထု၌ ဒေါသထွက်၍မောရှေပစ်ခွဲခဲ့သော ပထမကျောက်ပြားနှစ်ပြားကို ပြန်၍အစားထိုးပေးခဲ့ပါသည်။ ယေရုရှလင်မြို့ရှိ ဗိမာန်တော်ကိုဗာဗုလုန်မင်းက မီးရှို့ပြီးနောက် နှစ်ပေါင်းများစွာ ထိုကျောက်ပြားများပျောက်သည်ဟု ထင်ရပါသည်။ ထိုကျောက်ပြားတို့သည် ပဋိညာဉ်သေတ္တာတော်ထဲ၌ထား၍ အလွန်အလေးအမြတ်ထားသောအရာဖြစ်ပါသည်။ ထိုအချိန်၌ ဘုရားသခင်နှုတ်ကပတ်တော်ကို အခြားနည်းဖြင့်ထိန်းသိမ်းကွယ်ကာခဲ့ပါသည်။ ထိုအရာတို့ကိုယနေ့ထိန်းသိမ်းကွယ်ကာခဲ့ပါသည်။ ထိုအရာတို့ကိုယနေ့တွေ့ခဲ့ကြပါလျှင် လူတို့သည်ရုပ်တုသဖွယ်ကိုးကွယ်ကြမည်မှာ သံသယဝင်စရာမလိုပါ။ ထို့ကြောင့် ဘုရားသခင်ကပျောက်ကွယ်ခွင့်ပြုခဲ့ခြင်းဖြစ်နိုင်ပါသည်။ ယေရှုကသမ္မာကျမ်းစာကူးယူထားသောကျမ်းကို တရားစရပ်တို့၌ စစ်မှန်သောနှုတ်ကပတ်တော်အဖြစ် အကြိမ်များစွာဖတ်ရွတ်ခဲ့ဖူးပါသည်။ တမန်တော်တို့ကလည်း ဘုရားသခင်၏နှုတ်ကပတ်တော်ဟု သတ်မှတ်ခဲ့ကြပါ၏။ ဘုရားသခင်၏ပညတ်တရားရေးမှတ်ထားသော သမ္မာတရားသည် အစဉ်ကြီးမြတ်လှပါ၏။

တောင်ပေါ်၌ရှိနေစဉ် ဘုရားသခင်ကမောရှေအား လူတို့သည်မိမိကိုယ်ကို ဖျက်ဆီးစေကြသည်ဖြစ်သောကြောင့် အလျင်အမြန်ဆင်းသွားခြင်းငှါ မိန့်တော်မူ၏။ သူတို့သည် ဘုရားသခင်ထံမှလျင်မြန်စွာလမ်းလွှဲ၍ ရုပ်တုကိုသွန်းလုပ်ခဲ့ကြ၏။ နောင်တရခဲ့သောသူတို့ကလည်း ဘုရားသခင်အပေါ်ပြုခဲ့ကြသောအပြစ်၏ မိုက်မဲမှုကိုသိလာခဲ့ကြပါသည်။ ဘုရားသခင်က သူတို့အားလည်ပင်းခိုင်မာသောသူဟု ဆိုခဲ့ပါသည်။ စိတ်နှလုံးပြုပြင်ပြောင်းလဲ၍ နာခံခြင်းမရှိကြလျှင် ပညတ်တရားအတိုင်း ဆောင်ရွက်ရန်သာကျန်တော့၏။ ဣသရေလသည်သူ၏အပြစ်ကြောင့် ဘုရားသခင်၏ဒဏ်ခတ်ခြင်းကိုခံရမည်ဖြစ်ပါသည်။ ဆုံးမခြင်းကိုဆန့်ကျင်သောသူသည် ဖျက်ဆီးခြင်းကိုခံရကြပါမည်။ ဘုရားသခင်က သူတို့ကိုဖျက်ဆီးပစ်မည်ဟုဆိုသောအခါ မောရှေကကြားဝင်တောင်းလျှောက်ခြင်းပြုသဖြင့် ဘုရားသခင်ကဆိုင်းငံ့ခဲ့ပါသည်။ သို့သော်လည်း သူတို့၏လွန်ကျူးခြင်းအတွက် ပေးဆပ်ကြရပါမည်။ မီးလောင်သောတောင်ပေါ်မှ မောရှေသည်ပညတ်တရားကျောက်ပြားနှစ်ပြားယူလျက်ဆင်းလာခဲ့ပါသည်။ ပညတ်တရားပေးအပ်ခြင်းအမှု၌ ဘုရားသခင်က အထူးတာဝန်ယူခဲ့ပါသည်။

လူတို့အပြစ်ပြုခြင်း၌ စာတန်သည်အစဉ်ပါဝင်ပတ်သတ်လေ့ရှိပါသည်။ ဘုရားသခင်၏အစေခံကျွန်တို့ပြုသောကောင်းသောအမှုကို အစဉ်ဝေဖန်တတ်ပါ၏။ အာရုန်သည် စာတန်၏သွေးဆောင်ခြင်းတန်ဆာပလာဖြစ်ခဲ့ပါသည်။ ပညတ်တော်တရားပေးအပ်ခြင်းသည် ကြီးမြတ်သောအမှုဖြစ်သော်လည်း ထိုကြီးမြတ်သောအမှု၏ ဆန့်ကျင်ဘက်အမှုဖြစ်သော ဣသရေလ၏ဆန့်ကျင်မှုအပြစ်သည် ပို၍ထင်ရှားလှပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နောက်တော်သို့လိုက်၍ စာတန်ကိုအနိုင်ယူပါလော့။
**ဆုတောင်းချက်-** အဖဘုရား၊ အပြစ်သွေးဆောင်ခြင်းသို့ မကျရောက်ခြင်းငှါ အကျွန်ုပ်အား ယနေ့ကာကွယ်စောင့်ရှောက်တော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁)
**တရား ၉း၁၆-၂၅**
မဿဲ ၁၅း၁၉-၂၀

*“ မကောင်းသောကြံစည်ခြင်း၊ လူအသက်ကိုသတ်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်မှားယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သော သက်သေကိုခံခြင်း . . . တို့သည်နှလုံးထဲကထွက်လာ၍ ”*

# ရှုတ်ထွေးမှုနှင့်အပြစ်၏ဆိုးယုတ်ခြင်း

ဣသရေလကအဲဂုတ္တုကိုအောင်နိုင်သောကြောင့် စာတန်သည်အမျက်ထွက်၍ ဣသရေလအားဘုရားသခင်အပေါ်၌ အပြစ်ပြုခြင်းငှါသွေးဆောင်ကြံစည်ခဲ့ပါသည်။ မောရှေမရှိသောအချိန်၌ အာရုန်နှင့်ဣသရေလလူအပေါင်းတို့သည် ဘုရားသခင်အပေါ်အပြစ်ကျူးလွန်ခဲ့ကြ၏။ အပြစ်ကိုအောင်နိုင်ခြင်းငှါ၊ မျှော်လင့်စရာတခုတည်းသည် ဘုရားသခင်၏ကျေးဇူးတော်သာလျှင်ဖြစ်ပါသည်။ ဣသရေလသည်အပြစ်ကိုအစဉ်ပြုနေသော်လည်း၊ မောရှေသည်သူတို့အတွက် ဆုတောင်းပေးတတ်၏။သူတို့၏ဆုတောင်းသံကိုဘုရားသခင်နားညောင်းတော်မူကြောင်းမောရှေသိခဲ့ပါသည်။ ထိုအချက်သည်ဤကျမ်းပိုဒ်၏ အဓိကအချက်ဖြစ်ပါသည်။

မောရှေမရှိသောအချိန်၌ ဣသရေလသည်ရွှေနွားသူငယ်ရုပ်တုကို ကိုးကွယ်လျက်ဘုရားသခင်အပေါ်၌ အပြစ်ကျူးလွန်ခဲ့ကြပါသည်။ ဘုရားသခင်၏အံ့ဘွယ်အမှုများနှင့်နေ့စဉ်ကျွေးမွေးတော်မူခြင်းလက်တော်ကိုမြင်တွေ့ခဲ့ရသော ထိုလူမျိုးပြုသောအမှုသည် အလွန်ကြီးလေးလှပါသည်တကား။ ဘုရားသခင်ကိုစွန့်၍ လူလုပ်သောရုပ်တုကမိမိတို့အားမစမည်ဟု တွေးထင်ခြင်းသည်အလွန်မိုက်မဲလှပါသည်တကား။ မောရှေသည် သူတို့၏ကောင်းကျိုးအတွက်တောင်ပေါ်သို့တတ်နေစဉ်၊ သူတို့သည်ကျွန်ဘဝမှမိမိတို့ကယ်နှုတ်တော်မူသောဘုရားသခင်ကို ဆန့်ကျင်လျက်သူတို့၏ဆိုးကျိုးကို ဖန်တီးလျက်ရှိကြ၏။ ဘုရားသခင်၏အပေါ်၌အပြစ်ပြု၍ဆန့်ကျင်မှုပြုကြပြီ။

ဣသရေလ၏အပြစ်ကရှုတ်ထွေးမှုကိုလည်းဖြစ်စေခဲ့၏။ လူတို့သည်အာရုန်အားသူတို့အတွက်ရုပ်တုလုပ်ပေးရန်တောင်းဆိုခဲ့ကြ၏။ အာရုန်ကလည်းမောရှေပြန်လာချိန်ကိုမစောင့်ဘဲ၊ သူတို့၏တောင်းဆိုမှုကိုလက်ခံခဲ့၏။ မောရှေရောက်လာသောအခါ ဣသရေလလူတို့သည်မိမိကိုယ်ကိုဖျက်ဆီးခဲ့ကြကြောင်းကိုတွေ့ခဲ့ပါသည်။ မမျှော်လင့်သောအရာကို မောရှေတွေ့ရသောကြောင့်၊ ဘုရားသခင်၏ပညတ်ရေးမှတ်ထားသောကျောက်ပြားနှစ်ပြားကို ဒေါသထွက်လျက်မိမိလက်မှ လွှင့်ပစ်ခဲ့ပါသည်။ ဤသည်ကား၊ လူတို့ကဘုရားသခင်၏ပညတ်ကျူးလွန်ကြကြောင်းကိုပုံသက်သေပြလျက် ရှိပါသည်။

ဤအကြောင်းအရာကို ဘုရားသခင်ထံဦးစွာတင်ပြရမည်အကြောင်းမောရှေသိပါ၏။ မောရှေသည်ဘုရားသခင်ရှေ့တော်၌ ပြက်ဝပ်လျက်ရက်ပေါင်းလေးဆယ်လုံးလုံး အစာရှောင်ခဲ့ပါသည်။ မောရှေသည် ဘုရားသခင်၏အမျက်တော်နှင့် အပြစ်ဒဏ်ကျရောက်မည်ကိုစိုးရိမ်ခဲ့ပါသည်။ ဣသရေလသည် ဘုရားသခင်အားအမျက်ထွက်စေခဲ့၏။ ဤအပြစ်ဒဏ်သည် ကြီးလေးမည်အကြောင်းမောရှေသိသဖြင့်၊ ဘာလုပ်ရမည်ကိုမသိသဖြင့် ဘုရားသခင်သည်ဂရုဏာတော်ထားမည်အကြောင်း မောရှေတောင်းလျှောက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - အပြစ်တရားသည် ဘုရားသခင်ရှေ့၌ ရွံ့ရှာစရာဖြစ်ပါ၏။
**ဆုတောင်းချက်-** အဘဘုရား၊ အပြစ်ကိုဝေးဝေးရှောင်မည်အကြောင်းမစတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၂)
**တရားဟော ၉း၁၆-၂၅**
သုတ္တံ ၂၄း၈-၉ *"မိုက်သောအကြံအစည်၌ အပြစ်ပါ၏"*

---

## တခုတည်းသောမျှော်လင့်စရာသည်ဘုရားသခင်၏မေတ္တာကျေးဇူးတော်ပေတည်း

ဘုရားသခင်ကသာလျှင် မေတ္တာကျေးဇူးတော်အားဖြင့် ရှေ့ခရီးစဉ်ကိုပြသတော်မူနိုင်၏။ မောရှေကဘုရားသခင်သည် မိမိ၏ဆုတောင်းသံကိုနားညောင်းတော်မူ၍ ဣသရေလအားပျက်စီးခြင်းမှကယ်နှုတ်တော်မူကြောင်းဆိုခဲ့ပါသည်။ ဆန့်ကျင်ခြင်းအမှု၌ ဦးဆောင်ခဲ့သောအာရုန်သည်လည်း ထိုပျက်စီးခြင်းကိုမခံရလေအောင်မောရှေသည် ဆုတောင်းခဲ့ပါသည်။ ထိုရုပ်တုကိုလည်းချက်ချင်းဖျက်ဆီးပစ်ဖို့လိုအပ်ပါသည်။ မောရှေကဤသို့မိန့်တော်မူခဲ့၏- "သင်တို့ဒုစရိုက်တည်းဟူသော သင်တို့လုပ်သောနွားသူငယ်ကိုငါယူသဖြင့် အရည်ကျို၍၊ အမှုန့်ဖြစ်အောင်ညက်ညက်ချေပြီးလျှင်၊ တောင်ထဲကထွက်သောချောင်းရေပေါ်မှာ ချပစ်လေ၏" (တရား ၉း၂၁)။ မှန်ကန်စွာအမှုပြုခြင်းသည် ခက်ခဲသော်လည်းမောရှေသည် ကြိုးစားပြုခဲ့ပါသည်။ လူထုကို ဆန့်ကျင်၍မောရှေသည်လည်း ရပ်တည်ခဲ့ပါသည်။ မိမိဘက်၌ရပ်တည်လိုသောသူအနည်းငယ်ရှိနိုင်ပါသည်။ သို့သော်လည်း လူထုကိုကြောက်ခဲ့ကြသည် ဟုထင်ရပါသည်။ နောက်၌မောရှေ၏နေရာကိုဆက်ဆံခဲ့သော ယောရှုသည်ရုပ်တုပြုလုပ်သောလူတို့ တွင်မပါဝင်ခဲ့သော်လည်း လူထုအလယ်၌သူ၏ ရပ်တည်မှုသည်သိပ်အရာမရောက်ခဲ့ပါ။ သို့သော်လည်း၊ မောရှေသည်ဤဝမ်းနည်းစရာအဖြစ်အပျက်ကို အောင်နိုင်ခြင်းငှါဆုံးဖြတ်ချက်ခိုင်မာစွာချမှတ်ခဲ့ပါသည်။

ဣသရေလလူတို့သည် တဗေရအရပ်၊ မဿာအရပ်နှင့် ကိဗြုတ်ဟတ္တာဝါအရပ်၌လည်း အပြစ်ပြုခဲ့ကြ၏။ မောရှေသည် တောလည်ရာကျမ်း ၁၁း၁-၄ထဲတွင် ဖော်ပြထားသော၊ ဣသရေလလူတို့၏အပြစ်လွန်ကျူးခြင်းကိုရည်ညွှန်းဖော်ပြခြင်း ဖြစ်ပါသည်။ သူတို့သည်ငြီးတွားမြည်တမ်းခြင်းပြုကြသောကြောင့်၊ ဘုရားသခင်သည်အမျက်တော်ထွက်၍ တပ်အခွန်အနား၌ရှိသောသူအချို့ကို မီးလောင်စေတော်မူခဲ့ပါသည်။ သူတို့သည်မောရှေထံအော်ဟစ်ခဲ့ကြပြီး၊ မောရှေဆုတောင်းသောအခါမီးငြိမ်းသတ်ခဲ့လေ၏။ ထိုမီးကြောင့်ထိုအရပ်ကိုတဗေရအရပ်ဟုခေါ်၏။ အဓိပ္ပါယ်ကား လောင်ကျွမ်းခြင်း ဟူ၍ ဖြစ်ပါသည်။ မဿာမေရိဗ အရပ်ဟူသည်ကား စုံစမ်းခြင်း၊ ဆန့်ကျင်ခြင်း ဟူ၍အဓိပ္ပါယ်ရ၏။ ဆိုလိုသည်မှာ ရေမရှိသောအခါ ဣသရေလလူတို့သည် မောရှေကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြ၏။ ထိုအခါ ဘုရားသခင်က မောရှေအား ကျောက်ကို ရိုက်ခြင်းငှါ အမိန့်ပေး ၍၊ ရေထွက်စေလျက်၊ သူတို့၏ရေငတ်မှုကိုငြိမ်းစေခဲ့ပါသည်။ ကိဗြုတ်သတ္တာဝါဟူသည်ကား တပ်မက်ခြင်းသင်္ချိုင်းဟူ၍ ဖြစ်ပါသည်။ ထိုအချိန်၌လည်း ဘုရားသခင်ကမိမိ၏မေတ္တာကျေးဇူးတော်အားဖြင့် ကယ်နှုတ်တော်မူခဲ့၏။ ဤသည်ကား မောရှေအတွက်သက်သာရာဖြစ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ပညာနှင့်ယှဉ်သောအတွေးသည် ဝိညာဉ်အသီးကိုသီးစေ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွက် ခိုလှုံရာဖြစ်သောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

**တရားဟော ၉း၁၆-၂၅**

ဂလာတိ ၃း၁-၅

*"ဤမျှလောက်သောဆင်းရဲခြင်းကို အချည်းနှီးခံကြပြီလော၊ အချည်းနှီးသက်သက်ဖြစ်ရပြီလော"*

# ထာဝရဘုရားသည် အပြစ်ကိုနှစ်သက်တော်မမူ

တောလည်ရာကျမ်း ၁၁း၃၂-၃၃ ၌ဤသို့ဖော်ပြခဲ့ပါသည် - "လူများတို့တွင်တနေ့လုံး၊ တညဥ့်လုံး၊ နက်ဖြန်လည်းတနေ့လုံးထ၍ ငုံးများကိုစုသိမ်းကြ၏၊ နည်းနည်းသိမ်းသောသူသည် ဆယ်ဟောမဲကို သိမ်းရ၏။ တပ်ပတ်လည်အရပ်ရပ်၌ ဖြန့်ထားကြ၏။ သို့ရာတွင် ငုံးသားကိုကိုက်၍မဝါးမှီ ထာဝရဘုရားသည်သူတို့ကို အမျက်တော်ထွက်၍ အလွန်ပြင်းသောဘေးနှင့်ဒဏ်ခတ်တော်မူ၏"။ ထိုအရပ်၌အသားကိုတပ်မက်သောလူတို့အား မြှုပ်နှံခဲ့ကြသောကြောင့် တပ်မက်ခြင်းသင်္ချိုင်းဟု နာမည်ပေးခဲ့ခြင်းဖြစ်ပါသည်။

တောထဲ၌ ဣသရေလလူတို့၏အခြားဆန့်ကျင်ခြင်းအမှုအဖြစ်အပျက်တို့ကိုလည်း မောရှေသည်ပြန်၍ဖော်ပြခဲ့ပါသည်။ ကာဒေရှဗာနာအရပ်၌ပြုသောအပြစ်၊ ခါနာန်ပြည်သို့မဝင်ဘဲနေကြခြင်းအပြစ်ကို မောရှေဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏စကားကိုမနာခံဘဲ သူတို့သည်ဆန့်ကျင်ခဲ့ကြ၏။ ဘုရားသခင်၏ပညတ်တော်ကိုမနာခံ၊ ဘုရားသခင်ကိုမယုံကြည်ဘဲနေခဲ့ကြ၏။ ခါနာန်ပြည်ကိုသွားရောက်ကြည့်ရှုခြင်းငှါ လူအချို့ကိုစေလွှတ်ခြင်းငှါ မောရှေအား ဘုရားသခင်မိန့်တော်မူရာ တောလည်ရာကျမ်း ၁၃ ထဲတွင် ဤအမှုကိုမှတ်တမ်းတင်ခဲ့ပါသည်။ ထိုအခါ မောရှေသည် ဣသရေလအမျိုးတစ်မျိုးမှတစ်ဦးစီ၊ လူဆယ့်နှစ်ဦးကိုရွေးချယ်ခဲ့ပါသည်။ ထို့နောက် သူတို့အားပြုရမည့်အမှုကို မှာထားပြီးနောက် စေလွှတ်ခဲ့ပါသည်။

ထိုစူးစမ်းသောသူတို့သည် ဇိနတောမှရဟောဘမြို့တိုင်အောင်၊ တောင်မှမြောက်တိုင်အောင် ခါနာန်ပြည်ကိုစူးစမ်းခဲ့ကြ၏။ သူတို့သည် အာဗြဟံနှင့်သူ၏မိသားစုသင်္ဂြိုလ်ရာအနီး၊ တောင်ဘက်မြို့များတွင် မြို့တမြို့ဖြစ်သော ဟေဗြုန်မြို့သို့ရောက်ခဲ့ကြ၏။ ထို့နောက် ဧရှကောလချိုင့်သို့ ရောက်လာသောအခါ လူနှစ်ဦးထမ်းဘိုးရသောစပျစ်သီးခိုင်တခိုင်ကို ခုတ်ခဲ့ကြ၏။ သလဲသီးနှင့်သင်္ဘောသဖန်းသီးများကိုလည်း ဆောင်ခဲ့ကြ၏။ ရက်ပေါင်းလေးဆယ်ကြာသောအခါ ထိုအသီးများကိုဆောင်လျက် မောရှေထံပြန်လာခဲ့ကြ၏။ သူတို့က ထိုပြည်သည်နို့နှင့်ပျားရည်စီးသောပြည်မှန်ကြောင်း ဆိုကြပြီး၊ ထိုအသီးများကိုပြကြ၏။ သို့သော်လည်း ထိုပြည်သို့ဝင်ရောက်သိမ်းပိုက်ခြင်းငှါ ငြင်းပယ်ခဲ့ကြပြီး၊ တောထဲ၌လှည့်ပတ်ခရီးစခဲ့ကြပါသည်။ ထိုအပြစ်၏ဆိုးကျိုးကို နှစ်ပေါင်းလေးဆယ်ကြုံတွေ့ခံစားခဲ့ကြ၏။ ဘုရားသခင်သည် မိမိအား ဆန့်ကျင်သောသူအပေါင်းကို ဒဏ်မခတ်ဘဲလွှတ်တော်မမူတတ်။

**ဆင်ခြင်ရန်** - စာတန်၏ လှည့်စားခြင်းပရိယာယ်သည် များလှပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အဆိုးအကောင်းကို အစဉ်ခွဲခြားနိုင်မည်အကြောင်း အကျွန်ုပ်အား ကျေးဇူးပြုတော်မူပါ။

စနေ၊ စက်တင်ဘာ (၄)
**တရားဟော ၉း၂၆-၂၉**
ယောဟန် ၁၇း၁၅-၁၉

*"ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏"*

# အပြစ်၏နောက်ဆက်တွဲဆိုးကျိုးများ

ခါနာန်ပြည်သို့ မဝင်လိုဘဲ ကာလေဘဆန့်ကျင်မှုပြုခြင်း၌ ရှည်လျားသောနောက်ဆက်တွဲ အမှုရှိခဲ့ပါသည်။ ထိုပြည်သို့ဝင်ရောက်ခြင်းငှါ မိမိတို့၏ခွန်အားကို သူတို့သံသယဝင်ခဲ့ကြ၏။ စူးစမ်းသောသူအများစု၏ သတင်းစကားဟူမူကား "သို့ရာတွင် ပြည်သူပြည်သားတို့သည် အားကြီးပါ၏။ ခိုင်ခံ့သောမြို့ကြီးနှင့်နေကြပါ၏။ ထိုမျှမက၊ အာနကအမျိုးသားတို့ကိုလည်း မြင်ရပါ၏။ အာမလက်အမျိုးသားတို့သည် တောင်ဘက်၌၎င်း၊ ဟိတ္တိလူ၊ ယေဗုသိလူ၊ အာမောရိလူတို့သည် တောင်ရိုးပေါ်၌၎င်း၊ ခါနာနိလူတို့သည် ပင်လယ်နားယော်ဒန်မြစ်နား၌၎င်း နေကြပါသည်ဟု လျှောက်ဆိုကြ၏" (တောလည် ၁၃း၂၈-၂၉)။ ယောရှုနှင့်ကာလက်တို့နှစ်ဦးကသာလျှင် ကြောက်ရွံ့ခြင်းမရှိဘဲ၊ ဘုရားသခင်သည် ထိုပြည်ကိုမိမိတို့အား ပေးမည်ဟုလျှောက်ခဲ့ကြ၏။ သို့သော်လည်း၊ အများစု၏ခံယူချက်က အနိုင်ရခဲ့၏။ အဲဂုတ္တုပြည်သို့ပြန်သွားခြင်းငှါ ခေါင်းဆောင်ရွေးချယ်ခြင်းငှါ အလိုရှိခဲ့ကြ၏။ ကာလေဘလူတို့သည် အစဉ်ဆန့်ကျင်သောသူဖြစ်ကြ၏။ ဤယခုဆန့်ကျင်ခြင်းအမှုသည် တောလည်ရာကျမ်းကိုဖြစ်စေသော ထင်ရှားသည့်အမှုဖြစ်ပါသည်။ ဘုရားသခင်က သူတို့ကိုဖျက်ဆီးမည်အကြောင်း ထပ်၍မိန့်တော်မူခဲ့၏။

ဘုရားသခင်သည် ဆုတောင်းခြင်းကိုနားညောင်းတော်မူ၍ ခွင့်လွှတ်ခြင်းငှါ အစဉ်အသင့်ရှိကြောင်းကိုမောရှေသည် သိသဖြင့် ဘုရားသခင်ထံဆုတောင်း၍ ထိုလူမျိုးအတွက် တောင်းလျှောက်မှုပြုခဲ့ပါသည်။ ဘုရားသခင်က မိမိတန်ခိုးတော်ဖြင့်ရွေးနှုတ်တော်မူသောလူမျိုးဖြစ်ကြသည်ကို မောရှေသိတော်မူ၏။ ထို့ကြောင့် မောရှေသည် ဘုရားသခင်အားဘိုးဘေးတို့ထံပြုတော်မူသော မိမိ၏ပဋိညာဉ်ကို အောက်မေ့လျက်သူတို့၏အပြစ်ကို ခွင့်လွှတ်ခြင်းငှါ တောင်းလျှောက်ခဲ့ပါသည်။ ကာလေဘကိုဖျက်ဆီးခဲ့ပါလျှင် အခြားလူမျိုးတို့က ဘုရားသခင်အားပြက်ရယ်ပြုကြမည်ဖြစ်ကြောင်း မောရှေကအကြောင်းပြခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏တန်ခိုးတော်ဖြင့် ရွေးနှုတ်ခဲ့သော၊ ဘုရားသခင်၏အမွေတော်ဖြစ်ကြပါ၏။ ထိုအချက်တို့ကိုအခြေခံ၍မောရှေသည် ဘုရားသခင်ထံ ခွင့်လွှတ်ခြင်း၊ ပြန်လည်သင့်မြတ်ခြင်းကိုတောင်းလျှောက်ခဲ့ပါသည်။ မောရှေသည် ရဲရင့်ခြင်းရှိ၍ ကာလေဘအတွက်တောင်းလျှောက်ခြင်းပြုခဲ့ပါသည်။ အပြစ်သည် ပျက်စီးခြင်းကိုဖြစ်စေ၏။ သို့သော်လည်း၊ ဘုရားသခင်၏လူတို့သည် ဆုတောင်းသောအခါ၊ ဘုရားသခင်သည် နားညောင်းတော်မူ၏။ အပြစ်ကိုဘုရားသခင်ထံအပ်နှံခြင်းဖြင့် အနိုင်ယူပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်အပြစ်ကြောင့် သူတပါးဒုက္ခရောက်နိုင်ပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကိုအစဉ်နာခံမည်အကြောင်း အကျွန်ုပ်အားမစတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၅)
**တရားဟော ၁၀း၁-၁၁**
ဆာလံ ၅၁း၁၆-၁၉

*"ဘုရားသခင်နှစ်သက်တော်မူသောယဇ်မူကား၊ ကျိုးပဲ့သောစိတ်. . . ကျိုးပဲ့ကြေမွသောနှလုံး"*

# ပညတ်တော်ဆယ်ပါးပြန်လည်ပေးအပ်ခြင်း

ရွှေနွားသူငယ်အမှုအပြီးတွင်၊ ဣသရေလအတွက် နိုးကြားမှုအချိန်ရောက်လာခဲ့ပါသည်။ သူတို့အပေါ်၌ ဘုရားသခင်ကကျေးဇူးတော်ပြသတော်မူသကဲ့သို့ပြန်လည်ပြုပြင်ခြင်းအမှု၌ မောရှေသည် အလွန်အရေးကြီးသောအခန်းကဏ္ဍာ၌ပါဝင်ခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးကျောက်ပြားများ ပြန်လည်ပေးအပ်လျက်၊ ယဇ်ပုရောဟိတ်တို့၏တာဝန်ဝတ္တရားတို့ကို ဖော်ပြခဲ့ပါသည်။ ဣသရေလလူတို့ကို ဤအရပ်အထိ ပို့ဆောင်ခြင်းဖြင့်ဘုရားသခင်၏တန်ခိုးတော်ကိုပြသခဲ့ပါသည်။ ဤလူမျိုးသည် ဝိညာဉ်ရေးရာအမှု၌ ပြန်လည်နိုးထခဲ့ပါသည်။ သူတို့သည် ယောဒန်မြစ်ကိုဖြတ်ခြင်းငှါ ပြင်ဆင်နေသည်ဖြစ်၍ မောရှေကထိုအရင်ကအဖြစ်အပျက်တို့ကို သူတို့ထံပြန်၍ပြောပြခဲ့ခြင်းဖြစ်ပါသည်။

ဘုရားသခင်က မောရှေအားသူပစ်ခွဲခဲ့သောအရင်က ကျောက်ပြားကဲ့သို့သော ကျောက်ပြားနှစ်ပြားကိုပြုလုပ်ခြင်းငှါ အမိန့်ပေးတော်မူ၏။ ထို့ပြင် သေတ္တာတခုပြုလုပ်ခြင်းငှါလည်း မိန့်တော်မူ၏။ ထိုသေတ္တာသည် တဲတော်၌အရေးပါသောတန်ဆာဖြစ်လာမည်ဖြစ်ပါသည်။ ထိုကျောက်ပြားများပေါ်၌ အရင်ကစကားလုံးများအတိုင်း ဘုရားသခင်သည်ပြန်၍ရေးမှတ်တော်မူမည်ဖြစ်ပါသည်။ ဝိညာဉ်ရေးရာနိုးကြားမှုတွင် ဘုရားသခင်၏နှုတ်ကပတ်တော်ရှာဖွေဖော်ထုတ်ခြင်းသည် ပထမဆုံးအချက်ဖြစ်ပါသည်။ ဘုရားသခင်တောင်းလျှောက်သောအရာကို လူတို့သည်သိကြရမည်ဖြစ်၏။ ဣသရေလလူတို့သည် ပညတ်တော်၏ဒုတိယနှင့်တတိယအချက်ကို ရုပ်တုဆင်းတုပြုလုပ်ခြင်း၊ ကိုးကွယ်ခြင်းနှင့်ဘုရားသခင်၏နာမတော်ကို အချည်းနှီးမြွက်ဆိုခြင်းဖြင့် ချိုးဖောက်ခဲ့ကြ၏။ ထို့ကြောင့် ဤအမှု၌ ဘုရားသခင်တောင်းလျှောက်သောအမှုကို သူတို့သိဖို့လိုအပ်ပါသည်။ မောရှေသည် ကျောက်ပြားကိုပြုလုပ်၍တောင်ပေါ်သို့တက်ခြင်းငှါ ဘုရားသခင်မိန့်တော်မူပြီး၊ ထိုကျောက်ပြားပေါ်၌ပညတ်တော်ဆယ်ပါးကို ဘုရားသခင်ပြန်လည်ရေးမှတ်မည်ဖြစ်ပါသည်။ ထို့နောက် မောရှေသည်ယူဆောင်လာပြီး၊ မိမိပြုလုပ်သောသေတ္တာထဲ၌ ထိုကျောက်ပြားများကိုထားခဲ့ပါသည်။ ထိုကျောက်ပြားတို့သည် ထိုသေတ္တာထဲ၌ သက်သေအဖြစ် ခေတ်အဆက်ဆက်တည်ရှိခဲ့ပါသည်။ မောရှေသည် ဘုရားသခင်၏ပညတ်တရားများကို အစဉ်သွန်သင်လျက်၊ နာမခံခြင်း၏ဆိုးကျိုးကို ဣသရေလလူတို့အား အစဉ်သတိပေးခဲ့ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ခါနာန်ပြည်၌နေထိုင်သောအခါ သူတို့၏အသက်တာအတွက် လမ်းပြခြင်းငှါဖြစ်ပါသည်။ စိတ်နှလုံးထဲမှဘုရားသခင်ကိုကြောက်ရွံ့သောသူတို့သည် နိုးကြားခြင်းရှိ၍ ဘုရားသခင်ဘုန်းတော်အတွက် အသက်ရှင်ကြ၏။ ဘုရားသခင်၏နှုတ်ကပတ်တော် ပြန်လည်တွေ့ရှိခြင်းသည် ဝိညာဉ်ရေးရာနိုးကြားခြင်းကို ဖြစ်စေ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ကသာလျှင် မိမိ၏နှုတ်ကပတ်တော်ကို စုံလင်စွာစောင့်ရှောက်ထိန်းသိမ်းတော်မူနိုင်၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဥပဒေသများကို ကြိုးစားစောင့်ရှောက်ခြင်းငှါ အကျွန်ုပ်အား အစဉ်မစတော်မူပါ။

တနင်္လာ၊ စက်တင်ဘာ (၆)
**တရားဟော ၁၀း၁-၁၁**
၆ ရာ ၃၄း၁၈-၂၈

*"ဘိုးဘေးတို့သည် ထာဝရဘုရား၏အမိန့်တော်ကို နားမထောင်၊ ဤကျမ်းစာ၌ရေးထားသမျှအတိုင်း မကျင့်ဘဲနေသောကြောင့်. . ."*

## သမ္မာကျမ်းစာသည် နိုးကြားခြင်း၏တန်ဆာပလာဖြစ်၏

ကောင်းသောရှင်ဘုရင်များလက်ထက်တွင် ဣသရေလ၌နိုးကြားမှုဖြစ်ပေါ်ခဲ့ပါသည်။ ဆိုးသောဘုရင်တို့သည် ဘုရားသခင်၏ပညတ်တရားကို လျစ်လျူရှုခဲ့ကြ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောရှင်ဘုရင်တို့သည် ဘုရားသခင်ကိုရှာဖွေခဲ့ကြပြီး၊ နှုတ်ကပတ်တရားတော်ကို လူတို့ထံဖတ်ကြားစေခဲ့ပါသည်။ နှုတ်ကပတ်တော်အတိုင်း လိုက်လျှောက်ခြင်းငှါအမိန့်ပေးခဲ့ကြပြီး၊ တိုင်းပြည်၌နိုးကြားမှုကိုဖြစ်စေကြ၏ (၆ ရာ ၂၉၊ ၃၄)။ ယောရှိမင်းလက်ထက်တွင် ပညတ္တိကျမ်းကိုအပျက်အစီးများကြား၌ တွေ့ရခဲ့ပါသည်။ လျစ်လျူရှုခြင်းခံရကြောင်း သက်သေပေတည်း။ ထိုကျမ်းစာကို ဘုရင်ရှေ့တော်၌ ဖတ်ကြသောအခါ၊ ရှင်ဘုရင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက် ပြည်သူပြည်သားတို့ကို နိုးကြားမှုဖြစ်စေ၍၊ လူအပေါင်းတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းရှိ၍ ဘုရားဝတ်ကိုပြုကြ၏။

သို့သော်လည်း၊ ယောရှိ၏သားတော်ယောယကိမ်မူကား ဗာရုတ်ဖတ်ပေးသောပရောဖက်ယေရမိ၏စကားများကို မနှစ်သက်ခဲ့ပါ။ သူသည် အမျက်ထွက်၍ကျမ်းစာကို ခုတ်ဖြတ်၍မီးရှို့ခဲ့ပါသည်။ ဘုရားသခင်က ယေရမိအားဗာရုတ်ကိုထိုကျမ်းစာကိုပြန်ရေးခြင်းငှါ စေခိုင်းရန်အမိန့်ပေးတော်မူ၏။ ထိုဆန့်ကျင်ခြင်းကြောင့် ဘုရားသခင်သည်ပြစ်ဒဏ်ပို၍ကျရောက်စေမည်ဖြစ်၏။ ဝမ်းနည်းစရာကောင်းသည်မှာ ဣသရေလလူတို့သည် ဘုရားသခင်ကိုလျင်မြန်စွာမေ့လျော့ခဲ့ကြခြင်းပေတည်း။ ဤအမှုအပြီးတွင် ယုဒပြည်သည်ကျဆုံး၍ ကျွန်အဖြစ်သိမ်းသွားခြင်းခံရ၍၊ နှစ်ခုနစ်ဆယ်အပြီး၌သာ ဘုရားသခင်၏နှုတ်ကပတ်တရားသည် သူတို့၏ပွဲကိုင်ရှင်ဖြစ်လာခဲ့ပါသည်။ အသင်းတော်သမိုင်း၌တွေ့ရသည်မှာ ၁၆ ရာစုအသင်းတော်ပြုပြင်ပြောင်းလဲမှုကြီးသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှစတင်ခဲ့ခြင်းဖြစ်ပါသည်။

အာရုန်ကွယ်လွန်ပြီးနောက်၊ သူ၏သားဧလဇာသည် သူ၏နေရာကိုဆက်ခံ၍ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်၏။ ဣသရေလသည် ဘုရားသခင်ကိုမည်သို့ဝတ်ပြုရမည်အကြောင်းကို ဘုရားသခင်၏ပညတ္တိကျမ်းထဲ၌ ဖော်ပြခဲ့ပါသည်။ ခရစ်တော်ကြွလာမမူသေးသောကြောင့်၊ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းအမှု၌ ယဇ်ပုရောဟိတ်တို့၏အခန်းကဏ္ဍသည် အလွန်အရေးပါလှပါသည်။ ဤဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော ပညတ်ချက်တို့သည် ခရစ်တော်၏ကယ်တင်ခြင်းအမှုကို ရည်ညွှန်းဖော်ပြခြင်းဖြစ်ပါသည်။ ခရစ်တော်ကြွလာတော်မမူမီအချိန်အထိ၊ ပညတ်တရားသည် ကလေးသူငယ်တို့ကို ရုပ်ပုံပြသလျက် သင်ပြပေးသော သင်ဆရာတပါးကဲ့သို့အမှုဆောင်ရွက်ခဲ့ပါသည်။ ဤသည်ကား ပညတ်တရား၏ရည်ရွယ်ချက်ဖြစ်၍ထိုအမှုတို့ကို ဆောင်ရွက်ခြင်းငှါ ယဇ်ပုရောဟိတ်လိုအပ်ရခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဝိညာဉ်ရေးရာနိုးကြားမှု၏အဓိကပုဂ္ဂိုလ်ဖြစ်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံရသောအပြစ်သားဖြစ်ပါ၏။ နှုတ်ကပတ်တရားတော်အတိုင်း သစ္စာရှိမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ စက်တင်ဘာ (၇)

**တရားဟော ၁၀း၁-၁၁**

ဟေဗြဲ ၇း၂၂-၂၈

*"ယေရှုသည် . . . သာ၍မြတ်သောပဋိညာဉ်*
*တရား၏ အာမခံဖြစ်၏"*

# ယဇ်ပုရောဟိတ်တို့၏အမှုတော်

အာရုန်သည် ပထမဆုံးယဇ်ပုရောဟိတ်တာဝန်ကို ထမ်းဆောင်သောပုဂ္ဂိုလ်ဖြစ်ပါသည်။ မောရှေ၏တရားကို ဟောစဉ်၌အာရုန်သည် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ထိုတာဝန်ကိုထမ်းဆောင်ခြင်းငှါ အာရုန်၏သားကို ယဇ်ပုရောဟိတ်အရာ၌ ခန့်အပ်ခြင်းခံရ၏။ ယဇ်ပုရောဟိတ်အပေါင်းတို့သည် လေဝိအမျိုး၊ အာရုန်၏အမျိုးမှဖြစ်ရမည်ဟု ဘုရားသခင်ပညတ်ထားတော်မူ၏။ ယဇ်ပုရောဟိတ်တို့သည် အဘယ်အမွေမှမရဘဲ၊ ညီအစ်ကိုတို့အတွက် အမှုတော်ဆောင်ကြရပါမည်။

လေဝိအမျိုးနှင့်သက်ဆိုင်သောဘုရားသခင်၏ပညတ်တော်ဟူမူကား၊ "လေဝိသားတို့သည် ထာဝရဘုရား၏ပဋိညာဉ်သေတ္တာကိုထမ်းစေခြင်းငှါ၎င်း၊ ရှေ့တော်၌ရပ်၍ အမှုတော်ကိုဆောင်ရွက်စေခြင်းငှါ၎င်း၊ အခွင့်တော်နှင့်ကောင်းကြီးပေးစေခြင်းငှါ၎င်း၊ ယနေ့တိုင်အောင် ထိုသူတို့ကိုခွဲခန့်တော်မူ၏။ ထို့ကြောင့် လေဝိသားတို့သည် ညီအစ်ကိုတို့နှင့်ရော၍ အဘို့ကိုမပိုင်၊ အမွေကိုမခံရ။ သင်၏ဘုရားသခင်ထာဝရဘုရားဂတိတော်ရှိသည်အတိုင်း၊ ထာဝရဘုရားသည် သူတို့ခံရသော အမွေဖြစ်တော်မူ၏" (တရား ၁၀း၁၀-၁၁)ဟူ၍ဖြစ်ပါသည်။ လေဝိအမျိုးသားတို့သည် ညီအစ်ကိုတို့အကြား၌ ပျံ့နှံ့နေကြရပါမည်။ ဣသရေလအမျိုးတို့ထံမြို့များ ခွဲဝေပေးခြင်းငှါ ယောရှုသည်တာဝန်ပေးခြင်းခံရ၏။ လေဝိအမျိုးတို့သည် အမွေကိုမခံရ ဘုရားသခင်သည်သူတို့ခံရသော အမွေတော်ပေတည်း။ လေဝိအမျိုး၏လိုအပ်သောအရာမှန်သမျှကို ဘုရားသခင်မစထောက်ပံ့တော်မူလိမ့်မည်။

မောရှေသည် တိုင်းပြည်အတွက် ဆုတောင်းခြင်းငှါ တောင်ပေါ်၌ရက်ပေါင်းလေးဆယ်နေခဲ့၏။ ဘုရားသခင်နှင့်ရင်းနှီးစွာ မိဿဟာယဖွဲ့ရသောအချိန်ဖြစ်ပါသည်။ ပညတ်တော်ဆယ်ပါးပထမအကြိမ်ရယူသောအချိန်၌လည်း ရက်ပေါင်းလေးဆယ်တောင်ပေါ်၌ နေခဲ့ဖူးပါသည်။ ထိုရက်ပေါင်းလေးဆယ်အတွင်း ပြုခဲ့သောအမှုကိုမဖော်ပြဘဲ၊ ဆုတောင်းခြင်းကိုပြု၍ ဘုရားသခင်ထံမှစကားတော်ကိုလက်ခံရကြောင်းသာ ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် နားညောင်းတော်မူ၍ ဣသရေလကို မဖျက်ဆီးဘဲနေမည်အကြောင်း မောရှေဖော်ပြခဲ့ပါသည်။ ဤသည်ကား မိမိလူမျိုးအတွက် မောရှေပြုသောပုရောဟိတ်အမှုပင်ဖြစ်ပါသည်။

မောရှေက မိမိအိပ်ချိန်ရမရ၊ နေစရာတဲရှိမရှိ၊ လေဟာပြင်၌မိမိနေသည်မနေသည်ကို မဖော်ပြခဲ့ပါ။ တခုဖော်ပြသည်မှာ အစာမစား၊ ရေမသောက်ဘဲနေကြောင်း ဖော်ပြခဲ့ပါသည်။ ထို့သို့ ဘုရားသခင်နှင့်အတူ နေထိုင်ခြင်းသည် အံ့ဘွယ်အမှုပင်ဖြစ်ခဲ့ပါသည်။ တောင်ပေါ်မှဆင်းလာပြီးနောက် ခါနာန်ပြည်သို့ခရီးဆက်ကြခြင်းငှါ ဘုရားသခင်ကမိန့်တော်မူခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်က ကျွန်ုပ်တို့၏အမှုတော်ဆောင်ခြင်းအမှုကို မှတ်သားတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ယေရှုသည် ကျွန်ုပ်တို့၏အကြီးမြတ်ဆုံးသောပုရောဟိတ်အကြီးဖြစ်တော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၈)
**တရားဟော ၁၀း၁၂-၂၂**
ဒေ ၁၂း၉-၁၄

*"ဘုရားသခင်ကိုကြောက်ရွံ့၍၊ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သော အမှုအရာအလုံးစုံတို့ကို ချုပ်ခြာသတည်း"*

## ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းနှင့်ရှေ့ခရီး

ဣသရေလလူတို့သည် ဘုရားသခင်အပေါ်၌ ပြုရမည့်အမှုတာဝန်ရှိပါ၏။ ထိုတာဝန်ဝတ္တရားတွင် မောရှေကအစဉ်ဖော်ပြတတ်သောအမှုတခုမှာ ဘုရားသခင်၏စကားကိုနာခံရန်ဖြစ်ပါသည်။ ဤသို့ဆက်လက်ဖော်ပြခဲ့ပါသည် "အိုဣသရေလအမျိုး၊ သင်၏ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းတော်သို့လိုက်သွားခြင်း၊ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံး၊ အကြွင်းမဲ့ ချစ်၍ အမှုတော်ကိုဆောင်ရွက်ခြင်း၊ သင်၏အကျိုးကိုထောက်၍ ယနေ့ငါဆင့်ဆိုသော ထာဝရဘုရား၏ ပညတ်တော်ကိုစောင့်ရှောက်ခြင်း၊ အမှုမှတပါး၊ သင်၏ဘုရားသခင်ထာဝရဘုရားသည် အဘယ်အမှုကို တောင်းတော်မူသနည်း" (တရား ၁၀း၁၂-၁၃)။ ဘုရားသခင်၏ဂတိတော်အတိုင်း ဣသရေလလူတို့သည် ကောင်းကြီးမင်္ဂလာခံစား၍ ဘုရားသခင်နှင့်ကောင်းသောမိဿဟာယဖွဲ့ခြင်းရှိခြင်းငှါ ဤနာခံခြင်းအမှုရှိကိုရှိရမည်ဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တရားနာခံလိုက်လျှောက်ခြင်းသည် သူတို့၏သီချင်းတပုဒ်ဖြစ်ရပါမည်။

မောရှေက ဘုရားသခင်သည်စကြဝဠာတစ်ခုလုံးပိုင်သအုပ်စိုးတော်မူကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်၍ဣသရေလလူတို့ကို မိမိလူအဖြစ်ရွေးကောက်တော်မူခဲ့၏။ သူတို့၏ဘိုးဘွားတို့ကို ဘုရားသခင်ချစ်တော်မူ၍ သူတို့ကိုဆက်လက်စောင့်ရှောက်လျက် ချစ်တော်မူ၏။ ဤသည်ကာ ဣသရေလလူတို့၏အခွင့်ထူးခံစားခြင်းဖြစ်ပါသည်။ သို့သော်လည်း ဣသရေလလူတို့သည် ဘုရားသခင်ကိုဆန့်ကျင်၍ လည်ပင်းခိုင်မာခြင်းရှိကြ၏။ ထို့ကြောင့် မောရှေကသူတို့အား စိတ်နှလုံးအရေဖျားလှီးခြင်းခံကြရန်၊ ဆိုလိုသည်မှာ မိမိတို့၏အကျင့်ကိုပြင်၍ ဘုရားသခင်၏နောက်တော်သို့လုံးဝလိုက်ခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ဘုရားသခင်သည် ကြီးမြတ်တော်မူ၍ အရှင်တကာတို့၏အရှင်၊ ဘုရင်တကာတို့၏ဘုရင်ဖြစ်တော်မူ၏။ ဘုရားသခင်သည် နှိမ့်ချသောသူတို့ဘက်၌ ရပ်တည်၍ကွယ်ကာတော်မူ၏။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ခဲ့သည်အတိုင်း၊ ဧည့်သည်တို့ကိုချစ်ခြင်းငှါ တိုက်တွန်းခြင်းခံရ၏။ သူတို့ခံစားရသောကျေးဇူးတော်ကို သူတပါးထံပြသကြရပါမည်။ သူတို့အတွက် ဘုရားသခင်ပြုတော်မူသော၊ ကြီးသောအမှုများကြောင့် ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းကြခြင်းငှါ မောရှေကဣသရေလလူတို့အား တိုက်တွန်းထားပါသည်။ အဲဂုတ္တုပြည်သို့ ဝင်ရောက်ခဲ့သောယာကုပ်မိသားစုသည် အယောက် ၇၀ သာဖြစ်သော်လည်း၊ ဘုရားသခင်က ဣသရေလကိုတိုးပွားများပြားစေတော်မူခဲ့၏။ ယခုအခါ လူမျိုးကြီးဖြစ်လာခဲ့ပါသည်။

ဘုရားသခင်သည် လမ်းလွဲသောမိမိသားသမီးတို့ကို ပြုပြင်ခြင်းငှါ ဂရုဏာကျေးဇူးတော်နှင့်ပြည့်ဝသောသူဖြစ်တော်မူ၏။ ဤသမ္မာကျမ်းစာသည် ဘုရားသခင်အတွက်သက်သေခံချက်ဖြစ်တော်မူ၏။ ကျမ်းစာသည် ထာဝရတည်မည်ဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးတို့သည် ဘုရားသခင်၏ သွန်သင်ဆုံးမမှုကိုခံ၍၊ ထာဝရဘုရား၏ကယ်တင်ခြင်းကို မျှော်လင့်လျက်၊ ဘုရားသခင်၏နာမတော်ကို ချီးမွမ်းကြရပါမည်။ ကယ်တင်ခြင်းသည် ဘုရားသခင်အပိုင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သစ္စာရှိသောသူပြုရမည့်အမှုကား ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းပေတည်း။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၉)
**တရားဟော ၁၁း၁-၁၇**
တမန် ၇း၃၇-၃၉

*"ထိုသူသည် တောတွင်ရှိသောအစည်းအဝေး၌၎င်း၊ သိနာတောင်ပေါ်မှာ သူ့ကိုနှုတ်ဆက်သော ကောင်းကင်တမန်နှင့်၎င်း . . . ရှိ၏"*

# အတွေ့အကြုံသည်ဆရာတပါးဖြစ်ပါသည်

အဲဂုတ္တုပြည်မှ ဣသရေလလူတို့ထွက်မြောက်သောအချိန်မှစ၍ ဘုရားသခင်ပြုတော်မူသောအံ့ဘွယ်အမှုတို့သည် အလွန်အကျိုးရှိခဲ့ပါ၏။ မောရှေသည် မိမိတရားဟောချက်၌ ဘုရားသခင်၏စကားကိုနာခံခြင်း၌၎င်း၊ ပညတ်တော်တို့ကိုလိုက်လျှောက်ခြင်း၌၎င်း တိုက်တွန်းခဲ့ပါသည်။ ဤတရားဟောချက်ကိုနားထောင်သောသူအများစုသည် ထိုအံ့ဘွယ်အမှုတို့ကိုမကြုံတွေ့ခဲ့ရသောသူများဖြစ်ကြပါသည်။ သူတို့သည်အဲဂုတ္တုပြည်မှထွက်မြောက်လာကြသောအချိန်၌ မမွေးဖွားခဲ့ကြပါ။ ဘုရားသခင်ပြုတော်မူသောအံ့ဘွယ်အမှုတို့သည် ဂတိတော်ပြည်ကိုဝင်ရောက်သိမ်းပိုက်ခြင်း၌ အောင်မြင်မှုကိုပေးမည့်အကြောင်း သေချာစေသောအရာများဖြစ်ပါသည်။

ဘုရားသခင်၏ပညတ်တရားနှစ်သက်ခြင်း၊ နာခံလိုက်လျှောက်ခြင်းသည် အဓိကအရာဖြစ်ပါသည်။ ဘုရားသခင်ပြုတော်မူခဲ့သောထိုအံ့ဘွယ်အမှုတို့ကို မမြင်ခဲ့သောလူတို့ထံမောရှေတရားဟောခဲ့ပါသည်။ သို့သော်လည်း သူတို့သည်ထိုအဖြစ်အပျက်တို့ကို ရင်းနှီးကြားနာသိခဲ့ကြပါသည်။

အဲဂုတ္တုပြည်၌ ဘုရားသခင်သည်မိမိလူတို့ကို ဘေးဒဏ်ကြီးဆယ်ပါးဖြင့် မိမိတန်ခိုးကိုပြသတော်မူခဲ့၏။ အဲဂုတ္တုနတ်ဆရာတို့သည် အချို့ကိုလိုက်၍ အတုခိုးပြုနိုင်ခဲ့ကြ၏။ နောက်ဆုံးတွင် ဘုရားသခင်၏လက်တော်ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြ၏။ ထိုဘေးဒဏ်ကြီးဆယ်ပါးသည် လူလိုက်၍အတုမခိုးနိုင်သောအံ့ဘွယ်ဖြစ်ပါသည်။ ထိုအဖြစ်အပျက်တို့ကို ထွက်မြောက်ရာကျမ်း ၇-၁၂ ထဲတွင် မှတ်တမ်းတင်ထားပါသည်။ ပထမဆုံးကပ်ဘေးမှာ ရေကိုသွေးဖြစ်စေခြင်းဖြစ်၍ ဒုတိယတစ်ခုမှာ နေရာတိုင်း၌ဖားအစုလိုက်အပြုံလိုက်ရှိခြင်းဖြစ်ပါသည်။ အဲဂုတ္တုနတ်ဆရာတို့သည် အတုခိုးပြုကြပြီး၊ ရှင်ဘုရင်သည်စိတ်ခက်ခိုင်မာခြင်းရှိ၏။ တတိယဘေးဒဏ်မှုကား အဲဂုတ္တုပြည်ရှိ မြေမှုန့်တို့သည် ခြင်ကောင်အဖြစ်သို့ပြောင်းကြပြီး နတ်ဆရာတို့ကိုပင် ဒုက္ခပေးကြ၏။ ထိုအခါ ဘုရားသခင်ပြုသောအမှုဖြစ်ကြောင်း သိမှတ်လာကြ၏။ ထို့နောက် ယင်ရဲအုပ်စုနှင့် အိမ်မွေးတိရစ္ဆာန်တို့ကိုယ်ပေါ်၌ အလွန်ပြင်းထန်သောရောဂါစွဲခြင်းဖြစ်ပေါ်ခဲ့ပါသည်။ ထို့နောက် လူတို့အပေါ်၌ အနာစိမ်းပေါက်စေခြင်း၊ လယ်ယာများကိုဖျက်ဆီးသောမိုးသီးနှင့်နှံကောင်များ ကျရောက်ခြင်းကြုံတွေ့ကြရ၏။ မှောင်မိုက်ခြင်းကပ်ဘေးသည် နဝမမြောက်ဖြစ်ပါသည်။ ဤကပ်ဘေးတခုစီကြုံပြီးချိန်၌ အဲဂုတ္တုဘုရင်သည် ဣသရေလလူတို့ကိုမလွှတ်လိုခဲ့ပါ။ ထွက်ခြင်း၌ အခွင့်တောင်းသောအခါ၊ ဂတိပေးခဲ့သော်လည်း မိမိစကားကိုပြန်၍ရုပ်သိမ်းခဲ့ပါသည်။ နောက်ဆုံးကပ်ဘေးသည် အဲဂုတ္တုအိမ်တိုင်းကိုထိခိုက်စေသောဘေးဒဏ်ကြီးဖြစ်ပါသည်။ ဘုရားသခင်က မောရှေအားအဲဂုတ္တုလူတို့၏ သားဦးအပေါင်းတို့သည် သေကြမည်အကြောင်း မိန့်တော်မူခဲ့၏။ ထိုအခါ ဖာရိုဘုရင်သည် ဣသရေလလူတို့ကို ထွက်ခွာခွင့်ပြုခဲ့၏။

**ဆင်ခြင်ရန်** - အတွေ့အကြုံသည်အကျိုးရှိသောဆရာတပါးဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားကို ယုံကြည်ခြင်းရှိမည်အကြောင်း မစတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၁၀)
**တရားဟော ၁၁း၁-၁၇**
ဇဖက် ၄း၁၇-၂၂

*"အထက်ကကျင်လည်ကြသည်အရာ. . . လူဟောင်းကိုချွတ်ပယ်၍"*

# ငြိမ်ဝပ်စွာရပ်နေ၍ ဘုရားသခင်၏ကယ်တင်ခြင်းကိုကြည့်ရှုကြလော့

ဣသရေလလူတို့သည် ပဿခါသိုးသငယ်ကိုသတ်၍ အသွေးကိုမိမိတို့အိမ်တံခါးဘောင်နှင့် တန်းပေါ်တွင်သုတ်ကြရမည်ဖြစ်ပါသည်။ ထိုအခါ သူတို့၏သားဦးတို့သည်မသေဘဲလွတ်ခြင်းခံကြမည်ဖြစ်ပါသည်။ ဘုရားသခင်မိန့်တော်မူသကဲ့သို့ အမှန်ဖြစ်ခဲ့ပါသည်။ အဲဂုတ္တုပြည်တွင် လူနှင့် တိရိစ္ဆာန်သားဦးသေခြင်းကျရောက်ခဲ့ပါသည်။ ဖာရိုဘုရင်၏သားဦးမှအစ ပြည်သူတိုင်အောင်သားဦး မသေသောအိမ်ဟူ၍မရှိခဲ့ပါ။ ဣသရေလလျင်မြန်စွာထွက်ခွာခြင်းငှါ အားလုံးသဘောတူခဲ့ကြ၏။ ထိုသို့သောအံ့ဘွယ်အမှုဘယ်တော့မှမဖြစ်ပွားတော့ပါ။ မောရှေက ထိုအဖြစ်အပျက်ကိုမျိုးဆက်သစ်တို့ထံ ပြန်၍ပြောပြခဲ့ပါသည်။

အဲဂုတ္တုပြည်မှထွက်ခွာပြီးနောက် ပင်လယ်နီဖြတ်ကျော်ခြင်းသည် ဣသရေလကြုံတွေ့ခဲ့သောအခက်အခဲဖြစ်ပါသည်။ ထိုသို့ ထွက်သွားပြီးနောက် အဲဂုတ္တုလူတို့သည် နောက်မှလိုက်လာကြ၏။ အလွန်ကြောက်ရွံ့ခြင်းရှိကြသော်လည်း၊ မောရှေကဘုရားသခင်၏ကယ်တင်တော်မူခြင်းကို ကြည့်ကြရန်နှိမ့်သိမ့်ခဲ့ပါသည်။ ဘုရားသခင်က ဣသရေလနှင့်အဲဂုတ္တုစစ်တပ်အကြား၌ မှောင်မိုက်သောတိမ်ကိုထားတော်မူ၏။ ထို့ပြင် ဣသရေလလူတို့ဖြတ်သွားခြင်းငှါ ပင်လယ်နီကိုလည်း နှစ်ခြမ်းကွဲစေတော်မူ၏။ အဲဂုတ္တုလူတို့က လိုက်လာကြသောအခါ ဘုရားသခင်သည် ပင်လယ်နီကိုပြန်ပေါင်းစေ၍ သူတို့သည်နှစ်သေခဲ့ကြ၏။ ဣသရေလသည် အဲဂုတ္တုလူတို့၏လက်မှလွတ်မြောက်ခြင်းရခဲ့ကြ၏။ သို့သော်လည်း အခက်အခဲများစွာကြုံတွေ့ကြရအုံးမည်ဖြစ်ပါသည်။ တောထဲ၌ ခရီးဆက်စဉ် ဘုရားသခင်ကိုဆန့်ကျင်သောသူများရှိခဲ့ကြ၏။ ဒါသန်၊ ကောရနှင့်အဘိရံတို့က မောရှေကို စကားလုံးအားဖြင့် တိုက်ခိုက်ခဲ့ကြ၏။ မောရှေတောင်းလျှောက်သည်အတိုင်း ဘုရားသခင်သည် မြေကြီးကိုဖွင့်စေတော်မူ၍ သူတို့နှင့်သူတို့ပိုင်ဆိုင်သောတိရိစ္ဆာန်နှင့် တဲများအပါအဝင်အရှင်လတ်လတ်မြေမျိုခြင်းခံကြ၏။ ထို့နောက် များစွာသောအံ့ဘွယ်အမှုတို့ကို ဣသရေလသည်ကြုံတွေ့ခဲ့၏။

ဣသရေလလူတို့သည် ပြည်တော်ကိုဝင်ရောက်ပိုင်ဆိုင်ကြမည်ဖြစ်သောကြောင့် မောရှေက ဘုရားသခင်၏နှုတ်ကပတ်တော်လိုက်နာခြင်းအရေးပါမှုကို အထူးဖော်ပြခဲ့ပါသည်။ ထိုသို့ဘုရားသခင်၏စကားနာခံခြင်းအတွက် အဓိကဂတိတော်သည်ကား နို့နှင့်ပျားရည်စီးသောပြည်၌ အသက်ရှည်စွာ နေထိုင်ကြမည်ဟူ၍ဖြစ်ပါသည်။ နို့နှင့်ပျားရည်သည် အစားအစာအတွက်အလွန်အရသာရှိသောအရာဖြစ်ပါသည်။ ထိုပြည်၌ရှိသောအသီးများကိုလည်း အခြားကျမ်းပိုဒ်တွင် ဖော်ပြခဲ့ပါသည်။ အသက်ရှည်ခြင်းဂတိတော်သည် ပညတ်တော်ဆယ်ပါး၏ ပဉ္စမအချက်ဖြစ်သော၊ မိဘကိုရိုသေခြင်း၏အကျိုးလည်း ဖြစ်ပါသည်။ ဘုရားသခင်သည် နံပါတ်တစ်မိဘဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အထောက်အပံ့ကုန်ဆုံးသည်ဟူ၍မရှိ၊ တောင်းလျှောက်ရမည်။
**ဆုတောင်းချက်-** အဘဘုရား၊ စိုးရိမ်ခြင်းအကြား၌လည်း ကိုယ်တော်ကိုယုံကြည်ကိုးစားမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

စနေ၊ စက်တင်ဘာ (၁၁)

**တရားဟော ၁၁း၁-၁၇**

ဟေရှာ ၆၂း၁-၅

*“သင်သည် ငါနှစ်သက်သောသူ၊ သင်၏မြေသည် လက်ထပ်သောမြေဟူသော အမည်ကိုရလိမ့်မည်”*

## ကောင်းသောပြည်၌နေထိုင်ခြင်းနှင့်ဘုရားသခင်၏စကားကိုနာခံခြင်း

ခါနာန်ပြည်နှင့်အဲဂုတ္တုပြည်တို့သည် မြေအနေအထားခြားနားခြင်းရှိ၏။ ခါနာန်ပြည်သည် တောင်တန်းချိုင့်ဝှမ်းပေါ်များသောပြည်ဖြစ်၍ မိုးရေကိုအခြေခံသောပြည်ဖြစ်၏။ အဲဂုတ္တုပြည်သည် မြေပြန့်ဖြစ်၍ စိုက်ပျိုးရေးအတွက် နိုင်းမြစ်ကိုအခြေခံသောပြည်ဖြစ်ပါသည်။ ထိုမြေပြန့်၌ နေထိုင်ခဲ့ကြပြီးနောက် ယခုအခါမြေအနေအထားခြားနားသောပြည်သို့ဦးတည်နေကြ၏။ ထို့ကြောင့် ထိုပြည်ကို ဘုရားသခင်ကဂရုစိုက်တော်မူကြောင်း မောရှေကဤသို့ဖော်ပြခဲ့ပါသည် - “သင်တို့၏ဘုရားသခင် ထာဝရာဘုရားပြုစု၍ တနှစ်ပတ်လုံးကြည့်ရှုတော်မူသောပြည်ဖြစ်၏” (တရား ၁၁း၁၂)။ အနက်ဖွင့်ကျမ်းတွင် ဤသို့ဆက်လက်ဖော်ပြခဲ့ပါသည် - “ထိုပြည်သည်ဘုရားသခင်ကြည့်ရှုဂရုစိုက်တော်မူသောပြည်ဖြစ်၏ (သုတ္တံ ၃၁း၁၃၊ ယောဘ ၃း၄)၊ နှစ်စမှ နှစ်ဆုံးတိုင်အောင် ဘုရားသခင်၏မျက်စိတော်သည် ထိုပြည်အပေါ်သို့ကျရောက်၏။ ထို့ကြောင့် ဤပြည်သည်ဘုရားသခင်၌မှီခိုသော ပြည်ဖြစ်၍၊ ဣသရေလလူတို့သည်လည်း ဘုရားသခင်၏ကျေးဇူးတော်ကိုအစဉ်မှီခိုနေရမည်ဖြစ်ပါသည်” (Keil and Delitzsch Commentary on the Old Testament)။

ဤသည်ကား နှစ်ပေါင်း ၃၀၀၀ ကျော်က အခြေအနေဖြစ်၍၊ ယခုတွင် ဣသရေလပြည်၏ ရာသီဥတုသည် ပြောင်းလဲခဲ့ပြီဖြစ်ပါသည်။ ယခုတွင် စိုက်ပျိုးရေးအတွက် ယောဒန်မြစ်ကိုမှီခို၍ အသီးအနှံစိုက်ပျိုးလျက်ရှိကြ၏။ ယနေ့တိုင်အောင် ဤပြည်သည် နို့နှင့်ပျားရည်စီးသောပြည်ဖြစ်လျက် ရှိပါသည်။ သေးငယ်သောပြည်ဖြစ်သော်လည်း မိမိကိုယ်ကိုရပ်တည်ရုံသာမက၊ ပို့ကုန်အထိ ထုတ်လုပ်နိုင်သောနိုင်ငံဖြစ်လာပါသည်။ မောရှေက ဣသရေလအပေါ် ဘုရားသခင်ပြုတော်မူသော အမှုတို့ကို ခွန်အားယူခြင်းငှါ ပြန်၍ဖော်ပြခဲ့ပါသည်။ ထို့ပြင် ဘုရားသခင်မိန့်တော်မူချက်အပေါင်းတို့သည် ပြည့်စုံလာမည်အကြောင်း မောရှေယုံကြည်ခဲ့ပါ၏။

လူ့အသက်ရှင်ခြင်းအတွက် လိုအပ်သောအရင်းအမြစ်ရှိသောပြည်၌ နေထိုင်ခြင်းသည် အရေးကြီးလှပါ၏။ ကောင်းသောမြေ၊ အစားအစာရှိသောမြေတွင် တိရိစ္ဆာန်တို့ပင်လျှင် ကျက်စားနေထိုင်တတ်ကြ၏။ ကောင်းသောမြေသည် ဘုရားသခင်၏လက်ဆောင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားပေးသောဉာဏ်ပညာဖြင့် ကန္တာရမြေသည် အသီးအနှံဖြစ်ထွန်းသော ခါနာန်ပြည်အဖြစ်သို့ ပြောင်းလဲစေခဲ့၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့ပြည်၌ လုံလောက်သောအစားအစာပေးတော်မူ သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ စက်တင်ဘာ (၁၂)
**တရားဟော ၁၁း၁-၁၇**
ဆာလံ ၃၃း၁၂-၂၂

*"ငါတို့၏ဝိညာဉ်သည် ထာဝရဘုရားကိုမြော်လင့်လျက်နေ၏။ ထိုဘုရားသည်ငါတို့ကို မစသောသူ၊ ကွယ်ကာသောသူဖြစ်တော်မူ၏"*

# ကောင်းသောပြည်၏ကောင်းကြီးမင်္ဂလာများ

ဣသရေလသည် ဘုရားသခင်ဂတိထားတော်မူသောပြည်၌ သွားရောက်နေထိုင်ခြင်းငှါ မျှော်လင့်ခြင်းနှင့်ချီတက်လျက်ရှိပါသည်။ ထိုပြည်၌ပျော်ရွှင်စွာနေထိုင်ရခြင်းငှါ ဘုရားသခင်မှာထားတော်မူသောအချက်တို့ကို မောရှေက သူတို့အား ပြောကြားခဲ့ပါသည်။

စိုက်ပျိုးရေး၌ ရေသွယ်မြောင်းများအသုံးပြုလာကြသော်လည်း၊ များစွာသောလယ်သမားတို့သည် မိုးရေကိုသာမှီခိုလျက် ရှိကြပါ၏။ ဤသည်ကား ပုံမှန်သဘာဝတရားဖြစ်၍ လယ်သမားတို့သည် မည်သည့်အချိန်၌စိုက်ပျိုးခြင်းအမှုပြုရမည်ကို သိကြပါသည်။

ဘုရားသခင်က ဣသရေလလူတို့အား မြေကြီးအသီးအနှံနှင့် မြက်ပင်များအတွက် မိုးရေပေးခြင်းငှါ ဂတိပေးတော်မူ၏။ မောရှေက သူတို့၏ဝိညာဉ်ရေးရာကျန်းမာခြင်းနှင့်ခန္ဓာကိုယ်ကျန်းမာခြင်းသည် နှစ်ခုစလုံးအရေးပါကြောင်း ရှင်းပြခဲ့ပါသည်။ အခြားသောဘုရားများကို မကိုးကွယ်ဘဲ စိတ်နှလုံးတည်ကြည်ခြင်းရှိကြရန် တိုက်တွန်းခဲ့ပါသည်။

သိနာတောင်ပေါ်၌ ဘုရားသခင်ထံမိမိသွားရောက်ခဲ့စဉ် မှားယွင်းသောဘုရားနောက်သို့ သူတို့လိုက်ခဲ့ကြသည်ကို မောရှေသတိပြုလျက်ရှိပါသည်။ ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုကို ပြုခဲ့ကြ၏။ ထိုသို့ပြုကြလျှင် ဘုရားသခင်သည် မိုးကောင်းကင်မှမိုးရေမပေးဘဲ နေမည်အကြောင်း သတိပေးခဲ့ပါသည်။ မြေကြီးသည်လည်း အဘယ်အသီးမှမသီးဘဲ၊ ငတ်မွတ်ခြင်းကျရောက်လျက် လူတို့သည်ပျက်စီးခြင်းသို့ရောက်ကြမည်ဖြစ်ပါသည်။ ရှေးကာလတွင်များသောအားဖြင့် အစားအစာ သိုလှောင်ခြင်းနည်းပါး၍၊ ရိတ်သိမ်းရသောအသီးအနှံကို မှီခိုအားထားကြရပါသည်။ ဣသရေလ၏ တခုတည်းသောမျှော်လင့်ခြင်းသည် ဘုရားသခင်သာလျှင်ဖြစ်ပါသည်။ ယနေ့များစွာသောမယုံကြည်သူတို့ပင်လျှင် မိုးရေကိုကောင်းကင်ဘုံရှိသောဘုရားသခင်ကသာလျှင် ပေးတော်မူနိုင်ကြောင်း သိမှတ်ကြ၏။ မိုးရေခမ်းခြောက်ခြင်းကို အမင်္ဂလာအဖြစ်လက်ခံကြ၏။

ဤကျမ်းပိုဒ်၏အဓိကအချက်သည် ဘုရားသခင်၏ပညတ်တရားလိုက်လျှောက်ခြင်းပင်ဖြစ်ပါသည်။ မောရှေကဣသရေလလူတို့အား အဘယ်အကြောင်းဘဲရှိရှိ၊ ဘုရားသခင်၏စကားကို နာခံကြခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ထိုသို့ပြုလျှင် ဂတိတော်ပြည်၌ပျော်ရွှင်စွာ နေကြရမည်ဖြစ်၍၊ မနာခံခဲ့လျှင် ဒုက္ခကြုံတွေ့ကြရမည်ဖြစ်ပါသည်။

ဘုရားသခင်ကိုကျွန်တော်တို့ချစ်လျှင် ပညတ်တရားကို လိုက်လျှောက်ကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် စကြဝဠာတခုလုံးဖန်ဆင်း၍ ထိန်းသိမ်းတော်မူ၏။
**ဆုတောင်းချက်-** အို ထာဝရဘုရား၊ အကျွန်ုပ်တို့သည် ကိုယ်တော်ကိုကိုးစားသည်နှင့်အညီ၊ အကျွန်ုပ်တို့အပေါ်မှာ ကရုဏာတော်သက်ရောက်ပါစေသော (ဆာလံ ၃၃း၂၂)။

တနင်္လာ၊ စက်တင်ဘာ (၁၃)
**တရားဟော ၁၁း၁၈-၃၂**
ဒံ ၃း၁၃-၁၈

*“အကျွန်ုပ်တို့ကိုးကွယ်သောဘုရားသခင်သည်
မီးလောင်လျက်ရှိသောမီးဖိုထဲက အကျွန်ုပ်တို့ကို
ကယ်လွှတ်နိုင်တော်မူ၏။ . . . ကယ်လွှတ်တော်မူလိမ့်မည်”*

# ပညတ်တရားတော်ကို ကြိုးစားလိုက်လျှောက်ခြင်း

ဘုရားသခင်၏ထောက်ပံ့မှုအရင်းအမြစ်သည် မကုန်ဆုံးနိုင်ပါ။ သူသည် အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ မိန့်တော်မူသည်အတိုင်း ပြုတော်မူလိမ့်မည်။ စုံလင်စွာပြုတော်မူမည်။ မောရှေကက္ကာလေဘလူတို့အား ဘုရားသခင်၏ပညတ်တော်ကို ကြိုးစားလိုက်လျှောက်ခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ပုံမှန်အားဖြင့် သူသည်ကြားနာ၍မေ့လျော့တတ်ကြောင်း မောရှေကသတိပေးခဲ့ပါသည်။ ထို့ကြောင့် မမေ့လျော့ဘဲအမှန်ဘုရားသခင်၏စကားကို နာခံလိုက်လျှောက်ခြင်းငှါ အထူးမှာထားခဲ့ပါသည်။

ဘုရားသခင်မိန့်တော်မူသည်အတိုင်း၊ သူတို့အပေါင်းသည် ဘုရားသခင်၏စကားကိုနာခံ၍ အမှန်လိုက်လျှောက်ကြရပါမည်။ က္ကာလေဘသည် အခြားလူမျိုးတို့နှင့်မတူဘဲ၊ ခါနာန်ပြည်တွင် လူခန့်အပ်သောရှင်ဘုရင်မရှိဘဲ၊ ဘုရားသခင်၏အုပ်စိုးမှုအောက်၌ နေထိုင်မည်ဖြစ်ပါသည်။ ဝိညာဉ်ရေးရာခေါင်းဆောင်များသာရှိလျက်၊ ဘုရားသခင်သည် သူတို့၏ရှင်ဘုရင်ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင်ကိုချစ်၍ လမ်းတော်သို့လျှောက်သွားကြရပါမည်။ ထို့ကြောင့် သူတို့သည် ကြိုးစားအားထုတ်ကြဖို့လိုအပ်ပါသည်။ ဘုရားသခင်က သူတို့ထက်အားကြီးသောလူမျိုးတို့ကို ထိုပြည်မှနှင်ထုတ်ပါလိမ့်မည်။ စူးစမ်းသောသူဆယ်ဦးတို့က ခါနာန်ပြည်သို့မဝင်ခြင်းငှါ က္ကာလေဘကို စိတ်ပျက်စေခဲ့ပြီးဖြစ်ပါသည်။ အမှန်မှာ ခါနာန်ပြည်၌နေသောသူတို့သည် က္ကာလေဘလူတို့ထက် ကြီးမားသန်စွမ်း၍၊ ခိုင်ခံ့သောမြို့များရှိကြ၏။ ပုံမှန်အားဖြင့်၊ သူတို့ကို က္ကာလေဘလူတို့မနိုင်နိုင်ပါ။ သို့သော်လည်း၊ ဘုရားသခင်က အတူပါရှိတော်မူ၍ သူတို့အတွက် တိုက်ခိုက်မည်ဟုဂတိတော်ရှိ၏။ သူတို့ပြုရမည့်အမှုဟူမူကား၊ ဘုရားသခင်ကိုယုံကြည်ကိုးစား၍၊ ပညတ်တော်ကိုလိုက်လျှောက်ရန်သာဖြစ်ပါသည်။

ဘုရားသခင်က ထိုပြည်ကိုသူတို့ပိုင်ဆိုင်မည်အကြောင်း ဂတိပေးတော်မူ၏။ မောရှေက ဤသို့မိန့်တော်မူ၏ “ထာဝရဘုရားသည် ဤလူမျိုးခပ်သိမ်းတို့ကို သင်တို့ရှေ့မှနှင်ထုတ်တော်မူသဖြင့်၊ သင်တို့သည် ကိုယ်ထက်အားကြီး၍ များပြားသောလူမျိုးတို့ကို အစိုးရကြလိမ့်မည်။ သင်တို့သည် ခြေနှင့်နင်းသမျှသော အရပ်ကိုပိုင်သဖြင့်၊ တောမှစ၍လေဗနုန်တောင်တိုင်အောင်၎င်း၊ ဥဖရတ်မြစ် ကြီးမှစ၍ ပင်လယ်ကမ်းနားတိုင်အောင်၎င်း၊ မြေတရှောက်လုံးသည် သင်တို့၏နိုင်ငံအဝင်ဖြစ်လိမ့် မည်” (တရား ၁၁း၂၃-၂၄)။ ဤသည်ကား သူတို့အတွက် ခွန်အား၊ ဘုရားသခင်ဘက်၌ရပ်တည်ခြင်းငှါ ယုံကြည်မှုကိုပေးသောစကားဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နာခံခြင်းရှိသော မိမိသားသမီးတို့အတွက် ဘုရားသခင်၏ ရက်ရောသောလက်တော်သည် အစဉ်အသင့်ရှိတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဥပဒေသများကို ကြိုးစားနာခံလိုက်လျှောက်လိုက်သော စိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

*"ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတံ့"*

# ကောင်းကြီးမင်္ဂလာနှင့်အမင်္ဂလာ

ကောင်းကြီးမင်္ဂလာနှင့်အမင်္ဂလာတို့သည် ဘုရားသခင်နှင့်ဆက်နွယ်မှု၌ လူတဦးအတွက် ကောင်းကြီးနှင့်ပြစ်ဒဏ်များဖြစ်ပါသည်။ ဘုရားသခင်၏ဆုံးဖြတ်ချက်အပေါ်၌ မူတည်ကြ၏။ မိမိ၏ ပညတ်တရားများကို လိုက်လျှောက်သောလူမျိုးသည် မင်္ဂလာရှိသောလူမျိုးဖြစ်၍၊ ဘုရားသခင်ထံမှ ထွက်သွားသောသူသည် အမင်္ဂလာကြုံတွေ့ရမည်ဖြစ်၏။ သမ္မာကျမ်းစာကိုမယုံကြည်သောသူတို့ သည် ဤတရားကိုမယုံကြည်ကြပါ။ မောရှေက ဣသရေလလူတို့အား ဘုရားသခင်ပြုတော်မူနိုင်သော အမှုကိုပြန်၍ဖော်ပြခဲ့ပါသည် - "သင်တို့ရှေ့မှာ အဘယ်သူမျှမရပ်မနေနိုင်အောင်၊ သင်တို့နင်းသော မြေအရပ်၌ရှိသောသူအပေါင်းတို့သည် သင်တို့ကိုကြောက်ရွံ့ထိတ်လန့်မည်အကြောင်း၊ သူတို့၏ ဘုရားသခင်ထာဝရဘုရားသည် ဂတိတော်ရှိသည်အတိုင်း ပြုတော်မူမည်" (တရား ၁၁း၂၅)။

ဤအမှုနှင့်ပတ်သတ်၍ မောရှေ၌လုံလောက်သောအတွေ့အကြုံရှိခဲ့သည်ဖြစ်၍၊ ဣသရေလလူတို့အား ဘုရားသခင်သည် မိန့်တော်မူသည်အတိုင်း ပြုတော်မူမည်အကြောင်း သတိပေးခဲ့ပါသည်။ မောရှေကိုယ်တိုင်သည် ထိုပြည်သို့ဝင်ရမည်မဟုတ်၊ သို့သော်လည်း ထိုပြည်သို့ဝင်ရောက်မည့်ဣသရေလလူတို့ကို ကြိုတင်ပြင်ဆင်မှုပေးခဲ့ပါသည်။ ခါနာန်ပြည်ဝင်ရောက်သိမ်းပိုက်ခြင်းအမှုကို ယောရှုလက်ထပ်၌ ပြည့်စုံလိမ့်မည်ဖြစ်ပါသည်။ အဲဂုတ္တုပြည်မှထွက်လာရာလမ်းတလျှောက်၌ ဘုရားသခင်အတူပါရှိတော်မူကြောင်းကို အံ့ဘွယ်အမှုအားဖြင့် ဖော်ပြခဲ့ပါသည်။ မန္နမုန့်ဖြင့် ကျွေးမွေးခြင်း၊ အသားစားစရာချပေးတော်မူခြင်းတို့သည် ဘုရားသခင်အတူပါရှိတော်မူခြင်းကို သက်သေပြလျက်ရှိ၏။ ထို့ပြင် မိုးတိမ်တိုင်နှင့်မီးတိုင်တို့သည်လည်း ဘုရားသခင်ပါရှိတော်မူခြင်း၏ သက်သေဖြစ်ပါသည်။ တောထဲ၌နှစ်ပေါင်းလေးဆယ်လုံးလုံး လျှောက်သွားနေကြရသော်လည်း သူတို့၏အဝတ်နှင့် ဖိနပ်တို့သည် ဟောင်းနွမ်းဆုတ်ပျက်ခြင်းမရှိခဲ့ပါ။ ရေမရှိသောအရပ်၌ ဘုရားသခင်ကရေကိုပေးတော်မူခဲ့၏။ သူတို့လိုအပ်သောအခြေခံလိုအပ်ချက်အပေါင်းကို ဘုရားသခင်ပေးတော်မူခဲ့ပါ၏။ သို့သော်လည်း သူတို့၏မိုက်မဲသောစိတ်နှလုံးကြောင့် ဘုရားသခင်ပေးသနားတော်မူသော ထိုကောင်းကြီးမင်္ဂလာအပေါင်းကို မမြင်တတ်ခဲ့ကြပါ။

ဘုရားသခင်က သူတို့ရှေ့၌ကောင်းကြီးမင်္ဂလာနှင့်အမင်္ဂလာကို ချတော်မူခဲ့၏။ မောရှေက ဤသို့ဖော်ပြခဲ့ပါသည် - "ယနေ့ကောင်းကြီးမင်္ဂလာပေးခြင်းနှင့်ကျိန်ခြင်းတည်းဟူသော ဤနှစ်ပါးကို သင်တို့ရှေ့မှာ ငါထား၏။ ယနေ့ငါဆင့်ဆိုသော သင်တို့ဘုရားသခင်ထာဝရဘုရား၏ ပညတ်တော်တို့ကို နားထောင်လျှင်မူကား၊ ကောင်းကြီးပေးခြင်း၊ သင်တို့ဘုရားသခင်ထာဝရဘုရား၏ ပညတ်တော်တို့ကို နားမထောင်၊ ယနေ့ငါမှာထားသောလမ်းမှလွဲရှောင်၍၊ မသိဘူးသောအခြားတပါးသောဘုရားကို မှီဝဲဆည်းကပ်လျှင်မူကား ကျိန်ခြင်းကိုငါထား၏" (တရား ၁၁း၂၆-၂၈)။

**ဆင်ခြင်ရန်** - ဘုရားသခင်ထာဝရဘုရားသည် မိမိလူတို့ကိုကောင်းကြီးပေးတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ နာခံခြင်းအားဖြင့် ကိုယ်တော်၏ကောင်းကြီးမင်္ဂလာကို ကျွန်တော်ရှာဖွေလိုပါ၏။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁၅)
**တရားဟော ၁၁း၁၈-၃၂**
ရောမ ၈း၁-၈

*"ဇာတိပကတိကြောင့် ပညတ်တရားသည် အားနည်း၍ မတတ်နိုင်သောအမှုကို ဘုရားသခင်ပြုတော်မူခြင်းငှါ . . . "*

# ပညတ်တရားကိုလိုက်လျှောက်ခြင်း

ဘုရားသခင်၏ပညတ်ချက်သည် ဘုရားသခင်၏ပညတ်တရားတို့ကို ဣသရေလလူတို့သည်နာခံလိုက်လျှောက်၍၊ ဘုရားသခင်ထာဝရဘုရားတပါးတည်းကိုသာ ဝတ်ပြုကိုးကွယ်ရမည်ဟူ၍ ဖြစ်ပါသည်။ ထို့ပြင်အချင်းချင်းတစ်ယောက်ကိုတစ်ယောက် ချစ်ခြင်းမေတ္တာထား၍ စည်းလုံးစွာနေထိုင်ကြရပါမည်။ သူတို့သည်ခေါင်းဆောင်များ၏စကားကိုနာခံ၍၊ ဥပဒေများကိုလိုက်လျှောက်ကြရပါမည်။ ထို့ပြင်ဘုရားသခင်ပေးသနားတော်မူသော ပြည်ကိုတိုက်ခိုက်လာသောရန်သူတို့အား တိုက်ခိုက်၍ပြည်ကိုကာကွယ်ကြရပါမည်။ ဤသို့ဖြင့်စည်းလုံးညီညွတ်မှုကိုတည်ဆောက်၍၊ ဘုရားသခင်၏မစထောက်ပံ့ခြင်းကို ကိုးစားကြရပါမည်။ ထိုဥပဒေသများကိုဘုရားသခင်ကမောရှေအားဖြင့် ပေးတော်မူ၍၊ မောရှေကရေးသားမှတ်သားခဲ့ပါသည်။

ထို့ပြင်ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော၊ ဝတ်ပြုကိုးကွယ်ခြင်းပညတ်ချက်တို့ကိုလည်းတွေ့ရပါသည်။ ယဇ်ပုရောဟိတ်တို့သည် ဘုရားသခင်လမ်းညွှန်ချက်အတိုင်း သူတို့၏တာဝန်ဝတ်တရားများကိုဆောင်ရွက်ကြရပါမည်။ ဣသရေလလူအပေါင်းအတူတကွဆင်နွှဲရမည့် နှစ်စဉ်ပွဲတော်များလည်းရှိပါသည်။ နေ့စဉ် ပူဇော်ရသောယဇ်ပူဇော်ခြင်းများလည်းရှိ၏။ ဝတ်ပြုကိုးကွယ်ခြင်းအတွက်မိမိကိုကိုယ်သန့်ရှင်းစေခြင်းငှါ ပြင်ဆင်မှုလည်းဖြစ်ပါသည်။ ယဇ်ပုရောဟိတ်တို့က လိုအပ်သောအချက်များကိုဖော်ပြမည် ဖြစ်ပါသည်။ ဤအမှုတို့သည် အပြစ်အပေါင်းကိုဖယ်ရှားသန့်ရှင်းစေတော်မူသောဘုရားသခင်၏သားတော်၊ မေရှိယကြွလာတော်မူမည့်အချက်ကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ ဤဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာပညတ်ချက်တို့သည် ခရစ်တော်ကြွလာတော်မူသောအချိန်၌ စုံလင်ပြည့်စုံခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့်ဘုရားသခင်၏ လူတို့သည် ထိုဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာယဇ်ပူဇော်ခြင်းအမျိုးမျိုးတို့ကို ခရစ်တော်ကစုံလင်စေတော်မူပြီဖြစ်သောကြောင့် ထိုကဲ့သို့လိုက်လုပ်စရာမလိုတော့ပါ။ ယေရှုခရစ်ကိုယုံကြည်သောသူတို့သည် ထိုသို့သောဝတ်ပြုကိုးကွယ်ခြင်း နည်းလမ်းများကို လိုက်လျှောက်ခြင်းငှါ တာဝန်မရှိပါ။

သို့သော်လည်း၊ ဂတိတော်ပြည်၌နေထိုင်ကြမည့်ထိုဣသရေလလူတို့သည် ထိုဥပဒေသများကိုကြိုးစားလိုက်လျှောက်ကြရမည်ဖြစ်ပါသည်။ မလိုက်လျှောက်ခဲ့လျှင်၊ ဘုရားသခင်၏ပြစ်ဒဏ်မှုကားကျိန်ခြင်းပေတည်း။ သူတို့သည် ဘုရားသခင်ကိုဆန့်ကျင်ခဲ့ကြလျှင်၊ သူတို့ခံစားမည့်ကောင်းကြီးမင်္ဂလာမခံရဘဲနေကြပါလိမ့်မည်။ ထိုကောင်းကြီးမင်္ဂလာတို့တွင် မိုးရေ၊ နေရောင်နှင့် ကျန်းမာခြင်းတို့ပါဝင်ကြပါ၏။ ယနေ့ကြုံတွေ့နေရသော၊ အရင်ကမသိခဲ့ကြသောရောဂါများဖြစ်သော၊ ကိုဗစ် ၁၉ (သို့) အီဘိုလာတို့သည် မတော်တဆဖြစ်လာကြသည်မဟုတ်ကြောင်း သေချာလှပါသည်။ ဘုရားသခင်သည်နာခံခြင်းမရှိသောသူတို့ကို ထိုသို့သောဒဏ်ကိုခတ်နိုင်တော်မူ၏။ နာခံခြင်းသည် အစဉ်လိုအပ်သောအမှုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ရောဂါဘေးဥပဒ်ကျရောက်သောအချိန်၌ပင် ဘုရားသခင်သည်အဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်ပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်တိုင်းပြည်သည် ကိုယ်တော်ကိုကြောက်ရွံ့ခြင်းရှိမည်အကြောင်းကျေးဇူးပြု၍ မစတော်မူပါ။

ကြာသပတေး၊ စက်တင်ဘာ (၁၆)
**တရားဟော ၁၁း၁၈-၃၂**
ဆာလံ ၃၂း၁-၄

*"ထာဝရဘုရားအပြစ်တင်တော်မူခြင်းနှင့် လွတ်၍၊ လှည့်စားတတ်သောစိတ်သဘောနှင့် ကင်းစင်သောသူသည် မင်္ဂလာရှိ၏"*

## အခြားသောဘုရားများကိုးကွယ်ခြင်းသည်အမင်္ဂလာဖြစ်၏

ဘုရားသခင်သည်မယုံကြည်ခြင်းနှင့် မိမိ၏အာဏာဖီဆန်ခြင်းတို့ကို ရှုံ့ရှာတော်မူ၏။ ဤသည်ကား ရုပ်တုဆင်းတုနှင့်အခြားဘုရားများ ကိုးကွယ်ခြင်းပင်ဖြစ်ပါသည်။ အခြားအမျိုးသားတို့သည် မှားယွင်းသောဘုရားများကို ကိုးကွယ်ကြသည်ဖြစ်သောကြောင့် ဣသရေလလူတို့သည်လည်း ဤအပြစ်ကိုအစဉ်ကျူးလွန်ခဲ့ကြ၏။ ထို့ကြောင့် မောရှေသည် ဤအမှု၌ဣသရေလလူတို့ကို အကြိမ်ကြိမ်သတိပေးခဲ့ပါသည်။ ထို့ပြင် ပညတ်တော်ဆယ်ပါး၏ပထမအချက်သည် အခြားဘုရားများမရှိခြင်း၌ တားမြစ်ခြင်းဖြစ်ပါသည်။ "ငါမှတပါး အခြားသောဘုရားကိုမကိုးကွယ်နှင့်" (ထွက် ၂၀း၃)။

ဘုရားသခင်၏တားမြစ်ချက်သည် ရှင်းလင်းလှပါသည်။ ကောင်းကြီးမင်္ဂလာကို ဂေရဇိမ်တောင်ပေါ်၌၎င်း၊ ကျိန်ခြင်းကိုဧဗလ်တောင်ပေါ်၌၎င်း တင်ထားရကြမည်။ ဤတောင်နှစ်လုံးသည် ခါနာန်ပြည်ရှိ ဂိလဂါလမြို့အနီး၌ မျက်နှာချင်းဆိုင်တည်ရှိကြပါသည်။ ဤနေရာနှစ်နေရာကိုဖော်ပြခြင်းက ခါနာန်ပြည်ကိုဣသရေလလူတို့အား ဘုရားသခင်အမှန်ပေးတော်မူမည်အကြောင်း မောရှေ၏စကားကို ပို၍သေချာစေခဲ့ပါသည်။ သမ္မာကျမ်းစာမှန်ကန်မှုကိုလည်း သက်သေပြရာရောက်၏။ ဘုရားသခင်၏စကားတော်သည် ဘယ်သောအခါမျှမှားယွင်းခြင်းမရှိပါ။ ထိုအချိန်၌ဣသရေလလူတို့သည် ယောဒန်မြစ်ကိုဖြတ်ပြီးခါနာန်ပြည်ကိုဝင်ရောက်သိမ်းပိုက်ခြင်း၌ အသင့်ရှိခဲ့ကြ၏။ ထို့ကြောင့် မောရှေအကြိမ်ကြိမ်မှာထားသောစကားမှုကား ဘုရားသခင်၏ပညတ်တရားနှင့် စီရင်ထုံးဖွဲ့တော်မူချက်တို့ကို ဣသရေလလူတို့သည် အကြွင်းမဲ့လိုက်လျှောက်ကြရန်ဟူ၍ဖြစ်ပါသည်။ မင်္ဂလာလော (သို့) ကျိန်ခြင်းလော။ အဘယ်အရာကိုသင်ရွေးချယ်ပါသနည်း။

မောရှေမှာထားတော်မူချက်တို့သည် ဣသရေလလူတို့အား တိုင်းပြည်သစ်၌ဝင်ရောက်နေထိုင်ခြင်း၌ ပြင်ဆင်ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည်သူတို့၏ လမ်းပြရှင်ဖြစ်တော်မူ၍ ဘုရားသခင်၏ဥပဒေသများကို ရေးမှတ်လျက်ပေးခဲ့ပါသည်။ ငြိမ်ဝပ်စွာနေထိုင်ကြရခြင်း၌ ဘုရားသခင်၏စကားတော်ကို သူတို့သည်နာခံကြရပါမည်။ ဤသည်ကား သူတို့အတွက် ကောင်းကြီးမင်္ဂလာဖြစ်ပါသည်။ နာခံခြင်းမရှိလျှင် ကျိန်ခြင်းဒုက္ခကျရောက်လာမည်ဖြစ်ပါသည်။ ဘုရားသခင်၏ဂတိတော်အပေါ်သည် အတည်ဖြစ်ပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဦးဆောင်လမ်းပြမှုသည် မှန်ကန်သောနေရာသို့ ပို့ဆောင်တော်မူ၏။ ကျွန်တော်ပြုရမည့်အမှုကား ကိုယ်တော်၏နောက်တော်သို့ လိုက်ရန်သာဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အပေါ်၌ ကျွန်တော်သစ္စာရှိဖို့လိုပါ၏။

သောကြာ၊ စက်တင်ဘာ (၁၇)
**တရားဟော ၁၂း၁-၁၈**
၄ ရာ ၂၁း၁၀-၁၅

*"ကျန်ကြွင်းသောငါ့အမွေလူတို့ကို ငါစွန့်၍ ရန်သူလက်သို့အပ်သဖြင့်. . . "*

# နယ်မြေသစ်၌ဘုရားသခင်ကိုကိုးကွယ်ခြင်း

ခါနာန်ပြည်၌ မိမိအားမည်ကဲ့သို့ မည်သည့်အရပ်၌ ကိုးကွယ်ရမည်ကိုဘုရားသခင်က ဣသရေလအား မိန့်တော်မူခဲ့၏။ မောရှေက ထိုအကြောင်းအရာများကိုရေးမှတ်၍ ဘုရားသခင်၏ လူတို့ရှေ့၌ချပြထားခဲ့ပါသည်။ နေ့စဉ်အသက်တာ၌ ဘုရားသခင်၏ပညတ်တရားများကို နာခံလိုက်လျှောက်ကြရမည်ဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်း၌ သန့်ရှင်းခြင်းကိုဘုရားသခင်တောင်းလျှောက်တော်မူ၏။

ထိုသို့ဝတ်ပြုခြင်း၌ သန့်ရှင်းခြင်းရှိမည်အကြောင်း ဘုရားသခင်ကဥပဒေသများကို ဣသရေလလူတို့လိုက်လျှောက်ခြင်းငှါ ပေးတော်မူခဲ့ပါသည်။ တိကျသောနည်းဥပဒေသများရှိမှသာ လျှင် ရှုပ်ထွေးမှုမရှိဘဲ အဆင်ပြေမည်ဖြစ်ပါသည်။ အခြားလူမျိုးတို့၌ မရှိသောနည်းဥပဒေများကို ဘုရားသခင်က ဣသရေလလူတို့အား ပေးတော်မူ၏။ ထိုဥပဒေသတို့သည် အလွန်ကြီးမြတ်တော်မူသည်ဖြစ်၍ လူတို့အားသေးငယ်သည်ဟု ထင်ကြသော်လည်း၊ ဘုရားသခင်၏ပညတ်တရားသည် ပြောင်းလဲခြင်းမရှိဘဲ၊ လူတို့ပြုသောဥပဒေသည် ပြောင်းလဲခြင်းရှိကြောင်းမသိကြသောကြောင့် ဖြစ်ပါသည်။ ထိုသို့သောတိကျသည့်ဥပဒေများမရှိခဲ့လျှင် မောရှေသည်ထိုသို့သော ဦးဆောင်မှုကိုတာဝန်ယူနိုင်ခဲ့မည်မဟုတ်ပါ။ သူ့နောက်မှခေါင်းဆောင်တို့အတွက်လည်း ထိုနည်းတူဖြစ်ပါသည်။ ဣသရေလလူတို့ကလည်း ထိုနည်းဥပဒေသများကို သိ၍နာခံကြမှသာလျှင် ညီညွတ်ခြင်းနှင့်သန့်ရှင်းခြင်းရှိမည်ဖြစ်ပါသည်။ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်း၌လည်း ဘုရားသခင်ပေးတော်မူသောစည်းကမ်းများ ရှိပါ၏။

ခါနာန်ပြည်၌ နေထိုင်ကြသောလူတို့သည် စစ်မှန်သောဘုရားသခင်ကိုမသိကြ၊ မကိုးကွယ်ကြပါ။ သူတို့သည်ရုပ်တုဆင်းတုကိုးကွယ်သောသူများဖြစ်ကြ၏။ ထိုရုပ်တုဆင်းတုကိုးကွယ်ရာအရပ်တို့ကို ဣသရေလလူတို့သည် အကုန်ဖျက်ဆီးကြရမည်ဖြစ်၏။ ထိုလူမျိုးတို့ကို ဘုရားသခင်သည် နှင်ထုတ်မည်ဖြစ်ပါသည်။ ထိုသို့ဖျက်ဆီးစေခြင်းမှာ ဘုရားသခင်သည် ဣသရေလလူတို့အား ထိုသူတို့၏ မှားယွင်းသောကိုးကွယ်ခြင်းကျော့ကွင်း၌မမိကြခြင်းငှါဖြစ်ပါသည်။ သူတို့၏ယဇ်ပလ္လင်၊ ရုပ်တုများ၊ ဆင်းတုတော်များကိုအကုန်အစင်ဖျက်ဆီးကြရမည်ဖြစ်ပါသည်။ ခါနာန်လူမျိုးတို့၏ မှားယွင်းသော ကိုးကွယ်ခြင်းအကုန်လုံးကို ဖယ်ရှားကြရမည်ဖြစ်ပါသည်။

ရုပ်တုဆင်းတုကိုးကွယ်ခြင်းသည် ယနေ့ဘာသာရေးအများစုကျင့်သုံးသောအမှုဖြစ်ပါသည်။ ဖယ်ရှားကြလော့။

**ဆင်ခြင်ရန်** - ရုပ်တုဆင်းတုကိုးကွယ်ခြင်းသည် မိုက်မဲသောအယူသီးမှုဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ဝတ်ပြုကိုးကွယ်ခြင်း၌ ကိုယ်တော်လက်ခံတော်မူသောအကျင့်ကို ပြုမည်အကြောင်း မစတော်မူပါ။

စနေ၊ စက်တင်ဘာ (၁၈)
**တရားဟော ၁၂း၁-၁၈**
၃ ရာ ၁၄း၇-၁၀

*"ထို့ကြောင့် ယေရောဗောင်အမျိုးအပေါ်သို့ ဘေးဥပဒ်ရောက်စေမည်"*

# ရုပ်တုဆင်းတုများကိုဖျက်ဆီးရန်အမိန့်ပေးခြင်း

ရုပ်တုဆင်းတုကိုးကွယ်သောသူတို့သည် နောင်တရ၍ခရစ်တော်အား မိမိတို့၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံကြသောအခါ၊ သင်းအုပ်ဆရာနှင့် အသင်းတော်၌တာဝန်ရှိသောသူတို့က ထိုသူတို့၏ရုပ်တုဆင်းတုများကို ဖျက်ဆီးပေးကြရမည်ဖြစ်ပါသည်။ အသင်းတော်ပြုပြင်ပြောင်းလဲခြင်းကာလ၌ ရောမအသင်းတော်တွင် ရုပ်တုဆင်းတုများစွာရှိခဲ့သည်ဖြစ်၍၊ ဖျက်ဆီးခဲ့ကြပါသည်။ မှားယွင်းသောဘာသာတရားတို့၏ ရုပ်တုဆင်းတုဖယ်ရှားခြင်းကို "Lconoclasm"ဟု ခေါ်ဝေါ်ကြ၏။

ဣသရေလလူတို့သည် ရုပ်တုဆင်းတုဖယ်ရှားခြင်း၌ ဦးဆောင်သောသူဖြစ်ကြ၏။ သူတို့သည် ဘုရားသခင်ထာဝရဘုရားကိုသာလျှင် ဝတ်ပြုကိုးကွယ်ကြရမည်ဖြစ်ပါသည်။ ပညတ်တော်ဆယ်ပါး၏ပထမနှင့်ဒုတိယအချက်တွင် ဤအကြောင်းကိုဖော်ပြထားပါသည်။ ဣသရေလလူတို့သည် အချိန်ကြာမြင့်စွာပညတ်ချက်ကို လိုက်လျှောက်ခဲ့ကြပါသည်။ ရုပ်တုဆင်းတုကိုးကွယ်ခြင်းအနည်းငယ်တွေ့ရသော်လည်း၊ နိုင်ငံတော်နှစ်ပိုင်းမကွဲမှီအထိတော့ အလွန်မပေါ်များခဲ့ပါ။ မြောက်ပိုင်းနိုင်ငံ၌ ယေရောဗောင်နန်းတက်သောအချိန်မှစ၍ သူသည်ဣသရေလ၌ရုပ်တုကိုးကွယ်ခြင်းကို စတင်ပြုခဲ့ပါသည်။ ဗေသလနှင့်ဒန်၌ ရွှေနွားရုပ်တုများကိုထားရှိ၍ ဣသရေလလူတို့အား ထိုရုပ်တုထံယဇ်ပူဇော်ခြင်းပြုစေခဲ့၏။ မောရှေ၏စကားတော်များကို လျစ်လျူရှုခဲ့ပါသည်။ ထိုသို့ဣသရေလ၏ရုပ်တုဆင်းတုကိုးကွယ်ခြင်းကြောင့် ဣသရေလသည်အာရှုရိပြည်သို့ ကျွန်ကျခံရ၍ ပြန်မလာခဲ့ကြတော့ပါ။ ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသခင်ကိုငြင်းပယ်ခြင်းပေတည်း။

ဣသရေလ၏ဘုရားသခင်တပါးတည်းကိုသာ ဝတ်ပြုကိုးကွယ်ရမည်ဖြစ်ပါသည်။ ဘုရားသခင်သတ်မှတ်ထားသောနေရာအရပ်၌ ဘုရားသခင်ကိုရှာဖွေကြရပါမည်။ ထိုအချိန်၌ ဘုရားသခင်က နေရာမသတ်မှတ်ခဲ့ပါ။ သို့သော်လည်း ယောရှုကနယ်မြေခွဲပေးသောအချိန်၌၊ ရှေခင်မြို့၌ တဲတော်ကိုတည်ခဲ့ကြ၏။ တနေရာမှတနေရာသို့ ရွှေ့ပြောင်းခဲ့ကြသော်လည်း၊ ဒါဝိတ်က ယေရုရှလင်မြို့ကိုမြို့တော်အဖြစ် သတ်မှတ်ခဲ့၏။ ရှောလမုန်ကဗိမာန်တော်ကိုတည်ဆောက်၍ ပွဲတော်ဆင်နွှဲခဲ့ပါသည်။ ယနေ့တိုင်အောင် ယေရုရှလင်မြို့သည်ဝတ်ပြုရာနေရာဖြစ်လာ၍ ဣသရေလလူအပေါင်းတို့သည် သူတို့၏နှစ်စဉ်ပွဲတော်ကို ထိုအရပ်၌စုရုံးခဲ့ကြပါသည်။ ယေရှုမွေးဖွားလာသောအခါ၊ ဤမြို့၌ အမှုတော်ကိုပြီးစီးဆောင်ရွက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ရုပ်တုကိုးကွယ်ခြင်းကို ဘုရားသခင်ဒဏ်ခတ်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ရုပ်တုဆင်းတုကိုးကွယ်ခြင်းမှန်သမျှကို ကျွန်တော်ဖယ်ရှားပါမည်။

တနင်္ဂနွေ၊ စက်တင်ဘာ (၁၉)
**တရားဟော ၁၂း၁-၁၈**
မဿဲ ၂၁း၁၂-၁၇

*"ငါ့အိမ်ကိုဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတ့ံဟု ကျမ်းစာ၌လာသော်လည်း၊ သင်တို့သည်ထိုအိမ်ကို ထားပြတွင်းဖြစ်စေကြပြီတကား"*

# နယ်မြေသစ်၌ဝတ်ပြုကိုးကွယ်ရမည့်နေရာ

ဘုရားသခင်ရွေးချယ်သတ်မှတ်ထားတော်မူသောနေရာသည် ဝတ်ပြုကိုးကွယ်ရာနေရာဖြစ်လာခဲ့ပါသည်။ ပဋိညာဉ်သေတ္တာနှင့်ဘုရားသခင်က ပြုလုပ်ခြင်းငှါစေခိုင်းထားသောတဲတော်တန်ဆာပလာအပေါင်းတို့ဖြင့် ဝတ်ပြုကိုးကွယ်ရာဌာနတော်ကို တည်ဆောက်ကြ၏။ ဗိမာန်တော်မတည်ဆောက်မှီအချိန်အထိ တဲတော်၌ ဣသရေလအပေါင်းတို့သည်ဝတ်ပြုခြင်းပြုကြ၏။

ယဇ်ပုရောဟိတ်တို့သည် အမှုတော်ဆောင်ရွက်၍ လူအပေါင်းတို့သည် ပူဇော်စရာယဇ်များ၊ ဆယ်ဖို့တဖို့ မိမိအလိုအလျောက်ပေးလှူရသောအလှူ အဦးသီးသောအသီးများနှင့်ယူဆောင်လာရန် ပညတ်ထားသောအရာတို့ကို ယူဆောင်လာကြ၏။ ယဇ်ပုရောဟိတ်တို့သည် ပူဇော်စရာများကို ပူဇော်ပြီးမှ၊ အခြားအရာများကိုသူတို့လိုသကဲ့သို့ အသုံးပြုကြ၏။ ဣသရေလသည် ဘုရားသခင်ပေးသနားတော်မူသောကောင်းကြီးများကို စားသုံးခဲ့ကြပါသည်။ အခြေခံလိုအပ်ချက်နှင့်အစားအစာရှိသောအခါ ဝမ်းမြောက်ခြင်းနှင့်ကျေးဇူးတော်ချီးမွမ်းခြင်းရှိတတ်၏။ မောရှေကသူတို့အား မိမိတို့၏အလိုအတိုင်း မကျင့်ကြခြင်းငှါ သတိပေးခဲ့ပါသည်။ ထိုသို့မဟုတ်လျှင် ဥပဒေမရှိ ရှုပ်ထွေးခြင်းရှိပါလိမ့်မည်။တရားသူကြီးများခေတ်ကာလ၌ ထိုသို့ကျင့်ခဲ့ကြသောကြောင့် တိုင်းပြည်၌အခက်အခဲများကျရောက်ခဲ့ပါသည်။ ထို့ကြောင့်ဘုရားသခင်က ကြိုတင်သတိပေးတော်မူခြင်းဖြစ်ပါသည်။ သူတို့သည် ယခုဂတိတော်ပြည်ကို မရောက်ကြသေးပါ။ ထိုပြည်၌နေထိုင်ကြမည်ကို မျှော်လင့်လျက်ချီတက်နေကြ၏။ ရှောလမုန်ခေတ်၌သူတို့သည်အကျယ်ပြန့်ဆုံးသော နယ်မြေကိုပိုင်ဆိုင်၍ လုံခြုံစွာနေထိုင်ရခဲ့ကြ၏။ ရုပ်တုဆင်းတုကိုးကွယ်ခြင်းကိုဖယ်ရှား၍၊ ဘုရားသခင်ကိုသာ ဝတ်ပြုကိုးကွယ်ခဲ့ကြ၏။

မောရှေက ဣသရေလသည်ဘုရားသခင်ရွေးချယ်မည့်နေရာကို လျစ်လျူရှု၍ ဝတ်ပြုကိုးကွယ်ရာနေရာကို မိမိတို့အလိုအတိုင်း ရွေးချယ်ကြမည်ကိုစိုးရိမ်ခဲ့ပါသည်။ ထိုသို့ပြုခဲ့ကြပါလျှင် ဘုရားသခင်ကိုဆန့်ကျင်၍ ရုပ်တုဆင်းတုကိုးကွယ်ခြင်းသို့ ပြန်သွားကြပါလိမ့်မည်။ ထို့ကြောင့် လူမျိုးတမျိုးသည် ဘုရားသခင်၏အမှုတော်ဆောင်ခြင်းနှင့်ဝတ်ပြုကိုးကွယ်ခြင်း၌ စည်းလုံးညီညွတ်ဖို့ လိုအပ်ပါသည်။ မိသားစုများသည် ဘုရားသခင်ရှေ့၌စုရုံး၍ ဝမ်းမြောက်ခြင်းရှိကြရပါမည်။ လေဝိအမျိုးသည်လည်း ထိုမိသားစုဝင်ဖြစ်ကြပါသည်။ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်း၌ သန့်ရှင်းခြင်းနှင့်စနစ်တကျရှိမှုလိုအပ်ပါသည်။

**ဆင်ခြင်ရန်** - ဝတ်ပြုကိုးကွယ်ရာနေရာသည် သန့်ရှင်းသောနေရာ၊ ဘုရားသခင်အတူရှိတော်မူရာနေရာဖြစ်၍ ကျွန်တော်တို့သည် ရိုသေလေးစားခြင်းရှိရပါမည်။

**ဆုတောင်းချက်-** အဘဘုရား၊ ကိုယ်တော်၏အိမ်တော်ကို ကျွန်တော်ရိုသေ၍ အလေးအမြတ်ထားလိုပါ၏။

တနင်္လာ၊ စက်တင်ဘာ (၂၀)
**တရားဟော ၁၂း၁-၁၈**
၁ ကော ၁၀း၁၄-၁၆

*"အကြောင်းမူကား၊ ထာဝရဘုရားသည် မြေကြီးနှင့်မြေကြီးတန်ဆာကို ပိုင်တော်မူ၏"*

# အစားအသောက်၌ သန့်ရှင်းသောကိုးကွယ်ခြင်း

လေဝိအမျိုးသားတို့သည် ဝိညာဉ်ရေးရာအမှုကိုဆောင်ရွက်ခြင်းငှါ ရွေးချယ်ခြင်းခံရသောသူဖြစ်၍ ဣသရေလအမျိုးများအကြား၌ နေကြရသည်ဖြစ်သောကြောင့် အမွေမခံရကြပေ။ ဣသရေလအမျိုးတိုင်းသည် လေဝိအမျိုးသားတို့နှင့် ညီညွတ်စွာနေထိုင်ကြရပါမည်။ ဘုရားသခင်ရွေးချယ်သတ်မှတ်သောနေရာမှအပ အခြားနေရာ၌ ယဇ်ပူဇော်ခြင်းမပြုကြရပါ။ အမှုတော်အတွက် ချမှတ်ထားသောနည်းဥပဒေသများကို သေချာလိုက်လျှောက်ကြရပါမည်။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ ယနေ့တွင်လည်း စည်းလုံးညီညွတ်မှုလိုအပ်ပါသည်။ သို့မှသာ၊ မှားယွင်းသောကိုးကွယ်ခြင်းမဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

ယဇ်ပူဇော်ခြင်းအပြင်၊ ဣသရေလလူတို့သည် ကောင်းကြီးခံစားရသော တိရိစ္ဆာန်များကိုမိမိတို့အိမ်၌ သတ်စားခွင့်ရှိကြပါသည်။ သို့သော်လည်း အသွေးကိုမူ စားခွင့်မရှိပါ။ ဓမ္မသစ်ကျမ်းထဲ၌လည်း တပါးအမျိုးသားယုံကြည်သူတို့အား အသွေးမစားခြင်းငှါ တားမြစ်ထားပါသည် (တမန် ၁၅း၂၀၊ ၂၉)။ ဤဥပဒေနှင့်ပညတ်ချက်တို့ကိုချိုးဖောက်ပါလျှင်၊ သူတို့သည် မသန့်ရှင်းသောသူဟုမှတ်ယူကြရ၏။ ဘုရားသခင်၏ပညတ်တရားများ လိုက်လျှောက်ခြင်းအမှု၌ တိကျသောနည်းဥပဒေသများကိုဝတ်ပြုရာကျမ်း၌ဖော်ပြထားပါသည်။ ခါနာန်ပြည်၌ဝင်ရောက်နေထိုင်သောအခါ ဘုရားသခင်ပညတ်ထားသောတရားများကို စောင့်ရှောက်ခြင်းငှါ ဤသို့ဣသရေလသည် ပြင်ဆင်ခြင်းခံရ၏။

ဣသရေလလူတို့ပြုသောဝတ်ပြုကိုးကွယ်ခြင်းနှင့် ယဇ်ပူဇော်ခြင်းတို့သည် အခြေခံအားဖြင့်ခရစ်တော်၌တည်သောဘုရားသခင်၏ရွေးနှုတ်ကယ်တင်ခြင်းအစီအစဉ်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ခရစ်တော်ကြွလာတော်မူခဲ့ပြီဖြစ်သောကြောင့်၊ ထိုဝတ်ပြုခြင်းနှင့်ပူဇော်ခြင်းတို့သည် မလိုအပ်တော့ဘဲ၊ ဘုရားသခင်၏စကားနာခံခြင်းသည် မူတည်လျက်ရှိပါ၏။ ယခုတွင်မူ၊ ရှမာရိမိန်းမထံ ယေရှုမိန့်တော်မူသကဲ့သို့၊ ကျွန်တော်တို့သည် ဝိညာဉ်နှင့်ဋ္ဌ၊ သစ္စာနှင့်ဋ္ဌ ဝတ်ပြုကိုးကွယ်ခြင်းပြုကြ၏။ "အကျွန်ုပ်တို့ဘိုးဘေးများသည် ဤတောင်ပေါ်၌ကိုးကွယ်လေ့ရှိကြ၏။ ယေရုရှလင်မြို့၌သာ ကိုးကွယ်ရမည်ဟုသင်တို့သည်ဆိုတတ်ကြ၏ဟု လျှောက်လျှင်၊ ယေရှုက၊ အချင်းမိန်းမ၊ ငါ၏စကားကိုယုံလော့။ ဤတောင်သို့မလာ၊ ယေရုရှလင်မြို့သို့မသွားဘဲ ခမည်းတော်ကိုကိုးကွယ်ရမည်အချိန်ကာလ ရောက်ဆဲရှိ၏။ အငယ် ၂၄၊ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကိုကိုးကွယ်သောသူတို့သည် နံဝိညာဉ်နှင့်ဋ္ဌ၊ သစ္စာနှင့်ဋ္ဌ ကိုးကွယ်ရမည်ဟုမိန့်တော်မူ၏" (ယောဟန် ၄း၂၀-၂၁၊ ၂၄)။

**ဆင်ခြင်ရန်** - ဘုရားသခင်က ကျွန်တော်တို့စားရမည့်အစားအစာကို သတ်မှတ်ပေးတော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အစားအသောက်၌လည်း အကျွန်ုပ်သည် ကိုယ်တော်ကိုရိုသေခြင်းရှိလိုပါ၏။

အင်္ဂါ ၊ စက်တင်ဘာ (၂၁)

**တရားဟော ၁၂း၁၉-၃၂**

၁ တိ ၆း၃-၈

*"သို့ဖြစ်၍စားရန်၊ ဝတ်ရန်ရှိသမျှနှင့် ရောင့်ရဲလျက် နေကြကုန်အံ့"*

## လေဝိအမျိုးသားတို့ကိုထောက်ပံ့ခြင်းငှါဣသရေလအားမိန့်တော်မူခြင်း

ဣသရေလလူတို့သည် ခါနာန်ပြည်သို့ဝင်ရောက်ကြရတော့မည်ဖြစ်၍၊ ဘုရားသခင်ဂတိထားတော်မူသောထိုပြည်၌ သာယာဝပြောခြင်းခံစားကြရပါလိမ့်မည်။ ထိုအခါ ကျေးဇူးတော်ကိုလျစ်လျူမရှုဘဲ၊ ဘုရားသခင်၏ပညတ်တရားများကို လိုက်လျှောက်ကြရပါမည်။ သာယာဝပြောသောအချိန်၌လမ်းမမှားရအောင် သန့်ရှင်းခြင်းရှိကြရမည်ဖြစ်၍၊ ရုပ်တုကိုးကွယ်ခြင်းကျော့ကွင်း၌ မမိကြစေခြင်းငှါ သတိပြုကြရပါမည်။ ဘုရားသခင်၏စကားတော်များကို တလုံးမကျန် စွဲကိုင်လိုက်လျှောက်ကြရမည်။ ထိုတရားတို့ကို မောရှေကသူတို့ထံ ဟောပြောခဲ့ပါသည်။

လေဝိအမျိုးသားတို့ကိုလည်း လျစ်လျူမရှုခြင်းငှါ အခြားအမျိုးတို့အား ပညတ်ထားပါသည်။ သူတို့သည် ယဇ်ပုရောဟိတ်အမှု၌ ဘုရားသခင်ရွေးကောက်ထားသောသူဖြစ်၍၊ လေဝိအမျိုးသားတို့သည် ညီအစ်ကိုတို့၏နေရာအရပ်၌ မြို့များသာရရှိကြပါလိမ့်မည်။ ဣသရေလလူတို့၏ အမှုတော်ကိုအဆင်သင့်ဆောင်ရွက်နိုင်ခြင်းငှါ ထိုသို့ညီအစ်ကိုတို့အကြား၌ နေရာချထားခြင်းဖြစ်ပါသည်။ သူတို့သည်လည်း နေ့စဉ်အသက်တာ၌ အစားအသောက်နှင့်အခြေခံလိုအပ်ချက်များရှိကြ၏။ ထို့ကြောင့် ဘုရားသခင်ပညတ်ထားသည်အတိုင်း အခြားအမျိုးအပေါင်းတို့က လေဝိအမျိုးကိုထောက်ပံ့ကျွေးမွေးကြရပါမည်။

ဤပြည်သို့ ပို့ဆောင်တော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူသောကြောင့် ဝိညာဉ်ရေးရာအမှုသည် ဣသရေလလူမျိုးအတွက် အလွန်အရေးကြီးလှပါသည်။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းသည် ပထမနေရာ၌ရှိရပါမည်။ အခြားဝိညာဉ်ရေးရာခေါင်းဆောင်တို့မှာ ပရောဖက်များဖြစ်ကြပြီး၊ ဓမ္မသစ်ကျမ်းတွင် အသင်းတော်၏သင်းအုပ်ဆရာများဖြစ်ကြ၏။ ဤအမှုတော်သည် ခရစ်တော်ကြွလာတော်မူသည်အထိ ဆက်လက်တည်ရှိနေပါမည်။ ထို့ကြောင့် ယုံကြည်သူတို့၏တာဝန်မှာ ထိုအမှုတော်ဆောင်များအား ထောက်ပံ့ကျွေးမွေးခြင်းဖြစ်ပါသည်။

ဣသရေလသည် ဘုရားသခင်၏ကောင်းကြီးခံစားရသည်အတိုင်း မိမိတို့အိမ်၌ တရိစ္ဆာန်တို့ကိုသတ်၍ စားရသောအခွင့်ရှိကြ၏။ အချို့တိရိစ္ဆာန်သည် သန့်ရှင်း၍အချို့သည် မသန့်ရှင်းဟုဘုရားသခင်သတ်မှတ်ထားခဲ့ပါသည်။ ထိုမသန့်ရှင်းသောတိရိစ္ဆာန်တို့ကို ဝတ်ပြုပူဇော်ခြင်း၌ အသုံးမပြုကြပါ။

**ဆင်ခြင်ရန်** - အမှုတော်၌ ရောင့်ရဲတင်းတိမ်ခြင်းသည် အောင်မြင်မှု၏လျှို့ဝှက်ချက်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်တို့၏ဝိညာဉ်အမှုတော်ဆောင်တို့သည် ရောင့်ရဲခြင်းရှိကြမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၂၂)
**တရားဟော ၁၂း၁၉-၃၂**
၅ ရာ ၁၆း၂၇-၃၁

*"ထာဝရဘုရား၏နာမတော်သည်*
*ဘုန်းကြီးတော်မူသည်ဟု ဝန်ခံကြလော့"*

# ဣသရေလ၏ဝတ်ပြုကိုးကွယ်ခြင်းနှင့်ကြွယ်ဝခြင်း

ပသခါပွဲတော်၌ အသုံးပြုရမည့်တိရိစ္ဆာန်ကို တိကျစွာဖော်ပြထားပါသည်။ အပြစ်အနာဆာကင်းသောသိုး (သို့) ဆိတ်တနှစ်သားအရွယ်ဖြစ်ပါ၏။ မိသားစုတိုင်းက တကောင်စီသတ်ကြရပါမည်။ ချက်ပြုတ်ခြင်းမပြုဘဲ၊ မီးကင်လျက်အကုန်လုံးစားကြရပါမည်။ ကျန်ကြွင်းသောအရာကို မီးရှို့ကြရပါမည်။ ပုံမှန်နေ့စဉ်စားသောက်ခြင်း၌ ထိုသို့ပြုစရာမလို၊ လိုအပ်သည်မှာ အသွေးမစားဖို့သာဖြစ်ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်တို့က ဤသို့ရှင်းပြခဲ့ပါသည် - "တောထဲ၌ ဖမ်းမိသတ်မိသော တိရိစ္ဆာန်ကိုတဲတော်သို့ ယူဆောင်လာဖို့မလိုပါ။ သူတို့သည် အိမ်မွေးတိရိစ္ဆာန်အပြင်၊ တောကောင်များကိုလည်း သတ်ခွင့်ရှိပါ၏။ ဣသရေလလူတို့အတွက် အမဲလိုက်ခွင့်ရှိပါသည်။ ခါနာန်ပြည်၌နေထိုင်သောအချိန်၌လည်း လေဗနုန်တောင်၊ ကာမေလတောင်နှင့်ဂိလဒ်တောင်တို့၌ သမင်ဒရယ်တို့ကို လိုက်ဖမ်းခွင့်ရှိပါ၏" (J.F. and Brown Commentary)။

ဣသရေလကြုံတွေ့ရမည့်ဘဝသည် အခြေခံလိုအပ်ချက်မှန်သမျှပြည့်စုံမည့်သာယာဝပြောသော ဘဝပင်ဖြစ်ပါသည်။ ယခုတောထဲ၌ကြုံတွေ့ရသောဘဝနှင့် လုံးဝခြားနားသောဘဝဖြစ်ပါလိမ့်မည်။ ထိုနယ်မြေသစ်၌ ကိုယ်ပိုင်ပစ္စည်းဥစ္စာပိုင်ဆိုင်ကြပြီး၊ မိမိတို့၏လယ်မြေကိုမိမိတို့တိရိစ္ဆာန်ဖြင့်ထွန်ယက်ကြပါလိမ့်မည်။ ထိုသို့ပျော်ရွှင်ဝမ်းမြောက်စွာနေထိုင်နိုင်ခြင်းငှါ ဘုရားသခင်ကလမ်းညွှန်ချက်များကို ပေးထားတော်မူ၏။ မှန်ပါ၏၊ ကျွန်ုပ်တို့၏လိုအပ်သောအရာမှန်သမျှကို ဘုရားသခင်က ဘုန်းအာနုဘော်၌စံပယ်တော်မူသော စည်းစိမ်းရှိသည်အတိုင်း ယေရှုခရစ်တော်အားဖြင့် ပြည့်စုံစေလျက် ထောက်ပံ့တော်မူ၏။

အသားကို အသွေးနှင့်တကွ စားသုံးခြင်းကိုမူ တားမြစ်ထားတော်မူ၏။ ဤအချက်ကို ဣသရေလထံ အကြိမ်ကြိမ်မိန့်တော်မူ၏။ ရေကဲ့သို့အသွေးကိုသွန်းကြရပါမည်။ ဤတားမြစ်ခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော ပညတ်ချက်ဖြစ်သော်လည်း၊ ကျန်းမာရေးအတွက် အရေးပါသောအရာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဘုရားသခင်က ဣသရေလလူတို့အား ဝိညာဉ်ရေးရာနှင့်ကိုယ်ကာယအရေး၌ ကျန်းမာသောသူဖြစ်စေလိုပါ၏။

**ဆင်ခြင်ရန်** - ကိုးကွယ်ဝတ်ပြုခြင်းဖြင့် ဘုရားသခင်ရှာသောသူတိုင်းသည် တွေ့မြင်ကြရပါလိမ့်မည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကို ဝတ်ပြုကိုးကွယ်ခြင်းငှါ အကျွန်ုပ်စိတ်နှလုံးကိုအစဉ်ပြင်ဆင်ထားလိုပါ၏။

**တရားဟော ၁၂း၁၉-၃၂**
တမန် ၃း၁၇-၂၁

*"သင်တို့အပြစ်များကို ပြင်ဆင်ခြင်းငှါ နောင်တရ၍စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့"*

# ထာဝရဘုရားရှေ့၌မှန်သောအမှုကိုပြုခြင်း

မောရှေက ဣသရေလလူတို့အား ဘုရားသခင်ရှေ့၌မှန်သောအရာကို ပြုမည်အကြောင်း မှာထားခဲ့၏။ "သင်သည်ထာဝရဘုရားနှစ်သက်တော်မူဘွယ်သောအမှုကိုပြုသဖြင့်၊ ကိုယ်တိုင်မှစ၍ သားမြေးတို့သည် ချမ်းသာစွာနေရမည်အကြောင်း၊ အသွေးကိုရှောင်ရမည်"(တရား ၁၂း၂၅)။ မှန်သော အမှုပြုခြင်းဆိုသည်မှာ ဘုရားသခင်မိန့်တော်မူချက်တို့ကိုနာခံလိုက်လျှောက်ခြင်းပင် ဖြစ်ပါသည်။ မောရှေက ကလေးများကိုသင်ကြားပေးသကဲ့သို့၊ သူတို့ခေါင်းထဲ၌စွဲထင်ကျန်စေခြင်းငှါ အကြိမ်ကြိမ် သင်ကြားဟောပြောခဲ့ပါသည်။ ခါနာန်ပြည်သို့သူတို့ဝင်ကြသောအခါ မိမိကိုယ်တိုင်သည် မဝင်ရ မည်ကိုသိ၍လည်း ထိုသို့ပြုခြင်းဖြစ်ပါသည်။ သူတို့သည် မိမိတို့၏လိုအင်ဆန္ဒကိုလိုက်၍ ဘုရား သခင်အား မေ့လျော့ကြမည်ကို မောရှေစိုးရိမ်ခဲ့ပါသည်။ ထို့ကြောင့်ဘုရားသခင်ရှေ့၌ မှန်သောအမှုကို ပြုခြင်းငှါ တိုက်တွန်းခဲ့ပါသည်။

သန့်ရှင်းသောအရာနှင့် သူတို့ပြုသောသစ္စာဂတိများကို ဘုရားသခင်ရွေးချယ်သောအရပ်၌ ယူဆောင်လာကြရပါမည်။ တောထဲ၌ခရီးဆက်နေကြစဉ်တွင် တဲတော်သည်သူတို့၏အလယ်၌ရှိပါ၏။ သို့သော်လည်း၊ ဂတိတော်ပြည်တွင်မူ လေးလံသောအရပ်၌ လူအချို့အတွက်တည်ရှိနေပါလိမ့်မည်။ ထို့ကြောင့်ထိုအရပ်သို့ခရီးထွက်၍ သွားဖို့လိုပါလိမ့်မည်။ မီးရှို့ရာယဇ်ကို အသွေးနှင့်အသားတပါး တည်း ဘုရားသခင်၏ယဇ်ပလ္လင်၌ ပူဇော်ကြရပါမည်။ ဘုရားသခင်ရွေးချယ်တော်မူသော ထိုအရပ်သို့ သွားရောက်ကြဖို့လိုအပ်ပါသည်။ တဲတော်ပုံစံဖော်ပြသောအချိန်၌ ယဇ်ပလ္လင်ပါဝင်သည်ဖြစ်၍ လူတို့ ၏ပူဇော်သက္ကာကို ပူဇော်ပေးခြင်းငှါ ယဇ်ပုရောဟိတ်တို့သည်ထိုအရပ်၌တည်ရှိနေကြရပါမည်။

စားရမည့်အသားကို ပညတ်ချက်အတိုင်းထိုအရပ်၌ စားကြရပါမည်။ သူတို့၏တာဝန်ကို မောရှေကဤသို့သတိပေးခဲ့ပါသည် -"သင်၏ဘုရားသခင်ထာဝရဘုရား နှစ်သက်မြတ်နိုးဖွယ်သောအ မှုကို ပြုသဖြင့်၊ ကိုယ်တိုင်မှစ၍သားမြေးအစဉ်အဆက်တို့သည် ချမ်းသာစွာနေရမည်အကြောင်း၊ ငါမှာထားသမျှသောဤစကားတို့ကို စေ့စေ့နားထောင်၍ စောင့်ရှောက်လော့" (တရား ၁၂း၂၈)။ ဘုရားသခင်၏စကားတော်များကို နာခံခြင်းရှိကြရန်အကြိမ်ကြိမ်တိုက်တွန်း သတိပေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - မောရှေက ခရစ်တော်သည်လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်တော်မူကြောင်းဟောပြောခဲ့ပြီး၊ ယုံကြည်သူတို့သည်ကယ်တင်ခြင်းရခဲ့ကြ၏။

**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာကျမ်းစာ၏သွန်သင်ချက်တို့ကို အကျွန်ုပ်အားသင်ပေးတော်မူပါ။

သောကြာ၊ စက်တင်ဘာ (၂၄)

**တရားဟော ၁၂း၁၉-၃၂**

ဗျာဒိတ် ၂၂း၁၈-၁၉

*"အကြင်သူသည် ဤစာစောင်၏ အနာဂတ္တိစကားအချို့ကို နှုတ်ပယ်၏"*

# ကြွယ်ဝသောအချိန်၌ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလိုက်လျှောက်ခြင်း

ဘုရားသခင်၏ဂတိတော်တို့သည် ကာလေဗအားအခြားလူမျိုးထက်သာလွန်စေခဲ့ပါသည်။ ဘုရားသခင်သည်ခါနာန်လူတို့ကို ဖယ်ရှင်းလျက်သူတို့ပြည်ကို ကာလေဗအားပေးတော်မူမည်။ ကာလေဗသည်ထွန်ယက်စရာလယ်မြေရှိ၍ တိရိစ္ဆာန်တို့အတွက် စားကျက်မြေလည်းပိုင်ဆိုင်မည်ဖြစ်ပါသည်။ သူတို့ မတည်သောမြို့များကို ပိုင်ဆိုင်ကြရမည်။ ထို့ကြောင့်သာယာဝပြောခြင်းကို ခံစားကြရပါလိမ့်မည်။

ဘုရားသခင်ဖယ်ရှားမည့်ထိုလူမျိုးတို့၏ရုပ်တုဆင်းတု ကိုးကွယ်ခြင်း၌ မကျော့မိကြစေခြင်းငှါ ကာလေဗသည်သတိပေးခြင်းခံရ၏။ ထိုလူမျိုးတို့၏ဘာသာတရား၌ လူကိုပူဇော်ခြင်းကျင့်သုံးကြသည်ဖြစ်သောကြောင့် သူတို့၏ရုပ်တုကိုးကွယ်ခြင်းသို့လိုက်ခြင်းသည် ဘုရားသခင်ရှေ့၌အလွန်ရွံရှာစရာကောင်းလှပါသည်။ ကြက်ကလေးကိုသတ်သကဲ့သို့ ဘယ်သူမှလူ့အသက်ကိုသတ်ခွင့်မရှိပါ။ ဘုရားသခင်သည်လူကိုမိမိ၏သဏ္ဌာန်တော်နှင့် အညီဖန်ဆင်းတော်မူသည်ဖြစ်သောကြောင့်၊ ဘုရားသခင်၏ပညတ်တော်၏ခွင့်ပြုချက်မှအပ လူ့အသက်ကိုနှုတ်ယူခွင့်ဘယ်သူ့ထံ၌မျှမရှိပါ။ ဘုရားသခင်မိန့်တော်မူသည်အတိုင်းပြုရပါမည်၊ ထပ်ပေါင်းထည့်၍မရသလို၊ နှုတ်ယူ၍လည်းမရပါ။ ဤသည်ကားဘုရားသခင်၏စကား၊ သမ္မာကျမ်းစာနောက်ဆုံးကျမ်း၌တွေ့ရသောစကားနှင့် တူညီမှုရှိပါ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သာလျှင် အဆုံးစွန်အာဏာရှိသောတရားဖြစ်ပါသည်။ ထိုတရားကိုလိုက်လျှောက်ကြရပါမည်။ ခရစ်တော်နှင့်တမန်တော်တို့၏ သွန်သင်ချက်သည်လည်း ထိုနည်းတူဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးတို့သည် ဘုရားသခင်၏စကားကိုနာခံလိုက်လျှောက်ကြရမည်ဖြစ်၏။

လူထု၏ခံယူချက်သည် ဘုရားသခင်၏ပညတ်တရားနှင့်အစဉ် ကိုက်ညီမှုမရှိပါ။ ထို့ကြောင့် လူထု၏ခံယူချက်လိုက်လျှောက်ခြင်းသည် သွေးဆောင်မှုတစ်ခုဖြစ်ပါသည်။ သာယာဝပြောခြင်းကလည်း မိမိကိုယ်ကိုကိုးစားခြင်းသို့ သွေးဆောင်လျက်၊ ဘုရားသခင်ကိုးစားခြင်းကို ဖယ်ရှားတတ်၏။ မောရှေက ထိုလူ့သဘောသဘာဝကိုသိခဲ့ပါသည်။ ကာလေဗလူတို့ကို ဦးဆောင်မှုပြုစဉ်၌ ထိုသဘောတရားကို မောရှေကောင်းကောင်းသိမြင်ခဲ့ပါသည်။ ထို့ကြောင့် ကြုံတွေ့လာမည့်အရာအတွက် သူတို့ကိုကြိုတင်သတိပေးခြင်းဖြစ်ပါသည်။ လူ့စိတ်နှလုံးသည် ကောက်ကျစ်စဉ်းလဲခြင်းရှိပါ၏။ သို့သော်လည်း၊ အောင်နိုင်ခြင်းငှါ ဘုရားသခင်ကကျေးဇူးပြုတော်မူ၏။ အတွေ့အကြုံအားဖြင့် မောရှေက လူတို့သည်ဘုရားသခင်ထံမှအလျင်အမြန်လမ်းလွဲတတ်ကြကြောင်းကို သိခဲ့ပါသည်။ ထို့ကြောင့် သေသေချာချာသတိပေးခဲ့ပါသည်။ သခင်ယေရှုခရစ်တော်ထံ မိမိကိုယ်ကိုဆက်ကပ်ပါလော့။ သူသည် အောင်မြင်မှုကိုသင့်အားပေးတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းသည် ကျေးဇူးတော်ကြောင့်ယုံကြည်ခြင်းအားဖြင့် ရသည်ဖြစ်၍ တောင်းသောသူတိုင်းအား စုံလင်စွာဘုရားသခင်ပေးတော်မူသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်နာခံလိုက်လျှောက်ခြင်း၌ အကျွန်ုပ်ကို မစတော်မူပါ။

စနေ၊ စက်တင်ဘာ (၂၅)
**တရားဟော ၁၃း၁-၅**
မာကု ၁၃း၂၂-၂၃

*"သင်တို့သည် သတိပြုကြလော့၊
ထိုအကြောင်းအရာရှိသမျှကို ငါပြောနှင့်ပြီ"*

# မှားယွင်းသောပရောဖက်ပြုခြင်းကိုဆန့်ကျင်ခြင်း

မောရှေသည် ကာလရှေလလူတို့တွင် မှားယွင်းသောပရောဖက်များပေါ်လာ၍ ရွှေနွားသူငယ်ရုပ်တုကိုးကွယ်ခြင်းသကဲ့သို့ ဘုရားသခင်ထံမှလမ်းလွဲကြမည်ကို သိခဲ့ပါသည်။ ထို့ကြောင့် ထိုမှားယွင်းသောပရောဖက်နှင့်အိပ်မက်မက်သောသူတို့ကို ငြင်းပယ်ကြရန် ဘုရားသခင်ကမိန့်တော်မူခဲ့၏။ ဤသည်ကား ဣသရေလလူမျိုးသည်သန့်ရှင်း၍ ဘုရားသခင်တပါးတည်းကိုသာ ဝတ်ပြုကိုးကွယ်ခြင်းငှါ ဖြစ်ပါသည်။ ထို့ကြောင့် မှားယွင်းသောပရောဖက်တို့ကို ပြင်းထန်စွာပြစ်ဒဏ်ပေးကြရမည်ဖြစ်သည်။ သူတို့သည် ဘုရားသခင်ကိုအစဉ်ဆန့်ကျင်သောသူဖြစ်ကြ၏။

မှားယွင်းသောပရောဖက်တို့သည် ဣသရေလအမျိုး၌အမှန်ပေါ်ထွက်လာမည်ဖြစ်ပါသည်။ တောထဲ၌ခရီးသွားနေကြစဉ်၌လည်း ထိုသို့မှားယွင်းသောပရောဖက်ပေါ်ထွက်ခဲ့ပါသည်။ ထို့ကြောင့် မည်သို့တုန့်ပြန်ကြရမည်ကို ဘုရားသခင်ကသေချာစွာသတိပေးခြင်းဖြစ်ပါသည်။ ထိုမှားယွင်းသောပရောဖက်နှင့်အိပ်မက်မက်သောသူတို့၏ လက္ခဏာမူကား သူတို့သည်ဣသရေလလူတို့အား အခြားသောဘုရားများနောက်သို့ လိုက်ခြင်းငှါသွေးဆောင်ဖျားယောင်းကြပါလိမ့်မည်။

ဝတ်ပြုကိုးကွယ်ခြင်းအသိတရားသည် ဘုရားသခင်၏မိမိကိုယ်ကိုဖန်ဆင်းသော အရာတို့ဖြင့်ဖော်ပြခြင်းမှ ပေါ်ပေါက်ခြင်းဖြစ်ပါသည်။ သို့သော်လည်း သမ္မာကျမ်းစာ၏ဖော်ပြခြင်းမရှိလျှင် မှားယွင်းသောကိုးကွယ်ခြင်းသာလျှင် ပေါ်ထွက်လာပါလိမ့်မည်။ ထိုအသိတရားကို ရောမ ၁း၁၉-၂၀ ထဲတွင် တမန်တော်ကဤသို့ဖော်ပြခဲ့ပါသည် - "အဘယ်ကြောင့်နည်းဟူမူကား သိအပ်သောဘုရားသခင်၏အကြောင်းအရာတို့သည် သူတို့တွင်ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် သူတို့အားပြတော်မူပြီ။ အဘယ်သို့နည်းဟူမူကား ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့်ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။ ထို့ကြောင့် သူတို့သည်ကိုယ်အပြစ်ကိုမဖုံးနိုင်ရာ"။ ထို့နောက် ရုပ်တုဆင်းတုကိုးကွယ်ရခြင်းအကြောင်းအရင်းကို အငယ် ၂၁ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည်- "အကြောင်းမူကား ထိုသူတို့သည်ဘုရားသခင်ကိုသိလျက်ပင် ဘုရားသခင်ကိုချီးမွမ်းသင့်သည်အတိုင်း မချီးမွမ်း။ ကျေးဇူးတော်ကိုလည်းမသိမှတ်၊ အချည်းနှီးတွေးဆခြင်းသတိမရှိသော စိတ်နှလုံးမိုက်မဲခြင်းသို့ ရောက်ကြ၏"။ ကျွန်တော်တို့သတိပြုကြရပါမည်။

**ဆင်ခြင်ရန်** - မှားယွင်းသောပရောဖက်အပေါင်းတို့သည် ဘုရားသခင်စေလွှတ်သောသူကဲ့သို့ သမ္မာတရားအရေကိုခြုံ၍ လာတတ်ကြ၏။

**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာတရားနှင့်မှားယွင်းမှုကို ခွဲခြားနိုင်ခြင်းငှါ အကျွန်ုပ်ကိုမစ ကူညီတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၂၆)

**တရားဟော ၁၃း၆-၈**

ဂလာတိ ၆း၁-၆

*"နှုတ်ကပတ်တရားကို သင်သောသူသည်၊ သင်ပေးသော သူအား ကောင်းသောအရာရှိသမျှတို့ကိုဝေမျှစေ"*

# ဘုရားသခင်ဆန့်ကျင်ခြင်းသည်ကြီးသောအပြစ်ဖြစ်၏

စာတန်၏သွေးဆောင်ခြင်းနောက်သို့လိုက်ခြင်းသည် ဘုရားသခင်ကိုဆန့်ကျင်ခြင်းအပြစ်သို့ ပို့ဆောင်တတ်ကြောင်း မောရှေကဣသရေလလူတို့အား သတိပေးခဲ့ပါသည်။ သူတို့သည် ဘုရားသခင်အား အဲဂုတ္တုပြည်မှထွက်လာရာလမ်းတစ်လျှောက်မှ အတွေ့အကြုံအားဖြင့် သိကြပြီး လမ်းပြ ပြုစုစောင့်ရှောက်တော်မူခြင်းအမှုကို မြင်တွေ့ခဲ့ကြပါသည်။ ထို့ကြောင့် ဘုရားသခင်ကိုဆန့်ကျင်လျက် လမ်းမှားသို့ခေါ်ဆောင်မည့် ပရောဖက်နှင့်အိပ်မက်မက်သောသူတို့ကို သတိထားကြရန် မောရှေက ဣသရေလလူတို့ကိုရေးသားမှာထားခဲ့ပါသည်။

ဘုရားသခင်ကလည်း သူတို့အားဆန်းစစ်၍ စိတ်နှလုံးအကြွင်းမဲ့ မိမိကိုချစ်ခြင်းရှိမရှိကို စစ်ကြောတော်မူလိမ့်မည်။ တရား ၁၃း၄ ထဲတွင်ဤသို့မိန့်ဆိုထားပါသည် "သင်တို့၏ဘုရားသခင် ထာဝရဘုရားနောက်တော်သို့ လိုက်ရကြမည်။ ကြောက်ရွံ့သောစိတ်နှင့်ပညတ်တော်တို့ကို စောင့်ရကြမည်။ စကားတော်ကိုနားထောင်လျက် ဝတ်ပြု၍ကိုယ်တော်၌ဆည်းကပ်မှီဝဲရကြမည်"။ သူတို့ကို လမ်းလွဲစေသောပရောဖက်သည် ပြစ်ဒဏ်ခံရမည်ဖြစ်၏။ ဘုရားသခင်ကိုဆန့်ကျင်၍ အခြားဘုရားများနောက်သို့ လမ်းလွဲစေသောအပြစ်သည် ကြီးလေးလွန်းသည်ဖြစ်၍ သေဒဏ်ကျခံသင့်ပါသည်။ ထိုသို့ပြစ်ဒဏ်ပေးခြင်းအားဖြင့် မိမိတို့အထဲမှ အပြစ်ကိုဖယ်ရှားရမည်ဟု ဘုရားသခင်က ဣသရေလအားမိန့်တော်မူ၏။

မောရှေခေတ်ကာလတွင် ထိုသို့သောတရားစီရင်ခြင်းအခွင့်အာဏာကို ဣသရေလကို ခေါင်းဆောင်မှုပြုသောမောရှေ၌တည်ရှိခဲ့ပါသည်။ နောက်ဆက်ခံသူယောရှု၌လည်း ထိုသို့သော အာဏာရှိပါ၏။ လုံလောက်သောသက်သေရှိလျှင် အပြစ်ကျူးလွန်သူသည် သေဒဏ်ပေးခံရပါမည်။ ဣသရေလနိုင်ငံတွင် အုပ်ချုပ်မှုဆိုင်ရာသတ်မှတ်လာသောအခါ ထိုပြစ်ဒဏ်စီရင်ခြင်းအာဏာသည် ရှင်ဘုရင်၌ရှိ၍ ယဇ်ပုရောဟိတ်တို့သည် ဝိညာဉ်ရေးရာအမှုကိုစီရင်ကိုင်တွယ်ကြ၏။ ဘုရားသခင် အုပ်စိုးသောဣသရေလအမျိုးတွင် မှားယွင်းသောပရောဖက်များ သေဒဏ်ပေးခြင်းသည် ဖြစ်သင့်သော အမှုဖြစ်ခဲ့ပါသည်။ ဓမ္မသစ်ခေတ်ကာလတွင် သေဒဏ်ပေးခြင်းတရားဥပဒေသည် အစိုးရနှင့်ဆိုင် သောအမှုဖြစ်ပါသည်။ ဝိညာဉ်ရေးရာအမှုကို သင်းအုပ်လူကြီးများနှင့် သင်းအုပ်ဆရာတို့က ကိုင်တွယ် ကြ၏။

သွေးဆောင်ခြင်းကိုလူတိုင်းဆန့်ကျင်ကြရပါမည်။ မှားယွင်းသောဘုရားများနောက်သို့ လိုက်ခြင်း၌ သွေးဆောင်သောသူသည်တခြားလူမဟုတ်ဘဲ ဣသရေလအမျိုးထဲမှပေါ်ထွက်လာကြ မည်ကို သိထားဖို့လိုပါသည်။ မောရှေကညီအစ်ကိုမိန်းမနှင့် မိတ်ဆွေတို့ပင် လမ်းလွဲစေသောသူဖြစ် နိုင်ကြကြောင်း ဖော်ပြခဲ့ပါသည်။ ထိုသူတို့သည် သွေးဆောင်သောအခါ၌လက်မခံကြခြင်း၌ သတိပေး ခဲ့ပါသည်။

**ဆင်ခြင်ရန်** - "သွေးဆောင်ခြင်းနောက်လိုက်ခြင်းသည် အပြစ်ဖြစ်သဖြင့် မလိုက်ပါနှင့်။ တစ်ကြိမ်အောင်နိုင်ခြင်းက နောက်ထပ်အောင်နိုင်ခြင်းအတွက် ခွန်အားဖြစ်ပါသည်" (H.R. Palmer)။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏သစ္စာရှိသောနှုတ်ကပတ်တရားကို ကျွန်တော်အစဉ် ကာကွယ်စောင့်ရှောက်လိုပါ၏။

တနင်္လာ၊ စက်တင်ဘာ (၂၇)
**တရားဟော ၁၃း၉-၁၁**
ယောရှု ၇း၁၅-၂၆

*"အကြောင်းမူကား၊ သူသည် ထာဝရဘုရား၏ ပဋိညာဉ်တရားကိုဖြတ်၍ ဣသရေလအမျိုး၌ အဓမ္မအမှုကိုပြုလေပြီ"*

## မှားယွင်းသောပရောဖက်ပြုချက်ကိုတုန့်ပြန်ခြင်း

မောရှေ၏ပညတ်တရားတွင် မှားယွင်းသောပရောဖက်များခံရမည့်ပြစ်ဒဏ်ကို သေချာရှင်းလင်းစွာဖော်ပြခဲ့ပါသည်။ တရား ၁၃း၈ တွင် ဤသို့ဖော်ပြခဲ့ပါသည် - "သင်သည် ဝန်မခံရ။ သူ၏စကားကိုနားမထောင်ရ။ သူ့ကိုမြင်သောအခါ မသနားရ။ နှမြောသဖြင့်ဖွက်၍မထားရဘဲ သူ့ကို အမှန်သတ်ရမည်"။ မောရှေက ထိုသူကိုကျောက်ခဲဖြင့် အသေပစ်သတ်ရမည်ဟု ထပ်၍ ဖော်ပြခဲ့ပါသည်။ ဤပြစ်ဒဏ်က ထိုအပြစ်၏ကြီးလေးမှုကို ထင်ဟပ်စေပါသည်။ ပုံမှန်အားဖြင့် လူတို့သည် မိမိ၏မိသားစုဝင်ဒုက္ခရောက်သောအခါ ဝမ်းနည်းခြင်းရှိကြပါ၏။ သေသောအခါ ငိုကြွေးတတ်ကြပါသည်။ ဤသည်ကား မိသားစုဆက်နွယ်မှုလည်းဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်ဆန့်ကျင်ခြင်းအပြစ်သည် ကြီးလေးသည်ဖြစ်၍ ပညတ်တရားအရသူတို့ပြစ်ဒဏ်ခံရသောအခါ သနားခြင်းမရှိရပါ။ မည်သို့ပြုကြရမည်ကို မောရှေကဖော်ပြထားပါသည်။ ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်လျက် လွတ်မြောက်သောသူမရှိစေရ။ ဤသည်ကား အခြားသောသူတို့သည် အပြစ်ကျူးလွန်ခြင်းမရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ အဓမ္မအမှုကို ဘုရားသခင်၏လူတို့အထဲမှ ဖယ်ရှားကြရပါမည်။

ယောရှုခေတ်ကာလ၌ ခါနာန်ပြည်သို့ဝင်ရောက်ပြီး များမကြာမီအချိန်၌ ထိုသို့လူထု၏ ပြစ်ဒဏ်ပေးခြင်းခံရသော အပြစ်သားရှိခဲ့ပါသည်။ ယေရိခေါမြို့ကိုဝင်ရောက်သိမ်းပိုက်ကြစဉ် အာခန်သည်ဘုရားသခင်၏ ပညတ်ချက်ကိုချိုးဖောက်ခဲ့ပါသည်။ သူသည်အဖိုးကြီးသော ဗာဗုလုန်ဝတ်လုံကို တပ်မက်၍မိမိ၏တဲထဲ၌ ဝှက်ထားခဲ့ပါသည်။ ဤအပြစ်သည်ကြီးလေးသည်ဖြစ်၍ တပြည်လုံးက ဆိုးကျိုးကြုံတွေ့ခဲ့ကြ၏။ ဒုတိယမြို့ဖြစ်သော အာဣမြို့ကို ကြိုးစားတိုက်ကြသောအခါ ရှုံးနိမ့်ခြင်းကြုံခဲ့ကြ၏။ ထိုအခါ ယောရှုသည် စုံစမ်းမေးမြန်းခြင်း ပြုခဲ့ပါသည်။ ထိုအခါ အာခန်၏ အပြစ်ဖြစ်ကြောင်း ထင်ရှားခဲ့ပါသည်။ ထို့ကြောင့် အာခန်သည်မိမိပိုင်သော အရာအပေါင်းနှင့်အတူ ကျောက်ခဲဖြင့် အသေပစ်သတ်ခြင်းနှင့် မီးရှို့ခြင်းခံခဲ့ရပါသည် (ယောရှု ၇း၁၉-၂၆)။ ဤသည်ကား ဣသရေလလူအပေါင်းအတွက် သင်ခန်းစာဖြစ်၍ ထိုအပြစ်မျိုးနောက်ထပ် မကျူးလွန်ခြင်းငှါ သတိပြုကြရပါမည်။ အပြစ်၏အခကား သေခြင်းဖြစ်၏။ ဘုရားသခင်၏ စကားကိုနာခံ၍ အသက်ရှင်ပါလော့။

မောရှေက ဣသရေလလူတို့သည် ဂတိတော်ပြည်၌နေထိုင်ကြသောအခါ သူတို့အပေါင်းသည်အခြားဘုရားနောက်သို့ လိုက်ခြင်းငှါသွေးဆောင်ခြင်းခံရကြမည်ကို သိထားခဲ့ပါသည်။ အဓမ္မလူတို့က သူတို့ကိုသွေးဆောင်ကြမည်ဖြစ်ပါသည်။ သူတို့မသိခဲ့သော ဘုရားများ၏အမှုကို ဆောင်ရွက်ခြင်းငှါသွေးဆောင်ကြပါလိမ့်မည်။ ဘုရားသခင်၏လူတို့သည် ထိုသို့ဘုရားသခင်ဆန့်ကျင်ခြင်းအပြစ်ကျူးလွန်မည့် သွေးဆောင်ခြင်းကိုငြင်းပယ်ကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ သမ္မာတရားကို ပြောင်းပြန်လှန်ခြင်းငှါ မှားယွင်းသောပရောဖက်များရှိကြ၏။ ထိုသွေးဆောင်ခြင်းကို အောင်နိုင်ခြင်းငှါ ယုံကြည်ခြင်း၌ ကျွန်တော်တို့ ကြီးထွားဖို့လိုပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာတရားနှင့် အဓမ္မတရားကို အစဉ်ခွဲခြားတတ်ပါမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ စက်တင်ဘာ (၂၈)

**တရားဟော ၁၂း၁၂-၁၈**

ဟေရှာ ၆၅း၁-၅

*“ငြင်းဆန်တတ်သောလူမျိုးကိုမျက်နှာပြုလျက်၊ တနေ့လုံး ငါသည် ကိုယ်လက်ဝါးကိုဖြန့်ရမည်”*

# ငြင်းဆန်ခြင်းအပေါ် ဘုရားသခင်၏စိတ်သဘော

ဆန့်ကျင်သောမြို့များကြုံတွေ့ရမည့်ပြစ်ဒဏ်က ဘုရားသခင်၏စိတ်သဘောကို ဖော်ပြခဲ့ပါသည်။ မောရှေက ထိုမြို့များကိုမည်သို့ပြုရမည်အကြောင်း လမ်းညွှန်မှုပေးခဲ့ပါသည်။ တာဝန်ရှိသော ဣသရေလလူတို့သည် သေသေချာချာစစ်ကြောခြင်းကို ပြုကြရပါမည်။ ဆိုလိုသည်မှာ အဘယ်အမှု၌ဘဲဖြစ်ဖြစ် လျင်လျင်မြန်မြန် ပြစ်ဒဏ်မချသင့်ဘဲ၊ လုံလောက်သောစစ်ကြောမှုကိုအရင်ပြုပြီးမှ မှန်ကန်သောဆုံးဖြတ်ချက်ချကြရမည်ဖြစ်ပါသည်။ သက်သေခိုင်လုံခြင်းရှိ၍ အပြစ်ကျူးလွန်ကြောင်း ထင်ရှားပါလျှင် ဖော်ပြပါပြစ်ဒဏ်ကိုထိုမြို့အပေါ်၌ ချမှတ်ကြရပါမည်။ မြို့သူမြို့သားတို့ကို ဓားဖြင့်သတ်ပစ်ရပါမည်။ သူတို့၏ပစ္စည်းဥစ္စာများကို မီးရှို့ဖျက်ဆီးလျက်၊ ထိုမြို့ကို နောက်ထပ်မတည်ဆောက်ရပါ။

မြောက်ပိုင်းနိုင်ငံ၊ ဣသရေလ ရှင်ဘုရင်တို့သည် ရုပ်တုဆင်းတုကိုးကွယ်သောသူများဖြစ်၍၊ ရှမာရိမြို့သည် သူတို့၏မြို့တော်ဖြစ်ပြီး၊ အာရှုရိတို့ကဖျက်ဆီးခဲ့ပြီး ပြန်၍တည်ဆောက်ခြင်းမရှိတော့ပါ။ ဥပမာအားဖြင့်၊ ဘုရားသခင်ကိုယ်တိုင်က သောဒုံနှင့်ဂေါမောရမြို့တို့ကို သူတို့၏ရွံရှာစရာအပြစ်ကြောင့် ဖျက်ဆီးခဲ့ဖူးပါသည်။

ကျိန်အပ်သော ဘယ်အရာမျှ ယူဆောင်ခြင်းမပြုဘဲ၊ ဘုရားသခင်၏အမျက်ဒေါသမှ လွတ်ခြင်းခံရမည်အကြောင်း ဣသရေလသည် အမိန့်ပေးခြင်းခံရ၏။ ဘုရားသခင်သည် ဂတိတော်ရှိသည်အတိုင်း ကရုဏာတော် ကျေးဇူးတော်အားဖြင့် ဣသရေလကိုကောင်းကြီးပေး၍ ကြီးပွါးစေတော်မူလိမ့်မည်။ ဘုရားသခင်၏စကားကို နားထောင်၍ ပညတ်တရားကို လိုက်လျှောက်ကြရပါမည်။ ပထမပညတ်ချက်ကို တလုံးမကျန်သတိပြုလိုက်လျှောက်ကြရပါမည် - “ငါသည် သင့်ကိုကျွန်ခံနေရာ အဲဂုတ္တုပြည်မှကယ်နှုတ်ဆောင်ယူခဲ့သော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ငါမှတပါး အခြားသောဘုရားကိုမကိုးကွယ်နှင့်” (ထွက် ၂၀း၂-၃)။ ဤပညတ်တရားအလုံးစုံကို နောက်ဆုံးအနေဖြင့်ပေးအပ်မှာထားတော်မူသည်ဖြစ်၍ ဣသရေလတစ်မျိုးလုံးက လိုက်လျှောက်ကြရပါမည်။ မောရှေက သူတို့၏နားထဲသို့ တစ်စပ်ချင်းချပေးသည်ဖြစ်၍ သူတို့သည်အစဉ်သတိရ၊ အောက်မေ့ကြရပါမည်။ လူတိုင်း ဘုရားသခင်ပေါ်၌ မိမိ၏တာဝန်ကိုမမေ့လျော့သင့်ပါ။

မှားယွင်းသောပရောဖက်များအစဉ်ရှိကြသော်လည်း ဘုရားသခင်၏လူတို့၌ လမ်းပြရှင်ဘုရားသခင်၏ နှုတ်ကပတ်တော်ရှိပါ၏။ ဘုရားသခင်ကိုဆန့်ကျင်လျက် အခြားဘုရားကိုးကွယ်ခြင်းသည် အလွန်ရွံရှာစရာကောင်းလှပါ၏။ အဆိုးယုတ်ဆုံးသောအပြစ်ဖြစ်၍ ခံရမည့်ပြစ်ဒဏ်ဖော်ပြချက်သည် တရားမျှတမှုရှိပါ၏။ ဘုရားသခင်နှင့်သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်းရှိလျှင် သင်သည်ထာဝရအသက်ရလိမ့်မည်။

**ဆင်ခြင်ရန်** - ဆန့်ကျင်ခြင်းအပြစ်က ရှုတ်ထွေးမှုကိုဖြစ်စေ၏။ ဘုရားသခင်၏သားသမီးတို့သည် ဤစိတ်သဘောထားမရှိရပါ။

**ဆုတောင်းချက်-** အဖဘုရား၊ ဆန့်ကျင်ခြင်းအမှုမှ အကျွန်ုပ်ကိုကွယ်ကာစောင့်ရှောက်တော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၂၉)
**တရားဟော ၁၃:၁၂-၁၈**
၁ တိ ၄:၁-၁၀

*"ဝိညာဉ်တော်သည် အတည့်အလင်းဗျာဒိတ်ထားတော်မူသည်ကား၊ နောင်ကာလ၌ . . . လူအချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍. . . "*

# ယနေ့မှားယွင်းသောပရောဖက်တို့ကိုသတိပြုလော့

မောရှေခေတ်ကာလ၌ ဣသရေလသည်ဘုရားသခင်က မိမိဘုန်းတော်ထင်ရှားစေခြင်းအတွက် အဲဂုတ္တုပြည်မှရွေးနုတ်ခဲ့သော နုနယ်သေးသောလူမျိုးဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏ပညတ်တရားများကို ဣသရေလလိုက်လျှောက်ရမည်ကိုအဓိကထားတော်မူ၏။ တရားဟောရာကျမ်းသည် ပညတ်တရားအရေးကြီးမှုကို ဖော်ပြသောဒုတိယအကြိမ်ပညတ်တရားပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။ ဣသရေလလူတို့သည် ပညတ္တိကျမ်းစာနှင့်ဘုရားသခင်၏ဖော်ပြချက်ဟု သတ်မှတ်ကြ၍ နောက်ထပ်ဖော်ပြချက်ကို လက်မခံခဲ့ကြပါ။ သို့သော်လည်း ဘုရားသခင်၏မိမိကိုယ်ကိုဖော်ပြမှုသည် တဖြည်းဖြည်းကြီးထွားတိုးတက်မှုရှိခဲ့ပါသည်။

တရားဟောရာကျမ်းထဲ၌ ပါဝင်သောပရောဖက်ပြုချက်များ စုံလင်မှုကလည်း ဘုရားသခင်၏ ဖွင့်ပြဖော်ပြခြင်းသည် တိုးတက်လျက်ရှိခဲ့ကြောင်း ပြသခဲ့ပါသည်။ ဓမ္မသစ်ကျမ်းက ပညတ္တိကျမ်းသည် ခရစ်တော်ထံကျွန်ုပ်တို့ကို ပို့ဆောင်ပေးသောကျောင်းဆရာဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ပညတ္တိကျမ်း၌တွေ့ရသော ဝတ်ပြုကိုးကွယ်ခြင်းနှင့်ပူဇော်ခြင်းတို့က ခရစ်တော်ကိုရည်ညွှန်းခဲ့ကြောင်း ဆိုလိုပါ၏။ တရားဟောရာကျမ်း အခန်းကြီး ၁၃ သည် မှားယွင်းသောပရောဖက်များအကြောင်းကိုဖော်ပြခဲ့ပါသည်။ ဤအချက်သည်လည်း ယေရှုနှင့်တမန်တော်တို့ကိုယ်တိုင် သတိပေးခဲ့သောအရာဖြစ်ပါသည်။ မှားယွင်းသောပရောဖက်တို့သည် ခေတ်အဆက်ဆက်ရှိကြပါ၏။ မှားယွင်းမှုကိုရင်ဆိုင်ခြင်းငှါ ယုံကြည်သူတို့သည် သမ္မာကျမ်းစာသွန်သင်ချက်တို့ကို စွဲမြဲစွာကိုင်စွဲကြရပါမည်။

မှားယွင်းသောပရောဖက်များကို သတိပြုကြရမည်မှာ ယနေ့ခရစ်ယာန်တိုင်း၏တာဝန်ပင်ဖြစ်ပါသည်။ တရား ၁၃:၁၃-၁၄ ၌တွေ့ရသောသတိပေးချက်တို့သည် ဂလာတိ ၁:၆-၇ ထဲမှ ပေါလု၏စကားများနှင့်နှိုင်းယှဉ်ခြင်းသည် အလွန်သင့်လျော်ခြင်းရှိပါ၏။ ရှင်ပေါလုက "ခရစ်တော်၏ကျေးဇူးအားဖြင့် သင်တို့ကိုခေါ်တော်မူသောသူနှင့် ဤမျှလောက်မြန်မြန်ခွာ၍ သင်တို့သည် အခြားသောဧဝံဂေလိတရားကို ခံယူကြသောကြောင့် ငါသည်အံ့ဩခြင်းရှိ၏။ ထိုဧဝံဂေလိတရားသည် ဧဝံဂေလိတရားမဟုတ်၊ သင်တို့ကိုနှောင့်ယှက်၍ ခရစ်တော်၏ဧဝံဂေလိတရားကို မှောက်လှန်ချင်သောသူအချို့ရှိကြ၏" ဟုဆိုခဲ့ပါသည်။ မှားယွင်းသောပရောဖက်အပေါင်းတို့သည် သတင်းကောင်းကိုမှောက်လှန်၍မှားယွင်းစွာဟောပြောကြပါသည်။ မဿဲ ၇:၁၅-၁၆ ထဲတွင် သခင်ယေရှုက မှားယွင်းသောပရောဖက်များ စစ်ကြောခြင်းကို ဤသို့ပြုရမည်ဟု ဆိုခဲ့ပါသည် - "အတွင်း၌ကြမ်းတမ်းသောတောခွေးဖြစ်လျက် သိုးရေကိုခြုံ၍သင်တို့ရှိရာသို့လာသော မိစ္ဆာပရောဖက်တို့ကိုသတိနှင့်ရှောင်ကြလော့။ ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်။ ဆူးပင်၌စပျစ်သီးကိုဆွတ်တတ်သလော။ ဆူးလေပင်၌ သင်္ဘောသဖန်းသီးကိုဆွတ်တတ်သလော"။ သင်းအုပ်ဆရာတို့သည် ဤသွေးဆောင်လှည့်ဖြားခြင်းကို တိုက်ခိုက်ခြင်းငှါ ရှေ့ဆုံး၌နေရာယူကြရပါမည်။ ဤတရားကိုပေါလုသည် မိမိဩဝါဒစာစောင်များ၌ အထူးဖော်ပြ၍စစ်မှန်သောသွန်သင်ချက် ဟောပြောသင်ကြားခြင်းက ဘုရားသခင်၏သားသမီးတို့ကို မှားယွင်းသောပရောဖက်တို့၏လှည့်ဖြားခြင်းမှ ကာကွယ်ပေးလိမ့်မည်ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - မိမိကိုယ်ကို ပရောဖက်ဟုခေါ်တွင်သော သူတို့၏မှားယွင်းသောတရားသည် ပျောက်ကွယ်ပါလိမ့်မည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏စစ်မှန်သောသတင်းကောင်းနှင့် သွန်သင်မှုကိုအစဉ်အောက်မေ့လျက် သွန်သင်ဟောကြားလိုပါ၏။

**တရားဟော ၁၃**

တရား ၁၀း၁၂-၁၃

*"သင်သည် ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်ခြင်း. . . "*

## ဘုရားသခင်၏ပညတ်တော်များကိုနာခံလိုက်လျှောက်ခြင်း

တရားဟောရာကျမ်း၏ ဟေဗြဲစကားခေါင်းစဉ်မှာ Haddebarim ဖြစ်၍ အဓိပ္ပာယ်ကား တရားဟောရာကျမ်း ၁း၁ ထဲမှ "စကားများ" ဟူ၍ဖြစ်ပါသည်။ ထိုစကားများကိုမောရှေက ဣသရေလ လူတို့ထံ ပြန်၍ဟောပြောခြင်းဖြစ်ပါသည်။ ထို့ပြင် နောင်လာနောက်သားတို့အကျိုးအတွက် ဟောပြောသောစကားများကို ရေးမှတ်ခဲ့ပါသည်။ ဤကျမ်းသည် မောရှေပြုစုရေးသားသော ကျမ်းငါးကျမ်းမှ နောက်ဆုံးကျမ်းဖြစ်၍ ပညတ်တရားများ ပြန်လည်ဟောပြောခြင်းဟု အဓိပ္ပာယ်ရှိ၏။ "အောက်မေ့သတိရခြင်းကျမ်း" ဟုလည်းခေါ်တွင်ကြပါသည်။

တရားဟောရာကျမ်းလေ့လာခြင်း၊ ခွန်အားယူခြင်းပထမပိုင်းအနေဖြင့် ဤကျမ်း၏အဓိက ကျမ်းပိုဒ်စကားလုံးတို့ကိုပြန်လည်အောက်မေ့ကြပါစို့။ ဣသရေလထံမောရှေမိန့်ဆိုသော စကားမှုကား "အို ဣသရေလအမျိုး၊ သင်၏ဘုရားသခင်ထာဝရဘုရားကို ကြောက်ရွံ့၍လမ်းတော်သို့ လိုက်သွားခြင်း၊ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်၍၊ အမှုတော်ကိုဆောင်ရွက်ခြင်း၊ သင်၏အကျိုးကိုထောက်၍ ယနေ့ငါဆင့်ဆိုသော ထာဝရဘုရား၏ပညတ်တော်ကို စောင့်ရှောက်ခြင်း အမှုမှတပါး သင်၏ဘုရားသခင်ထာဝရဘုရားသည် အဘယ်အမှုကိုတောင်းတော်မူသနည်း" (တရား ၁၀း၁၂-၁၃)။ ဤလူမျိုးကို တညီတညွတ်တည်းရှိစေခြင်းငှါ ဖြောင့်မတ်ခြင်းလမ်း၌ လျှောက်စေခြင်းငှါ အဓိကလိုအပ်ချက်သည် ဤအမှုဖြစ်ကြောင်း မောရှေသိခဲ့ပါသည်။ သူတို့သည်ဘုရားသခင်ရှေ့၌ ဖြောင့်မတ်မှန်ကန်စွာ နေထိုင်ကျင့်ကြံသောအခါ ဘုရားသခင်သည်စိတ်ကျေနပ်ခြင်းရှိ၍ ထားရှိသောဂတိတော်များကို စုံလင်စေတော်မူမည်ဖြစ်၏။

မောရှေ၏တရားဟောချက်တိုင်း၌ အဓိကအချက်သည်ဘုရားသခင်၏ပညတ်တရား နာခံလိုက်လျှောက်ခြင်းပင်ဖြစ်ပါသည်။ ပညတ်တရားဆယ်ပါးကို မောရှေကအချုပ်အားဖြင့် ရှင်းပြခဲ့ပါသည်။ ဓမ္မသစ်ကျမ်းထဲ၌လည်း မိန့်တော်မူချက်နှင့်တားမြစ်ချက်များရှိပါ၏။ မောရှေက ဣသရေလ၏ ဆန့်ကျင်ခြင်းတို့ကို ဖော်ပြ၍ ဘုရားသခင်၏ကရုဏာတော်ကြီးမားမှုတို့ကို အောက်မေ့စေလျက် ထိုတရားကို ရှင်းလင်းဖော်ပြခဲ့ပါသည်။ ထိုအချိန်၌ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ယဇ်ပူဇော်ခြင်းဆိုင်ရာ ပညတ်ချက်များကို သူတို့လိုက်လျှောက်ဖို့လိုပါသည်။ အကြောင်းမှာ ထိုအရာတို့က ခရစ်တော်၏ ကယ်တင်ခြင်းအမှုတော်ကိုရည်ညွှန်းပြသလျက်ရှိပါ၏။ မောရှေကိုယ်တိုင်သည် ပရောဖက်အမှုကို ထမ်းရွက်ခဲ့ပါသည်။ ခရစ်တော်ကြွလာမည့်အကြောင်းကို ဟောပြော၍ ခရစ်တော်၏စကားကို နာခံဖို့လိုအပ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဒုတိယအပိုင်း ကျွန်တော်တို့လေ့လာသောအခါ တရားဟောရာကျမ်း၏ ကျန်ရှိသောအကြောင်းများကို ဆက်လက်သင်ယူကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တရားနာခံလိုက်လျှောက်ခြင်းသည် ယုံကြည်သူတိုင်း၏ တာဝန်ဝတ္တရားဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ သစ္စာရှိစွာနာခံခြင်းစိတ်သဘောဖြင့် နေနိုင်မည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။